


BUREAU OF MOTOR VEHICLES
BMV
INDIANA

# အင်ဒီယားနားပြည်နယ်
## ယာဉ်မောင်းများအတွက် လက်စွဲစာအုပ်



# REAL ID
## WILL YOUR LICENSE FLY?






## အခိုက်အတန့်ကို လက်မလွတ်ပါစေနှင့်။

စစ်မှန်သည့်မှတ်ပုံတင်ကတ်ပြား Real ID ဖြင့် အမေရိကန်ပြည်ထောင်စုအတွင်း ကုန်သွယ်မှုဆိုင်ရာ လေယာဉ်များကို စီးနိုင်သည်၊ စစ်စခန်းများသို့ အလည်သွားနိုင်ပြီး အချို့သော ဖယ်ဒရယ်အစိုးရ အဆောက်အအုံများထဲသို့ ဝင်ရောက်နိုင်သည်။

**Real ID** ကို လိုင်စင်များ၊ IDs များနှင့် သင်ခွင့်များ၏ အပေါ်ပိုင်း ညာဘက်ထောင့်ရှိ ကြယ်အမှတ်အသား တစ်ခုဖြင့် ဖော်ပြထားသည်။




RealID သို့ အဆင့်မြှင့်တင်ရန် မည်သည့်စာရွက်စာတမ်းများ လိုအပ်သည်ကို လေ့လာရန် **RealID.IN.gov** သို့ သွားရောက်ပါ။

# မိမိတို့ခံယူထားသည့်တာဝန်

## ယာဉ်မောင်းနှင့်မော်တော်ယာဉ် ဆိုင်ရာ အကောင်းဆုံး ဝန်ဆောင်မှုများအတွက် လုံခြုံရေး နှင့် ပွင့်လင်းမှုကို တာဝန်ယူရင်း အချိန်မီစွာနှင့် မှန်ကန်စွာ ဆောင်ရွက်ပေးခြင်းဖြင့် အင်ဒီယား နား ပြည်သူပြည်သားများ Hoosiers အားလုံးကို ဝန်ဆောင်မှုပေးရန်

တာဝန်ထမ်းဆောင်ရန် စိတ်ဓာတ်အပြည့်ရှိသည်

အင်ဒီယားနား မော်တော်ယာဉ်ဌာန INDIANA BUREAU OF MOTOR VEHICLES

# မာတိကာ

**အခန်း တစ် | သက်သေခံလက်မှတ် အသစ်တစ်ခုရယူခြင်း**
သက်သေခံလက်မှတ်ဆိုင်ရာ အကျဉ်းချုပ်ဖော်ပြချက် 1
သက်သေခံလက်မှတ် ပုံစံ 1
REAL ID 1
အင်ဒီယားနားပြည်နယ်တွင် နေထိုင်သူအတွက် သတ်မှတ်ချက်များ 2
သက်သေခံကတ်ပြားတစ်ခုအတွက် လျှောက်လွှာတင်ခြင်း 3
ယာဉ်မောင်းသင်ခွင့်များ 3
အမြင်အာရုံစစ်ဆေးခြင်း 4
စာတွေ့စစ်ဆေးခြင်း 5
ကျွမ်းကျင်မှုများ စစ်ဆေးခြင်းအတွက် လက်တွေ့ယာဉ်မောင်း စစ်ဆေးမှုကင်းလွတ်ခွင့် 5
လက်တွေ့ယာဉ်မောင်း စစ်ဆေးခြင်းများ 5
ဒဏ်ရာရရှိမှု သို့မဟုတ် ထိခိုက်ပျက်စီးမှု အတွက် ဘဏ္ဍာရေးဆိုင်ရာတာဝန် 7
ယာဉ်မောင်းလိုင်စင်အတွက် လျှောက်လွှာတင်ခြင်း 8
လုပ်ငန်းသုံး ယာဉ်မောင်းသင်ခွင့်နှင့် လုပ်ငန်းသုံး ယာဉ်မောင်းလိုင်စင် 10
ဓာတ်ပုံမလိုသည့်ခြွင်းချက်ရှိသော သက်သေခံလက်မှတ်များ 11
သက်သေခံလက်မှတ်ကို စာတိုက်မှတစ်ဆင့် လက်ခံရရှိခြင်း 11
ပြည်သူ့ဘေးကင်းလုံခြုံမှုဆိုင်ရာ ကန့်သတ်ချက်များနှင့် တားမြစ်ချက်များ 11

**အခန်း နှစ် | ကန့်သတ်ချက်များနှင့် အတည်ပြုချက်များ**
ကန့်သတ်ချက်များနှင့် အတည်ပြုချက်များ 12
သက်သေခံလက်မှတ်အတွက် အထူးလိုအပ်ချက်များအရ ကန့်သတ်ချက်များ 13
မော်တော်ဆိုင်ကယ် မောင်းသင်ခွင့် 13
မော်တော်ဆိုင်ကယ်မောင်းနှင်ခွင့် အတည်ပြုချက် 13
စက်နှင့်မောင်းနှင်သော ဆိုင်ကယ်(MDC) 14
အော်တိုဆိုင်ကယ်များ 15
အငှားယာဉ်မောင်းနှင်ခွင့် အတည်ပြုချက် 15
အငှားယာဉ်မောင်းလိုင်စင်နှင့် အများပြည်သူခရီးသည်အတွက် အငှားယာဉ်မောင်းလိုင်စင်များ 16

**အခန်း သုံး | အမှတ်အသားများ၊ ရေယာဉ်များနှင့် ယာဉ်ရပ်နားခွင့်ကတ်ပြားများ**
ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်း 17
လက်ရှိစစ်မှုထမ်းနှင့် စစ်မှုထမ်းဟောင်း အမှတ်အသား 17
ရေယာဉ် 17
ယာဉ်ရပ်နားခွင့်ကတ်ပြားများ 18

**အခန်း လေး | သက်သေခံလက်မှတ် သက်တမ်းတိုးခြင်း၊ ပြင်ဆင်မွမ်းမံခြင်း၊ သို့မဟုတ် အစားထိုးခြင်း**
သက်သေခံလက်မှတ် သက်တမ်းတိုးခြင်း 19
သက်သေခံလက်မှတ် ပြင်ဆင်မွမ်းမံခြင်း 20
သက်သေခံလက်မှတ်ကို အစားထိုးခြင်း 20

**အခန်း ငါး | ပွိုင့်များ၊ ဆိုင်းငံ့ခြင်းများနှင့် အာမခံကြေးရှိရမည့် သတ်မှတ်ချက်များ**
ပွိုင့်တန်ဖိုးများ 21
ယာဉ်မောင်းအတွက် ဘေးကင်းမှု အစီအစဉ် 21
အာမခံကြေးရှိရမည့် သတ်မှတ်ချက်များ 22
ဆိုင်းငံ့ခြင်းများ 23
ယာဉ်စည်းကမ်း ချိုးဖောက်လေ့ရှိသူများ 25

**အခန်း ခြောက် | ယာဉ်ကြောထိန်းသည့် အမှတ်အသားများနှင့် အချက်ပြများ**
ယာဉ်ကြောထိန်းသည့် အမှတ်အသား အရောင်များ 27
ယာဉ်ကြောထိန်းသည့် အမှတ်အသား ပုံသဏ္ဌာန်များ 28
သတိပေးချက် အမှတ်အသားများ 29
ယာဉ်စည်းကမ်း အမှတ်အသားများ 31
ယာဉ်ကြောထိန်း လမ်းညွှန်ချက် အမှတ်အသားများ 33
ယာဉ်ကြောထိန်းအချက်ပြများ 34

**အခန်း ခုနစ် | ဘေးကင်းစွာ ယာဉ်မောင်းနှင်ခြင်း**


ယာဉ်ကြော အမှတ်အသားများ 37
ယာဉ်ကြောပြောင်းခြင်းနှင့် အခြားယာဉ်များကို ကျော်တက်ခြင်း 37
ဘေးကင်းစွာကွေ့ဝင်ရန်နှင့် တရားဝင်ကွေ့ဝင်ရန်အတွက် စည်းမျဉ်းများ 38
အမြန်နှုန်း ကန့်သတ်ချက်များ 40
ဘရိတ်အုပ်ခြင်းနှင့် နောက်မှလိုက်ရန် အကွာအဝေးများ 41
ဓာတ်ဆီကုန်ကျစရိတ် သက်သာခြင်း 42
တာယာလေဖိအားနှင့် တာယာပန်းအထူနှုန်း 43
မသေချာသည့် ရာသီဥတု အခြေအနေများတွင် ယာဉ်မောင်းခြင်း 43
ညဘက်တွင် ယာဉ်မောင်းနှင်ခြင်း 44
ယာဉ်မောင်းနိုင်စွမ်း အားလျော့နေစဉ်နှင့် အန္တရာယ်ကြီးစွာ ယာဉ်မောင်းခြင်း 44
အာရုံမစိုက်ဘဲ ယာဉ်မောင်းခြင်း 45
ဒေါသစိတ်ဖြင့် ယာဉ်မောင်းခြင်း 45
ကျေးလက်ဒေသ လမ်းများတွင် ယာဉ်မောင်းခြင်း 46
ပြည်နယ်ကူး အဝေးပြေးလမ်းမကြီးများ ပေါ်တွင် ယာဉ်မောင်းခြင်း 46
လုပ်ငန်းဇုန်များ 47
ရထားလမ်းဆုံများ 48
ရထားလမ်းဆုံများတွင် ဘေးကင်းမှု 49
နောက်တွဲယာဉ်ပါ ကုန်တင်ယာဉ်များနှင့် လမ်းကြောင်း မျှဝေအသုံးပြုခြင်း 49
အခြားယာဉ်များနှင့် လမ်းကြောင်းမျှဝေအသုံးပြုခြင်း 51
ရပ်နားခြင်းနှင့် နောက်ဆုတ်ခြင်း 54
လမ်းလျှောက်သွားသူများ၏ ဘေးကင်းမှု 55
ထိုင်ခုံကြိုးသိုင်းခါးပတ်များနှင့် ကလေးဘေးကင်းမှုအတွက် ထိန်းချုပ်မှုများ 55
ကုန်တင်ယာဉ်အတွက် ပစ္စည်းကိရိယာ သတ်မှတ်ချက်များ 57


**အခန်း ရှစ် | မတော်တဆဖြစ်မှုများနှင့် အရေးပေါ်အခြေအနေများ**


မတော်တဆဖြစ်မှု တစ်ခုခုဖြစ်ပွားပြီးနောက် ဆောင်ရွက်ရန်ကိစ္စများ 58
ယာဉ်တိုက်မှုများကို ရှောင်ကြဉ်ခြင်း 58
ယာဉ်မောင်းနိုင်စွမ်း အားလျော့နေစဉ် ယာဉ်မောင်းခြင်း 59
လမ်းဘေး အရေးပေါ်အခြေအနေများ 59
ယာဉ်စက်ကိရိယာ ပျက်စီးခြင်းများ 60
ယာဉ်ခိုးမှုကို ရှောင်ကြဉ်ခြင်း 60
ဥပဒေထိန်းသိမ်းရေးအရာရှိမှ ယာဉ်ကိုရပ်ခိုင်းခြင်းများ 60
ကာဗွန်မိုနောက်ဆိုက် အဆိပ်ဖြစ်ခြင်း 62


**အခန်း ကိုး | စာတွေ့စစ်ဆေးရန် နမူနာမေးခွန်းများ**


ယာဉ်မောင်းသင်ခွင့်နှင့် ယာဉ်မောင်းလိုင်စင် အကြောင်းစစ်ဆေးရန် နမူနာမေးခွန်းများ 63
အငှားယာဉ်မောင်းနှင်ခွင့် အတည်ပြုချက်ဆိုင်ရာ နမူနာမေးခွန်းများ 64
စက်နှင့်မောင်းနှင်သောဆိုင်ကယ် မောင်းနှင်ခွင့်ပေးသော အတည်ပြုချက် အကြောင်းစစ်ဆေးရန် နမူနာမေးခွန်းများ 65

**နောက်ဆက်တွဲစာ A | လိုအပ်သော စာရွက်စာတမ်းများ 66**

**နောက်ဆက်တွဲစာ B | ယာဉ်မောင်းသော ဆယ်ကျော်သက်များ 69**

**နောက်ဆက်တွဲစာ C | အခြားသော BMV ဝန်ဆောင်မှုများနှင့် ကူညီပံ့ပိုးမှုများ 70**

**အညွှန်း 72**

# အခန်း တစ် | သက်သေခံလက်မှတ် အသစ်တစ်ခုရယူခြင်း

## သက်သေခံလက်မှတ်ဆိုင်ရာ အကျဉ်းချုပ်ဖော်ပြချက်

အင်ဒီယားနား မော်တော်ယာဉ်ဌာန (BMV) သည် အောက်ပါအကြမ်းဖျင်း ဖော်ပြသည့်အတိုင်း သက်သေခံလက်မှတ်သုံးမျိုး ထုတ်ပေးသည်။

1. **သက်သေခံကတ်ပြားများ**
   ယင်းတို့ကို သတ်မှတ်ချက်နှင့် ကိုက်ညီသော မည်သည့် အင်ဒီယားနားပြည်နယ်သားများမဆို ရယူနိုင်သည်။ သက်သေခံကတ်ပြားများကို နောက်တကြိမ် အထွေထွေရွေးကောက်ပွဲ သို့မဟုတ် မြူနီစီပါယ်ရွေးကောက်ပွဲ အချိန်နှင့် ထိုအချိန်မတိုင်မီ အသက် 18 နှစ်ပြည့်ပြီးသော သို့မဟုတ် ပြည့်မည်ဖြစ်သော ပုဂ္ဂိုလ်များအတွက် အခမဲ့ထုတ်ပေးပါသည်။
2. **ယာဉ်မောင်းသင်ခွင့်များ**
   ဤအပိုင်းတွင် ယာဉ်မောင်းအတွက် ယာဉ်မောင်းသင်ခွင့် (ဤစာအုပ်တွင် ယာဉ်မောင်းသင်ခွင့်ဟု ရည်ညွှန်းသည်)၊ မော်တော်ဆိုင်ကယ် မောင်းသင်ခွင့်၊ နှင့် လုပ်ငန်းသုံး ယာဉ်မောင်းသင်ခွင့်၊ စသည့်ခွင့်ပြုချက်လက်မှတ်များ ပါဝင်သည်။
3. **ယာဉ်မောင်းလိုင်စင်များ**
   ဤအပိုင်းတွင် ယာဉ်မောင်းလိုင်စင်နှင့် လုပ်ငန်းသုံး ယာဉ်မောင်းလိုင်စင် (CDL) ပါဝင်သည်။

အသက် 21 နှစ်အောက် အရွယ်ရှိသော အင်ဒီယားနား ပြည်နယ်သားများ အားလုံးအတွက် ထုတ်ပေးသည့် သက်သေခံလက်မှတ်များ အားလုံးတွင် ဒေါင်လိုက်ပုံစံရှိပြီး ကတ်ပြားကိုင်ဆောင်သူအနေနှင့် အသက်အရွယ် 18 နှစ်နှင့် 21 နှစ်ပြည့်မည့် ရက်စွဲများကို ဖော်ပြထားသည်။ အပေါ်ပိုင်း ညာဘက်ထောင့်ရှိ ကြယ်အမှတ်အသား တစ်ခုဖော်ပြထားခြင်းသည် စစ်မှန်သည့်သက်သေခံကတ်ပြား Real ID သတ်မှတ်ချက်နှင့် ကိုက်ညီကြောင်း ဖော်ပြရန် ဖြစ်ပြီး ဖယ်ဒရယ်လုပ်ငန်းစဉ်များ အတွက် သက်သေခံလက်မှတ်အဖြစ် အသုံးပြုနိုင်သည်။ (စစ်မှန်သည့်သက်သေခံကတ်ပြား Real ID အကြောင်းနှင့်ပတ်သက်ပြီး ပိုမိုသိရှိလိုပါက အောက်ပါအချက်အလက်များတွင် ဖတ်ရှုပါ)

## သက်သေခံလက်မှတ် ပုံစံ

2019 တွင် အင်ဒီယားနားပြည်နယ် အနေနှင့် ပုံစံအသစ်နှင့် လုံခြုံရေးလက္ခဏာများဖြင့် သက်သေခံလက်မှတ်များကို ထုတ်ပေးပါသည်။ လက်ရှိသက်သေခံလက်မှတ်များ၏ အရှေ့ဘက်တွင် ရေးသားထားသော သက်တမ်းကုန်မည့်ရက်စွဲ မတိုင်ခင်အထိ ထိုကတ်ပြားများကို တရားဝင် ဆက်လက်အသုံးပြုခွင့်ရှိသည်။ အင်ဒီယားနားပြည်နယ် သက်သေခံလက်မှတ်များတွင် ဥပဒေထိန်းသိမ်းရေးအရာရှိအား ကတ်ပြားများ၏စစ်မှန်မှုကို အကဲဖြတ်နိုင်စေမည့် လုံခြုံရေးလက္ခဏာများ ထည့်သွင်းထားခြင်း ရှိပါသည်။


ကိုယ်ရေးကိုယ်တာ အချက်အလက်ခိုးယူမှုနှင့် လိမ်လည်မှုကို တားဆီးရာတွင် အထောက်အကူဖြစ်စေရန်အတွက် သက်သေခံလက်မှတ် လျှောက်လွှာအားလုံးကို လုံခြုံရေးတင်းကြပ်စွာ စစ်ဆေးခြင်းအားဖြင့် စီစဉ်ဆောင်ရွက်ပေးပါသည်။ အကယ်၍ စိစစ်သည့်အချိန်အတွင်း BMV အနေနှင့် အခြားပြည်နယ်၊ အုပ်ချုပ်ရေးနယ်မြေ၊ သို့မဟုတ် အမေရိကန်ပြည်ထောင်စု၏ ပိုင်နက်၊ District of Columbia နယ်မြေ၊ သို့မဟုတ် ဓနသဟာရနိုင်ငံဖြစ်သော ပေါ်တိုရီကို၊ စသည့်နယ်မြေတစ်ခုခုတွင် အခြားသော သက်သေခံလက်မှတ်တစ်ခုခု ထုတ်ပေးထားကြောင်း တွေ့ရှိရပါက BMV အနေနှင့် အင်ဒီယားနားပြည်နယ်၏ သက်သေခံလက်မှတ် လျှောက်လွှာကို မစီစဉ်ဆောင်ရွက်မီ လျှောက်ထားသူအား အခြားပြည်နယ်၏ သက်သေခံလက်မှတ်ကို အပ်နှံခိုင်းပါလိမ့်မည်။

သက်သေခံလက်မှတ် ပုံစံများ၏ ဥပမာပုံများကို ညာဘက်တွင် တွေ့ရနိုင်သည်။

## REAL ID

2005 ခုနှစ်ထုတ် စစ်မှန်သည့်သက်သေခံကတ်ပြား အက်ဥပဒေ Real ID Act သည် ပြည်နယ်အစိုးရထုတ်ပေးသော သက်သေခံလက်မှတ်များအတွက် အနည်းဆုံးစံနှုန်းအဆင့်များ ချမှတ်ခဲ့သည်။ သတိပြုမိစေလိုသည်မှာ သက်သေခံလက်မှတ်များ ဆိုရာတွင် ယာဉ်မောင်းလိုင်စင်၊ ခွင့်ပြုချက်လက်မှတ်များ၊ နှင့် သက်သေခံကတ်ပြားများ ပါဝင်သည်။ အဆိုပါစံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီသော ပြည်နယ်အစိုးရထုတ် သက်သေခံလက်မှတ်များကို လုပ်ငန်းသုံးလေယာဉ်များ စီးရန်၊ စစ်တပ်နှင့် အခြားသော လုံခြုံသည့် ဖယ်ဒရယ်အဆောက်အအုံများထဲ ဝင်ရောက်ရန်အပါအဝင် ဖယ်ဒရယ် သက်သေခံလက်မှတ်အဖြစ် လက်ခံနိုင်သည်။ ဤစံနှုန်းများ၏ ရည်ရွယ်ချက်သည် စာရွက်စာတမ်းနှင့် ပုံရိုက်ကူးခြင်းများကို တညီတညာတည်း သတ်မှတ်ချက်များ ချမှတ်ရန်၊ လိမ်လည်မှုကို တားဆီးကာကွယ်ရန်၊ နှင့် လုံခြုံသည့် ဗဟိုဌာနအဆောက်အအုံတစ်ခုမှ သက်သေခံလက်မှတ်များကို ထုတ်ပေးရန်နှင့် စာတိုက်ဖြင့်ပို့ပေးရန်အတွက် စီစဉ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ အင်ဒီယားနားပြည်နယ် အနေနှင့် 2010 ခုနှစ် ဇန်နဝါရီလ 1 ရက်နေ့မှစ၍ စစ်မှန်သည့်သက်သေခံကတ်ပြား အက်ဥပဒေ Real ID Act သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါသည်၊ ထို့ကြောင့် ဖယ်ဒရယ်ဥပဒေ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် Real ID သတ်မှတ်ချက်နှင့်ကိုက်ညီသော သက်သေခံလက်မှတ် ထုတ်ပေးထားသည့် မိမိတို့၏နိုင်ငံသားများအပေါ် သက်ရောက်မှုမရှိပါ။

ပြည်တွင်းလုံခြုံရေးဌာန(DHS) နှင့် သယ်ယူပို့ဆောင်ရေးလုံခြုံမှုအုပ်ချုပ်ရေးအဖွဲ့(TSA) တို့သည် ယာဉ်မောင်းလိုင်စင် (သို့မဟုတ်) သက်သေခံကတ်ပြားကို အသုံးပြု၍ လေယာဉ်စီးနင်းသူများအနေဖြင့် Real ID သတ်မှတ်ချက်နှင့်ကိုက်ညီသည့် သက်သေခံလက်မှတ်ကို ၂၀၂၅ခုနှစ်၊ မေလ(၇)ရက်နေ့တွင် စတင်အသုံးပြုရမည်ဟု ၂၀၂၂ခုနှစ်၊ဒီဇင်ဘာလတွင် သတ်မှတ်ခဲ့ပါသည်။ နောက်ဆုံးရ သတင်းအချက်အလက်များကို ပြည်တွင်းလုံခြုံရေးဌာန(DHS)၏ ဝက်ဘ်ဆိုဒ်ဖြစ်သော DHS.gov တွင် ကြည့်ရှုနိုင်ပါသည်။ အင်ဒီယားနားမော်တော်ယာဉ်ဌာန(BMV)မှ နိုင်ငံသား




Real ID ယာဉ်မောင်းလိုင်စင်။
*အသက် 21 နှစ်အထက်*




Real ID ယာဉ်မောင်းလိုင်စင်။
*အသက် 21 နှစ်အောက်*

REAL ID
WILL YOUR LICENSE FLY?

အားလုံးကို ၎င်းတို့နောက်ထပ်သက်တမ်းတိုးစဉ် (သို့မဟုတ်) နောက်ဆုံးရက်ဖြစ်သည့် ၂၀၂၅ခုနှစ်၊ မေလ(၇)ရက်နေ့ မတိုင်ခင် ၎င်းတို့၏ Real ID သက်သေခံလက်မှတ်ကို လျှောက်ထားရန် အကြံပြုထားပါသည်။ လက်ရှိ အင်နီယားနားသက်သေခံလက်မှတ်ကို သက်တမ်းတိုးရန်၊ ပြင်ဆင်ရန် သို့မဟုတ် အစားထိုးရန် ဆောင်ရွက်သည့်အချိန်တွင် Real ID သတ်မှတ်ချက်နှင့်ကိုက်ညီသည့် သက်သေခံလက်မှတ်အဖြစ် အဆင့်မြှင့်တင်နိုင်ရန်အတွက် လျှောက်ထားသူအနေဖြင့် ၎င်းတို့၏ ကိုယ်ရေးကိုယ်တာ အချက်အလက်ကို ဖော်ပြသည့် အထောက်အထား၊ တရားဝင်နေထိုင်ခွင့်၊ လူမှုဖူလုံရေးနံပါတ်နှင့် အင်နီယားနားပြည်နယ်တွင် နေထိုင်ကြောင်း ဖော်ပြသည့် အထောက်အထားများကို မူရင်းစာရွက်စာတမ်းများ (သို့မဟုတ်) အသိအမှတ်ပြုမိတ္တူများဖြင့် မော်တော်ယာဉ်ဌာနခွဲတစ်ခုခုတွင် လျှောက်ထားနိုင်ပါသည်။

သင်၏ သက်သေခံလက်မှတ်သည် Real ID သတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိမရှိ ဆုံးဖြတ်ရန်အတွက် အပေါ်ပိုင်းညာဘက်ထောင့်တွင် ကြယ်တစ်လုံးရှိမရှိ စစ်ကြည့်ပါ (စာမျက်နှာ 1 တွင်ရှိသော သက်သေခံလက်မှတ် ပုံများကို ကြည့်ရှုပါ)။

➔ Real ID သတ်မှတ်ချက်နှင့်ကိုက်ညီသော သက်သေခံလက်မှတ် ရယူရန်အတွက် လိုအပ်သော စာရွက်စာတမ်းများ၏ စာရင်းအပြည့်အစုံတစ်ခု လိုအပ်လျှင် ဤလက်စွဲစာအုပ်၏ နောက်ဆက်တွဲစာ A (စာမျက်နှာ 66) တွင် ဖတ်ရှုပါ၊ သို့မဟုတ် REALID.IN.gov တွင်ဖတ်ရှုပါ။ သင့်စာရွက်စာတမ်းများကို တောင်းခံခြင်းနှင့်ပတ်သက်ပြီး မေးခွန်းများရှိပါက သုံးစွဲသူဝန်ဆောင်မှု ကိုယ်စားလှယ် တစ်ဦးဦးနှင့် ဆွေးနွေးရန်အတွက် အင်ဒီယားနားပြည်နယ်မော်တော်ယာဉ်ဌာန BMV အား 888-692-6841 သို့ အခမဲ့ဖုန်းဆက်ပါ၊ သို့မဟုတ် အကူအညီရရှိရန်အတွက် ဌာနခွဲတစ်ခုခုသို့ သွားပါ။

## အင်ဒီယားနားပြည်နယ်တွင် နေထိုင်သူအတွက် သတ်မှတ်ချက်များ

အင်ဒီယားနားပြည်နယ် သက်သေခံလက်မှတ်တစ်ခု ရယူရန်အတွက် အင်ဒီယားနားပြည်နယ်တွင် တရားဝင်နေထိုင်သူတစ်ဦး ဖြစ်ရမည်။ အင်ဒီယားနားပြည်နယ်တွင် နေထိုင်သည့် သက်သေအထောက်အထား များတွင် ပါဝင်သောအရာများ။

- အင်ဒီယားနားပြည်နယ်တွင် နေထိုင်သည့်လိပ်စာတစ်ခု ထိန်းသိမ်းပြီး အခြားပြည်နယ်တွင် နေထိုင်သူအဖြစ် မခံယူခြင်း
- အင်ဒီယားနားပြည်နယ်တွင် မဲပေးရန်မှတ်ပုံတင်ထားသူ တစ်ဦးဖြစ်ခြင်း
- အင်ဒီယားနားပြည်နယ်ရှိ မူလတန်းကျောင်း သို့မဟုတ် အထက်တန်းကျောင်း တစ်ခုခုတွင် စာရင်းသွင်းထားသော မိဘတစ်ဦးရှိခြင်း

သက်သေခံလက်မှတ် ရယူရန်ရည်ရွယ်ခြင်းနှင့် ပတ်သက်ပြီး အောက်ပါပုဂ္ဂိုလ်များအား အင်ဒီယားနားပြည်နယ်တွင် နေထိုင်သူများအဖြစ် မသတ်မှတ်ပါ။

- အင်ဒီယားနားပြည်နယ်ကို မိမိနေထိုင်သည့်ပြည်နယ်အဖြစ် မခံယူဘဲ အထက်တန်းကျောင်းလွန် ပညာရေးအဖွဲ့အစည်း တစ်ခုခုတွင် စာရင်းသွင်းထားသည့် ကျောင်းသူကျောင်းသားများ
- အင်ဒီယားနားပြည်နယ်ကို မိမိနေထိုင်သည့်ပြည်နယ်အဖြစ် မခံယူဘဲ စစ်တပ်များတွင် လက်ရှိတာဝန်ထမ်းဆောင်သည့် စစ်မှုထမ်းများ
- ယာယီဝန်ထမ်းများ
- အင်ဒီယားနားပြည်နယ်ကို အတည်အမြဲနေထိုင်ရန် မရည်ရွယ်သော အခြားအကြောင်းရင်းများ

### *အင်ဒီယားနားပြည်နယ်တွင် နေထိုင်သူအသစ်များ*

အင်ဒီယားနားပြည်နယ်တွင် နေထိုင်သူတစ်ဦး ဖြစ်လာသောအခါ သင့်အနေနှင့် အင်ဒီယားနားပြည်နယ် ယာဉ်မောင်းလိုင်စင် အသစ်တစ်ခု ရယူရန်အတွက် ရက် 60 အချိန်ရှိပါသည်။

သင့်အနေနှင့် အခြားပြည်နယ်မှ တရားဝင် ယာဉ်မောင်းလိုင်စင်တစ်ခုမှ မကိုင်ဆောင်ဖူးပါက အင်ဒီယားနားပြည်နယ် ယာဉ်မောင်းလိုင်စင် လျှောက်ခွင့်မရမီ အင်ဒီယားနားပြည်နယ် ယာဉ်မောင်းသင်ခွင့်ကို ရက်ပေါင်း 180 ကိုင်ဆောင်ရမည်။

အခြားပြည်နယ်တစ်ခုခုမှ ယာဉ်မောင်းလိုင်စင်ရှိခဲ့ဖူးပါက အောက်ပါစည်းမျဉ်းများ၏ အကျိုးသက်ရောက်မှုရှိသည်။

**သင့်အနေနှင့် အသက် 18 နှစ် သို့မဟုတ် အထက် ရှိမရှိ**

သင့်အသက်အရွယ်သည် အနည်းဆုံး 18 နှစ်ပြည့်ပြီး အခြားပြည်နယ်၏ ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်ပါက မော်တော်ယာဉ်ဌာနခွဲသို့ အောက်ပါ အထောက်အထား သုံးခုထဲမှ တစ်ခုကို ယူဆောင်လာရမည်။

- အခြားပြည်နယ်မှ သင်၏လက်ရှိ ယာဉ်မောင်းလိုင်စင်၊
- တရားဝင် ယာဉ်မောင်းမှတ်တမ်း မိတ္တူတစ်စောင်၊ သို့မဟုတ်
- စစ်ဆေးအတည်ပြုစာ တစ်စောင်။

သင်ရဲ့အခြားပြည်နယ် ယာဉ်မောင်းလိုင်စင်သည် သက်တမ်းကုန်ပြီး ငါးနှစ် မပြည့်သေးလျှင်၊ သို့မဟုတ် အခြားပြည်နယ်မှ ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်ချိန် အနည်းဆုံး တစ်နှစ်ပြည့်ခဲ့လျှင် အင်ဒီးယားနားပြည်နယ် ယာဉ်မောင်းလိုင်စင် ရယူရန်အတွက် စာတွေ့စစ်ဆေးမှုကို အောင်ရမည်။

သင်ရဲ့အခြားပြည်နယ် ယာဉ်မောင်းလိုင်စင်သည် သက်တမ်းကုန်ပြီး ငါးနှစ် ကျော်ခဲ့လျှင် ၊အင်ဒီးယားနားပြည်နယ် ယာဉ်မောင်းလိုင်စင် ရယူရန်အတွက် စာတွေ့စစ်ဆေးမှုနှင့် လက်တွေ့ယာဉ်မောင်းစစ်ဆေးမှုကို အောင်ရမည်။

အင်ဒီယားနားပြည်နယ် ယာဉ်မောင်းလိုင်စင် ရယူရန်အတွက် မော်တော်ယာဉ်ဌာနခွဲသို့ သွားသောအခါတွင် အထက်တွင်ဖော်ပြပထားသော အခြေအနေများနှင့် ကိုက်ညီသည့် သူများအားလုံးအနေနှင့် မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြပသည့် အထောက်အထား၊ တရားဝင်နေထိုင်ခွင့်၊ လူမှုဖူလုံရေးနံပါတ်နှင့် အင်ဒီးယားနားပြည်နယ်တွင် နေထိုင်ခြင်း စသည့် လက်ရှိစာရွက်စာတမ်းများကိုလည်း တင်ပြရမည်။ အမြင်အာရုံစစ်ဆေးမှု သတ်မှတ်ချက်စံနှုန်းနှင့် ကိုက်ညီရန်လည်း လိုအပ်ပါသည်။

**သင့်အသက် 18 နှစ်အောက်အရွယ်ရှိပါက**

သင့်အသက် 18 နှစ်အောက်ရှိသော်လည်း 16 နှစ်နှင့် ရက်ပေါင်း 180 ပြည့်သည့် အရွယ်ဖြစ်ပြီး သင်နေထိုင်ခဲ့သည့် ယခင်ပြည်နယ်(များ) တွင် တရားဝင် ယာဉ်မောင်းလိုင်စင်ကို အနည်းဆုံး ရက်ပေါင်း 180 ကိုင်ဆောင်ခဲ့လျှင် သင်၏လက်ရှိ အခြားပြည်နယ် ယာဉ်မောင်းလိုင်စင်၊ သို့မဟုတ် တရားဝင် ယာဉ်မောင်း မှတ်တမ်း တစ်စောင် တင်ပြရန် BMV ဌာနခွဲတစ်ခုခုသို့သွားရမည်။ သင် မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြသည့်အထောက်အထား၊ တရားဝင်နေထိုင်ခွင့်၊ လူမှုဖူလုံရေးနံပါတ်၊ နှင့် အင်ဒီယားနားပြည်နယ်တွင် နေထိုင်ခြင်း၊ စသည့် လက်ရှိစာရွက်စာတမ်းများကိုလည်း တင်ပြရမည်။ အသက် (၁၈) နှစ်အောက်အရွယ်ရှိ သော လျှောက်ထားသူများ အနေနှင့် လိုအပ်သည့် စာရွက်စာတမ်းများအပြင် စာတွေ့ဗဟုသုတစစ်ဆေးမှုနှင့် အမြင်အာရုံစစ်ဆေးမှုတို့ကို အောင်ရမည်ဟု သတ်မှတ်ထားပါသည်။

➔ *အတည်ပြုချက်နှင့် ကန့်သတ်ချက်များအတွက် နောက်ထပ် သတ်မှတ်ချက်များနှင့်ပတ်သက်ပြီး ဤလက်စွဲစာအုပ်၏ အခန်း နှစ် တွင်ဖတ်ရှုပါ။*

## သက်သေခံကတ်ပြားတစ်ခုအတွက် လျှောက်လွှာတင်ခြင်း

အကယ်၍ သင်သည် အသက်အနည်းဆုံး 15 နှစ်ပြည့်ပြီး စက်နှင့်မောင်းနှင်သော ဆိုင်ကယ် နှင့်ပတ်သက်သည့် စာတွေ့စစ်ဆေးမှုကို အောင်မြင်ပါက သက်သေခံကတ်ပြားများသည် MDC ကိုလည်း မောင်းနှင်ရန် ခွင့်ပြုကြောင်း ဖော်ပြသည့် အတည်ပြုချက်ကို မှတ်သားပေးမည်။ ထို့ကြောင့် သက်သေခံ ကတ်ပြားလျှောက်လွှာကို အဆုံးသတ်ရန်အတွက် အခြား သော သက်သေခံလက်မှတ် မှန်သမျှအား အင်ဒီယားနားပြည်နယ် BMV ဌာနသို့ အပ်နှံရမည်။

သက်သေခံကတ်ပြားများသည် အသက်အရွယ် အနည်းဆုံး 15 နှစ်ပြည့်ပြီး စက်နှင့်မောင်းနှင်သောဆိုင်ကယ် Motor Driven Cycle နှင့် ပတ်သက်သည့် စာတွေ့စစ်ဆေးမှုကို အောင်မြင်သ၍ MDC ကိုလည်း မောင်းနှင်ရန် အထူးအခွင့်အရေးများ (MDC – မောင်းနှင်ခွင့်အတည်ပြုချက် B) ပေးနိုင်ပါသည်။ သတ်မှတ်ချက်နှစ်ခုစလုံးနှင့် ကိုက်ညီမှုရှိပါက သင့်သက်သေခံကတ်ပြားပေါ်တွင် MDC မောင်းနှင်ရန် ခွင့်ပြုကြောင်းဖော်ပြသည့် အတည်ပြုချက်ကို မှတ်သား ပေးမည်။

သက်သေခံကတ်ပြားတစ်ခု လျှောက်လွှာတင်ရန်အတွက် BMV ဌာနခွဲသို့သွားပြီး နောက်ဆက်တွဲစာ A တွင် ဖော်ပြသည့်အတိုင်း သင်မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြသည့်အထောက်အထား၊ တရားဝင်နေထိုင်ခွင့်၊ (အခြားသော စာရွက်စာတမ်း လိုအပ်သည့် ခြွင်းချက်တစ်ခု သို့မဟုတ် နိုင်ငံခြားသားတစ်ဦးအဖြစ် တင်ပြခြင်းမှလွဲ၍) လူမှုဖူလုံရေးနံပါတ်၊ နှင့် အင်ဒီယားနားပြည်နယ်တွင် နေထိုင်ခြင်း၊ စသည့်စာရွက်စာတမ်းများကို တင်ပြရမည်။

### *သက်သေခံကတ်ပြား၏ တရားဝင်မှု*

- သက်သေခံကတ်ပြားနှင့် MDC မောင်းနှင်ခွင့်အတည်ပြုချက်များသည် ခြောက်နှစ်သက်တမ်းရှိပါသည်။
- တရားဝင်ယာယီ နေထိုင်သူများအတွက် ထုတ်ပေးသော သက်သေခံကတ်ပြားများသည် လျှောက်ထားသူ၏ နေထိုင်မည့် နောက်ဆုံးရက်စွဲတွင် သက်တမ်း ကုန်မည်ဖြစ်၍ သာမန်သက်တမ်း ကာလများနှင့်ထပ်တူ ဖြစ်ချင်မှဖြစ်မည်။

## ယာဉ်မောင်းသင်ခွင့်များ

ယာဉ်မောင်းသင်ခွင့်သည် အင်ဒီယားနားပြည်နယ်တွင် နေထိုင်သူကို ယာဉ်မောင်းလိုင်စင် မလျှောက်မီ ယာဉ်မောင်းလေ့ကျင့်ရန်အတွက် ခွင့်ပြုပါသည်။ ယာဉ်မောင်းသင်ခွင့်ကို မည်သည့် BMV ဌာနတွင်မဆို လျှောက်လွှာတင်နိုင်ပါသည်။

သင့်အနေနှင့် အသက် 16 နှစ် သို့မဟုတ် အထက် ရှိပါက ယာဉ်မောင်းသင်ခွင့် ရယူရန်အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်။

- နောက်ဆက်တွဲစာ A တွင် ဖော်ပြသည့်အတိုင်း သင်မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြသည့်အထောက်အထား၊ တရားဝင်နေထိုင်ခွင့်၊ (အခြားသော စာရွက်စာတမ်း လိုအပ်နိုင်သည့် နိုင်ငံခြားသားတစ်ဦး ဖြစ်နေခြင်းမှလွဲ၍) လူမှုဖူလုံရေးနံပါတ်၊ နှင့် အင်ဒီယားနားပြည်နယ်တွင် နေထိုင်ခြင်း၊ စသည့် စာရွက်စာတမ်းများကို တင်ပြရမည်
- စံနှုန်းအဆင့်ထားသည့် အမြင်အာရုံစစ်ဆေးမှု အောင်ရမည်
- စာတွေ့စစ်ဆေးမှုကို အောင်ရမည်

သင့်အနေနှင့် အသက် 16 နှစ်အောက် သို့မဟုတ် ထိုထက်အသက်ပိုကြီးပါက ယာဉ်မောင်းသင်ခွင့် ရယူရန်အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီရ မည်။

- အသက်အနည်းဆုံး 15 နှစ်ရှိရမည်ဖြစ်ပြီး ယာဉ်မောင်းသင်တန်းကျောင်းထံမှ ယာဉ်မောင်းပညာရေး စာရင်းဝင်လက်မှတ် တင်ပြခြင်းဖြင့် BMV မှလိုင်စင် ပေးထားသော ယာဉ်မောင်းသင်တန်းပို့ချသူထံ စာရင်းဝင်ဖြစ်ကြောင်း သက်သေအထောက်အထား ပြရမည်။ အဆိုပါလက်မှတ်တွင် သင်တန်းစမည့်ရက် မတိုင်မီ သုံးပတ် စော၍ ရက်စွဲတပ်ထားသည့် လက်မှတ်မဖြစ်ရပါ။ သီအိုရီပိုင်းဆိုင်ရာ လေ့ကျင့်မှုအတွက် အွန်လိုင်းသင်တန်းတက်ပြီးသော လက်မှတ် သည် လက်ခံနိုင်စရာ စာရွက်စာတမ်းတစ်ခု မဟုတ်ပါ။
- နောက်ဆက်တွဲစာ A တွင် ဖော်ပြသည့်အတိုင်း သင်မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြသည့်အထောက်အထား၊ တရားဝင်နေထိုင်ခွင့်၊ (အခြားသော စာရွက်စာတမ်း လိုအပ်နိုင်သည့် နိုင်ငံခြားသားတစ်ဦး ဖြစ်နေခြင်းမှလွဲ၍) လူမှုဖူလုံရေးနံပါတ်၊ နှင့် အင်ဒီယားနားပြည်နယ်တွင် နေထိုင်ခြင်း၊ စသည့် စာရွက်စာတမ်းများကို တင်ပြရမည်။
- စံနှုန်းအဆင့်ထားသည့် အမြင်အာရုံစစ်ဆေးမှု အောင်ရမည်
- စာတွေ့စစ်ဆေးမှုကို အောင်ရမည်

အသက်(၁၈)နှစ်အောက် သင်မောင်းလိုင်စင်လျှောက်ထားသူများအနေဖြင့် အနည်းဆုံး အသက်(၁၈)နှစ်နှင့် အထက်ရှိသူတစ်ဦးအား အရေးပေါ်ဆက်သွယ်ရန် အဖြစ် ဖော်ပြရန် လိုအပ်ပါသည်။

### *သင်၏ ယာဉ်မောင်းသင်ခွင့်နှင့် ယာဉ်မောင်းလေ့ကျင့်ပါ*

**သင့်အသက် 16 နှစ်အောက်ရှိပြီး ယာဉ်မောင်းပညာရေး အစီအစဉ်တစ်ခုခုတွင် စာရင်းဝင်ဖြစ်ပါက၊**

- သင်နှင့်အတူ လိုင်စင်ရ ယာဉ်မောင်းသင်တန်း သင်ကြားပို့ချသူတစ်ဦး ပါရှိသည့်အချိန်မှသာ သင်ယာဉ်မောင်းနိုင်မည်၊ သို့မဟုတ် BMV မှ အသိအမှတ်ပြုထားခြင်းနှင့်အတူ ယာဉ်မောင်း ပြန်လည်ပျိုးထောင်ရေး အစီအစဉ်မှတစ်ဆင့် အလုပ်ခန့်အပ်ထားသော ပုဂ္ဂိုလ်ဖြစ်သည့် လက်မှတ်ရ ယာဉ်မောင်း ပြန်လည်ပျိုးထောင်ရေး ကျွမ်းကျင်သူတစ်ဦး ပါရှိသည့်အချိန်မှသာ သင်ယာဉ်မောင်းနိုင်မည်။ အဆိုပါသင်ကြားပို့ချသူ သို့မဟုတ် ပြန်လည်ပျိုးထောင်ရေး ကျွမ်းကျင်သူအနေနှင့် ယာဉ်၏အရှေ့ခန်းရှိ ခရီးသည်ထိုင်ခုံတွင် ထိုင်နေရမည်။
- လိုင်စင် (သက်တမ်းကုန်ခြင်း၊ ဆိုင်းငံ့ထားခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း များမရှိဘဲ) တရားဝင် ယာဉ်မောင်းခွင့်များရှိပြီး အသက် 25 နှစ်သို့မဟုတ် အထက်ရှိသည့် လိုင်စင်ရယာဉ်မောင်း တစ်ဦးနှင့်လည်း ယာဉ်မောင်းလေ့ကျင့်နိုင်ပါသည်။ ထိုလိုင်စင်ရယာဉ်မောင်းသည် သင်နှင့် သွေးသားချင်း တော်စပ်၍သော်ငင်း၊ အိမ်ထောင်ပြု၍သော်ငင်း၊ သို့မဟုတ် တရားဝင်တော်စပ်ခွင့် အရသော်ငင်း တော်စပ်မှုရှိရမည်။ ယာဉ်မောင်းလိုင်စင်ရရှိပြီး အသက်အနည်းဆုံး 21 နှစ်ရှိရမည့် သင့်အိမ်ထောင်ဖက်နှင့်လည်း ယာဉ်မောင်းလေ့ကျင့်ရန် ရွေးချယ်နိုင်သည်။ ထိုလိုင်စင်ရယာဉ်မောင်းသည် ယာဉ်အရှေ့ခန်းရှိ ခရီးသည်ထိုင်ခုံတွင် ထိုင်ရမည်ဖြစ်ပါသည်။

**သင့်အသက် 18 နှစ်အောက်ရှိပြီး ယာဉ်မောင်းပညာရေး အစီအစဉ်တစ်ခုခုတွင် စာရင်းဝင်မဖြစ်ပါက၊**

- လိုင်စင် (သက်တမ်းကုန်ခြင်း၊ ဆိုင်းငံ့ထားခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း များမရှိဘဲ) တရားဝင် ယာဉ်မောင်းခွင့်များရှိပြီး အသက် 25 နှစ်သို့မဟုတ် အထက်ရှိသည့် လိုင်စင်ရယာဉ်မောင်း တစ်ဦးနှင့် ယာဉ်မောင်းလေ့ကျင့်နိုင်ပါသည်။ ထိုလိုင်စင်ရယာဉ်မောင်းသည် သင်နှင့် သွေးသားချင်း တော်စပ်၍သော်ငင်း၊ အိမ်ထောင်ပြု၍သော်ငင်း၊ သို့မဟုတ် တရားဝင်တော်စပ်ခွင့် အရသော်ငင်း တော်စပ်မှုရှိရမည်။ ယာဉ်မောင်းလိုင်စင်ရရှိပြီး အသက်အနည်းဆုံး 21 နှစ်ရှိရမည့် သင့်အိမ်ထောင်ဖက်နှင့်လည်း ယာဉ်မောင်းလေ့ကျင့်ရန် ရွေးချယ်နိုင်သည်။ ထိုလိုင်စင်ရယာဉ်မောင်းအနေနှင့် ယာဉ်၏အရှေ့ခန်းရှိ ခရီးသည်ထိုင်ခုံတွင် ထိုင်နေရမည်။
- ယာဉ်မောင်းသင်တန်းကျောင်း၏ ညွှန်ကြားမှုအောက်တွင် အလုပ်လုပ်သည့် ယာဉ်မောင်းသင်တန်းကျောင်း၏ သင်ကြားပို့ချသူတစ်ဦးအဖြစ် လိုင်စင်ရရှိထားသည့်ပုဂ္ဂိုလ်တစ်ဦး ပါရှိလျှင် ယာဉ်မောင်းသင်ခွင့်နှင့်လည်း သင်ယာဉ်မောင်းလေ့ကျင့်နိုင်မည်၊ သို့မဟုတ် အင်ဒီယားနားပြည်နယ် BMV မှ အသိအမှတ်ပြုထားခြင်းနှင့်အတူ ယာဉ်မောင်း ပြန်လည်ပျိုးထောင်ရေး အစီအစဉ်မှတစ်ဆင့် အလုပ်ခန့်အပ်ထားသော ပုဂ္ဂိုလ်ဖြစ်သည့် လက်မှတ်ရ ယာဉ်မောင်း ပြန်လည်ပျိုးထောင်ရေး ကျွမ်းကျင်သူတစ်ဦး ပါရှိလျှင်လည်း ယာဉ်မောင်းသင်ခွင့်နှင့် သင်ယာဉ်မောင်းလေ့ကျင့်နိုင်မည်။ အဆိုပါ သင်ကြားပို့ချသူ သို့မဟုတ် ပြန်လည်ပျိုးထောင်ရေး ကျွမ်းကျင်သူအနေနှင့် သင့်ယာဉ်၏အရှေ့ခန်းရှိ ခရီးသည်ထိုင်ခုံတွင် ထိုင်နေရမည်။

**သင့်အသက် 18 နှစ်အောက်ရှိပြီး ကလေးဝန်ဆောင်မှုဦးစီးဌာန Department of Child Services ၏ စောင့်ရှောက်မှုနှင့် ကြီးကြပ်မှုအောက်တွင် ရှိနေပါက၊**

- လိုင်စင် (သက်တမ်းကုန်ခြင်း၊ ဆိုင်းငံ့ထားခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း များမရှိဘဲ) တရားဝင် ယာဉ်မောင်းခွင့်များရှိပြီး အသက် 25 နှစ်သို့မဟုတ် အထက်ရှိသည့် လိုင်စင်ရယာဉ်မောင်း တစ်ဦးနှင့် ယာဉ်မောင်းလေ့ကျင့်နိုင်ပါသည်။ ထိုလိုင်စင်ရယာဉ်မောင်းသည် သင်နှင့် သွေးသားချင်း တော်စပ်၍သော်ငင်း၊ အိမ်ထောင်ပြု၍သော်ငင်း၊ သို့မဟုတ် တရားဝင်တော်စပ်ခွင့် အရသော်ငင်း တော်စပ်မှုရှိရမည်။
- အသက် 25 နှစ်သို့မဟုတ်အထက်ရှိပြီး ကလေးဝန်ဆောင်မှုဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် လိုင်စင်ရယာဉ်မောင်း တစ်ဦးနှင့်အတူ ယာဉ်မောင်းလေ့ကျင့်ရန်လည်း ရွေးချယ်နိုင်သည်။ ထိုလိုင်စင်ရယာဉ်မောင်းအနေနှင့် ယာဉ်၏အရှေ့ခန်းရှိ ခရီးသည်ထိုင်ခုံတွင် ထိုင်နေရမည်။

**သင့်အသက် 18 နှစ်သို့မဟုတ်အထက် ရှိပါက၊**

- လိုင်စင် (သက်တမ်းကုန်ခြင်း၊ ဆိုင်းငံ့ထားခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း များမရှိဘဲ) တရားဝင် ယာဉ်မောင်းခွင့်များရှိပြီး အသက်အနည်းဆုံး 25 နှစ်ရှိသည့် လိုင်စင်ရယာဉ်မောင်းတစ်ဦး ပါရှိသည့်အချိန်မှသာ ယာဉ်မောင်းသင်ခွင့်ဖြင့် ယာဉ်မောင်းလေ့ကျင့်နိုင်မည်၊ သို့မဟုတ် လိုင်စင်ရရှိပြီး အသက်အနည်းဆုံး 21 နှစ်သို့မဟုတ်အထက်ရှိသည့် သင့်အိမ်ထောင်ဖက်နှင့်သာ ယာဉ်မောင်းသင်ခွင့်ဖြင့် ယာဉ်မောင်းလေ့ကျင့်နိုင်မည်။

### *ယာဉ်မောင်းသင်ခွင့်၏ တရားဝင်မှု*

1. ယာဉ်မောင်းသင်ခွင့်များသည် ထုတ်ပေးသည့် ရက်စွဲမှစ၍ တရားဝင်သက်တမ်း နှစ်နှစ်ရှိပါသည်။
2. တရားဝင်ယာယီ နေထိုင်သူများအတွက် ထုတ်ပေးသော ယာဉ်မောင်းသင်ခွင့်များသည် လျှောက်ထားသူ၏ နေထိုင်မည့် နောက်ဆုံးရက်စွဲတွင် သက်တမ်းကုန်မည်ဖြစ်၍ သာမန်သက်တမ်း ကာလများနှင့်ထပ်တူ ဖြစ်ချင်မှဖြစ်မည်။
3. သင့်ယာဉ်မောင်းသင်ခွင့်ကို သက်တမ်းတိုးရန်အတွက် BMV ဌာနခွဲတခုခုသို့သွားလျှင် အဆိုပါယာဉ်မောင်းသင်ခွင့်သည် ရက်ပေါင်း 180 ကျော် သက်တမ်းကုန်ခဲ့ပြီဆိုပါက စာတွေ့ပြန်လည်စစ်ဆေးရမည်ဟု သတ်မှတ်ထားသည်။

## အမြင်အာရုံစစ်ဆေးခြင်း

အင်ဒီယားနားပြည်နယ် ယာဉ်မောင်းသင်ခွင့် သို့မဟုတ် ယာဉ်မောင်းလိုင်စင် အတွက် လျှောက်ထားသူများ အားလုံးအနေနှင့် လက်ရှိ ယာဉ်မောင်းသင်ခွင့် သို့မဟုတ်ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးရန် အတွက်ပင်လျှင် အွန်လိုင်းမှတစ်ဆင့် သက်တမ်းတိုးခွင့်ရှိသည့် လျှောက်ထားသူမှလွဲ၍ အမြင်အာရုံစစ်ဆေးခြင်းကို အောင်ရမည်ဟု သတ်မှတ်ထားသည်။

ပုံမှန်အားဖြင့် ယာဉ်မောင်းသည့်အချိန်တွင် မျက်မှန်များ သို့မဟုတ် မျက်ကပ်မှန်များ တပ်ဆင်ပါက BMV ဌာနခွဲဝန်ထမ်းကို အကြောင်းကြားသင့်ပြီး အမြင်အာရုံစစ်ဆေးသည့်အချိန်တွင် တပ်ထားပါ။ သင်၏မြင်နိုင်စွမ်းသည် ပြည်နယ်အစိုးရ၏ သတ်မှတ်ချက်စံနှုန်းများနှင့် မကိုက်ညီပါက မျက်လုံးဆရာဝန်နှင့် စစ်ဆေးရန် လိုအပ်ပါလိမ့်မည်။ သင့်အမြင်အာရုံကို ပြည်နယ်အစိုးရ၏ သတ်မှတ်ချက်စံနှုန်း ကိုက်ညီရန် ပြင်ဆင်ပေးပြီးကြောင်း မျက်လုံးဆရာဝန်တစ်ဦးဦးထံမှ အတည်ပြုသည့် ထောက်ခံစာတစ်စောင်နှင့် BMV ဌာနခွဲသို့ပြန်သွားလျှင် ထို BMV ဌာနခွဲ၌ အမြင်အာရုံစစ်ဆေးခြင်းပါဝင်မည့် ယာဉ်မောင်းလိုင်စင် လျှောက်လွှာ လုပ်ငန်းစဉ်ကို ဆက်လုပ်နိုင်ပါလိမ့်မည်။

## စာတွေ့စစ်ဆေးခြင်း

ယာဉ်မောင်းအတွက် စာတွေ့စစ်ဆေးခြင်းသည် အင်ဒီယားနားပြည်နယ်၏ စည်းမျဉ်းဥပဒေ၊ ကြိုတင်ကာကွယ်ခြင်းဖြင့် ယာဉ်မောင်းသည့် အလေ့အကျင့်များ၊ နှင့် ယာဉ်မောင်းအတွက် ဤလက်စွဲစာအုပ်ပါ အချက်အလက်များ အပေါ် အခြေခံသည့် အဖြေများထဲမှ အမှန်ကိုရွေးရသည့် မေးခွန်းပုံစံတမျိုးဖြစ်ပါသည်။ ယာဉ်မောင်းအတွက် စာတွေ့စစ်ဆေးမှုကို အောင်မြင်ခြင်းသည် အင်ဒီယားနားပြည်နယ်တွင် ယာဉ်မောင်းနိုင်ခွင့်များ ရယူသည့်လုပ်ငန်းစဉ် အဆင့်တဆင့် ဖြစ်သည်။ စာတွေ့စစ်ဆေးမှုကို အောင်ရန်အတွက် အင်ဒီယားနားပြည်နယ် ယာဉ်စည်းကမ်းဥပဒေများနှင့် ဘေးကင်းစွာ ယာဉ်မောင်းသည့် နည်းများကို အခြေခံအားဖြင့် နားလည်သဘောပေါက်ကြောင်း ပြသရမည်။ စည်းမျဉ်းသတ်မှတ်ချက်များ၊ သတိပေးချက်များ၊ နှင့် ယာဉ်ကြောထိန်းသည့် အမှတ်အသားများနှင့် အချက်ပြများကိုလည်း ဖတ်ရှုနိုင်ပြီး နားလည်သဘောပေါက်နိုင်ရမည်။

ယာဉ်မောင်းအတွက် စာတွေ့စစ်ဆေးခြင်းသည် အောက်ပါအကြောင်းအရာများအတွက် လိုအပ်သည်။

- ယာဉ်မောင်းသင်ခွင့်အတွက် လျှောက်လွှာတင်ခြင်း
- အခြားပြည်နယ်မှ ယာဉ်မောင်းလိုင်စင် သက်တမ်းကုန်သည့် အင်ဒီယားနားပြည်နယ်တွင် နေထိုင်သောလူသစ် သို့မဟုတ် အခြားနိုင်ငံမှ တရားဝင်ယာဉ်မောင်းလိုင်စင်ရှိသည့် နေထိုင်သူလူသစ်
- ရက်ပေါင်း 180 ကျော် ယာဉ်မောင်းလိုင်စင် သက်တမ်းကုန်ခဲ့ပြီးဖြစ်သော အင်ဒီယားနားပြည်နယ်တွင် နေထိုင်သူ
- အင်ဒီယားနားပြည်နယ် ယာဉ်မောင်းမှတ်တမ်းတွင် လက်ရှိပွိုင့် ခြောက်ပွိုင့် သို့မဟုတ်အထက် ရှိပြီး ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးမည့် ယာဉ်မောင်း
- အင်ဒီယားနားပြည်နယ် ယာဉ်မောင်းလိုင်စင် သက်တမ်းကုန်ခဲ့သည်မှာ ရက်ပေါင်း 180 ကျော်ခဲ့ပြီဖြစ်သည့် လက်ရှိစစ်မှုထမ်းများ၊ သက်ဆိုင်လျှင် စစ်မှုထမ်း၏အိမ်ထောင်ဖက်၊ နှင့်/သို့မဟုတ် မှီခိုများ၊ ထို့အတူ လိုင်စင်သက်တမ်း တိုးရမည့်ရက်စွဲမတိုင်မီ ရက် 90 အလိုတွင် တာဝန်ထမ်းဆောင်ခြင်းမှ ပြန်ရောက်လာသည့် အဆိုပါပုဂ္ဂိုလ်များ
- ယာဉ်မောင်းလိုင်စင်ထုတ်ပေးသော ယခင်ပြည်နယ်မှ စစ်မှုထမ်းအတွက် လိုင်စင်သက်တမ်းတိုးရန် ခွင့်ပြုထားသောကာလ ကျော်လွန်ခဲ့ပြီးသော လက်ရှိစစ်မှုထမ်း

အင်ဒီယားနားပြည်နယ် BMV အနေနှင့် ယာဉ်အမျိုးအစား အတိအကျ မောင်းနှင်ခွင့်ပေးသည့် အတည်ပြုချက်များ ထပ်မံထည့်သွင်းရန် ရွေးချယ်သည့် လုပ်ငန်းသုံး ယာဉ်မောင်းလိုင်စင် CDL လျှောက်ထားသူများနှင့် မော်တော်ဆိုင်ကယ်များ၊ စက်နှင့်မောင်းနှင်သောဆိုင်ကယ် MDC – Class B များ၊ နှင့် အငှားယာဉ်မောင်းအဆင့် မောင်းနှင်ချင်သော လျှောက်ထားသူများ အတွက် စာတွေ့စစ်ဆေးမှုကိုလည်း စီစဉ်ဆောင်ရွက်ပေးပါသည်။

➔ *စာတွေ့စစ်ဆေးမှုကို ဖြေဆိုရန်အတွက် မော်တော်ယာဉ်ဌာနခွဲ မပိတ်မီ အနည်းဆုံး တစ်နာရီအလိုတွင် ရောက်ရှိရမည်။*

➔ *စာတွေ့စစ်ဆေးမှုကို မအောင်ပါက ထပ်ဖြေရန်အတွက် ရုံးဖွင့်ရက်နောက်တစ်ရက်အထိ စောင့်ရမည်။*

## ယာဉ်မောင်းသူ အရည်အချင်းစစ် စာမေးပွဲ

သင့်မှာ ယာဉ်မောင်းသင်ခွင့်ရှိပြီး BMV ရဲ့ လက်တွေ့ ယာဉ်မောင်း စစ်ဆေးမှု အစီအစဉ်တွင် ပါဝင်သည့် BMV လိုင်စင်ရ ယာဉ်မောင်းသင်တန်းကျောင်း တက်ရောက်ပါက သီအိုရီပိုင်းဆိုင်ရာလေ့ကျင့်မှု နာရီပေါင်း ၃၀ သင်တန်းတက်ရောက်ကာ ခြောက်နာရီကြာ ယာဉ်မောင်းသင်သည့် သင်တန်းကို အောင်မြင်စွာ ပြီးဆုံးပြီးနောက် သင်တန်းကျောင်းတွင် လက်တွေ့ယာဉ်မောင်း စစ်ဆေးခြင်းကို ခံယူနိုင်သည်။

အောက်ပါအခြေအနေများ တစ်ခုခုဖြစ်ပေါ်လာပါက BMV ဌာနခွဲတစ်နေရာတွင် လက်တွေ့ယာဉ်မောင်း စစ်ဆေးခြင်းကို ခံယူရမည်။

- သင့်ယာဉ်မောင်းသင်ခွင့် သက်တမ်းကုန်ခြင်း
- ယာဉ်မောင်းပညာပေးသင်တန်းရဲ့ အစိတ်အပိုင်းနှစ်ခုထဲမှ တစ်ခုမဟုတ် တစ်ခုတွင် မအောင်မြင်သည့် အမှတ်ရရှိခြင်း။
- သင့်ယာဉ်မောင်းသင်တန်းကျောင်းအနေနှင့် လက်တွေ့ ယာဉ်မောင်း စစ်ဆေးမှုအတွက် အစီအစဉ်တွင် မပါဝင်ခြင်း။

ယာဉ်မောင်းခွင့် သက်တမ်းကုန်ပြီး စာတွေ့စစ်ဆေးမှု ဖြေကြားခဲ့သည်မှာ ရက်ပေါင်း 180 ကျော်ခဲ့ပြီဆိုလျှင် သက်တမ်းတိုးသည့် ယာဉ်မောင်းသင်ခွင့် ထုတ်ပေးရန်အတွက် စာတွေ့စစ်ဆေးမှုကို ထပ်ဖြေရမည်။ (သက်တမ်းကုန်ခြင်း၊ ဆိုင်းငံ့ထားခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း များမရှိဘဲ) ယာဉ်မောင်းသင်ခွင့် ကိုင်ဆောင်သည့် အချိန်ကာလသည် ရက်ပေါင်း 180 ကိုင်ဆောင်ရန် လိုအပ်သည့် သတ်မှတ်ကာလအတွက် အကျုံးဝင်ပါလိမ့်မည်။

လက်တွေ့ယာဉ်မောင်း စစ်ဆေးခြင်းအတွက် ရက်ချိန်းစီစဉ်ရန် IN.gov/BMV တွင်ဖတ်ရှုပါ၊ သို့မဟုတ် BMV ဆက်သွယ်ရေးဌာနကို (888) 692-6841 သို့ ဖုန်းဆက်ပါ။ လက်တွေ့ယာဉ်မောင်း စစ်ဆေးခြင်းကို သုံးပတ်ထက်ပိုပြီး ရက်ချိန်းကြိုတင်စီစဉ်ထား၍မရပါ၊ ထို့အတူ ချိန်းဆိုမည့်ရက်စွဲမတိုင်မီ ရုံးဖွင့်ချိန် 48 နာရီအတွင်း အချိန်ကပ်ပြီးရက်ချိန်းစီစဉ်၍မရပါ။ သို့သော်ငြားလည်း လိုင်စင်ဌာနတစ်ခုခု သို့သွားလျှင် ရက်ချိန်းစောစော စီစဉ်၍ရနိုင်သည်။ လက်တွေ့ယာဉ်မောင်း စစ်ဆေးခြင်းတွင် မောင်းမည့်ယာဉ်ကို သင်ကိုယ်တိုင် စီစဉ်ရမည်။ BMV မှ ဆောင်ရွက်သော လက်တွေ့ယာဉ်မောင်း စစ်ဆေးခြင်းအတွက် ကုန်ကျစရိတ် တောင်းခံခြင်းမရှိပါ။

BMV စစ်ဆေးမှုပေးသူမှ ဆောင်ရွက်ပေးသော လက်တွေ့ယာဉ်မောင်း စစ်ဆေးခြင်းသည် အောက်ပါပုဂ္ဂိုလ်များအတွက် လိုအပ်ကြောင်း သတ်မှတ်ထားသည်။

- BMV လိုင်စင်ရ ယာဉ်မောင်းပညာပေးအစီအစဉ် တစ်ခုခုတွင် အောင်မြင်စွာပြီးစီးခဲ့ပြီး ကျွမ်းကျင်မှုများစစ်ဆေးရန် မလိုအပ်သော ခြွင်းချက်ရှိသူများမှလွဲ၍ အင်ဒီယားနားပြည်နယ် ယာဉ်မောင်းသင်ခွင့် ရှိသောယာဉ်မောင်းများ
- ရုပ်သိမ်းခြင်းမရှိဘဲ အခြားပြည်နယ်မှ ယာဉ်မောင်းလိုင်စင် တစ်ခုခုကို ကိုင်ဆောင်ထားသည်မှာ တစ်နှစ်အောက်ရှိခြင်း သို့မဟုတ် အခြားပြည်နယ်ယာဉ်မောင်းလိုင်စင် သက်တမ်းကုန်ခဲ့သည်မှာ ငါးနှစ်ကျော်ခဲ့ပြီဖြစ်သည့် အင်ဒီးယားနားပြည်နယ်တွင် နေထိုင်သူ လူသစ်များ
- အခြားနိုင်ငံမှ ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်သော အင်ဒီယားနားပြည်နယ်တွင် နေထိုင်သူလူသစ်များ
- အင်ဒီးယားနားပြည်နယ် ယာဉ်မောင်းလိုင်စင် သက်တမ်းကုန်ခဲ့သည်မှာ ငါးနှစ် ကျော်ခဲ့ပြီဖြစ်သော အင်ဒီးယားနားပြည်နယ်တွင် နေထိုင်သူများ
- စစ်ဆေးမှုလိုအပ်သော BMV ကန့်သတ်ချက်ရှိသည့် ယာဉ်မောင်းများ
- BMV ဖိုင်တွဲတွင် ကျန်းမာရေးဆိုင်ရာ တိုင်ကြားချက်ရှိသည့် ယာဉ်မောင်းများနှင့် ယာဉ်မောင်းတတ်သည့် ကျွမ်းကျင်မှုများစစ်ဆေးရန် လိုအပ်ကြောင်း BMV မှ ဆုံးဖြတ်သည့် ယာဉ်မောင်းများ
- BMV ၏ ကျန်းမာရေးဆိုင်ရာ ဘုတ်အဖွဲ့မှ ကျွမ်းကျင်မှုများ စစ်ဆေးရန် အကြံပြုထားသောအခါ ထိုယာဉ်မောင်းအား BMV မှ လက်တွေ့ယာဉ်မောင်း စစ်ဆေးခြင်း လုပ်ခိုင်းနိုင်သည်
- အင်ဒီးယားနားပြည်နယ် ယာဉ်မောင်းလိုင်စင် သက်တမ်း ကုန်ခဲ့သည်မှာ ငါးနှစ်ကျော်ခဲ့ပြီဖြစ်သည့် လက်ရှိစစ်မှုထမ်းများ၊ သက်ဆိုင်လျှင် စစ်မှုထမ်းရဲ့အိမ်ထောင်ဖက် နှင့် သို့မဟုတ် မှီခိုများ၊ ထို့အတူ လိုင်စင်သက်တမ်း တိုးရမည့် ရက်စွဲမတိုင်မီ ရက် 90 အလိုတွင် တာဝန်ထမ်းဆောင်ခြင်းမှ ပြန်ရောက်လာသည့် အဆိုပါပုဂ္ဂိုလ်များ
- သက်တမ်းကုန်၍ သက်တမ်းတိုးရန် ခွင့်ပြုထားသည့် ရက် 90 ထက် ကျော်လွန်ခဲ့ခြင်းနှင့် ငါးနှစ်ကျော် သက်တမ်းကုန်ခဲ့ပြီးဖြစ်သည့် အခြားပြည်နယ်မှ ယာဉ်မောင်းလိုင်စင်ကို ကိုင်ဆောင်သော စစ်တပ်မှ ထွက်ခွင့်ရသူများ

လက်တွေ့ယာဉ်မောင်း စစ်ဆေးသည့်အချိန်တွင် BMV စစ်ဆေးမှုပေးသူ(များ)၊ သို့မဟုတ် အခြားသော အတည်ပြုချက်ရ BMV ဝန်ထမ်းများမှလွဲ၍ အခြားမည်သူကိုမှ သင့်ယာဉ်ထဲတွင် လိုက်စီးခွင့်မပေးပါ။ သင့်ယာဉ်ကို ဥပဒေသတ်မှတ်ချက်နှင့်အညီ တပ်ဆင်ထားရမည်၊ အာမခံကြေးရှိရမည်၊ ထို့အတူ ဘေးကင်းပြီး သန့်ရှင်းနေရမည်။ လက်တွေ့ယာဉ်မောင်း စစ်ဆေးခြင်း မလုပ်မီ ယာဉ်၏ လက်ရှိမှတ်ပုံတင်စာရွက်ကိုလည်း တင်ပြရမည်။

လက်တွေ့ယာဉ်မောင်း စစ်ဆေးခြင်းတွင် အသုံးပြုမည့်ယာဉ်ကို ငြင်းပယ်မည်ဆိုပါက BMV စစ်ဆေးမှုပေးသူ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်အပေါ် မူတည်သည်။

BMV စစ်ဆေးမှုပေးသူမှ သင်လက်တွေ့ယာဉ်မောင်း စစ်ဆေးခြင်းမစမီ မေးရန်လိုအပ်သည့် မေးခွန်းအနည်းငယ် မေးမြန်းပါလိမ့်မည်။ စစ်ဆေးမှုပေးသူ၏ တာဝန်သည် ညွှန်ကြားချက်ပေးရန် မဟုတ်ပါ၊ သို့သော် သူမြင်တွေ့ရသည့်အရာများအပေါ် မျှတစွာနှင့် ဓမ္မဓိဋ္ဌာန်ကျကျ စစ်ဆေးမှုပေးရန် ဖြစ်ပါသည်။ သင့်မှာ ယာဉ်တစ်စီးကို ဘေးကင်းစွာ မောင်းနှင်နိုင်စွမ်း ရှိမရှိ စစ်ဆေးရန်အတွက် BMV စစ်ဆေးမှုပေးသူ အနေနှင့် စံနှုန်းသတ်မှတ်ထားသော ပုံစံစာရွက်ကို အသုံးပြုပါလိမ့်မည်။

လက်တွေ့ယာဉ်မောင်း စစ်ဆေးရာတွင် အောက်ပါသတ်မှတ်ချက်များ အပေါ် အခြေခံ၍ သင့်ကိုစစ်ဆေးပါလိမ့်မည်။

- ယာဉ်ကြောအမှတ်အသားများကို လိုက်နာခြင်းဖြင့် သင့်လျော်သည့် ယာဉ်ကြောအတွင်း မောင်းနှင်ခြင်း၊ ဂရုတစိုက်ကြည့်ရှုခြင်း၊ နှင့် ယာဉ်ကြောမပြောင်းမီ သင့်လျော်စွာ အချက်ပြခြင်း
- သင့်ရှေ့တွင်ရှိသောယာဉ်နှင့် သင့်ယာဉ်အကြား လုံလောက်သည့် အကွာအဝေးထားခြင်း
- အခြားယာဉ်တစ်စီးမှ ကျော်တက်ပြီး သင့်ယာဉ်ကြောထဲပြန်ဝင်ခြင်းနှင့် ကျော်တက်ခြင်းများတွင် သင့်အမြန်နှုန်းကို ထိန်းထားခြင်းနှင့် သင့်ကိုကျော်တက်နိုင်ရန် လုံလောက်သည့် အကွာအဝေး ပေးခြင်းဖြင့် သင့်လျော်စွာ တုံ့ပြန်ခြင်း
- အမှတ်အသားပြထားသည့် အမြန်နှုန်း ကန့်သတ်ချက်များနှင့် ကွဲပြားသည့် ယာဉ်ကြောအခြေအနေ အမျိုးမျိုးနှင့်အညီ သင့်အမြန်နှုန်းကို ထိန်းချုပ်ခြင်း
- ကြိုတင်ကာကွယ်ခြင်းဖြင့် ယာဉ်မောင်းသော အလေ့အထကောင်းများကို ကြည့်ရှုခြင်း
- ညွှန်ကြားချက်များကို နားထောင်ခြင်းနှင့် ယေဘုယျယာဉ်ကြောစီးဆင်းမှုကို ကြည့်ရှုခြင်း
- သင့်လျော်သည့်အမြန်နှုန်းဖြင့် လမ်းဆုံတစ်ခုခုကို ချဉ်းကပ်ခြင်း၊ အခြားယာဉ်များကို ကြည့်ရှုခြင်းနှင့် လိုအပ်သောအခါ အပြည့်အစုံရပ်တန့်ခြင်း
- နောက်ဆုတ်သည့် ကျွမ်းကျင်မှုများနှင့် ယာဉ်ရပ်နားသည့်နေရာမှ မှန်ကန်စွာ နောက်ဆုတ်၍ ထွက်ခွာခြင်း

လက်တွေ့ယာဉ်မောင်း စစ်ဆေးသည့်အချိန်တွင် အောက်ပါလုပ်ရပ်များသည် သင်၏နောက်ဆုံးအမှတ်အပေါ် အကျိုးသက်ရောက် နိုင်သည်၊ သို့မဟုတ် လက်တွေ့ယာဉ်မောင်း စစ်ဆေးခြင်းတွင် ဆုံးရှုံးမှုဖြစ်ပေါ်စေနိုင်သည်၊

- လိုအပ်သောအခါ ရေခဲအရည်ပျော်စေသောဆေးရည် သို့မဟုတ် ရေယက်တံများကို အသုံးပြုရန်ပျက်ကွက်ခြင်း
- လက်နှစ်ဘက်စလုံး လက်ကိုင်ဘီးကို ကိုင်ထားရန်ပျက်ကွက်ခြင်း
- ဂီယာမှားထိုးခြင်း
- အချက်ပြရန် ပျက်ကွက်ခြင်း
- အလွန်နှေးကွေးစွာ ယာဉ်မောင်းခြင်း သို့မဟုတ် မလိုအပ်ဘဲ ရပ်တန့်ခြင်း

- လမ်းကူးမျဉ်း၊ ရပ်ရန်မျဉ်း၊ သို့မဟုတ် ရပ်ရန်သင်္ကေတ အမှတ်အသားကို ကျော်သွားခြင်း
- မှန်ကန်သည့်ယာဉ်ကြော ထဲသို့ချိုးဝင်ရန် သို့မဟုတ် မှန်ကန်သည့်ယာဉ်ကြောမှ ချိုးကွေ့ရန် ပျက်ကွက်ခြင်း
- ယာဉ်မောင်းမျက်ကွယ်ရာ နေရာကို စစ်ဆေးရန်ပျက်ကွက်ခြင်း
- ယာဉ်ကြော ပြောင်းသည့်အခါတွင် အရှိန်လျှော့ခြင်း
- အလွန်လျှင်မြန်စွာ နောက်ဆုတ်ခြင်း
- ယာဉ်ကြောပြောင်းပြီးနောက် ကွေ့ရန်အချက်ပြမီးကို ဆက်လက်ဖွင့်ထားခြင်း
- ရှေ့ယာဉ်နှင့် အလွန်နီးကပ်စွာ နောက်မှလိုက်ခြင်း သို့မဟုတ် ရပ်နားနေသည့် ယာဉ်နှင့် အလွန်နီးကပ်စွာ မောင်းနှင်ခြင်း

အောက်ပါ ဆောင်ရွက်ချက်များသည် လက်တွေ့ယာဉ်မောင်း စစ်ဆေးခြင်းကို အလိုအလျောက် ကျစေပါသည်။

- ဦးစားပေးခြင်း၊ ရပ်တန့်ခြင်း၊ ကျောင်းနယ်မြေဇုန်၊ သို့မဟုတ် မီးနီနေလျှင်ညာဘက်မကွေ့ရ၊ စသည့် အမှတ်အသားများကို မလိုက်နာခြင်း
- ယာဉ်ကြောထိန်း အချက်ပြကို မလိုက်နာခြင်း
- နောက်ဆုတ်သောအခါ လမ်းဘေးဘောင်ကို ကျော်တက်မိခြင်း
- ရပ်နားနေသည့်ယာဉ်အား ဝင်တိုက်မိခြင်း
- ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ခြင်း
- ထိုင်ခုံကြိုးသိုင်းခါးပတ်များ ပတ်ထားရန်ပျက်ကွက်ခြင်း
- အန္တရာယ်ရှိသည့် အခြေအနေများအပေါ် တုံ့ပြန်ရန်ပျက်ကွက်ခြင်း
- အမြန်နှုန်းကျော်လွန်ခြင်း
- လမ်းအခြေအနေအတွက် အလွန်လျှင်မြန်စွာ မောင်းနှင်ခြင်း
- ယာဉ်ကြောများ၌ ချိုးဝင်ခြင်း သို့မဟုတ် အသုံးပြုခြင်း
- ကျော်မတက်ရသည့်နေရာတွင် ကျော်တက်ခြင်း သို့မဟုတ် တစ်နည်းအားဖြင့် အပြည့်တားထားသော အဝါရောင်မျဉ်းကြောင်းကို ဖြတ်မောင်းခြင်း
- လမ်းအလယ်ယာဉ်ကြော၏ ဘယ်ဘက်တွင် မောင်းနှင်ခြင်း
- စည်းတားထားသော ယာဉ်ကြောများကို ခွထားခြင်း
- လမ်းလျှောက်သွားသူများ သို့မဟုတ် စက်ဘီးများနှင့် အလွန်နီးကပ်စွာ မောင်းနှင်ခြင်း
- အရေးပေါ်ယာဉ်များ သို့မဟုတ် ကျောင်းဘတ်စကားများ အတွက် ရပ်ပေးရန်ပျက်ကွက်ခြင်း
- လက်တွေ့ယာဉ်မောင်း စစ်ဆေးသည့်အချိန်တွင် မတော်တဆဖြစ်မှု ဖြစ်ပေါ်စေခြင်း
- တရားဝင် ဦးစွာသွားခွင့်ရှိသူအတွက် ဦးစားပေးရန်ပျက်ကွက်ခြင်း
- ရထားလမ်းဆုံများနှင့် သက်ဆိုင်သော ဥပဒေသတ်မှတ်ချက်များကို လိုက်နာရန်ပျက်ကွက်ခြင်း

*လက်တွေ့ယာဉ်မောင်း စစ်ဆေးခြင်း ကျပြီးနောက် ဆက်သွားရန်အတွက် ငြင်းပယ်မည်ဆိုပါက BMV စစ်ဆေးမှုပေးသူ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက် အပေါ်မူတည်သည်။*

**အကယ်၍ သင်သည် ယာဉ်မောင်းအရည်အချင်းစစ်စာမေးပွဲ ကျရှုံးပါက ပြန်လည်ဖြေဆိုရန်အတွက် (၇)ရက်စောင့်ရပါမည်။** သင်မောင်းလိုင်စင်ကိုင်ဆောင်ထားစဉ် သင်သည် ယာဉ်မောင်းအရည်အချင်းစစ်စာမေးပွဲကို တတိယအကြိမ် ကျရှုံးပါက နောက်တစ်ကြိမ်ပြန်လည်ဖြေဆိုရန်အတွက် ဖြေဆိုမှုကျရှုံးသည့်နေ့မှ (၂)လစောင့်ဆိုင်းရမည်ဖြစ်သည်။

## ဒဏ်ရာရရှိမှု သို့မဟုတ် ထိခိုက်ပျက်စီးမှု အတွက် ဘဏ္ဍာရေးဆိုင်ရာတာဝန်

ယာဉ်မောင်းသင်ခွင့် လျှောက်ထားသူများ၊ သို့မဟုတ် အသက် 18 နှစ်အောက်ရှိသူအတွက် စမ်းသပ်ကာလ ယာဉ်မောင်းလိုင်စင် လျှောက်ထားသူများ အနေနှင့် အောက်ပါအရွယ်ရောက်သူများ တဦးဦးမှ BMV ဌာနခွဲတခုခုတွင် ငွေရေးကြေးရေး တာဝန်ရှိကြောင်း ကျမ်းကျိန်ထွက်ဆိုချက် သို့မဟုတ် ကတိသစ္စာပြုသည့်ထွက်ဆိုချက် အတွက် လူကိုယ်တိုင် လက်မှတ်ထိုးရပါမည်။ တရားဝင် (အင်ဒီယားနားဥပဒေ IC 9-24-9-3) သတ်မှတ်ချက်သည် အောက်ပါအတိုင်း အစဉ်လိုက်ဖြစ်သည်။

1. အသက်မပြည့်သေးသည့် လျှောက်ထားသူကို အုပ်ထိန်းခွင့်ရှိသောမိဘ သို့မဟုတ် အုပ်ထိန်းခွင့်ရှိသည့်မိဘမှ သတ်မှတ်ထားသော မိဘကိုယ်စားတစ်ဦး
2. အသက်မပြည့်သေးသည့် လျှောက်ထားသူကို (အင်ဒီယားနားဥပဒေ IC 31-9-2-83 တွင်ဖော်ပြသည့်အတိုင်း) အုပ်ထိန်းခွင့်မရှိသောမိဘ သို့မဟုတ် ထိုအုပ်ထိန်းခွင့်မရှိသောမိဘမှ သတ်မှတ်ထားသည့် မိဘကိုယ်စားတစ်ဦး
3. အသက်မပြည့်သေးသည့် လျှောက်ထားသူ၏ အုပ်ထိန်းခွင့်ရ အုပ်ထိန်းသူ
4. နံပါတ်တစ် (1) မှသုံး (3) အထိ ဖော်ပြထားသည့် ပုဂ္ဂိုလ်တစ်ဦးဦး ပျက်ကွက်သည့်အခါတွင် ဥပဒေအပိုဒ်ခွဲ (IC 9-24-9) ၏ ပြဋ္ဌာန်းချက်များအရ တာဝန်ယူရန်ဆန္ဒရှိသည့် အခြားသော အရွယ်ရောက်သူ တစ်ဦးဦး။

ဘဏ္ဍာရေးဆိုင်ရာတာဝန်အတွက် ပူးတွဲလက်မှတ်ထိုးသည့် အရွယ်ရောက်သူတစ်ဦး အနေနှင့် အသက်မပြည့်သော လျှောက်ထားသူ တစ်ဦး၏ ဘဏ္ဍာရေးတာဝန်အတွက် ကျမ်းကျိန်ခြင်း၊ သို့မဟုတ် ကတိသစ္စာဆိုခြင်း ဖြစ်ပါသည်၊ ထို့အတူ မော်တော်ယာဉ်မောင်းနှင်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ပျက်စီးမှုအားလုံး အတွက် အသက်မပြည့်သော လျှောက်ထားသူနှင့်အတူ ပူးတွဲတာဝန်ယူရန်၊ သို့မဟုတ် တစ်ဦးတည်းတာဝန်ယူရန် သဘောတူခြင်း ဖြစ်ပါသည်။ အသက်မပြည့်သူအနေနှင့် ယာဉ်မောင်းသင်ခွင့်၊ သို့မဟုတ် ယာဉ်မောင်းလိုင်စင် လျှောက်ထားစဉ် ဘဏ္ဍာရေးဆိုင်ရာတာဝန်အတွက် ပူးတွဲလက်မှတ်ထိုးသည့် အရွယ်ရောက်သူအနေနှင့် BMV ၏ သက်သေခံလက်မှတ်စာရင်းထဲမှ BMV ထံသို့ တရားဝင် သက်သေခံလက်မှတ် အမျိုးအစားတစ်ခုခု တင်ပြရမည်။

မည်သည့်အချိန်နှင့်အကြောင်းရင်းမဆို ဘဏ္ဍာရေးဆိုင်ရာတာဝန်အတွက် ပူးတွဲလက်မှတ်ထိုးသည့် အရွယ်ရောက်သူအနေနှင့် အသက်မပြည့်သူအတွက် ဘဏ္ဍာရေးဆိုင်ရာတာဝန်ကို ရုပ်သိမ်းလိုပါက ပြည်နယ်အစိုးရပုံစံစာရွက် State Form 55834 – ဘဏ္ဍာရေးဆိုင်ရာတာဝန်ကို ဖျက်သိမ်းရန် စာဖြင့်ရေးသား တောင်းဆိုခြင်းကို လျှောက်လွှာတင်နိုင်သည်။ ၎င်းလျှောက်လွှာကို BMV ၏ ဝက်ဘ်ဆိုက်တွင် ရယူနိုင်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာတာဝန်ကို ရုပ်သိမ်းရန် စာရေးသားတောင်းဆိုခြင်းသည် အသက်မပြည့်သူ၏ ယာဉ်မောင်းသင်ခွင့်၊ သို့မဟုတ် ယာဉ်မောင်းလိုင်စင်ကို ပယ်ဖျက်ပါလိမ့်မည် [IC 9-24-9-4(b)]။

လျှောက်ထားသူ အနေနှင့် အသက် 18 နှစ်အောက်ရှိပြီး ကလေးဝန်ဆောင်မှုဦးစီးဌာန (DCS) ၏ စောင့်ရှောက်မှုနှင့် ကြီးကြပ်မှုအောက်တွင် ရှိနေကြောင်း သက်သေအထောက်ထား တင်ပြနိုင်ပါက ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်မောင်းသင်ခွင့်အတွက် အသက်မပြည့်သူ၏ လျှောက်လွှာတွင် အရွယ်ရောက်သူတစ်ဦး၏ လက်မှတ်မလိုအပ်ပါ။ DCS လျှောက်ထားသူအနေနှင့် ယာဉ်မောင်းလိုင်စင်၊ သို့မဟုတ် ယာဉ်မောင်းသင်ခွင့်အတွက် လျှောက်လွှာတင်ပါက အင်ဒီယားနားပြည်နယ် ဥပဒေတွင် ဖော်ပြထားသည့် တာဝန်ရှိမှုအနည်းဆုံး စံနှုန်းသတ်မှတ်ချက်နှင့် ကိုက်ညီသည့် မော်တော်ယာဉ် အာမခံကြေးအစီအစဉ် ရှိကြောင်း အထောက်အထားကိုလည်း တင်ပြရမည်။ ဤလက်စွဲစာအုပ်၏ အခန်း 5 တွင် အာမခံကြေးဆိုင်ရာ သတ်မှတ်ချက်များနှင့် အာမခံကြေးမရှိဘဲ မော်တော်ယာဉ်မောင်းနှင်သည့် ပြစ်ဒဏ်များကို အသေးစိတ်ဖော်ပြထားပါသည်။

## ယာဉ်မောင်းလိုင်စင်အတွက် လျှောက်လွှာတင်ခြင်း

လျှောက်လွှာတင်နိုင်သည့် ယာဉ်မောင်းလိုင်စင် နှစ်မျိုးရှိပါသည်၊ ယာဉ်မောင်းလိုင်စင် သို့မဟုတ် လုပ်ငန်းသုံး ယာဉ်မောင်းလိုင်စင်။

- သင့်အသက် 21 အောက်ရှိလျှင် သင့်ယာဉ်မောင်းလိုင်စင်ကို "စမ်းသပ်ကာလ" ယာဉ်မောင်းလိုင်စင် တခုအဖြစ် သတ်မှတ်ထားသည်။ စမ်းသပ်ကာလ ယာဉ်မောင်းလိုင်စင်များနှင့် ပတ်သက်သည့် အချက်အလက်များကို ပိုမိုသိရှိလိုပါက စာမျက်နှာ 9 တွင် ဖတ်ရှုနိုင်ပါသည်။
- လုပ်ငန်းသုံး ယာဉ်မောင်းလိုင်စင် CDL လျှောက်လွှာတင်ရန်အတွက် အသက် 18 နှစ်ရှိရမည်ဖြစ်ပြီး ခရီးသည် နှင့်/သို့မဟုတ် အန္တရာယ်ရှိသောပစ္စည်း သယ်ဆောင်ခွင့်ပေးသည့် အတည်ပြုချက်များရှိသော CDL အတွက် လျှောက်လွှာတင်ရန် အသက် 21 နှစ်ရှိရမည်။

ယာဉ်မောင်းလိုင်စင် အမျိုးအစားတစ်ခုစီနှင့် သတ်မှတ်ချက်အမျိုးမျိုး၊ အတည်ပြုချက်များ၊ နှင့် ကန့်သတ်ချက်များ၊ စသည့်အကြောင်းအရာများ၏ အောက်ပါအတိုင်း အကျဉ်းချုပ်ဖော်ပြချက်ရှိပါသည်။ ခေါင်းစဉ်တစ်ခုစီအတွက် ဤအခန်းနှင့် အခန်း 2 တွင်လည်း ပို၍အသေးစိတ်ဖော်ပြထားပါသည်။

### *ယာဉ်မောင်းလိုင်စင်အတွက် လျှောက်လွှာတင်ခြင်း*

အများအားဖြင့် ယာဉ်မောင်းသင်ခွင့်ကို မည်သည့် BMV ဌာနခွဲတွင်မဆို လျှောက်လွှာတင်နိုင်ပါသည်။ ယာဉ်မောင်းလိုင်စင်ရယူရန်အတွက် အောက်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရမည်။

- ဤအခန်း၏နောက်ပိုင်းတွင် ဖော်ပြသည့် ယာဉ်မောင်းလိုင်စင် အသက်အရွယ် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရမည်
- အခြားသော အုပ်ချုပ်ရေးနယ်မြေတစ်ခုမှ သက်တမ်းမကုန်သည့် လိုင်စင်ကို လတ်တလောကိုင်ဆောင်ခြင်း မှလွဲ၍ ဤအခန်း၏နောက်ပိုင်းတွင် ဖော်ပြသည့် အချိန်ကာလတစ်ခုအထိ တရားဝင် အင်ဒီယားနားပြည်နယ် ယာဉ်မောင်းသင်ခွင့်တစ်ခု ကိုင်ဆောင်ရမည်
- နောက်ဆက်တွဲစာ A တွင် ဖော်ပြသည့်အတိုင်း သင် မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြသည့်အထောက်အထား၊ တရားဝင်နေထိုင်ခွင့်၊ (အခြားသော စာရွက်စာတမ်း လိုအပ်နိုင်သည့် နိုင်ငံခြားသားတစ်ဦး ဖြစ်နေခြင်းမှလွဲ၍) လူမှုဖူလုံရေးနံပါတ်၊ နှင့် အင်ဒီယားနားပြည်နယ်တွင် နေထိုင်ခြင်း၊ စသည့် စာရွက်စာတမ်းများကို တင်ပြရမည်
- စံနှုန်းအဆင့်ထားသည့် အမြင်အာရုံစစ်ဆေးမှု အောင်ရမည်
- သင် ရယူလိုသော ယာဉ်မောင်းလိုင်စင်အတွက် စာတွေ့စစ်ဆေးခြင်းကို အောင်ရမည် (အရည်အချင်းစစ်စာမေးပွဲမတိုင်ခင်တွင် ပြီးမြောက်ရပါမည်။)
- လက်တွေ့ယာဉ်မောင်း စစ်ဆေးမှုအတွက် ကင်းလွတ်ခွင့် သတ်မှတ်ချက်နှင့်ကိုက်ညီခြင်း မှလွဲ၍ BMV စစ်ဆေးမှုပေးသူနှင့် လက်တွေ့ယာဉ်မောင်း စစ်ဆေးမှုကို အောင်ရမည်

### *ယာဉ်မောင်းလိုင်စင်အတွက် အသက်နှင့်အတွေ့အကြုံ သတ်မှတ်ချက်များ*

ယာဉ်မောင်းလိုင်စင် လျှောက်လွှာတင်ရန်အတွက်၊

- BMV လိုင်စင်ရ ယာဉ်မောင်းပညာပေးအစီအစဉ် ပြီးဆုံး၍ အသက်အနည်းဆုံး 16 နှစ်နှင့် 90 ရက် အရွယ်ရှိရမည်
- BMV လိုင်စင်ရ ယာဉ်မောင်းပညာပေးအစီအစဉ် မပြီးဆုံးဘဲ အသက်အနည်းဆုံး 16 နှစ်နှင့် 270 ရက် အရွယ်ရှိရမည်
- (သက်တမ်းကုန်ခြင်း၊ ဆိုင်းငံ့ထားခြင်း၊ သို့မဟုတ် ပြန်လည်ရုပ်သိမ်းခြင်းများ မရှိဘဲ) တရားဝင် ယာဉ်မောင်းသင်ခွင့်ကို ရက်ပေါင်းအနည်းဆုံး 180 ရက်ကြာ ကိုင်ဆောင်ရမည်၊ သို့မဟုတ်
- အထောက်အထားရှိသော မသန်စွမ်းမှုနှင့် အသက်အနည်းဆုံး 18 နှစ်ရှိပြီး BMV အသိအမှတ်ပြုသည့် လက်မှတ်ရ ယာဉ်မောင်း ပြန်လည်ပျိုးထောင်ရေး ကျွမ်းကျင်သူတစ်ဦးမှ ပို့ချပေးသည့် ယာဉ်မောင်း ပြန်လည်ပျိုးထောင်ရေး သင်တန်းတက်ပြီးသား ဖြစ်ရမည်

**ယာဉ်မောင်းလိုင်စင် လျှောက်လွှာတင်ပြီး အသက်အနည်းဆုံး 18 နှစ်ပြည့်ပါက** ကြီးကြပ်မှုဖြင့် အနည်းဆုံး နာရီပေါင်း 50 ကြာ အောက်ပါပုဂ္ဂိုလ်များနှင့်အတူ ယာဉ်မောင်းလေ့ကျင့်ရမည်။

- (သက်တမ်းကုန်ခြင်း၊ ဆိုင်းငံ့ထားခြင်း၊ သို့မဟုတ် ပြန်လည်ရုပ်သိမ်းခြင်းများ မရှိဘဲ) တရားဝင် ယာဉ်မောင်းခွင့်များရှိပြီး အသက်အနည်းဆုံး 25 နှစ်ရှိသည့် လိုင်စင်ရယာဉ်မောင်းတစ်ဦး၊ သို့မဟုတ်

- တရားဝင် ယာဉ်မောင်းခွင့်များနှင့် အသက်အနည်းဆုံး 21 နှစ်ရှိသည့် သင့်အိမ်ထောင်ဖက်

အခြေအနေနှစ်ခုစလုံးတွင် ယာဉ်မောင်းသင်ခွင့်ကို နေ့ဘက်အတွက်သာ ကန့်သတ်ထားခြင်း (ကန့်သတ်ချက် G) ရှိနေခြင်းမှလွဲ၍ ကြီးကြပ်မှုဖြင့် ညဘက် ယာဉ်မောင်းလေ့ကျင့်သည့် အချိန်အနည်းဆုံး 10 နာရီရှိရမည်။ သင့်ယာဉ်မောင်းသင်ခွင့်တွင် နေ့ဘက်အတွက်သာ ကန့်သတ်ချက်ရှိလျှင် ကန့်သတ်ထားသော်လည်း ကြီးကြပ်မှုဖြင့် နာရီ 50 အပြည့် ယာဉ်မောင်းလေ့ကျင့်ရပါသေးသည်။

ယာဉ်မောင်းလိုင်စင် လျှောက်လွှာတင်သည့်အချိန်တွင် နာရီ 50 ယာဉ်မောင်းလေ့ကျင့်ကြောင်း သက်သေအထောက်အထား ပြသည့် ဖြည့်စွက်ပြီးသော ပြည်နယ်အစိုးရပုံစံစာရွက် State Form 54706 – ကြီးကြပ်မှုဖြင့် ယာဉ်မောင်းလေ့ကျင့်မှု မှတ်တမ်းကို တင်ပြရမည်။ သတ်မှတ်ထားသည့် နာရီအချိန်များကို မှတ်သားရန်အတွက် လိုအပ်လျှင် မှတ်တမ်းစာရွက် တစ်ခုထက်ပိုပြီး အသုံးပြုနိုင်သည်။ လျှောက်ထားသူအနေနှင့် အသက် 18 နှစ်အောက်ရှိပါက အဆိုပါမှတ်တမ်းကို မိဘ သို့မဟုတ် တရားဝင်အုပ်ထိန်းသူ တစ်ဦးဦးမှ လက်မှတ်ထိုးပေးရမည်။

### *ယာဉ်မောင်းလိုင်စင်၏ တရားဝင်မှု*

ယာဉ်မောင်းလိုင်စင်တခု၏ တရားဝင်မှုသက်တမ်း။

- သင့်အသက်သည် 75 နှစ်အောက်ရှိပါက ခြောက်နှစ်
- သင့်အသက်သည် 75 နှစ်မှ 84 နှစ်အထိ ရှိပါက သုံးနှစ်
- သင့်အသက်သည် အနည်းဆုံး 85 နှစ်ရှိပါက နှစ်နှစ်

ယာဉ်မောင်းလိုင်စင်သည် အောက်ပါအခြေအနေတွင် သာမန်တရားဝင်မှု သက်တမ်းကာလနှင့် ထပ်တူဖြစ်ချင်မှဖြစ်မည်။

- တရားဝင်ယာယီနေထိုင်သူများ

### *စမ်းသပ်ကာလယာဉ်မောင်းခြင်းအတွက် သတ်မှတ်ချက်များ*

**စမ်းသပ်ကာလ ယာဉ်မောင်းလိုင်စင် လျှောက်လွှာတင်ပြီး အသက်အနည်းဆုံး 18 နှစ်ပြည့်ပါက** ကြီးကြပ်မှုဖြင့် အနည်းဆုံး နာရီပေါင်း 50 ကို အောက်ပါ ပုဂ္ဂိုလ်များနှင့်အတူ ယာဉ်မောင်းလေ့ကျင့်ရမည်။

- (သက်တမ်းကုန်ခြင်း၊ ဆိုင်းငံ့ထားခြင်း၊ သို့မဟုတ် ပြန်လည်ရုပ်သိမ်းခြင်းများ မရှိဘဲ) တရားဝင် ယာဉ်မောင်းခွင့်ရှိသူ၊ အသက်အနည်းဆုံး 25 နှစ်ရှိပြီး သွေးသားအရ၊ အိမ်ထောင်အရ၊ သို့မဟုတ် တရားဝင်နည်းဖြင့် သင်နှင့်တော်စပ်သည့် လိုင်စင်ရ ယာဉ်မောင်းတစ်ဦး
- တရားဝင် ယာဉ်မောင်းခွင့်များနှင့် အသက်အနည်းဆုံး 21 နှစ်ရှိသည့် သင့်အိမ်ထောင်ဖက်
- ယာဉ်မောင်းသင်တန်းကျောင်း သင်တန်းပို့ချသူအဖြစ် လိုင်စင်ရရှိထားပြီး ယာဉ်မောင်းသင်တန်းကျောင်း၏ ညွှန်ကြားမှုအောက်တွင် အလုပ်လုပ်သည့် တရားဝင် ယာဉ်မောင်းခွင့်များရှိသည့် ပုဂ္ဂိုလ်တစ်ဦးဦး
- BMV အသိအမှတ်ပြုသည့် ယာဉ်မောင်း ပြန်လည်ပျိုးထောင်ရေး ကျွမ်းကျင်သူအဖြစ် လက်မှတ်ရသည့်ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး ယာဉ်မောင်း ပြန်လည်ပျိုးထောင်ရေး အစီအစဉ် တစ်ခုခုမှ အလုပ်ခန့်အပ်ထားသည့် ပုဂ္ဂိုလ်တစ်ဦးဦး

### *စမ်းသပ်ကာလ ယာဉ်မောင်းလိုင်စင်၏ တရားဝင်မှု*

**ယာဉ်မောင်းလိုင်စင် ရရှိချိန်တွင် သင့်အသက် 21 နှစ်အောက်ရှိပါက** သင့်အသက် 21 နှစ်မပြည့်ခင်အထိ စမ်းသပ်ကာလ ယာဉ်မောင်းလိုင်စင်အဖြစ် သတ်မှတ်သည်။ စမ်းသပ်ကာလ ယာဉ်မောင်းလိုင်စင်သည် သင့်အသက် 21 နှစ်နှင့် 30 ရက်မပြည့်ခင်အထိ တရားဝင်သက်တမ်းရှိနေမည်။ စမ်းသပ်ကာလ ယာဉ်မောင်းလိုင်စင်ကို သင့်အသက် 21 နှစ်နှင့် တစ်ရက် မပြည့်ခင်အထိ သက်တမ်းတိုး၍မရပါ။

### *စမ်းသပ်ကာလ ယာဉ်မောင်းလိုင်စင်အတွက် ခရီးသည်ကန့်သတ်ချက်များ*

စမ်းသပ်ကာလ ယာဉ်မောင်းလိုင်စင် ရရှိပြီးနောက် ပထမရက်ပေါင်း 180 အတွင်း ယာဉ်၏အရှေ့ခန်းရှိ ခရီးသည်ထိုင်ခုံတွင် အောက်ပါပုဂ္ဂိုလ်တစ်ဦးဦး ထိုင်နေခြင်းမှလွဲ၍ မည်သည့်ခရီးသည်မဆို တင်ခွင့်မရှိပါ။

- (သက်တမ်းကုန်ခြင်း၊ ဆိုင်းငံ့ထားခြင်း၊ သို့မဟုတ် ပြန်လည်ရုပ်သိမ်းခြင်းများ မရှိဘဲ) တရားဝင် ယာဉ်မောင်းခွင့်များရှိပြီး အသက် 25 နှစ်သို့မဟုတ် အထက်ရှိသည့် လိုင်စင်ရ ပုဂ္ဂိုလ်တစ်ဦး၊ သို့မဟုတ်
- အသက် 21 နှစ်သို့မဟုတ်အထက်ရှိပြီး တရားဝင် ယာဉ်မောင်းခွင့်များ ရှိသည့်သင့်အိမ်ထောင်ဖက်
- ယာဉ်မောင်းသင်တန်းကျောင်း သင်ကြားပို့ချသူ လိုင်စင် ကိုင်ဆောင်သည့်ပုဂ္ဂိုလ်တစ်ဦး

သို့သော်ငြားလည်း စမ်းသပ်ကာလ ယာဉ်မောင်းလိုင်စင် ရရှိပြီးနောက် ပထမရက်ပေါင်း 180 အတွင်း အခြားပုဂ္ဂိုလ်တစ်ဦးဦးမှ လိုက်စီးစရာမလိုဘဲ သင့်ကလေး၊ သင့်အိမ်ထောင်ဖက်နှင့်ပါလာသည့်ကလေး၊ ညီအကိုမောင်နှမ အရင်း၊ ဖအေတူမအေကွဲ သို့မဟုတ် မအေတူဖအေကွဲ ညီအကိုမောင်နှမများ၊ သို့မဟုတ် အိမ်ထောင်ဖက်၊ စသည့်ပုဂ္ဂိုလ်များနှင့်အတူ ယာဉ်မောင်းနိုင်သည်။

### *စမ်းသပ်ကာလ ယာဉ်မောင်းလိုင်စင်အတွက် အချိန်ကန့်သတ်ချက်များ*

စမ်းသပ်ကာလ ယာဉ်မောင်းလိုင်စင် ရရှိပြီးနောက် ပထမရက်ပေါင်း 180 အတွင်း ည 10 နာရီနှင့် နံနက် 5 နာရီအကြား ယာဉ်မမောင်းရ။

စမ်းသပ်ကာလ ယာဉ်မောင်းလိုင်စင်ကို ကိုင်ဆောင်ခဲ့သည်မှာ ရက်ပေါင်း 180 ပြည့်ပြီးနောက် အောက်ပါနာရီအချိန်များတွင် ယာဉ်မမောင်းရ။

- တနင်္ဂနွေနေ့မှ ကြာသပတေးနေ့အထိ ည 11 နာရီနောက်ပိုင်း
- တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် 5 နာရီမတိုင်ခင်
- စနေနေ့နှင့် တနင်္ဂနွေနေ့ နံနက် 1 နာရီနှင့်နံနက် 5 နာရီအကြား

အောက်ပါအခြေအနေများတွင် ပါဝင်ခြင်း၊ သွားလာဆောင်ရွက်ခြင်းရှိပါက အထက်ပါဖော်ပြထားသည့် အချိန်အပိုင်းအခြားများတွင် ယာဉ်မောင်းနိုင်သည်။

- တရားဝင်အလုပ်အကိုင်
- ကျောင်းမှခွင့်ပြုသည့် လှုပ်ရှားမှုတစ်ခုခု
- ဘာသာရေးဆိုင်ရာ ပွဲတစ်ခုခု၊ သို့မဟုတ်
- (သက်တမ်းကုန်ခြင်း၊ ဆိုင်းငံ့ထားခြင်း၊ သို့မဟုတ် ပြန်လည်ရုပ်သိမ်းခြင်းများ မရှိဘဲ) ယာဉ်မောင်းခွင့်များနှင့် အသက်အနည်းဆုံး 25 နှစ်ရှိသည့်ပုဂ္ဂိုလ်၊ သို့မဟုတ် တရားဝင် ယာဉ်မောင်းခွင့်များနှင့် အသက်အနည်းဆုံး 21 နှစ်ရှိသည့် သင့်အိမ်ထောင်ဖက်၊ စသည့်ပုဂ္ဂိုလ်တစ်ဦးဦးလိုက်ပါလာခဲ့လျှင်

### *စမ်းသပ်ကာလ ယာဉ်မောင်းလိုင်စင်အတွက် ဆက်သွယ်ရေးကိရိယာကို တားမြစ်ခြင်း*

အင်ဒီယားနားပြည်နယ် ဥပဒေသည် စမ်းသပ်ကာလ ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်သူများအား ကြိုးမဲ့ဖုန်း၊ တကိုယ်ရေသုံး ဒီဂျီတယ်အကူကိရိယာ၊ ပေဂျာ၊ သို့မဟုတ် တက်စ် သတင်းပို့သည့်ကိရိယာ၊ စသည့်ကိရိယာကဲ့သို့ မည်သည့်ဆက်သွယ်ရေးကိရိယာ အမျိုးအစားမဆို အသုံးပြုနေစဉ် မော်တော်ယာဉ်မောင်းနှင်ခြင်းကို တားမြစ်ထားသည်။ သို့ရာတွင် အဆိုပါ ကိရိယာများကို 911 သို့ အရေးပေါ်ဆက်သွယ်ရန် အသုံးပြုခြင်းအတွက် ခွင့်ပြုပါသည်။

### *ကျောင်းထွက်ခြင်း၊ ကျောင်းမှ ဆိုင်းငံ့ထားခြင်း၊ သို့မဟုတ် ကျောင်းထုတ်ခံရခြင်း*

အင်ဒီယားနားပြည်နယ် ဥပဒေသည် အသက်မပြည့်သူလူငယ်၏ ကျောင်းအုပ်ချုပ်ရေးမှူး သို့မဟုတ် ကျောင်းအုပ်ထံမှ အောက်ပါအကြောင်းရင်း တစ်ခုခုကြောင့် အကြောင်းကြားလာသောအခါ BMV အား အသက်မပြည့်သူလူငယ်၏ ယာဉ်မောင်းခွင့်များကို ဆိုင်းငံ့ထားရန် သတ်မှတ်ထားပါသည်။

- အသက်မပြည့်သူလူငယ်အနေနှင့် ကျောင်းတက်ချိန်တစ်နှစ်အတွင်း ကျောင်းမှ ကျောင်းထုတ်ခြင်း၊ ပယ်ဖျက်ခြင်း၊ သို့မဟုတ် ဒုတိယအကြိမ် သို့မဟုတ် နောက်ဆက်တွဲ ဆိုင်းငံ့ခြင်းများ ခံရခြင်း
- အသက်မပြည့်သူလူငယ်ကို ကျောင်းပြေးသည့်အလေ့အထ ရှိကြောင်းဆုံးဖြတ်ခြင်း၊ သို့မဟုတ်
- အသက်မပြည့်သူလူငယ်အနေနှင့် ကျောင်းမှနုတ်ထွက်ခြင်း

### *စမ်းသပ်ကာလ ယာဉ်မောင်းလိုင်စင်မှ ကန့်သတ်ချက်မရှိသည့် ယာဉ်မောင်းလိုင်စင်သို့ သက်တမ်းတိုးခြင်း*

သင့်အသက် 21 နှစ်ပြည့်ပြီးနောက် စမ်းသပ်ကာလ ယာဉ်မောင်းလိုင်စင်ကို သက်တမ်းတိုးသည့်အခါ ကန့်သတ်ချက်မရှိသည့် ယာဉ်မောင်းလိုင်စင် တခုရရှိပါလိမ့်မည်။ ကန့်သတ်ချက်မရှိသည့် ယာဉ်မောင်းလိုင်စင်သည် ဤအပိုင်း၏ရှေ့ဘက်တွင် ဖော်ပြသည့်အတိုင်း စမ်းသပ်ကာလ ယာဉ်မောင်းလိုင်စင်အတွက် ပြဋ္ဌာန်းထားသည့် ကန့်သတ်ချက်များကို ဖျက်သိမ်းပါသည်။ ကန့်သတ်ချက်မရှိသည့် ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်သူများ အနေနှင့် စာမျက်နှာ 11 တွင် ဖော်ပြထားသည့် လိုင်စင်အမျိုးအစားမရွေး မော်တော်ယာဉ် မောင်းနှင်သူများ အားလုံးနှင့်သက်ဆိုင်သည့် အများပြည်သူဘေးကင်းမှုဆိုင်ရာ ကန့်သတ်ချက်များနှင့် ပိတ်ပင်တားမြစ်ခြင်းများကို အမြဲတမ်းသိထားသင့်သည်။

## လုပ်ငန်းသုံး ယာဉ်မောင်းသင်ခွင့်နှင့် လုပ်ငန်းသုံး ယာဉ်မောင်းလိုင်စင်

လုပ်ငန်းသုံး ယာဉ်မောင်းသင်ခွင့် (CLP) သို့မဟုတ် လုပ်ငန်းသုံး ယာဉ်မောင်းလိုင်စင် (CDL) လျှောက်လွှာတင်ရန် အသက်အနည်းဆုံး 18 နှစ်ရှိရမည်။ အသက် 21 နှစ်အောက်ရှိသည့် ယာဉ်မောင်းများအနေနှင့် ပြည်နယ်တစ်ခုအတွင်း ကုန်သွယ်ရေးလုပ်ငန်း အတွက်သာ လုပ်ငန်းသုံး မော်တော်ယာဉ်ကို မောင်းနှင်နိုင်ပြီး ခရီးသည်များ၊ ကျောင်းဘတ်စကား၊ သို့မဟုတ် အန္တရာယ်ရှိသည့်ပစ္စည်းများ သယ်ယူပို့ဆောင်ခွင့်ပေးသည့် အတည်ပြုချက်များ မရရှိနိုင်ပါ။

အင်ဒီယားနားပြည်နယ် လုပ်ငန်းသုံး ယာဉ်မောင်းလိုင်စင် (CDL) သည် လုပ်ငန်းသုံး မော်တော်ယာဉ်များကို မောင်းနှင်ခွင့်ပေးသည်၊ သို့မဟုတ် ကြေညာထားသည့် အလေးချိန်နှုန်းစုစုပေါင်း 26,000 ပေါင်ကျော်ရှိသည့် ကုန်တင်ယာဉ်ကိုသော်၎င်း၊ ယာဉ်မောင်းအပါအဝင် လူ 16 ဦးသို့မဟုတ်အထက် သယ်ယူပို့ဆောင်ရန် တီထွင်ထားသော သို့မဟုတ် အသုံးပြုသော ယာဉ်များကိုသော်၎င်း၊ ကိုင်ဆောင်သူ၏လိုင်စင်တွင် သင့်လျော်သည့် အမျိုးအစားသတ်မှတ်ချက်နှင့် အတည်ပြုချက်(များ) ရှိသ၍ အန္တရာယ်ရှိသောပစ္စည်းများ သယ်ယူပို့ဆောင်ရန် အသုံးပြုသောယာဉ်များကိုသော်၎င်း၊ စသည့်မော်တော်ယာဉ်အမျိုးအမျိုးကို ပေါင်းစပ်၍ မောင်းနှင်ခွင့်ပေးသည်။

➔ CLP သို့မဟုတ် CDL ရယူရန် အချက်အလက် ပိုမိုသိရှိလိုပါက IN.gov/BMV တွင်ကြည့်ရှုနိုင်သည်၊ သို့မဟုတ် BMV ဌာနခွဲတစ်ခုခုသို့သွားနိုင်သည်။

## ဓာတ်ပုံမလိုသည့်ခြွင်းချက်ရှိသော သက်သေခံလက်မှတ်များ

ကျန်းမာရေးနှင့်ဘာသာရေး အကြောင်းရင်းများကြောင့် ဓာတ်ပုံမလိုသည့်ခြွင်းချက်ရှိသော ယာဉ်မောင်းသင်ခွင့်များနှင့် ယာဉ်မောင်းလိုင်စင်များ ရှိပါသည်။ ဓာတ်ပုံမလိုသည့်ခြွင်းချက်ရှိသော သက်သေခံကတ်ပြားများသည် ဘာသာရေးအကြောင်းရင်းများ အတွက်သာ ရယူနိုင်သည်။ သင့်လိုအပ်ချက်များနှင့် ကိုက်ညီမည့် ဓာတ်ပုံမလိုသည့်ခြွင်းချက်ရှိသော သက်သေခံလက်မှတ်တစ်ခု ရယူရန်အတွက် လိုအပ်သည့် စာရွက်စာတမ်း အတိအကျ သိရှိလိုပါက IN.gov/BMV တွင် ဖတ်ရှုနိုင်သည်။ ဓာတ်ပုံမလိုသည့်ခြွင်းချက်ကို ဖျက်သိမ်းရန် သက်တမ်းတိုးမည့် သို့မဟုတ် ပြင်ဆင်မွမ်းမံမည့် သက်သေခံလက်မှတ်အတွက် ဓာတ်ပုံရိုက်ရန် BMV ဌာနခွဲသို့ သွားရမည်။

## သက်သေခံလက်မှတ်ကို စာတိုက်မှတစ်ဆင့် လက်ခံရရှိခြင်း

သက်သေခံလက်မှတ် အသစ်၊ သက်တမ်းတိုးသည့် လက်မှတ်၊ ပြင်ဆင်မွမ်းမံသည့် လက်မှတ်၊ သို့မဟုတ် အစားထိုးသည့် လက်မှတ်၊ စသည့် သက်သေခံလက်မှတ်များအတွက် လျှောက်လွှာတင်ပြီးနောက် အတည်တကျဖြစ်သည့် သင့်သက်သေခံလက်မှတ်ကို လုံခြုံသည့်ဗဟိုဌာန တစ်နေရာမှ စာတိုက်ဖြင့်ပို့ပေးပါလိမ့်မည်။ သင့်သက်သေခံလက်မှတ်ကို BMV ဌာနဖိုင်တွဲတွင်ရှိသည့် စာပို့ရန်လိပ်စာဖြင့် ပို့ပေးမည်ဖြစ်ပြီး ပြက္ခဒိန်ရက် 14 ရက်အတွင်း သင့်လိပ်စာသို့ ရောက်လာပါလိမ့်မည်။

မှတ်ချက်၊ သက်သေခံလက်မှတ်များကို BMV ဖိုင်တွဲရှိ လိပ်စာနှင့်သာ စာတိုက်ဖြင့်ပို့ပေးမည်ဖြစ်ပြီး နောက်တစ်ဆင့်ဆက်ပို့ပေးခြင်း မရှိပါ။ United States Postal Service စာတိုက်နှင့် သင့်လိပ်စာ ယာယီ သို့မဟုတ် အတည်အမြဲပြောင်းလဲလျှင် အင်ဒီယားနားပြည်နယ် BMV နှင့်လည်း သင့်လိပ်စာအသစ်သို့ ပြောင်းလဲရမည်။ ထိုကဲ့သို့ဆောင်ရွက်ရန် ပျက်ကွက်ပါက သင့်သက်သေခံလက်မှတ်ကို ပို့ပေးရန်အဟန့်အတား ဖြစ်သွားပါလိမ့်မည်။ အင်ဒီယားနားပြည်နယ် BMV ထံသို့ လိပ်စာအသစ် ပြောင်းရန်အတွက် BMV ဌာနခွဲတွင်ဖြစ်စေ၊ IN.gov/BMV, တွင်ဖြစ်စေ၊ သို့မဟုတ် BMV Connect kiosk ဝန်ဆောင်မှုစနစ်တွင်ဖြစ်စေ၊ လိပ်စာပြောင်းနိုင်သည်။

## ပြည်သူ့ဘေးကင်းလုံခြုံမှုဆိုင်ရာ ကန့်သတ်ချက်များနှင့် တားမြစ်ချက်များ

### *ထိုင်ခုံကြိုးသိုင်းခါးပတ်များ*

အင်ဒီယားနားပြည်နယ် ဥပဒေသည် ကုန်ထုတ်လုပ်သူမှ တပ်ဆင်ထားသည့် စံနှုန်းသတ်မှတ်ချက် ပစ္စည်းကိရိယာဖြစ်သည့် ထိုင်ခုံကြိုးသိုင်းခါးပတ်ပါသည့် မော်တော်ယာဉ်စီးသူများအားလုံးကို မော်တော်ယာဉ် ရွေ့လျားသည့်အချိန်တိုင်းတွင် ထိုင်ခုံကြိုးသိုင်းခါးပတ်ကို ပတ်ရမည်။

### *ဆက်သွယ်ရေးကိရိယာ ပိတ်ပင်တားမြစ်ခြင်း*

ကန့်သတ်ချက်မရှိသည့်လိုင်စင် ကိုင်ဆောင်သူများအနေနှင့် ရွေ့လျားနေသည့်ယာဉ်ကို မောင်းနှင်ရင်း တက်စ် သို့မဟုတ် အီးမေးလ် သတင်းအချက်အလက်ကို စာလုံးနှိပ်ရန်၊ စာပို့ရန်၊ သို့မဟုတ် ဖတ်ရှုရန်အတွက် ဆက်သွယ်ရေးကိရိယာကို အသုံးပြု၍မရပါ။ သို့ရာတွင် ထိုကိရိယာကို လက်လွှတ်ထားနိုင်ခြင်း၊ သို့မဟုတ် အသံနှင့်အသုံးပြုနိုင်သည့် နည်းပညာနှင့် တွဲသုံးခြင်း၊ သို့မဟုတ် ထိုကိရိယာကို 911 အရေးပေါ်ဖုန်းဆက်ရန် အသုံးပြုခြင်းမှလွဲ၍ မသုံးရ။

အင်ဒီယားနားပြည်နယ် ဥပဒေသည် ဆက်သွယ်ရေးကိရိယာ တစ်ခုကို ကြိုးမဲ့တယ်လီဖုန်း၊ တကိုယ်ရေသုံး ဒီဂျီတယ်အကူကိရိယာ၊ ပေဂျာ၊ သို့မဟုတ် တက်စ် သတင်းပို့သည့်ကိရိယာ၊ စသည့်ကိရိယာကဲ့သို့ အီလက်ထရွန်နစ် သို့မဟုတ် ဒီဂျီတယ် ကိရိယာတစ်ခုအဖြစ် သတ်မှတ်ထားသည်။ ထိုသတ်မှတ်ချက်တွင် ဖယ်ဒရယ်ဆက်သွယ်ရေးကော်မရှင် Federal Communications Commission မှ CB ရေဒီယိုအသုံးပြုသူအဖြစ် လိုင်စင်ပေးထားသည့် ပုဂ္ဂိုလ် တစ်ဦးဦးအနေနှင့် အသုံးပြုသည့် citizen band (CB) ရေဒီယိုဆက်သွယ်ရေး ကိရိယာ၊ သို့မဟုတ် ပေါင် 10,000 ထက်ပိုလေးသည့် လုပ်ငန်းသုံး မော်တော်ယာဉ်တွင် တပ်ဆင်ထားသော ဆက်သွယ်ရေးစနစ်များ မပါဝင်ပါ။ မော်တော်ယာဉ် မောင်းနှင်နေစဉ် ဆက်သွယ်ရေးကိရိယာ တခုခုကို အသုံးပြုသောအခါ သင့်ယာဉ်မောင်းမှတ်တမ်းထဲတွင် ဒဏ်ခတ်ပွိုင့်များ ပေးနိုင်သည်။

# အခန်း နှစ် | ကန့်သတ်ချက်များနှင့် အတည်ပြုချက်များ

## ကန့်သတ်ချက်များနှင့် အတည်ပြုချက်များ

သက်သေခံလက်မှတ်တွင် ကန့်သတ်ချက်များနှင့် အတည်ပြုချက်များ သတ်မှတ်ရသည့် အကြောင်းရင်းများ အမျိုးမျိုးရှိနိုင်ပါသည်။ သင့်သက်သေခံလက်မှတ်၏ အောက်ပိုင်း ဘယ်ဘက်ထောင့်တွင် ပြထားပြီး သက်သေခံလက်မှတ်၏ ကျောဘက်တွင် ဖော်ပြထားပါသည်။ သက်ဆိုင်ရာ ကန့်သတ်ချက်များနှင့် အတည်ပြုချက်များ အကြောင်းနှင့်ပတ်သက်၍ အချက်အလက်များ ပိုမိုသိရှိလိုပါက IN.gov/BMV တွင် ဖတ်ရှုနိုင်ပါသည်။

ကန့်သတ်ချက်အများစုတွင် အမြင်အာရုံစစ်ဆေးခြင်းကြောင့် ဖြစ်လေ့ရှိသည်။ အမြင်အာရုံကြောင့် ယာဉ်မောင်းသင်ခွင့်များနှင့် ယာဉ်မောင်းလိုင်စင်များတွင် သတ်မှတ်လေ့ရှိသည့် အချို့သော ကန့်သတ်ချက်များတွင် ပါဝင်သည့်အချက်များ။

- **ကန့်သတ်ချက်** B ၊ ယာဉ်မောင်းသည့်အချိန်တွင် မျက်မှန်များ သို့မဟုတ် မျက်ကပ်မှန်များ လိုအပ်သည်
- **ကန့်သတ်ချက်** F ၊ ယာဉ်မောင်းသည့်အချိန်တွင် အပြင်ဘက်နောက်ကြည့်မှန်များ လိုအပ်သည်
- **ကန့်သတ်ချက်** G ၊ နေ့ဘက် ယာဉ်မောင်းရန်အတွက်သာ

| မျက်မှန်မလိုဘဲ စာဖတ်သည့် ယာဉ်မောင်းများအတွက် ကန့်သတ်ချက်များ | |
|---|---|
| None | မျက်လုံးနှစ်ဘက်စလုံးတွင် 20/20 နှုန်းမှ 20/40 နှုန်းအထိ |
| F | မျက်လုံးတစ်ဘက်တွင် 20/20 နှုန်းမှ 20/40 နှုန်းအထိနှင့် အခြားတစ်ဘက်တွင် 20/50 နှုန်းမှ မမြင်နိုင်သည့်အဆင့်အထိ |
| **မျက်မှန်ဖြင့်စာဖတ်သည့် ယာဉ်မောင်းများအတွက် ကန့်သတ်ချက်များ** | |
| BF | မျက်လုံးတစ်ဘက်တွင် 20/20 နှုန်းမှ 20/40 နှုန်းအထိနှင့် အခြားတစ်ဘက်တွင် 20/50 နှုန်းမှ မမြင်နိုင်သည့်နှုန်းအထိ |
| B | မျက်လုံးနှစ်ဘက်စလုံးတွင် 20/40 နှုန်းရှိခြင်း |
| BFG | မျက်လုံးတစ်ဘက်တွင် 20/50 နှုန်းရှိပြီး အခြားတစ်ဘက်တွင် 20/70 နှုန်းမှ မမြင်နိုင်သည့်နှုန်းအထိ |
| BFG | မျက်လုံးနှစ်ဘက်စလုံးတွင် 20/70 နှုန်းရှိခြင်း |

### *အခြားသော ကန့်သတ်ချက်များတွင် ပါဝင်သောအရာများ။*

| ယာဉ်မောင်းလိုင်စင်အတွက် အခြေခံကန့်သတ်ချက်များ | |
|---|---|
| B | မျက်မှန်များ သို့မဟုတ် မျက်ကပ်မှန်များ |
| C | စက်ကိရိယာ အကူ သို့မဟုတ် ကူညီပံ့ပိုးမှု ကိရိယာ |
| D | ခြေလက်အင်္ဂါ အစိတ်အပိုင်းအတုဖြင့် ပံ့ပိုးမှု |
| F | အပြင်ဘက်ရှိ နောက်ကြည့်မှန် |
| G | နေ့ဘက် ယာဉ်မောင်းရန်အတွက်သာ |
| H | သုံးဘီး မော်တော်ဆိုင်ကယ် M/ ဆိုင်ကယ် C အတွက်သာ |
| J | တိကျသော ကန့်သတ်ချက်များ |
| S | ဘေးတွဲပါ မော်တော်ဆိုင်ကယ် M/ ဆိုင်ကယ် C အတွက်သာ |
| 2 | HTV ယာဉ်စည်းကမ်း ချိုးဖောက်လေ့ရှိသူအတွက် ယာယီသတ်မှတ်ချက် |
| 3 | ဓာတ်ပုံမလိုသည့် ခြွင်းချက် |
| 5 | ယာယီသတ်မှတ်ချက်။ တိကျသော သတ်မှတ်ချက်များအရ မောင်းနှင်ရန် |
| 6 | အရက်နှုန်းတိုင်းကိရိယာ |
| 7 | ထိုင်ခုံကြိုးသိုင်းခါးပတ်အတွက် ခြွင်းချက် |
| 8 | ကျန်းမာရေးအခြေအနေ |
| 9 | တရားဝင်ယာယီနေထိုင်သူ |

| | |
|---|---|
| **ယာဉ်မောင်းလိုင်စင်အတွက် အခြေခံအတည်ပြုချက်များ** | |
| L | မော်တော်ဆိုင်ကယ် |
| 2 | အငှားယာဉ်မောင်း – CMV လုပ်ငန်းသုံးယာဉ်မပါ |
| **ID ကတ်ပြားကန့်သတ်ချက်များ** | |
| B | စက်နှင့်မောင်းနှင်သောဆိုင်ကယ် |
| **ID ကန့်သတ်ချက်များ** | |
| 3 | ဓာတ်ပုံမလိုသည့် ခြွင်းချက် |
| 7 | ထိုင်ခုံကြိုးသိုင်းခါးပတ်အတွက် ခြွင်းချက် |

## သက်သေခံလက်မှတ်အတွက် အထူးလိုအပ်ချက်များအရ ကန့်သတ်ချက်များ

BMV စစ်ဆေးမှုပေးသူများ အနေနှင့် စံနှုန်းသတ်မှတ်ချက်နှင့်အညီ တပ်ဆင်ထားသော မော်တော်ယာဉ်ကို ပုံမှန်မောင်းနှင်ခြင်းအပေါ် အကျိုးသက်ရောက်မည့် မသန်စွမ်းမှုများရှိသည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ကန့်သတ်ချက်များရှိသည့် ယာဉ်မောင်းလိုင်စင် ပေးမပေး ဆုံးဖြတ်ပါသည်။ ကန့်သတ်ထားသည့် ယာဉ်မောင်းလိုင်စင်သည် ယာဉ်တစ်စီးကို မောင်းနှင်နေစဉ် ယာဉ်မောင်းအတွက် လိုအပ်သည့်ကိရိယာကို အတိအကျဖော်ပြနိုင်သည်၊ သို့မဟုတ် အဆိုပါပုဂ္ဂိုလ်အတွက် တိကျသည့်လိုအပ်ချက်များအပေါ် ကူညီဆောင်ကြဉ်းရန် အခြားသော ကန့်သတ်ချက်များကို ဖော်ပြနိုင်သည်။

## မော်တော်ဆိုင်ကယ် မောင်းသင်ခွင့်

မော်တော်ဆိုင်ကယ် အမောင်းသင်ခွင့်သည် အင်ဒီးယားနားပြည်သူများအား မော်တော်ဆိုင်ကယ်မောင်းနှင်ခွင့်တစ်ခုအား လျှောက်ထားခြင်းမပြုခင်တွင် မော်တော်ဆိုင်ကယ် အမောင်းကျင့်ခြင်းကို ခွင့်ပြုပေးပါသည်၊ သင်သည် မည်သည့် BMV ဌာနခွဲတွင် မဆို မော်တော်ဆိုင်ကယ် အမောင်းသင်ခွင့်တစ်ခုအား လျှောက်ထားနိုင်ပါသည်။ မော်တော်ဆိုင်ကယ် အမောင်းသင်ခွင့်တစ်ခုရရှိရန် သင်သည်

- တရားဝင် အင်ဒီယားနားပြည်နယ် ယာဉ်မောင်းလိုင်စင်တစ်ခု ကိုင်ဆောင်ထားရမည်
- မော်တော်ဆိုင်ကယ် မောင်းနှင်သူအတွက် လက်စွဲစာအုပ်အပေါ် အခြေခံသည့် စာတွေ့စစ်ဆေးခြင်းကို အောင်ရမည်

### *မော်တော်ဆိုင်ကယ် မောင်းသင်ခွင့်၏ မောင်းနှင်ရန်အခွင့်အရေးများ*

မော်တော်ဆိုင်ကယ် မောင်းသင်ခွင့်တခု ကိုင်ဆောင်ပြီး မော်တော်ဆိုင်ကယ်ကိုမောင်းနှင်မည်ဆိုပါက ထိုယာဉ်ကိုမောင်းနှင်နေစဉ် ခေါင်းဆောင်းအမာတခု ဆောင်းရမည်ဖြစ်ပြီး ခရီးသည်မပါဘဲ နေမထွက်ခင် နာရီဝက်နှင့် နေဝင်ပြီးနောက်နာရီဝက် အချိန်အတွင်းသာ မောင်းနှင်ခွင့်ရှိသည်။

### *မော်တော်ဆိုင်ကယ် မောင်းသင်ခွင့်၏ တရားဝင်မှု*

မော်တော်ဆိုင်ကယ် မောင်းသင်ခွင့်သည် ထုတ်ပေးသည့် ရက်စွဲမှစ၍ တရားဝင်သက်တမ်း နှစ်နှစ်ရှိပါသည်။ မော်တော်ဆိုင်ကယ် မောင်းသင်ခွင့်တစ်ခုကို အချိန်ကာလတစ်နှစ်စာအတွက် သက်တမ်းတစ်ကြိမ်တိုးနိုင်သည်။ သက်တမ်းတိုးထားသည့် အမောင်းသင်ခွင့်၏ သက်တမ်းမကုန်ခင် မော်တော်ဆိုင်ကယ်မောင်းနှင်ခွင့် အတည်ပြုချက်တစ်ခု မရရှိပါက မော်တော်ဆိုင်ကယ် မောင်းသင်ခွင့် အသစ်တစ်ခုထပ်လျှောက်ရန်အတွက် တစ်နှစ်စောင့်ရမည်၊ သို့မဟုတ် ခွင့်ပြုထားသော RideSafeIndiana.com သင်တန်းပေးအဖွဲ့ တစ်ခုခုထံမှ မော်တော်ဆိုင်ကယ် ဘေးကင်းမှုသင်တန်းတစ်ခုကို အောင်မြင်စွာပြီးစီးရမည်။ ခွင့်ပြုထားသော သင်တန်းပေးအဖွဲ့များ စာရင်းကို RideSafeIndiana.com တွင်တွေ့ရှိနိုင်ပါသည်။

## မော်တော်ဆိုင်ကယ်မောင်းနှင်ခွင့် အတည်ပြုချက်

အင်ဒီယားနားပြည်နယ် ယာဉ်မောင်းလိုင်စင်တစ်ခု ကိုင်ဆောင်ထားသည့် အင်ဒီယားနားပြည်နယ်တွင် နေထိုင်သူများအတွက် မော်တော်ဆိုင်ကယ်မောင်းနှင်ခွင့် အတည်ပြုချက်တစ်ခု ထုတ်ပေးနိုင်သည်။ ပထမဆုံးအကြိမ် အင်ဒီယားနားပြည်နယ် ယာဉ်မောင်းလိုင်စင် ရရှိမည်ဆိုပါက သင့်အသက် 16 နှစ်နှင့် 90 ရက် သို့မဟုတ်အထက် ရှိပြီး မော်တော်ဆိုင်ကယ် ဘေးကင်းမှုသင်တန်းတစ်ခု ပြီးဆုံးမှသာလျှင် မော်တော်ဆိုင်ကယ်မောင်းနှင်ခွင့် အတည်ပြုချက်ကို တစ်ကြိမ်တည်းရယူနိုင်သည်။

မော်တော်ဆိုင်ကယ်မောင်းနှင်ခွင့် အတည်ပြုချက်တစ်ခု ရယူရန်အတွက် အသက်အရွယ်မရွေး မောင်းနှင်သူများအနေနှင့် ခွင့်ပြုထားသော Ride Safe Indiana သင်တန်းပေးအဖွဲ့ တစ်ခုခုထံမှ မော်တော်ဆိုင်ကယ် ဘေးကင်းမှုသင်တန်းတစ်ခုကို အောင်မြင်စွာပြီးစီးရမည်၊ သို့မဟုတ် မော်တော်ဆိုင်ကယ်အတွက် စာတွေ့နှင့်လက်တွေ့ စစ်ဆေးမှုနှစ်မျိုးစလုံးကို အောင်ရမည်။

အခြားပြည်နယ်တခုခုမှ မော်တော်ဆိုင်ကယ်မောင်းနှင်ခွင့် အတည်ပြုချက် သို့မဟုတ် မော်တော်ဆိုင်ကယ် မောင်းနှင်သူလိုင်စင် ကိုင်ဆောင်သော အင်ဒီယားနားပြည်နယ်တွင် နေထိုင်သူလူသစ်များအနေနှင့် မော်တော်ဆိုင်ကယ်အတွက် စာတွေ့စစ်ဆေးခြင်းကို အောင်ပြီးနောက် ၎င်းတို့၏ တရားဝင် အင်ဒီယားနားပြည်နယ် ယာဉ်မောင်းလိုင်စင်တွင် မော်တော်ဆိုင်ကယ်မောင်းနှင်ခွင့် အတည်ပြုချက်တခု ထပ်ပေါင်းပေးနိုင်သည်။

အင်ဒီယားနားပြည်နယ် မော်တော်ဆိုင်ကယ်မောင်းနှင်ခွင့် အတည်ပြုချက်သည် အင်ဒီယားနားပြည်နယ် ယာဉ်မောင်းလိုင်စင်၏ တရားဝင်သက်တမ်းကာလနှင့် ထပ်တူဖြစ်ပါသည်။ သင့်ယာဉ်မောင်းလိုင်စင်ကို လိုင်စင်သက်တမ်းမကုန်မီ နှစ်နှစ်အထိ အင်ဒီယားနားပြည်နယ် BMV ဌာနခွဲတစ်ခုခုတွင်ဖြစ်စေ၊ အွန်လိုင်းတွင်ဖြစ်စေ၊ မော်တော်ဆိုင်ကယ်မောင်းနှင်ခွင့် အတည်ပြုချက်နှင့်အတူ သက်တမ်းတိုးနိုင်သည်။ မော်တော်ဆိုင်ကယ်မောင်းနှင်ခွင့် အတည်ပြုချက်အပါအဝင် သက်တမ်းမကုန်သည့် ယာဉ်မောင်းလိုင်စင်တစ်ခုကို လက်ရှိကိုင်ဆောင်ပါက သင့်လိုင်စင်ကို သက်တမ်းတိုးသည့်အခါ အတည်ပြုချက်အတွက် ကုန်ကျစရိတ် မပေးရပါ။

အင်ဒီယားနားပြည်နယ် BMV အနေနှင့် သင့်အား Ride Safe Indiana သင်တန်းပေးအဖွဲ့ တစ်ခုခုမှတစ်ဆင့် စီစဉ်ဆောင်ရွက်သော မော်တော်ဆိုင်ကယ် ဘေးကင်းမှုသင်တန်း တက်ရောက်ရန်အတွက် အလေးအနက် တိုက်တွန်းပါသည်။ မော်တော်ဆိုင်ကယ်မောင်းနှင်ခွင့် အတည်ပြုချက်ကို မည်သို့ရယူနိုင်ပုံ၊

မော်တော်ဆိုင်ကယ် ဘေးကင်းမှုနှင့် သင်တန်းများ၊ သို့မဟုတ် လက်တွေ့မောင်းနှင်သည့်စစ်ဆေးမှုများ နှင့်ပတ်သက်ပြီး အချက်အလက်များ ပိုမိုသိရှိလိုပါက RideSafeIndiana.com တွင်ဖတ်ရှုပါ။

## စက်နှင့်မောင်းနှင်သောဆိုင်ကယ်များ (MDC)

***MDC – စက်နှင့်မောင်းနှင်သောဆိုင်ကယ် (Motor Driven Cycle)***

အင်ဒီယားနားပြည်နယ် ဥပဒေအရ MDC ဆိုင်ကယ်အမျိုးအစားကို သတ်မှတ်သည့် အချက်များ။

- စီးနင်းသူ အသုံးပြုရန်အတွက် ထိုင်ခုံတစ်ခုရှိသည်။
- မြေပေါ်နှင့်ထိတွေ့သည့်ဘီး သုံးဘီးထက်မပိုဘဲ သွားလာရန် တီထွင်ထားသည်။
- သက်ဆိုင်ရာ ပြည်နယ်နှင့်ဖယ်ဒရယ် မော်တော်ယာဉ် ပစ္စည်းကိရိယာ သတ်မှတ်ချက်များနှင့် ကိုက်ညီသည်။
- 50 ကုဗစင်တီမီတာထက် မများသော ဆလင်ဒါစွမ်းအားရှိပြီး၊
- MDC သို့မဟုတ် MDC – Class B ဆိုင်ကယ်အမျိုးအစားအဖြစ် မှတ်ပုံတင်ထားသည်။

MDC ဆိုင်ကယ်အမျိုးအစားအတွက် စာတွေ့စစ်ဆေးခြင်းကို အောင်မြင်စွာဖြေကြားခဲ့ပါက သင့်သက်သေခံကတ်ပြားတွင် MDC ဆိုင်ကယ်အမျိုးအစား မောင်းနှင်ခွင့် အတည်ပြုချက် ရရှိရန်အတွက် လျှောက်လွှာတင်နိုင်သည်။ MDC ဆိုင်ကယ်အမျိုးအစား မောင်းနှင်ခွင့်အတည်ပြုချက်ကို သက်သေခံကတ်ပြား နောက်တကြိမ်ထုတ်ပေးသောအခါ ကတ်ပြားပေါ်တွင် ထပ်မံဖြည့်စွက်ပေးပါလိမ့်မည်။ တရားဝင်ပြီး (သက်တမ်းကုန်ခြင်း၊ ဆိုင်းငံ့ထားခြင်း၊ သို့မဟုတ် ပြန်လည်ရုပ်သိမ်းခြင်းများ မရှိဘဲ) အင်ဒီယားနားပြည်နယ်၏ ယာဉ်မောင်းသင်ခွင့် သို့မဟုတ် ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်လျှင် MDC ဆိုင်ကယ်အမျိုးအစား မောင်းနှင်ခွင့် အတည်ပြုချက်မလိုပါ။

MDC ဆိုင်ကယ်အမျိုးအစား မောင်းနှင်ရာတွင် အောက်ပါ ကန့်သတ်ချက်များ၏ သက်ရောက်မှုရှိသည်။

- အသက်အနည်းဆုံး 15 နှစ်ရှိရမည်။
- အသက် 18 နှစ်အောက်အရွယ် ဖြစ်ပါက ခေါင်းဆောင်းအမာ ဆောင်းရမည်။
- အသက် 18 နှစ်အောက်အရွယ် ဖြစ်ပါက အကာအကွယ်ပေးသော မျက်မှန်များ သို့မဟုတ် မျက်နှာကာအကြည်များ တပ်ဆင်ရမည်။
- ထိုင်ခုံ၏ တစ်ဖက်စီတွင် (ခြေထောက်တစ်ဖက်စီထား၍) ခွထားသည့်အနေအထားဖြင့် မောင်းနှင်ရမည်။
- မောင်းနှင်သည့်အချိန်တွင် ရှေ့မီးများကို ဖွင့်ထားရမည်။
- လက်ထဲတွင် အထုပ်အပိုး မကိုင်တွယ်ထားရ
- အခြားယာဉ်ကို ကျော်တက်ရန် သို့မဟုတ် ဘယ်ဘက်ကွေ့ရန် ပြန်ဆင်ခြင်းမှလွဲ၍ လမ်းကြောင်း၏ ညာဘက်အစွန်နှင့် နီးရာတွင် မောင်းနှင်ရမည်။
- တစ်နာရီ 35 မိုင်နှုန်းထက်ပိုပြီး မမောင်းရပါ။
- ခရီးသည်များ မတင်ရပါ။
- ပြည်နယ်ကူး အဝေးပြေးလမ်းမကြီး သို့မဟုတ် လမ်းဘေးပလက်ဖောင်းပေါ်တွင် မမောင်းနှင်ရပါ။



Ride Safe Indiana ဘေးကင်းစွာဆိုင်ကယ်စီးခြင်း အစီအစဉ်နှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက www.in.gov/bmv/rsi/ တွင်ဖတ်ရှုပါ။

## အော်တိုဆိုင်ကယ်များ

### *အော်တိုဆိုင်ကယ်မောင်းနှင်ခြင်း*

အင်ဒီယားနားပြည်နယ် ဥပဒေအရ အော်တိုဆိုင်ကယ် (autocycle) ကို မောင်းနှင်သူနှင့်ခရီးသည် အနေနှင့် အပြည့်အစုံ သို့မဟုတ်တစ်စိတ်တစ်ပိုင်း အုပ်ထားသော ထိုင်ခုံဇရိယာတွင် ထိုင်စီး၍ အောက်ပါပစ္စည်းကိရိယာများနှင့် တပ်ဆင်ထားသော သုံးဘီးမော်တော်ယာဉ် တစ်ခုအဖြစ် သတ်မှတ်ထားသည်။

- ယာဉ်မှောက်လျှင် ကာကွယ်မှုပေးရန် လှောင်အိမ် သို့မဟုတ် အပိုင်းများ
- ထိုင်စီးသူတစ်ဦးစီအတွက် ဘေးကင်းမှုကြိုးသိုင်းခါးပတ်၊
- အလိုအလျောက် ဘရိတ်မကျစေသော စနစ်များ
- လက်ကိုင်ဘီးနှင့်ခြေနင်းများဖြင့် ထိန်းချုပ်ရန်အတွက် တည်ဆောက်ထားခြင်းဖြစ်သည်

တရားဝင်ပြီး (သက်တမ်းကုန်ခြင်း၊ ဆိုင်းငံ့ထားခြင်း၊ သို့မဟုတ် ပြန်လည်ရုပ်သိမ်းခြင်းများ မရှိဘဲ) အင်ဒီယားနားပြည်နယ် ယာဉ်မောင်းလိုင်စင် ရှိနေသ၍ အင်ဒီယားနားပြည်နယ် လမ်းမများပေါ်တွင် အော်တိုဆိုင်ကယ်ကို မောင်းနှင်နိုင်သည်။ မော်တော်ဆိုင်ကယ်မောင်းနှင်ခွင့် သို့မဟုတ် မော်တော်ဆိုင်ကယ်မောင်းနှင်ခွင့် အတည်ပြုချက် မလိုအပ်ပါ။

အော်တိုဆိုင်ကယ်ကို မောင်းနှင်ရာတွင် အောက်ပါ ကန့်သတ်ချက်များ၏ သက်ရောက်မှုရှိသည်။

- ထိုင်ခုံတွင်ထိုင်နေလျက် မောင်းနှင်ရမည်
- လက်ထဲတွင် အထုပ်အပိုး မကိုင်တွယ်ထားရ
- ယာဉ်ကြောတစ်ကြောတည်းတွင် အော်တိုဆိုင်ကယ် တစ်စီးထက်ပိုပြီး ယှဉ်မမောင်းရ
- မောင်းနှင်သူနှင့် လိုက်ပါသူတစ်ဦးစီ ထိုင်ခုံကြိုးသိုင်းခါးပတ် ပတ်ရမည်
- ယာဉ်မောင်းလိုင်စင်ရရှိရန် လက်တွေ့ယာဉ်မောင်းစစ်ဆေးမှု အတွက် အသုံးပြု၍မရပါ

## အငှားယာဉ်မောင်းနှင်ခွင့် အတည်ပြုချက်

အငှားယာဉ်မောင်းနှင်ခွင့် အတည်ပြုချက်သည် ထိုသက်သေခံလက်မှတ် ကိုင်ဆောင်သူအား အောက်ပါမော်တော်ယာဉ်အမျိုးအစားကို မောင်းနှင်ခွင့်များ ပေးအပ်ပါသည်။

- အလေးချိန်စုစုပေါင်း အနည်းဆုံး 16,000 ပေါင်ရှိပြီး 26,000 ပေါင်ထက်မပိုကြောင်း မှတ်ပုံတင်ထားခြင်းနှင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရန်အတွက် ရည်ရွယ်သည့်အငှားယာဉ်၊ သို့မဟုတ်
- ယာဉ်မောင်းအပါအဝင် စီးနင်းသူ(၁၆) ဦးအောက်ရှိသော ခရီးသည်များကို သယ်ယူပို့ဆောင်ရန် တည်ဆောက်ထားပြီး ခရီးသည်များကို သယ်ယူပို့ဆောင်ရန်ရည်ရွယ်ချက်ဖြင့် လည်ပတ်နေသော အငှားယာဉ်

အငှားယာဉ်မောင်းနှင်ခွင့် အတည်ပြုချက်သည် ထိုသက်သေခံလက်မှတ် ကိုင်ဆောင်သူအား လုပ်ငန်းသုံး မော်တော်ယာဉ် မောင်းနှင်ရန် ခွင့်မပြုပါ။ လုပ်ငန်းသုံး ယာဉ်မောင်းလိုင်စင် (CDL) ကိုင်ဆောင်သည့် အင်ဒီယားနားပြည်နယ်တွင် နေထိုင်သူများအနေနှင့် (ဖိမ်ခံမှန်လုံကားကြီး မောင်းနှင်သူ၊ တက္ကစီယာဉ်မောင်း၊ သို့မဟုတ် အငှားယာဉ်မျှစီးခြင်း ကဲ့သို့) "အငှားယာဉ်မောင်း" အဖြစ် မောင်းနှင်လိုပါက အငှားယာဉ်မောင်း စာတွေ့စစ်ဆေးခြင်းကို အောင်ရမည်ဖြစ်ပြီး အငှားယာဉ်မောင်းနှင်ခွင့် အတည်ပြုချက် လျှောက်လွှာတင်ရမည်။

အငှားယာဉ်မောင်းနှင်ခွင့် အတည်ပြုချက်ကို အသက်အနည်းဆုံး 18 နှစ်ရှိပြီး တရားဝင် အင်ဒီယားနားပြည်နယ် ယာဉ်မောင်းလိုင်စင်ကို အနည်းဆုံးတစ်နှစ် ကိုင်ဆောင်ခဲ့ပြီးဖြစ်သည့် အင်ဒီယားနားပြည်နယ်တွင် နေထိုင်သူများအတွက် ထုတ်ပေးနိုင်ပါသည်။ အငှားယာဉ်မောင်းနှင်ခွင့် အတည်ပြုချက်ပါသည့် ယာဉ်မောင်းလိုင်စင် ရယူလိုပါက မောင်းနှင်သူအတွက် စာတွေ့စစ်ဆေးခြင်းနှင့် အငှားယာဉ်မောင်းအတွက် စာတွေ့စစ်ဆေးခြင်း နှစ်ခုစလုံးကို အောင်ရမည်။ လက်ရှိသက်တမ်းမကုန်သည့် ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်ပါက အငှားယာဉ်မောင်းအတွက် စစ်ဆေးမှုကိုသာ အောင်ရန် လိုအပ်ပါလိမ့်မည်။

အသက်အနည်းဆုံး 18 နှစ်ရှိပြီး အခြားပြည်နယ်မှ တရားဝင် ယာဉ်မောင်းလိုင်စင်၊ အငှားယာဉ်မောင်းလိုင်စင်၊ အများပြည်သူခရီးသည်အတွက် အငှားယာဉ်မောင်းလိုင်စင်၊ သို့မဟုတ် အငှားယာဉ်မောင်းနှင်ခွင့် အတည်ပြုချက်ပါသည့် CDL လုပ်ငန်းသုံးလိုင်စင်များကို ကိုင်ဆောင်သည့် အင်ဒီယားနားပြည်နယ်တွင် နေထိုင်သူလူသစ်များအနေနှင့် အငှားယာဉ်မောင်းအတွက် စာတွေ့စစ်ဆေးခြင်းကို အောင်ပြီးနောက် ထိုပုဂ္ဂိုလ်များ၏ အင်ဒီယားနားပြည်နယ် ယာဉ်မောင်းလိုင်စင်တွင် အငှားယာဉ်မောင်းနှင်ခွင့် အတည်ပြုချက်ကို ထပ်ပေါင်းပေးနိုင်ပါသည်။

ဇန်နဝါရီလ 1 ရက်နေ့၊ 2017 မှစ၍ သက်တမ်းမကုန်သည့် အများပြည်သူအတွက် အငှားယာဉ်မောင်းလိုင်စင် သို့မဟုတ် အငှားယာဉ်မောင်းလိုင်စင်ကို လက်ရှိကိုင်ဆောင်သည့် လျှောက်ထားသူများအားလုံး၏ လိုင်စင်အမျိုးအစားကို နောက်တကြိမ် သက်သေခံလက်မှတ်ကိစ္စဆောင်ရွက်စဉ် အငှားယာဉ်မောင်းနှင်ခွင့် အတည်ပြုချက်ပါသည့် ယာဉ်မောင်းလိုင်စင် အဖြစ်လွှဲပြောင်းပါလိမ့်မည်။ သင့်ကိစ္စဆောင်ရွက်စဉ်တွင် စစ်ဆေးမှုလုပ်ရန် သတ်မှတ်ချက်များမရှိဘဲ အငှားယာဉ်မောင်းနှင်ခွင့် အတည်ပြုချက် စရိတ်အတွက် ကင်းလွတ်ခွင့်ပေးမည်။ အင်ဒီယားနားပြည်နယ် အငှားယာဉ်မောင်းလိုင်စင် သို့မဟုတ် အများပြည်သူခရီးသည်အတွက် အငှားယာဉ်မောင်းလိုင်စင် တစ်ခုခုကို လတ်တလောကိုင်ဆောင်ခြင်းမရှိပါက သက်ဆိုင်သည့်စစ်ဆေးမှုများနှင့် ကုန်ကျစရိတ်များ ရှိပါသည်။

အင်ဒီးယားနားပြည်နယ် အငှားယာဉ်မောင်းနှင်ခွင့် အတည်ပြုချက်သည် အင်ဒီးယားနားပြည်နယ် ယာဉ်မောင်းလိုင်စင်ရဲ့ တရားဝင်သက်တမ်းကာလနှင့် ထပ်တူဖြစ်ပါသည်။ သင့်ယာဉ်မောင်းလိုင်စင်ကို သက်တမ်းမကုန်မီ 24 လ အထိအင်ဒီးယားနားပြည်နယ် BMV ဌာနခွဲတစ်ခုခုတွင်ဖြစ်စေ အွန်လိုင်းတွင်ဖြစ်စေ အငှားယာဉ်မောင်းနှင်ခွင့် အတည်ပြုချက်နှင့်အတူ သက်တမ်းတိုးနိုင်သည်။

အငှားယာဉ်မောင်းနှင်ခွင့် အတည်ပြုချက်ပါသည့် ယာဉ်မောင်းလိုင်စင် ထုတ်ပေးရန်အတွက် BMV အနေနှင့် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှု အစီရင်ခံစာ မလိုအပ်ပါ။ သင်မောင်းနှင်သည့်ယာဉ်အတွက် အပြီးပြင်ဆင်ထားသော ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုအစီရင်ခံစာလိုအပ်ချက်နှင့် ပတ်သက်ပြီး မသေမချာဖြစ်နေပါက အင်ဒီယားနားပြည်နယ် သယ်ယူပို့ဆောင်ရေးဌာန Indiana Department of Transportation ကို ဆက်သွယ်ပါ။

အငှားယာဉ်ဘတ်စကားဟူသည်မှာ ငှားရမ်းမှု သို့မဟုတ် အခကြေးငွေဖြင့် ခရီးသည်များကို သယ်ဆောင်ရန်အတွက် အသုံးပြုသည့် ဘတ်စကားဟု သတ်မှတ်ပါသည်။

အောက်ပါအခြေအနေများတွင် ငှားရမ်းမှုဖြင့် သယ်ယူပို့ဆောင်ခြင်းအဖြစ် မသတ်မှတ်ပါ။

- ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများအတွက် ယာဉ်ကိုမောင်းနှင်ခြင်း
- အပန်းဖြေယာဉ်တစ်စီးကို ပထမအကြိမ် လက်လီအရောင်းအဝယ်မလုပ်မီ သယ်ယူပို့ဆောင်ခြင်း၊
- ထိုအပန်းဖြေယာဉ်၏ အလေးချိန်စုစုပေါင်း 26,000 ပေါင်ထက်မပိုခြင်း၊ သို့မဟုတ်
- အပန်းဖြေယာဉ်၏စုစုပေါင်းအလေးချိန် အပါအဝင် အပန်းဖြေယာဉ်နှင့် ဆွဲယူသည့်ယာဉ်၏ ပေါင်းစပ်အလေးချိန် စုစုပေါင်း 26,000 ပေါင်ထက်မပိုခြင်း၊ ထို့အတူ ဆွဲယူခြင်းခံရသည့် အပန်းဖြေယာဉ်၏ အလေးချိန်သည် 10,000 ပေါင်ထက်မပိုခြင်း
- အလေးချိန်စုစုပေါင်း 16,000 အောက်ရှိကြောင်း မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်ကို မောင်းနှင်ခြင်းနှင့် ငှားရမ်းမှုဖြင့် ပစ္စည်းသယ်ယူပို့ဆောင်ရန်အတွက် အသုံးပြုခြင်း

## အငှားယာဉ်မောင်းလိုင်စင်နှင့် အများပြည်သူခရီးသည်အတွက် အငှားယာဉ်မောင်းလိုင်စင်များ

အင်ဒီယားနားပြည်နယ် အငှားယာဉ်မောင်းလိုင်စင် (chauffeur's) သို့မဟုတ် အများပြည်သူခရီးသည်အတွက် အငှားယာဉ်မောင်းလိုင်စင် (public passenger chauffeur's) သက်တမ်းကုန်ပြီးနောက် သို့မဟုတ် သက်တမ်းကုန်ခါနီးအချိန်တွင် ထိုလိုင်စင်ကို ထိန်းသိမ်းထားချင်ပါက အငှားယာဉ်မောင်းနှင်ခွင့် အတည်ပြုချက်ပါသည့် ယာဉ်မောင်းလိုင်စင်တခုအတွက် လျှောက်လွှာတင်ရမည်။ အငှားယာဉ်မောင်းလိုင်စင် သို့မဟုတ် အများပြည်သူခရီးသည်အတွက် အငှားယာဉ်မောင်းလိုင်စင်ကို အွန်လိုင်းမှတစ်ဆင့် အစားထိုးခြင်း၊ ပြင်ဆင်မွမ်းမံခြင်း၊ သို့မဟုတ် သက်တမ်းတိုးခြင်း လုပ်၍မရပါ။ အငှားယာဉ်မောင်းနှင်ခွင့် အတည်ပြုချက် (for-hire endorsement) ပါသည့် ယာဉ်မောင်းလိုင်စင်သို့ လွှဲပြောင်းရန်အတွက် BMV ဌာနခွဲတခုခုသို့ သွားရမည်။ လိုင်စင်အမျိုးအစား(များ) ပြောင်းရန်အတွက် BMV ဌာနခွဲတစ်ခုခုသို့ သွားရခြင်းကြောင့် BMV အနေနှင့် စစ်မှန်သည့်သက်သေခံကတ်ပြား Real ID သတ်မှတ်ချက်နှင့်ကိုက်ညီမည့် သက်သေခံလက်မှတ်သို့ ပြင်ဆင်မွမ်းမံရန် အလေးအနက် တိုက်တွန်းပါသည်။ Real ID သတ်မှတ်ချက်နှင့်ကိုက်ညီသော သက်သေခံလက်မှတ် ရယူရန်အတွက် လိုအပ်သော စာရွက်စာတမ်းများ၏ စာရင်းအပြည့်အစုံကို ဤလက်စွဲစာအုပ်၏ နောက်ဆက်တွဲစာ A (စာမျက်နှာ 66) တွင် ဖတ်ရှုပါ၊ သို့မဟုတ် REALID.IN.gov တွင်ဖတ်ရှုပါ။ သင့်စာရွက်စာတမ်းများကို တောင်းခံခြင်းနှင့်ပတ်သက်ပြီး မေးခွန်းများရှိပါက သုံးစွဲသူဝန်ဆောင်မှု ကိုယ်စားလှယ် တဦးဦးနှင့် ဆွေးနွေးရန်အတွက် အင်ဒီယားနားပြည်နယ်မော်တော်ယာဉ်ဌာန BMV အား 888-692-6841 သို့ အခမဲ့ဖုန်းဆက်နိုင်သည်၊ သို့မဟုတ် အကူအညီရရှိရန်အတွက် ဌာနခွဲတခုခုသို့ သွားပါ။ ထပ်ဆောင်းကုန်ကျစရိတ်များ မရှိပါ။

# အခန်း သုံး | အမှတ်အသားများ၊ ရေယာဉ်များနှင့် ယာဉ်ရပ်နားခွင့်ကတ်ပြားများ

## ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်း

ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူတစ်ဦး ဖြစ်ရန်ရွေးချယ်ပါက သင့်သက်သေခံလက်မှတ်ပေါ်တွင် သေးငယ်သည့်နှလုံးပုံ တစ်ပုံဖော်ပြထားမည်။

အင်ဒီယားနားပြည်နယ် လှူဒါန်းသူ၏ဆုံးဖြတ်ပိုင်ခွင့် ဥပဒေ Donor Choice Law အရ အသက် 18 နှစ်နှင့်အထက်ရှိသော ပုဂ္ဂိုလ်များအနေနှင့် ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းသူများ ဖြစ်ချင်သည့်ရည်ရွယ်ချက်ကို ကြေညာထားနိုင်ပြီး သေဆုံးသည့်အချိန်တွင် ထိုပုဂ္ဂိုလ်များ၏ မိသားစုအဖွဲ့ဝင်များမှ ပယ်ဖျက်၍မရပါ။ အသက် 18 နှစ်အောက်ရှိသော ပုဂ္ဂိုလ်များနှင့်ပတ်သက်ပြီး အသက်မပြည့်သေးသူ သေဆုံးမည့်အချိန်တွင် သဘောတူခွင့်ပြုချက်ပေးရမည့် မိဘ သို့မဟုတ် အုပ်ထိန်းသူ တစ်ဦးဦး၏ ခွင့်ပြုချက်ဖြင့် သူတို့၏ရည်ရွယ်ချက်ကို ကြေညာထားနိုင်သည်။




ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းနှင့်ပတ်သက်ပြီး အချက်အလက်များ ပိုမိုသိရှိလိုပါက https://www.donatelifeindiana.org/ တွင်ကြည့်ရှုပါ။

## လက်ရှိစစ်မှုထမ်းနှင့် စစ်မှုထမ်းဟောင်း အမှတ်အသား

အမေရိကန်စစ်တပ် United States Armed Forces တွင် လက်ရှိတာဝန်ထမ်းဆောင်ပါက သင့်သက်သေခံလက်မှတ်ပေါ်တွင် လက်ရှိစစ်မှုထမ်းဆောင်ကြောင်း အမှတ်အသားတစ်ခု ဖော်ပြထားနိုင်သည်။ ထိုအမှတ်အသားရယူရန်အတွက် BMV ဌာနခွဲတစ်ခုခုသို့သွားပြီး ကတ်ပြားအသစ်ထုတ်ရန် သို့မဟုတ် သက်တမ်းတိုးရန်အတွက် လျှောက်လွှာတင်သည့်အချိန်တွင် သင့်လက်ရှိ စစ်မှုထမ်းသက်သေခံကတ်ပြား Common Access Card (CAC) ကို တင်ပြရမည်။




အမေရိကန်စစ်တပ်၏ စစ်မှုထမ်းဟောင်းတစ်ဦးဖြစ်ပါက (ဂုဏ်သရေပျက်ပြားမှုကြောင့် စစ်တပ်မှ အထုတ်ခံရခြင်း မဟုတ်သ၍) သင့်သက်သေခံလက်မှတ်ပေါ်တွင် စစ်မှုထမ်းဟောင်း အမှတ်အသားတစ်ခု ဖော်ပြထားနိုင်သည်။ ထိုအမှတ်အသားကို ရယူရန်အတွက် အမေရိကန် ကာကွယ်ရေးဦးစီးဌာန United States Department of Defense မှ သင်၏စစ်တပ်ထွက်ခွင့်ကို စစ်ဆေးအတည်ပြုပြီး ထုတ်ပေးသည့် DD214 ကို တင်ပြရမည်။ အသက်ဆုံးရှုံးသွားသည့် စစ်မှုထမ်းဟောင်း၏ အိမ်ထောင်ဖက်တစ်ဦးဖြစ်ပါက သင့်သက်သေခံလက်မှတ်ပေါ်တွင် အမှတ်အသားတစ်ခု ဖော်ပြထားနိုင်သည်။

## ရေယာဉ်

### *ရေယာဉ်တစ်စီးမောင်းနှင်ခြင်း*

အင်ဒီယားနားပြည်နယ် ဥပဒေအရ မြင်းကောင်ရေအား 10 အထက်ရှိသော အင်ဂျင်တပ်ထားသည့် ရေယာဉ်မောင်းနှင်သူကို တရားဝင်ယာဉ်မောင်းလိုင်စင်တစ်ခု ကိုင်ဆောင်ရမည်ဟု သတ်မှတ်ထားသည်။

သင့်အသက် 15 နှစ်သို့မဟုတ်အထက် ရှိပြီး ယာဉ်မောင်းလိုင်စင်မရှိလျှင် အင်ဒီယားနားပြည်နယ် သဘာဝအရင်းအမြစ်များဌာန Indiana Department of Natural Resources ခွင့်ပြုသော လှေသမားပညာပေးသင်တန်းကို အောင်မြင်စွာ တက်ရောက်ပြီးမှသာ ရေယာဉ်ကိုမောင်းနှင်နိုင်မည်။

ရေယာဉ်တစ်စီး မောင်းနှင်သည့်အချိန်တိုင်းတွင် အင်ဒီယားနားပြည်နယ်၏ တရားဝင် သက်သေခံကတ်ပြားကို အမြဲတမ်းကိုင်ဆောင်ရမည်။ ခွင့်ပြုထားသော လှေသမားပညာပေးသင်တန်းများ အကြောင်းနှင့်ပတ်သက်ပြီး အချက်အလက်များကို ပိုမိုသိရှိလိုပါက Indiana Department of Natural Resources ကိုဆက်သွယ်ပါ။

အသက် 15 နှစ်အောက်ရှိပါက မြင်းကောင်ရေအား 10 ထက်ပိုသည့် အင်ဂျင်အားရှိသည့်ရေယာဉ်ကို မောင်းနှင်၍မရပါ။

သင့်ယာဉ်မောင်းလိုင်စင်ကို ဆိုင်းငံ့ထားလျှင် ရေယာဉ်ကို မောင်းနှင်၍မရပါ။

မူးယစ်နေစဉ် ရေယာဉ်ကိုမဆင်မခြင် မောင်းနှင်ပါက၊ သို့မဟုတ် ပုဂ္ဂလိကပိုင်ရေယာဉ်အတွက် ဥပဒေများကို ချိုးဖောက်ပါက သင်၏ ယာဉ်မောင်းမှတ်တမ်းတွင် အပြစ်ပေးစနစ် ပွိုင့်များပေးနိုင်သည်။

အင်ဒီယားနားပြည်နယ် နယ်နိမိတ်အတွင်းရှိ ရေပိုင်နက်များတွင် ရေယာဉ်မောင်းနှင်သော အင်ဒီယားနားပြည်နယ်တွင် နေထိုင်သူများ အနေနှင့် အင်ဒီယားနားပြည်နယ် ယာဉ်မောင်းလိုင်စင်ကို ကိုင်ဆောင်ရမည်။ အင်ဒီယားနားပြည်နယ်ရှိ ကမ်းစပ်၊ မြစ်၊ သို့မဟုတ် ချောင်းထဲတွင် ရေယာဉ်မောင်းနှင်ခြင်းမှလွဲ၍ အခြားပြည်နယ်များတွင် နေထိုင်သူများကို ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်ရမည်ဟု မသတ်မှတ်ထားပါ။

## ယာဉ်ရပ်နားခွင့်ကတ်ပြားများ

ယာဉ်ရပ်နားခွင့်ကတ်ပြား တစ်ခုသည် မသန်စွမ်းမှုများရှိသော ပုဂ္ဂိုလ်များအတွက် သတ်မှတ်ထားသည့် ယာဉ်ရပ်နားရန် နေရာများကို အသုံးပြုခွင့်ပေးသည်။ အမြဲတမ်း သို့မဟုတ် ယာယီ မသန်စွမ်းမှုရှိသော ပုဂ္ဂိုလ်များနှင့်အတူ မသန်စွမ်းမှုရှိသည့် အင်ဒီယားနားစစ်မှုထမ်းဟောင်း Disabled Hoosier Veteran (DHV) လိုင်စင်နံပါတ်ပြား ထုတ်ပေးထားသော သို့မဟုတ် ရရှိနိုင်သော ပုဂ္ဂိုလ်အတွက် အဆိုပါယာဉ်ရပ်နားခွင့် ကတ်ပြားရှိပါသည်။ ထို့အတူ ရပ်ပိုင်းဆိုင်ရာ မသန်စွမ်းမှုရှိသူများအတွက် သယ်ယူပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်း အပါအဝင်၊ စသည့်အစီအစဉ်များကို ဆောင်ရွက်ရန်အတွက် ပြည်နယ်အစိုးရ သို့မဟုတ် အစိုးရဌာနခွဲမှ လုပ်ပိုင်ခွင့်ပေးထားသည့် ကုမ္ပဏီတစ်ခုခုအနေနှင့် ယာဉ်ရပ်နားခွင့်ကတ်ပြား တစ်ခုအတွက် လျှောက်လွှာတင်နိုင်သည်။

ယာဉ်ရပ်နားခွင့်ကတ်ပြား လျှောက်လွှာတင်ရန်အတွက် ထိုယာဉ်ရပ်နားခွင့်ကတ်ပြား ရရှိသင့်ကြောင်း အတည်ပြုသည့် ကျန်းမာရေး ကုသစောင့်ရှောက်သူ (ဥပမာ၊ ဆရာဝန်၊ ကျောရိုးအထူးကု၊ ခြေဖဝါးနာအထူးကု၊ အဆင့်မြင့်သူနာပြု၊ ဆရာဝန်လက်ထောက်၊ မျက်လုံးဆရာဝန် သို့မဟုတ် မျက်လုံးအထူးကု) ထံမှ မသန်းစွမ်းမှုအတွက် ယာဉ်ရပ်နားခွင့်ကတ်ပြား သို့မဟုတ် မသန်စွမ်းမှုအတွက် လိုင်စင်နံပါတ်ပြား လျှောက်လွှာဖြစ်သည့် ပြည်နယ်အစိုးရ ပုံစံစာရွက် State Form 42070 ကို ဖြည့်စွက်ပေးရမည်။

ပြည်နယ်အစိုးရပုံစံစာရွက် State Form 42070 ကိုဖြည့်စွက်ပြီးနောက် ယာဉ်ရပ်နားခွင့်ကတ်ပြားကို BMV ဌာနခွဲတစ်ခုခုတွင် သို့မဟုတ် ပုံစံစာရွက်တွင်ပါသည့် လိပ်စာသို့ ပို့ပေးခြင်းဖြင့် ရယူနိုင်ပါသည်။

မသန်စွမ်းမှုရှိသည့် အင်ဒီယားနားစစ်မှုထမ်းဟောင်း Disabled Hoosier Veteran လိုင်စင်နံပါတ်ပြား ရရှိထားသော သို့မဟုတ် ရရှိနိုင်သော ပုဂ္ဂိုလ်အတွက် ကျန်းမာရေး ကုသစောင့်ရှောက်သူထံမှ ထောက်ခံစာမလိုပါ။

ကျန်းမာရေး ကုသစောင့်ရှောက်သူမှ မသန်စွမ်းမှုကို အမြဲတမ်းအဖြစ် မသတ်မှတ်တော့ကြောင်း ထောက်ခံခြင်း၊ သို့မဟုတ် အင်ဒီယားနားပြည်နယ် စစ်မှုထမ်းဟောင်းရေးရာဌာန Indiana Department of Veteran Affairs (IDVA) မှ သင့်အား မသန်စွမ်းမှုရှိသည့် အင်ဒီယားနားစစ်မှုထမ်းဟောင်း Disabled Hoosier Veteran မဖြစ်တော့သည့်အကြောင်း ထောက်ခံခြင်းမှလွဲ၍ သင့်မှာ အမြဲတမ်းမသန်စွမ်းမှုရှိပါက ယာဉ်ရပ်နားခွင့်ကတ်ပြား သက်တမ်းမကုန်ပါ။ အမြဲတမ်းယာဉ်ရပ်နားခွင့်ကတ်ပြားအတွက် ကုန်ကျစရိတ်မရှိပါ။

သင့်မှာ ယာယီမသန်စွမ်းမှုရှိပါက ယာဉ်ရပ်နားခွင့်ကတ်ပြားတွင် ကျန်းမာရေး ကုသစောင့်ရှောက်သူမှ ဖော်ပြထားသည့်ရက်စွဲ၊ သို့မဟုတ် ကတ်ပြားထုတ်ပေးပြီး တစ်နှစ်ပြည့်သောရက်စွဲ၊ ထိုနှစ်ရက်ထဲမှ ဦးစွာတစ်ရက်တွင် သက်တမ်းကုန်မည်။ ယာယီယာဉ်ရပ်နားခွင့်ကတ်ပြားအတွက် ကုန်ကျစရိတ်ရှိသည်။ အချက်အလက်များ ပိုမိုသိရှိလိုပါက IN.gov/BMV တွင်ဖတ်ရှုပါ။

ကုမ္ပဏီတစ်ခုခုကို ထုတ်ပေးသည့် ယာဉ်ရပ်နားခွင့်ကတ်ပြားသည် ထုတ်ပေးသည့်ရက်စွဲမှစ၍ လေးနှစ်မြောက် ဇန်နဝါရီလ 1 ရက်နေ့၊ သို့မဟုတ် မသန်စွမ်းမှုများရရှိသည့် ပုဂ္ဂိုလ်များအတွက် အစီအစဉ်များ သို့မဟုတ် ဝန်ဆောင်မှုများ ဆောင်ရွက်ခြင်းကို ရပ်တံ့သည့်ရက်၊ ထိုနှစ်ရက်ထဲမှ ဦးသည့်တစ်ရက်တွင် သက်တမ်းကုန်မည်။

- ➔ *သက်တမ်းကုန်သည့် ယာဉ်ရပ်နားခွင့်ကတ်ပြားကို အသုံးပြုလျှင် ဒဏ်ငွေပေးရနိုင်သည်။*

တရားဝင် ယာဉ်ရပ်နားခွင့်ကတ်ပြားရှိသည့်တိုင် ယာဉ်ရပ်နားရန် သီးသန့်ထားပေးသည့်နေရာအနားရှိ မျဉ်းစောင်းအကျား အမှတ်အသားများရှိရာတွင် ရပ်နားခြင်းကို အချိန်ပြည့်တားမြစ်ထားသည်။

# အခန်း လေး | သက်သေခံလက်မှတ် သက်တမ်းတိုးခြင်း၊ ပြင်ဆင်မွမ်းမံခြင်း၊ သို့မဟုတ် အစားထိုးခြင်း

အခန်း 1 တွင်ဖော်ပြသည့်အတိုင်း BMV အနေနှင့် သက်သေခံလက်မှတ် သုံးမျိုးထုတ်ပေးသည်။ ယာဉ်မောင်းလိုင်စင်များ၊ ယာဉ်မောင်းသင်ခွင့်များ၊ နှင့် သက်သေခံကတ်ပြားများ။ သက်သေခံလက်မှတ် ထုတ်ပေးပြီးနောက် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း တရားဝင်မှုရှိပြီး သင့်အခြေအနေများအပေါ် မူတည်၍ သက်တမ်းတိုးခြင်း၊ ပြင်ဆင်မွမ်းမံခြင်း၊ သို့မဟုတ် အစားထိုးခြင်း လုပ်နိုင်သည်။ အငှားယာဉ်မောင်းလိုင်စင် (chauffeur’s) သို့မဟုတ် အများပြည်သူခရီးသည်အတွက် အငှားယာဉ်မောင်းလိုင်စင်ကို သက်တမ်းတိုးခြင်း၊ ပြင်ဆင်မွမ်းမံခြင်း၊ သို့မဟုတ် အစားထိုးခြင်းနှင့် ပတ်သက်သော အချက်အလက်များ ပိုမိုသိရှိလိုပါက အခန်း 2 တွင် အငှားယာဉ်မောင်းနှင်ခွင့် အတည်ပြုချက် (For-Hire Endorsement) ဟု ခေါင်းစဉ်တပ်ထားသည့်အပိုင်းကို ဖတ်ရှုပါ။

အင်ဒီယားနားပြည်နယ်၏ ပြင်ပဘက်တွင် ယာယီနေထိုင်စဉ် သက်သေခံလက်မှတ် ပျောက်ဆုံးပါက သတ်မှတ်ချက်အချို့နှင့် ကိုက်ညီမှုရှိမရှိအပေါ် မူတည်၍ ကြားကာလအတွက် သက်သေခံလက်မှတ်တစ်ခု ရယူနိုင်သည်။ သင့်နေရပ်လိပ်စာ၊ အမည်၊ သို့မဟုတ် ကျား၊ မ၊ အပြောင်းအလဲများ မရှိပါက သတ်မှတ်ချက်နှင့် ကိုက်ညီလျှင် သင်၏ သက်သေခံလက်မှတ်ကို အွန်လိုင်းမှတဆင့် IN.gov/BMV တွင် အစားထိုးနိုင်သည် သို့မဟုတ် သက်တမ်းတိုးနိုင်သည်။ သသက်သေခံလက်မှတ်ကို သက်တမ်းတိုးချိန် တကြိမ်ခြားတိုင်း အွန်လိုင်းမှတဆင့် သို့မဟုတ် BMV Connect kiosk စက်ကိရိယာဖြင့် သက်တမ်းတိုးနိုင်သည်။ အွန်လိုင်းမှတစ်ဆင့် သက်သေခံလက်မှတ်များကို သက်တမ်းတိုးခြင်း၊ အစားထိုးခြင်း၊ နှင့် ပြင်ဆင်မွမ်းမံခြင်းအတွက် သတ်မှတ်ချက်များ၏ အကြောင်းစုံကို သိရှိလိုပါက ဆက်ဖတ်ပါ၊ သို့မဟုတ် IN.gov/BMV တွင်ဖတ်ရှုပါ။

## သက်သေခံလက်မှတ် သက်တမ်းတိုးခြင်း

စမ်းသပ်ကာလ ယာဉ်မောင်းလိုင်စင်သည် ကိုင်ဆောင်သူ၏အသက် 21 နှစ်နှင့် 30 ရက် ပြည့်သွားသည့်အခါ သက်တမ်းကုန်ပါမည်။ စမ်းသပ်ကာလယာဉ်မောင်းလိုင်စင်ကို ကိုင်ဆောင်သူအနေနှင့် သတ်မှတ်ချက်များနှင့် ကိုက်ညီပါက အွန်လိုင်းမှတဆင့် သက်တမ်းတိုးနိုင်သည်။ အခြားသော သက်သေခံလက်မှတ်အားလုံးသည် သင့်မွေးနေ့ ညသန်းခေါင်တွင် သက်တမ်းကုန်ပါမည်။

**သင့်မွေးနေ့သည် BMV ဌာနခွဲပိတ်ရက်များနှင့် တိုက်ပါက ရုံးဖွင့်ရက်နောက်တစ်ရက် ညသန်းခေါင်တွင် သင့်သက်သေခံလက်မှတ် သက်တမ်းကုန်မည်။** တရားဝင်ယာယီနေထိုင်ခွင့်ဖြင့် နေထိုင်သူများအတွက် သက်သေခံလက်မှတ် သက်တမ်းကုန်မည့်ရက်စွဲများ အမျိုးမျိုးကွဲပြားကြပါသည်။ လူတိုင်းတွင် သက်သေခံလက်မှတ်ကို သက်တမ်းကုန်သည့်ရက်စွဲ နောက်ပိုင်းမှ သက်တမ်းတိုးမည်ဆိုပါက သင့်အား စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ငွေဆောင်ခိုင်းမည်။

**သက်တမ်းကုန်သည့် ရက်ပေါင်း အနည်းဆုံး 180 ရှိကာ ငါးနှစ်ထက် မကျော်သည့် ယာဉ်မောင်းလိုင်စင်ကို သက်တမ်းတိုးမည်ဆိုပါက** စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ငွေဆောင်ခိုင်းမည်၊ စာတွေ့စစ်ဆေးခြင်းကိုအောင်ရမည် ထို့အပြင် စံနှုန်းသတ်မှတ်ထားသည့် အမြင်အာရုံစစ်ဆေးခြင်းကို အောင်ရပါမည်။

**သက်တမ်းကုန်သည့်အချိန် ငါးနှစ် သို့မဟုတ် အထက်ရှိသည့် ယာဉ်မောင်းလိုင်စင်ကို သက်တမ်းတိုးမည်ဆိုပါက** စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ငွေဆောင်ရမည်၊ စာတွေ့စစ်ဆေးခြင်းကိုအောင်ရမည် ထို့အပြင် စံနှုန်းသတ်မှတ်ထားသည့် အမြင်အာရုံစစ်ဆေးခြင်းကို အောင်ရပါမည်။
ထားသည့် အမြင်အာရုံစစ်ဆေးခြင်းကို အောင်ရမည်။

သက်တမ်းကုန်သည့်အချိန် ငါးနှစ် သို့မဟုတ် အထက်ရှိသည့် ယာဉ်မောင်းလိုင်စင်ကို သက်တမ်းတိုးမည်ဆိုပါက စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ငွေဆောင်ရမည်၊ စာတွေ့စစ်ဆေးခြင်းကိုအောင်ရမည် ထို့အပြင် စံနှုန်းသတ်မှတ်ထားသည့် အမြင်အာရုံစစ်ဆေးခြင်းကို အောင်ရပါမည်။

အမေရိကန်နိုင်ငံသား သို့မဟုတ် တရားဝင် အမြဲတမ်းနေထိုင်ခွင့်ရှိသည့် ပုဂ္ဂိုလ်များအနေနှင့် ယာဉ်မောင်းလိုင်စင် သို့မဟုတ် သက်သေခံကတ်ပြားကို သက်တမ်းတိုးနိုင်ပြီး အဆိုပါသက်သေခံလက်မှတ် သက်တမ်းမကုန်ခင် 24 လအထိ ကြိုပြီးသက်တမ်းတိုးနိုင်သည်။

တရားဝင်ယာယီနေထိုင်ခွင့်ရှိသည့် ပုဂ္ဂိုလ်များအနေနှင့် ၎င်းတို့၏လက်ရှိ သက်သေခံလက်မှတ် သက်တမ်းမကုန်ခင် ရက် 30 အထိသာ ကြိုတင်သက်တမ်းတိုးနိုင်သည်။ ယာဉ်မောင်းသင်ခွင့်ကို သက်တမ်းမကုန်ခင် 31 ရက်အထိ ကြိုတင် သက်တမ်းတိုးနိုင်သည်။

- ➔ သင့်အသက်အနည်းဆုံး 21 နှစ်ရှိပြီး သင့်ယာဉ်မောင်းမှတ်တမ်းတွင် လက်ရှိ ပွိုင့်ခြောက်ခု သို့မဟုတ်အထက် ရှိနေပါက ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးရန်အတွက် စာတွေ့စစ်ဆေးခြင်းကို ခံယူရမည်။

### *အမေရိကန်စစ်တပ်၏ စစ်မှုထမ်းများအတွက် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်း*

အမေရိကန်စစ်တပ်တွင် စစ်မှုထမ်းဆောင်ရန်အတွက် အင်ဒီယားနားပြည်နယ် ပြင်ပဘက်တွင် ယာယီနေထိုင်ပါက စစ်မှုတာဝန်မှ နားခွင့်ပြုသောအခါ သို့မဟုတ် စစ်မှုထမ်းဆောင်ရာမှ ပြန်လာပြီးနောက် သင့်ယာဉ်မောင်းလိုင်စင်သည် ရက်ပေါင်း 90 စာ တရားဝင်မှုရှိပါမည်။ အချို့သော သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါက သင့်ယာဉ်မောင်းလိုင်စင်ကို အွန်လိုင်းမှတစ်ဆင့် IN.gov/BMV တွင် သက်တမ်းတိုးနိုင်သည်။ ထိုသတ်မှတ်ချက်များ၏ ဖော်ပြချက်ကို IN.gov/BMV တွင် ဖတ်ရှုနိုင်ပါသည်။

အင်ဒီယားနားပြည်နယ် ယာဉ်မောင်းလိုင်စင် သက်တမ်းကုန်ပြီး သင့်ကိုစစ်မှုတာဝန်မှ နားခွင့်ပြုပြီးနောက် လိုင်စင်သက်တမ်းတိုးချင်ပါက သင့်ကိုတာဝန်မှ နားခွင့်ပြုကြောင်း သို့မဟုတ် စစ်မှုတာဝန်ထမ်းဆောင်ပြီးနောက် အခြေအနေကို သက်သေပြသည့် အမေရိကန် ကာကွယ်ရေးဦးစီးဌာန၏ စာရွက်စာတမ်းကို တင်ပြရန်အတွက် BMV ဌာနခွဲတစ်ခုခုသို့သွားရမည်။ သင့်ယာဉ်မောင်းလိုင်စင်ကို သက်တမ်းတိုးရန် သို့မဟုတ် ပြင်ဆင်မွမ်းမံရန်အတွက် ပုံစံစာရွက် DD-214 ကို BMV ဌာနခွဲသို့ သင်နှင့်အတူယူဆောင်သွားမည်ဆိုပါက ထိုအချိန်တွင် သင်၏ သက်သေခံလက်မှတ်ပေါ်တွင် စစ်မှုထမ်းဟောင်း အမှတ်အသားတခု ထည့်သွင်းနိုင်သည်။

## သက်သေခံလက်မှတ် ပြင်ဆင်မွမ်းမံခြင်း

ကိုယ်ရေးကိုယ်တာ အချက်အလက်တစ်ခုခုကို တရားဝင်ပြောင်းလဲပြီးနောက် သင့်သက်သေခံလက်မှတ်ပေါ်တွင် ဖော်ပြထားသည့်အချက်အလက်ကို ပြင်ဆင်မွမ်းမံရမည်။ သင့်သက်သေခံလက်မှတ်ကို BMV ဌာနခွဲတစ်ခုခုတွင် ပြင်ဆင်မွမ်းမံနိုင်သည်။ အောက်ပါအခြေအနေများသည် သင့်သက်သေခံ လက်မှတ်ကို ပြင်ဆင်မွမ်းမံရန် လိုအပ်လေ့ရှိသည့် အကြောင်းရင်းအနည်းငယ် ဖြစ်ပါသည်။

### *လိပ်စာ ပြောင်းလဲခြင်း*

သင့်မှာ အင်ဒီယားနားပြည်နယ် သက်သေခံလက်မှတ်ရှိပါက အဓိက (တရားဝင်) လိပ်စာပြောင်းလျှင် BMV ကို အကြောင်းကြားရမည်ဖြစ်ပြီး လိပ်စာ ပြောင်းပြီးနောက် ရက် 30 အတွင်း ပြင်ဆင်မွမ်းမံသည့် သက်သေခံလက်မှတ် တစ်ခုအတွက် လျှောက်လွှာတင်ရမည်။

သက်သေခံလက်မှတ်ပေါ်ရှိ အဓိက (တရားဝင်) လိပ်စာ ပြောင်းရန်အတွက် နောက်ဆက်တွဲစာ A တွင်ဖော်ပြထားသည့် စာရွက်စာတမ်းများကို တင်ပြရန် အတွက် BMV ဌာနခွဲသို့သွားရမည်။

- ➔ သင်၏ စာပို့ရန်လိပ်စာကို အွန်လိုင်းမှတစ်ဆင့် IN.gov/BMV တွင်၎င်း၊ BMV Connect kiosk စက်ကိရိယာတခုခုတွင်၎င်း၊ သို့မဟုတ် လိုင်စင် ဌာနတခုခုတွင်၎င်း၊ စသည်တို့တွင် ပြောင်းလဲနိုင်သည်။

### *အမည်ပြောင်းလဲခြင်း*

လူမှုဖူလုံရေး Social Security စာရွက်စာတမ်းထဲတွင် သင့်အမည်ကို တရားဝင်ပြောင်းလဲရန်အတွက် လူမှုဖူလုံရေး စီမံအုပ်ချုပ်ရေးဌာန Social Security Administration ရုံးသို့ သွားရမည်ဖြစ်ပြီး သင့်အမည်ပြောင်းသည့် ဆောင်ရွက်မှုပြီးနောက် သက်သေခံလက်မှတ် ပြင်ဆင်မွမ်းမံရန်အတွက် BMV ဌာန ခွဲသို့မသွားမီ ရုံးဖွင့်ရက်အနည်းဆုံး တစ်ရက်အချိန်ပေးပါ။ အမည်ပြောင်းလဲပြီးနောက် ရက် 30 အတွင်း ပြင်ဆင်မွမ်းမံထားသည့် သက်သေခံလက်မှတ် လျှောက်ရန်အတွက် BMV ဌာနခွဲတစ်ခုခုသို့ သွားရန်လိုအပ်ပါလိမ့်မည်။ နောက်ဆက်တွဲစာ A တွင်ဖော်ပြသည့်အတိုင်း စာရွက်စာတမ်းများကို တင်ပြရ မည်။ သင့် SSA ကတ်ပြားကို အစားထိုးရန် လိုအပ်ပြီး သင်၏လက်ရှိ အင်ဒီယားနားလိုင်စင်၊ ယာဉ်မောင်းသင်ခွင့် သို့မဟုတ် သက်သေခံကတ်ပြားသည် သက်တမ်းမကုန်သေးပါက အွန်လိုင်းမှတဆင့် အခမဲ့ အစားထိုးနိုင်သည်။

### *ကျား၊ မ၊ အမျိုးအစားပြောင်းလဲခြင်း**

သင့်မှာ ကျား၊ မ၊ အမျိုးအစား ပြောင်းလဲသည့် ခွဲစိတ်ကုသမှုလုပ်ထုံး ခံယူခဲ့ပြီး အင်ဒီယားနားပြည်နယ် သက်သေခံလက်မှတ် ကိုင်ဆောင်ထားပါက ထို အပြောင်းအလဲကို ဖော်ပြသည့် ပြင်ဆင်မွမ်းမံထားသော သက်သေခံလက်မှတ်တစ်ခု လျှောက်လွှာတင်ရန်အတွက် BMV ဌာနခွဲသို့သွားနိုင်သည်။ ဟုတ်မှန် ကြောင်းထောက်ခံချက်ရှိသည့် ပြင်ဆင်မွမ်းမံထားသော မွေးစာရင်းလက်မှတ်တစ်စောင်ကို လည်းကောင်း၊ လုပ်ငန်းသုံးခေါင်းစီးစာရွက်ဖြင့် အုပ်ချုပ်ရေး ဆိုင်ရာဥပဒေ 140 IAC 7-1.1-3 အရ "<ဝန်ဆောင်မှုရရှိသူ၏ အမည်ထည့်ရေးရန်> သည် <ဝန်ဆောင်မှုရရှိသူ၏ အမည်ထည့်ရေးရန်> ၏ ကျား၊ မ၊ အမျိုးအစားကို <ယခင် ကျား၊ မ၊ အမျိုးအစားထည့်ရေးရန်> မှ <ကျား၊ မ၊ အမျိုးအစားအသစ်ထည့်ရေးရန်> သို့ အပြီးအပိုင် ပြောင်းလဲရန်အတွက် လိုအပ် သည့် ကုသစောင့်ရှောက်မှုအားလုံးကို အောင်မြင်စွာ ခံယူခဲ့ပြီဖြစ်ကြောင်း" ဆိုသည့် ဘာသာစကား အသုံးအနှုန်းပါသော ဆရာဝန်၏လက်မှတ်နှင့်ရက်စွဲ ရေးထိုးထားသည့် ထွက်ဆိုချက်စာကို လည်းကောင်း၊ သို့မဟုတ် လျှောက်ထားသူနှင့်ဆရာဝန် နှစ်ဦးနှစ်ဖက်စလုံး အပြည့်အစုံဖြည့်စွက်ထားသည့် ကျား၊ မ၊ ပြောင်းလဲမှုဆိုင်ရာ ဆရာဝန်၏ ထွက်ဆိုချက်စာ – ပြည်နယ်အစိုးရပုံစံစာရွက် State Form 55617 ကိုလည်းကောင်း၊ တင်ပြရမည်။

**ဤလက်စွဲစာအုပ် ထုတ်ဝေသည့်အချိန်တွင် ယာဉ်မောင်းလိုင်စင် သို့မဟုတ် သက်သေခံကတ်ပြားပေါ်ရှိ ကျား၊ မ၊ အမျိုးအစား အချက်အလက်ကို ပြောင်း မည့် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ရန်အတွက် အဆိုတင်သွင်းထားသော အုပ်ချုပ်ရေးစည်းမျဉ်းသည် လုပ်ငန်းစဉ်အတွင်းရှိနေဆဲဖြစ်ပါသည်။ လက်ရှိသတင်းအချက်များကို သိရှိရန်အတွက် IN.gov/BMV တွင် ဖတ်ရှုပါ။*

## သက်သေခံလက်မှတ်ကို အစားထိုးခြင်း

သက်သေခံလက်မှတ် ပျောက်ဆုံးသွားပါက၊ သို့မဟုတ် အခိုးခံရပါက သင့်အမည်၊ ကျား၊ မ၊ အမျိုးအစား၊ သို့မဟုတ် နေရပ်လိပ်စာ အချက်အလက်များ ပြောင်းလဲမှုမရှိသ၍ သင်၏ IN.gov/BMV အမည်စာရင်းတွင် ကြည့်ရှုခြင်းဖြင့် အစားထိုးနိုင်သည်၊ သို့မဟုတ် အသစ်တစ်ခုမှာယူရန်အတွက် BMV Conect ဝန်ဆောင်မှုစက် တစ်ခုခုရှိရာသို့ သွားပါ။ သင့်သက်သေခံလက်မှတ်ကို အစားထိုးရန်အတွက် BMV ဌာနခွဲသို့သွားရန် မလိုအပ်မီ အွန်လိုင်းမှ တစ်ဆင့် အကြိမ်ပေါင်းအများဆုံး 10 ကြိမ်အထိ ပြန်လည်အစားထိုးနိုင်သည်။

စာပို့ရန်လိပ်စာကို အွန်လိုင်းမှတစ်ဆင့် ပြောင်းလဲနိုင်သည်။ သို့သော်ငြားလည်း အခြားသော အချက်အလက်များတွင် အပြောင်းအလဲတစ်ခုခုရှိပါက အစားထိုးရန်အတွက် အွန်လိုင်းမှတစ်ဆင့် မှာယူ၍မရပါ၊ ထိုအတူ အပြောင်းအလဲဖြစ်သည့် ရက်ပေါင်း 30 အတွင်း သက်သေခံလက်မှတ်ကို ပြင်ဆင်မွမ်းမံ ရန်အတွက် BMV ဌာနခွဲသို့သွားရမည်ဖြစ်ပြီး နောက်ဆက်တွဲစာ A တွင်ဖော်ပြထားသည့်အတိုင်း စာရွက်စာတမ်းများကို တင်ပြရမည်။

Real ID သတ်မှတ်ချက်နှင့်ကိုက်ညီသော သက်သေခံလက်မှတ် ရယူရန်အတွက် လိုအပ်သော စာရွက်စာတမ်းများ၏ စာရင်းအပြည့်အစုံကို ဤလက်စွဲစာ အုပ်၏ နောက်ဆက်တွဲစာ A (စာမျက်နှာ 66) တွင် ဖတ်ရှုပါ၊ သို့မဟုတ် REALID.IN.gov တွင်ဖတ်ရှုပါ။ သင့်စာရွက်စာတမ်းများကို တောင်းခံခြင်းနှင့် ပတ်သက်ပြီး မေးခွန်းများရှိပါက သုံးစွဲသူဝန်ဆောင်မှု ကိုယ်စားလှယ် တဦးဦးနှင့် ဆွေးနွေးရန်အတွက် အင်ဒီယားနားပြည်နယ်မော်တော်ယာဉ်ဌာန BMV အား 888-692-6841 သို့ အခမဲ့ဖုန်းဆက်ပါ၊ သို့မဟုတ် အကူအညီရရှိရန်အတွက် ဌာနခွဲတခုခုသို့ သွားပါ။

# အခန်း ၅။ | ပွိုင့်များ၊ ဆိုင်းငံ့ခြင်းများနှင့် အာမခံကြေးရှိရမည့် သတ်မှတ်ချက်များ

အပြစ်ပေးစနစ် ပွိုင့်လေ့လာရေးကော်မတီအနေနှင့် ယာဉ်စည်းကမ်းချိုးဖောက်မှုများအတွက် ပွိုင့်တန်ဖိုးကို အကဲဖြတ်ပါသည်။ ပွိုင့်တန်ဖိုးများသည် ချိုးဖောက်မှု သို့မဟုတ် မတော်တဆဖြစ်မှု၏ ပြင်းထန်မှုနှင့် သမိုင်းကြောင်းများနှင့် သက်ဆိုင်ပါသည်။

လက်ရှိပွိုင့်များသည် စည်းမျဉ်းချိုးဖောက်ကြောင်း စီရင်ချက်ချသည့်ရက်မှစ၍ သင့်ယာဉ်မောင်းမှတ်တမ်းထဲတွင် နှစ်နှစ်ကြာရှိနေမည်။

ပွိုင့်တန်ဖိုးဇယားအပြည့်အစုံအား IN.gov/BMV တွင် ဆွဲချပါ။

| ပွိုင့်တန်ဖိုးများ | |
|---|---|
| *အမြန်နှုန်း စည်းမျဉ်းချိုးဖောက်မှုအပေါ် မူတည်ပြီး ပွိုင့်အမျိုးမျိုးရှိသည်။ အမြန်နှုန်း စည်းမျဉ်းချိုးဖောက်မှုအတွက် စုစုပေါင်းပွိုင့်များ၏ နမူနာများတွင် ပါဝင်သောအချက်များ။* | |
| တစ်နာရီလျှင် 1 မိုင်မှ 15 မိုင်အထိ အမြန်နှုန်း ကန့်သတ်ချက်ထက် ကျော်လွန်ခြင်း | 2 ပွိုင့် |
| တစ်နာရီလျှင် 16 မိုင်မှ 25 မိုင်အထိ အမြန်နှုန်း ကန့်သတ်ချက်ထက် ကျော်လွန်ခြင်း | 4 ပွိုင့် |
| တစ်နာရီလျှင် 26 မိုင်အထက်အမြန်နှုန်း ကန့်သတ်ချက်ထက် ကျော်လွန်ခြင်း | 6 ပွိုင့် |
| *အခြားသော စည်းမျဉ်းချိုးဖောက်မှုအတွက် စုစုပေါင်းပွိုင့်များ၏ နမူနာများတွင် ပါဝင်သောအချက်များ။* | |
| ရှေ့မီးများဖွင့်ရန် ပျက်ကွက်ခြင်း | 2 ပွိုင့် |
| ဘရိတ်မီး သို့မဟုတ် အချက်ပြမီး မရှိခြင်း | 2 ပွိုင့် |
| မော်တော်ဆိုင်ကယ်အတွက် မသင့်လျော်သော ခေါင်းဆောင်း | 4 ပွိုင့် |
| မသင့်လျော်စွာ မော်တော်ဆိုင်ကယ် ခရီးသည်တင်ခြင်း | 4 ပွိုင့် |
| လက်ကိုင်စက်ကိရိယာ ဆိုင်ရာချိုးဖောက်မှု | 4 ပွိုင့် |
| ဘေးမကင်းစွာဖြင့် ယာဉ်ကြောပြောင်းခြင်း | 4 ပွိုင့် |
| ရပ်ရန်အမှတ်အသား သို့မဟုတ် ဦးစားပေးရန်အမှတ်အသားကို ဂရုမစိုက်ခြင်း | 4 ပွိုင့် |
| အရေးပေါ်ယာဉ်အတွက် ဦးစားပေးရန် ပျက်ကွက်ခြင်း | 6 ပွိုင့် |
| အခြားယာဉ်တစ်စီး၏ နောက်မှ နီးကပ်လွန်းစွာလိုက်ခြင်း | 6 ပွိုင့် |
| ဆိုင်းငံ့ထားစဉ် ယာဉ်မောင်းခြင်း | 8 ပွိုင့် |
| လမ်းပေါ်တွင် အမြန်နှုန်းပြိုင်ခြင်း | 8 ပွိုင့် |

လက်ရှိပွိုင့်များသည် စည်းမျဉ်းချိုးဖောက်ကြောင်း စီရင်ချက်ချသည့်ရက်မှစ၍ သင့်ယာဉ်မောင်းမှတ်တမ်းထဲတွင် နှစ်နှစ်ကြာရှိနေမည်။

## ယာဉ်မောင်းအတွက် ဘေးကင်းမှု အစီအစဉ်

BMV အနေနှင့် ယာဉ်မောင်းအတွက် ဘေးကင်းမှု အစီအစဉ် (DSP) ဆောင်ရွက်ပေးသူအချို့ကို ခွင့်ပြုထားသည်။ BMV ခွင့်ပြုချက်ရရှိထားသော DSP သည် စာသင်ခန်း၊ အွန်လိုင်း၊ သို့မဟုတ် DVD၊ စသည့်သင်ကြားမှု နည်းများဖြင့် ရယူနိုင်သည့် ကြိုတင်ကာကွယ်ခြင်းဖြင့် ယာဉ်မောင်းသော သင်ရိုးညွှန်းတမ်း ဖြစ်ပါသည်။ BMV ခွင့်ပြုချက်ရရှိထားသော DSP သင်တန်းသည် ကြိုတင်ကာကွယ်ခြင်းဖြင့် ယာဉ်မောင်းသော နည်းများကိုတင်ပြပြီး ယာဉ်မောင်းများအတွက် အကျိုးရှိသော ပြန်လည်သတိပေးသည့် သင်တန်းတစ်ခု ဖြစ်နိုင်ပါသည်။

အင်ဒီယားနားပြည်နယ် ယာဉ်မောင်းများမှန်သမျှ DSP သင်တန်းကို BMV ခွင့်ပြုချက်ရရှိထားသော သင်တန်းပေးသူထံမှ သင်တန်းတက်ရောက်နိုင်ပြီး ပွိုင့်လေးခုစာအတွက် ကြိုတင်အမှတ်ပေးထားခြင်းကို ရရှိနိုင်သည်။ သို့သော်ငြားလည်း DSP သင်တန်းတက်ရမည်ဟု BMV မှ သတ်မှတ်ထားသော အင်ဒီယားနားပြည်နယ် ယာဉ်မောင်းများအနေနှင့် စာတိုက်မှတစ်ဆင့် အကြောင်းကြားစာ လက်ခံရရှိသည့်ရက်မှစ၍ ရက် 90 အတွင်း BMV ခွင့်ပြုချက်ရရှိထားသော DSP သင်တန်းကို အောင်မြင်စွာ တက်ရောက်ရန်ညွှန်ကြားထားသော အကြောင်းကြားစာတစ်စောင် ရရှိပါလိမ့်မည်။ ယာဉ်မောင်းတစ်ဦးချင်းကို သုံးနှစ်ကာလအတွင်း ပွိုင့်လေးခုစာအတွက် ကြိုတင်အမှတ်ပေးထားမည်။

BMV အနေနှင့် 12 လအတွင်း ယာဉ်စည်းကမ်း နှစ်ခုသို့မဟုတ်အထက် ကျူးလွန်ကြောင်း စီရင်ခဲ့သည့် အသက် 21 နှစ်နှင့်အထက်ရှိသူ ယာဉ်မောင်းများကို BMV ခွင့်ပြုထားသည့် DSP သင်တန်း တက်ရောက်ခိုင်းနိုင်သည်။ အသက် 21 အောက်ရှိသောပုဂ္ဂိုလ်များ အနေနှင့် ယာဉ်စည်းကမ်း နှစ်ကြိမ်/နှစ်မျိုး သို့မဟုတ် ထိုထက်ပို၍ ချိုးဖောက်ခဲ့လျှင် BMV အတည်ပြုထားသော DSP သင်တန်းတက်ရန် လိုအပ်နိုင်သည်။

DSP သင်တန်းကို BMV ထံမှပို့ပေးလိုက်သော အကြောင်းကြားစာကို လက်ခံရရှိသည့်ရက်မှစ၍ ရက် 90 အတွင်း အပြီးတက်ရောက်ရန် ပျက်ကွက်ပါက သင့်ယာဉ်မောင်းခွင့်များကို ဆိုင်းငံ့ခြင်း ဖြစ်သွားပါလိမ့်မည်။ ဆိုင်းငံ့ခြင်းသည် DSP သင်တန်းကို အောင်မြင်စွာတက်ရောက်ပြီး BMV မှထိုသင်တန်း တက်ရောက်ပြီးကြောင်း စီစဉ်ဆောင်ရွက် မပေးခင်အထိ သင့်ယာဉ်မောင်းမှတ်တမ်းထဲတွင် ရှိနေမည်။

ယာဉ်စည်းကမ်းချိုးဖောက်သော ယာဉ်မောင်းကို တရားသူကြီးမှ DSP သင်တန်းတက်ရန်လည်း အမိန့်ချမှတ်နိုင်သည်။ တရားရုံးမှ သင့်ကို DSP သင်တန်း တက်ခိုင်းပါက သင်တက်ရောက်ရမည့် DSP သင်တန်းအမျိုးအစားသတ်မှတ်ရာတွင် တရားသူကြီး၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်အပေါ် မူတည်သည်။ သို့သော်ငြားလည်း BMV ခွင့်ပြုသည့် DSP သင်တန်း တက်ရောက်မှသာ ပွိုင့်လေးခုစာ ကြိုတင်အမှတ်ပေးခြင်းကို ရရှိလိမ့်မည်။

BMV ခွင့်ပြုသည့် DSP သင်တန်းတစ်ခုခု၏ အများဆုံးအခကြေးငွေသည် $55 ဖြစ်ပါသည်။ သင်တန်းတက်ပြီးနောက် ရလဒ်များကို BMV မှ စီစဉ်ဆောင်ရွက် ပေးရန်အတွက် ရုံးဖွင့်ရက် 7 ရက်မှ 10 ရက်အထိ အချိန်ပေးပါ။ သင့်ချက်လက်မှတ် သို့မဟုတ် ငွေလွှဲစာကို DSP သင်တန်းပေးသူအမည်တပ်၍ သင်တန်းပေး သူထံ ပေးရမည်။

- DSP သင်တန်းပေးသူများ စာရင်းတစ်ခုကို IN.gov/BMV တွင်ရယူနိုင်သည်၊ သို့မဟုတ် 888-692-6841 သို့ဖုန်းဆက်ခြင်းဖြင့် ရယူနိုင်သည်။

## အာမခံကြေးရှိရမည့် သတ်မှတ်ချက်များ

အင်ဒီယားနားပြည်နယ် ဥပဒေအရ မော်တော်ယာဉ်နှင့်သက်ဆိုင်သည့် ဘဏ္ဍာရေးတာဝန်ယူမှု မရှိခြင်း၊ သို့မဟုတ် အဆိုပါမော်တော်ယာဉ်ကို မောင်းနှင် ရန် အာမခံကြေးမရှိသောသူကို အင်ဒီယားနားပြည်နယ်တွင် ယာဉ်မောင်းနှင်ခွင့်မရှိကြောင်း ဖော်ပြထားပါသည်။ ပြည်နယ်အစိုးရ၏ စံနှုန်းသတ်မှတ် ချက် အနည်းဆုံးအဆင့်နှင့် ကိုက်ညီမည့် လက်ရှိတာဝန်ယူမှု အာမခံကြေးပေါ်လစီ မရှိဘဲယာဉ်မောင်းခြင်းသည် ဥပဒေနှင့်မညီပါ။ ပြည်နယ်အစိုးရ၏ စံနှုန်းသတ်မှတ်ချက် အနည်းဆုံးသည် လူဂိုလ်တစ်ဦးအား ထိခိုက်ဒဏ်ရာရရှိစေခြင်း သို့မဟုတ် သေဆုံးစေခြင်းအတွက် $25,000၊ မတော်တဆဖြစ်မှု တစ်ကြိမ်တွင် လူနှစ်ဦး သို့မဟုတ်အထက်အား ထိခိုက်ဒဏ်ရာရရှိစေခြင်း သို့မဟုတ် သေဆုံးစေခြင်းအတွက် $50,000၊ နှင့် မတော်တဆဖြစ်မှု တစ်ကြိမ် တွင် ပိုင်ဆိုင်မှုပစ္စည်း ထိခိုက်ပျက်စီးမှုများအတွက် $25,000၊ ရှိရမည်။ အများအားဖြင့် 25/50/25 liability insurance တာဝန်ယူရသည့်အာမခံကြေး ဟု ရည်ညွှန်းလေ့ရှိသည်။ အာမခံကြေးမရှိသော ယာဉ်မောင်းများကို တားမြစ်ရန်အတွက် အင်ဒီယားနားပြည်နယ်တွင် အာမခံကြေးမရှိဘဲ ယာဉ်မောင်း နှင်ကြောင်း တွေ့ရှိရသော ယာဉ်မောင်းများကို ယာဉ်မောင်းခွင့်များ ဆိုင်းငံ့ခြင်းနှင့် ငွေဒဏ်ပေးခြင်းများ အရေးယူဆောင်ရွက်ရမည်ဟု အင်ဒီယားနား ပြည်နယ် ဥပဒေအရ BMV ကိုပြဋ္ဌာန်းထားသည်။ ပြစ်ဒဏ်များတွင် ပြန်လည်အသက်သွင်းရန် အခကြေးများနှင့် ရက် 90 မှတစ်နှစ်အထိ ဖြစ်နိုင်သည့် ဆိုင်းငံ့ခြင်းများ ပါဝင်သည်။

### *ဘဏ္ဍာရေးတာဝန်ယူမှု သက်သေအထောက်အထား*

BMV ထံမှ ဘဏ္ဍာရေးတာဝန်ယူမှု သက်သေအထောက်အထား (အာမခံကြေးရှိကြောင်း သက်သေအထောက်အထား) တင်ပြရန်အတွက် အကြောင်းကြား စာတစ်စောင် လက်ခံရရှိသောအခါ အချိန်မဆွဲပါနှင့်။ သင့်မော်တော်ယာဉ် အာမခံကြေးကုမ္ပဏီကို ချက်ချင်းဆက်သွယ်ပြီး ကုမ္ပဏီဝန်ထမ်းတစ်ဦးဦးအား BMV ထံသို့ စည်းကမ်းလိုက်နာကြောင်း အီလက်ထရွန်နစ်နည်းဖြင့် ထောက်ခံစာ Certificate of Compliance (COC) တစ်စောင် ပို့ပေးရန်အတွက် တောင်းဆိုပါ။ အောက်ပါအခြေအနေ တစ်ခုခုကြောင့် ဘဏ္ဍာရေးတာဝန်ယူမှု ရှိမရှိစိစစ်ရန်အတွက် BMV ထံမှ အကြောင်းကြားစာတစ်စောင်ရရှိနိုင်သည်။

- ယာဉ်မတော်တဆဖြစ်မှု
- ပွိုင့်ပေးသည့် အခြားသော ယာဉ်စည်းကမ်းချိုးဖောက်မှု နှစ်ခုဖြစ်ပြီး တစ်နှစ်အတွင်း ပွိုင့်ရရှိသည့် ယာဉ်စည်းကမ်းချိုးဖောက်မှုတစ်ခု
- ပြစ်မှုငယ် သို့မဟုတ် ပြစ်မှုကြီး ကဲ့သို့သော ကြီးလေးသည့် ယာဉ်စည်းကမ်းချိုးဖောက်မှု
- ဘဏ္ဍာရေးတာဝန်ယူမှု သက်သေအထောက်အထား တင်ပြရန်ပျက်ကွက်ခြင်းကြောင့် ယခင်က လိုင်စင်ဆိုင်းငံ့ခံရသည့် ယာဉ်မောင်းအတွက် ပွိုင့်ပေး နိုင်သည့် ယာဉ်စည်းကမ်းချိုးဖောက်မှုတစ်ခု

သင့်လျှော့စာတင်ပြသည့် COC သည် ဖြစ်ရပ် သို့မဟုတ် မတော်တဆ ဖြစ်သည့်အချိန်တွင် သင်မောင်းနှင်ခဲ့သည့်ယာဉ်အတွက် ပြည်နယ်အစိုးရ၏ စံနှုန်း သတ်မှတ်ချက် အနည်းဆုံးနှင့်ညီ တာဝန်ယူမှု အာမခံကြေး (25/50/25) ရှိကြောင်း ဖော်ပြပေးပါလိမ့်မည်။ ဘဏ္ဍာရေးတာဝန်ယူမှုကို စိစစ်ရန်အတွက် စာတိုက် မှပို့လိုက်သော BMV ၏တောင်းဆိုချက်ကို လက်ခံရရှိပြီး ရက် 90 အတွင်း BMV အနေနှင့် COC ကို အီလက်ထရွန်နစ်နည်းဖြင့် လက်ခံရရှိပြီး စီစဉ် ဆောင်ရွက်ရမည်၊ သို့မဟုတ် သင်၏ ယာဉ်မောင်းခွင့်များကို ဆိုင်းငံ့ထားပါလိမ့်မည်။

သင့်ယာဉ်မောင်းခွင့်များကို ဆိုင်းငံ့ထားသောအခါ သင့်အာမခံကြေးကုမ္ပဏီကို ဘဏ္ဍာရေးတာဝန်ယူမှု သက်သေအထောက်အထား တင်ပြခိုင်းခြင်း ဖြင့် BMV ချမှတ်သော ဆိုင်းငံ့ခြင်းကို သင့်ယာဉ်မောင်းမှတ်တမ်းထဲမှ ဖျက်သိမ်းစေနိုင်သည်။ ထိုသို့ဆောင်ရွက်ရန်အတွက် သင့်အာမခံကြေးကုမ္ပဏီ ကို ပုံမှန်အားဖြင့် ဖြစ်ပွားမှု သို့မဟုတ် မတော်တဆမှု ဖြစ်သည့်ရက်စွဲတွင် သင်နှင့် ရုံးတက်ရန်ဆင့်စာ သို့မဟုတ် မတော်တဆဖြစ်မှု အစီရင်ခံစာထဲတွင် ဖော်ပြထားသည့်ယာဉ်အတွက် အာမခံကြေးရှိကြောင်း COC တစ်စောင်ပို့ပေးရန် တာဝန်ရှိသည်။ ကုမ္ပဏီပိုင်ယာဉ် သို့မဟုတ် အငှားယာဉ်မောင်းနှင်ပါက သင့်အလုပ်ရှင် သို့မဟုတ် အငှားကုမ္ပဏီမှ ကျမ်းကျိန်လွှာတစ်ခု – ဝန်ထမ်းအတွက် သို့မဟုတ် အငှားယာဉ်အတွက် ဘဏ္ဍာရေးတာဝန်ယူမှု သက်သေ အထောက်အထား ဖြစ်သည့် ပြည်နယ်အစိုးရပုံစံစာရွက် State Form 55434 ကို ဖြည့်စွက်ရမည်။

အာမခံကြေးမရှိဘဲ ယာဉ်မောင်းသည့်အတွက် အင်ဒီယားနားပြည်နယ် တရားရုံးမှ၊ သို့မဟုတ် အခြားပြည်နယ်တရားရုံးမှ၊ ပြစ်မှုကျူးလွန်ကြောင်း စီရင်ချက်ချခဲ့ပါက သင့်ယာဉ်မောင်းမှတ်တမ်းမှ ပြစ်မှုအကြောင်းကို ဖယ်ရှားပေးရန်အတွက် အာမခံကြေး သက်သေအထောက်အထား တင်ပြ၍ရမရ ဆုံးဖြတ်ရန် တရားရုံးကိုဆက်သွယ်ရမည်။

ဘဏ္ဍာရေးတာဝန်ယူမှု မရှိဘဲယာဉ်မောင်းခြင်း သို့မဟုတ် BMV ထံသို့ အာမခံကြေးတင်ပြရန် ပျက်ကွက်ခြင်းကြောင့် ပြစ်မှုကျူးလွန်ကြောင်း တရားရုံး စီရင်ချက်ဖြင့် သင့်ယာဉ်မောင်းခွင့်များကို ဆိုင်းငံ့ထားလျှင် အင်ဒီယားနားပြည်နယ် ဥပဒေအရ ယာဉ်မောင်းခွင့်များ ပြန်လည်အသက်သွင်းချင်ပါက သင့် အာမခံကြေးကုမ္ပဏီကို SR22 ပုံစံစာရွက်ဖြင့် အနာဂတ်အတွက် ဘဏ္ဍာရေးတာဝန်ယူမှု သက်သေအထောက်အထားကို အီလက်ထရွန်နစ်နည်းနှင့် တင်ပြ ရန်အတွက် သတ်မှတ်ထားသည်။ SR22 ကိုတင်ပြရန်ပျက်ကွက်ပါက သင့်အာမခံကြေးကုမ္ပဏီမှ လက်ရှိ SR22 တစ်စောင် မပို့မချင်း သင့်ယာဉ်မောင်း မှတ်တမ်းတွင် ဆိုင်းငံ့ခြင်းဆက်ရှိနေမည်။

### *SR22 လိုအပ်သည့်အချိန်ကာလ*

SR22 ပုံစံစာရွက်သည် သင့်မှာ ပြည်နယ်အစိုးရ၏ စံနှုန်းသတ်မှတ်ချက် အနည်းဆုံးအဆင့်နှင့်ကိုက်ညီပြီး BMV ကို ကြိုတင်အကြောင်းကြားခြင်းမရှိဘဲ ဖျက်သိမ်း၍မရသည့် မော်တော်ယာဉ်အတွက် အာမခံကြေးပေါ်လစီတစ်ခု ရှိနေကြောင်းဖော်ပြပေးပါသည်။ SR22 သတ်မှတ်ချက်တစ်ခုခုရှိပါက သင့်အနေနှင့် SR22 အာမခံကြေးပေါ်လစီကို ထိန်းသိမ်းထားကြောင်း BMV ထံသို့ တင်ပြရမည်။

အာမခံကြေးမရှိသောကြောင့် ဆိုင်းငံ့ခြင်းများသည် 12/31/2021 ရက်နေ့တွင် သို့မဟုတ် ထိုရက်နောက်မှစ၍ အချိန်ကာလကန့်သတ်ချက်မရှိသော ဆိုင်းငံ့ခြင်းများ ဖြစ်သွားပါလိမ့်မည်။ SR22 လက်ခံရရှိသောအခါ အာမခံကြေးမရှိသောကြောင့် ကာလကန့်သတ်ချက်မရှိသော ဆိုင်းငံ့ခြင်းများကို ရပ်ဆိုင်းထားနိုင်ပြီး SR22 အာမခံကြေးကို ရက်ပေါင်း 180 ကြာ ဆက်လက်ထိန်းသိမ်းထားလျှင် ဆိုင်းငံ့ခြင်းများကို ဖျက်သိမ်းနိုင်သည်။

သင့်အတွက် SR22 သတ်မှတ်ချက်တခုခုရှိနေပြီး BMV အနေနှင့် သင့်အာမခံကြေးကုမ္ပဏီထံမှ SR26 (SR22 အာမခံကြေးဖျက်သိမ်းခြင်း) အကြောင်းကြားစာ ရရှိပါက အင်ဒီယားနားပြည်နယ် ဥပဒေအရ SR22 အာမခံကြေးရှိနေကြောင်း အထောက်အထားလက်ခံရရှိသည့်အထိ သို့မဟုတ် SR22 သတ်မှတ်ချက်ကာလ ပြီးဆုံးသည့်အထိ BMV အနေနှင့် သင့်ယာဉ်မောင်းခွင့်များကို ဆိုင်းငံ့ရန် လိုအပ်ပါသည်။ အာမခံကြေးမရှိသောကြောင့် ကာလကန့်သတ်ချက်မရှိသော ယာဉ်မောင်းခွင့်ဆိုင်းငံ့ခြင်းကို ယာယီရပ်ဆိုင်းမည့် ရက်ပေါင်း 180 အချိန်အတွင်း BMV အနေနှင့် SR26 အကြောင်းကြားစာကို လက်ခံရရှိပါက အင်ဒီယားနားပြည်နယ် ဥပဒေအရ ယာယီရပ်ဆိုင်းမှုကို ဖျက်သိမ်းပြီး ယာဉ်မောင်းခွင့်ကို ပြန်လည်ဆိုင်းငံ့ထားပါလိမ့်မည်။

### *အာမခံကြေးမရှိ၍ လိုင်စင်ကိုပြန်လည်အသက်သွင်းရန် အခကြေးများ*

ပြည်နယ်အစိုးရ၏ စံနှုန်းသတ်မှတ်ချက် အနည်းဆုံးအဆင့်နှင့် ကိုက်ညီမည့် တာဝန်ယူမှု အာမခံကြေးပေါ်လစီ မရှိဘဲ မော်တော်ယာဉ် မောင်းနှင့်သူတစ်ဦးအနေနှင့် ယာဉ်မောင်းခွင့်များကို ဆိုင်းငံ့ခြင်းခံရမည်။ ထို့အပြင် အာမခံကြေးဆိုင်ရာ ဆိုင်းငံ့ခြင်းသက်တမ်းကုန်သည့်အခါ အင်ဒီယားနားပြည်နယ် ဥပဒေအရ သင့်ယာဉ်မောင်းခွင့်များကို ပြန်လည်အသက်သွင်းရန်အတွက် အခကြေးပေးရမည်ဟု သတ်မှတ်ထားသည်၊ ယင်းသည် SR22 သတ်မှတ်ချက်များအပြင် ထပ်ဆောင်းသတ်မှတ်ချက်ဖြစ်သည်။ ပြန်လည်အသက်သွင်းရန် အခကြေးသည် ဇန်နဝါရီလ 1 ရက်နေ့ 2015 နောက်ပိုင်းတွင်ဖြစ်သည့် အာမခံကြေးမရှိ၍ ပထမအကြိမ် ဆိုင်းငံ့ခြင်းအတွက် $250၊ အာမခံကြေးမရှိ၍ ဒုတိယအကြိမ် ဆိုင်းငံ့ခြင်းအတွက် $500၊ တတိယအကြိမ်နှင့် နောက်ဆက်တွဲအကြိမ်(များ) အတွက် $1,000၊ စသည်တို့ဖြစ်ပါသည်။ ဇန်နဝါရီလ 1 ရက်နေ့ 2015 မတိုင်မီ အာမခံကြေးမရှိ၍ ဆိုင်းငံ့ခြင်းအတွက် ပြန်လည်အသက်သွင်းရန် အခကြေးသည် အာမခံကြေးမရှိ၍ ပထမအကြိမ် ဆိုင်းငံ့ခြင်းအတွက် $150၊ အာမခံကြေးမရှိ၍ ဒုတိယအကြိမ် ဆိုင်းငံ့ခြင်းအတွက် $225၊ တတိယအကြိမ်နှင့် နောက်ဆက်တွဲအကြိမ်(များ) အတွက် $300၊ စသည်တို့ဖြစ်ပါသည်။ အာမခံကြေးမရှိသောကြောင့် ဆိုင်းငံ့ထားခြင်းခံခဲ့ရသည့် ယာဉ်မောင်းတဦးဦးအနေနှင့် ဘဏ္ဍာရေးတာဝန်ယူမှု ဆက်လက်ထားရှိသော အထောက်အထား (SR22 ပုံစံ) ကို ၎င်း၏အာမခံကြေးကုမ္ပဏီအား အီလက်ထရွန်နစ်နည်းဖြင့် တင်ပြခိုင်းခြင်း နှင့် SR22 အာမခံကြေးကို ရက်ပေါင်း 180 ကြာ ဆက်လက်ထိန်းသိမ်းထားခြင်းဖြင့် ယာဉ်မောင်းခွင့်များကို အခကြေးပေးဆောင်ရန်မလိုပဲ ပြန်လည်အသက်သွင်းနိုင်သည်။ SR22 လက်ခံရရှိပြီး ယာဉ်မောင်းခွင့်ဆိုင်းငံ့ခြင်းကို ယာယီရပ်ဆိုင်းသည့် ရက်ပေါင်း 180 အတွင်း BMV အနေနှင့် SR26 စာ လက်ခံရရှိပါက ငွေပေးချေမှု သို့မဟုတ် SR22 လက်ခံရရှိသည့်အထိ အခကြေးများကို ပေးချေရမည့် အနေအထားတွင် ထားရှိမည်။

ပြန်လည်အသက်သွင်းရန် အခကြေးကို IN.gov/BMV တွင်၎င်း၊ 888-692-6841 သို့ဖုန်းဆက်ခြင်းဖြင့်၎င်း၊ စာတိုက်မှတစ်ဆင့် BMV ထံမှလက်ခံရရှိသော ပြန်လည်အသက်သွင်းခြင်း အခကြေးပေးရန် ကူပွန်ဖြတ်ပိုင်းကို အသုံးပြုခြင်းဖြင့်၎င်း၊ စသည့်နည်းများဖြင့် ပေးဆောင်နိုင်ပါသည်။

## ဆိုင်းငံ့ခြင်းများ

အချို့သော ယာဉ်စည်းကမ်းချိုးဖောက်မှုများကို ကျူးလွန်ကြောင်း စီရင်ခြင်း အပါအဝင် အချို့သောအခြေအနေများတွင် လူပုဂ္ဂိုလ်တစ်ဦး၏ ယာဉ်မောင်းခွင့်များကို BMV မှဆိုင်းငံ့ရန်အတွက် အင်ဒီယားနားပြည်နယ် ဥပဒေအရ တရားရုံးများကို အမိန့်ထုတ်ခွင့် အာဏာပေးအပ်ထားသည်။

### *တရားရုံးတက်ရောက်ရန် ပျက်ကွက်ခြင်းသို့မဟုတ်ယာဉ်စည်းကမ်း ချိုးဖောက်မှုများအတွက် ဒဏ်ငွေပေးရန်ပျက်ကွက်ခြင်း*

ရဲအရာရှိမှထုတ်ပေးသော ရုံးတက်ရန်ဆင့်စာနှင့် ပတ်သက်ပြီး တရားရုံးတက်ရောက်ရန် ပျက်ကွက်ပါက၊ သို့မဟုတ် စီရင်ချက်ကျပြီးနောက် ဒဏ်ငွေဆောင်ရန် ပျက်ကွက်ပါက၊ သင့်ယာဉ်မောင်းခွင့်များကို ဆိုင်းငံ့ခြင်းအဆင့်ထိ ဖြစ်သွားနိုင်သည်။ သင့်အနေနှင့် တရားရုံးတက်ရောက်ပြီးနောက် သို့မဟုတ် ဒဏ်ငွေဆောင်ပြီးနောက် တရားရုံးမှ BMV အား ဆိုင်းငံ့ခြင်းကို ဖျက်သိမ်းရန် အကြောင်းကြားပါလိမ့်မည်။ ဘဏ္ဍာရေးတာဝန်ယူမှု ဆက်လက်ထားရှိသော အထောက်အထား (SR22 ပုံစံ) ကို သင့်အာမခံကြေးကုမ္ပဏီအား အီလက်ထရွန်နစ်နည်းဖြင့် တင်ပြခိုင်းခြင်း နှင့် ဆိုင်းငံ့ခြင်းကို ယာယီဖျက်သိမ်းသည့် ကာလအတွင်း SR22 အာမခံကြေးကို ဆက်လက်ထိန်းသိမ်းထားခြင်းဖြင့် ယာဉ်မောင်းခွင့်ဆိုင်းငံ့ခြင်းကို ယာယီဖျက်သိမ်းထားနိုင်သည်။

### *ဆိုင်းငံ့ထားစဉ် ယာဉ်မောင်းခြင်း*

ဆိုင်းငံ့ထားစဉ် ယာဉ်မောင်းခြင်းသည် ကြီးမားသည့် ယာဉ်စည်းကမ်းချိုးဖောက်မှု တစ်ခုဖြစ်သည်။ ယခင်ချိုးဖောက်မှု တစ်ခုခုဖြင့် ဆိုင်းငံ့ထားစဉ် ယာဉ်မောင်းခြင်းသည် သင့်ယာဉ်မောင်းမှတ်တမ်းတွင် ပြစ်မှုငယ် သို့မဟုတ် ပြစ်မှုကြီး မှတ်တမ်းတစ်ခုခု ကျန်နေနိုင်သည်။ တရားရုံးမှ ချမှတ်သည့် ပြစ်ဒဏ်များသည် ကြီးလေးနိုင်ပြီး ပြစ်မှုရှိကြောင်း စီရင်ချက်ချပါက အာမခံကြေးစရိတ် ပိုများလာနိုင်သည်။ ယာဉ်မောင်းလိုင်စင်ကို ဆိုင်းငံ့ထားစဉ် မော်တော်ယာဉ်မမောင်းရန် BMV အနေနှင့် အလေးအနက် တိုက်တွန်းပါသည်။

### *မူးနေချိန်ယာဉ်မောင်းခြင်း*

မူးနေချိန်ယာဉ်မောင်းခြင်း၊ သို့မဟုတ် သွေးထဲအရက်ပါဝင်နှုန်း (BAC) သည် တရားဝင်ခွင့်ပြုထားသည့် ကန့်သတ်ချက် (.08) ထက်ကျော်နေသည့်အချိန် ယာဉ်မောင်းခြင်းသည် ရာဇဝတ်မှုတစ်ခု ကျူးလွန်ခြင်းဖြစ်ပြီး သင့်ယာဉ်မောင်းခွင့်အပေါ် ချက်ချင်း အကျိုးသက်ရောက်သည်။ လူတစ်ဦး၏ BAC နှုန်းကို ဆုံးဖြတ်ရာတွင် အဓိကကျသည့် အကြောင်းရင်းများသည် သောက်သုံးထားသည့် အရက်ပမာဏ၊ အမြန်နှုန်းမည်မျှဖြင့် သောက်သုံးခြင်းနှင့် လူတစ်ဦး၏ ခန္ဓာကိုယ်အလေးချိန်၊ စသည့် အကြောင်းရင်းများအပေါ် မူတည်သည်။ ယာဉ်မောင်းတစ်ဦးသည် အင်ဒီယားနားဥပဒေ IC 9-30-5 ၊ IC 9-30-6 ၊ IC 9-30-9 ၊ သို့မဟုတ် IC 9-30-15 အရ ပြစ်မှုကျူးလွန်ကြောင်း ရဲအရာရှိတစ်ဦးမှ ယူဆရသည့် ဖြစ်နိုင်ခြေအကြောင်းရင်း ရှိပါက ထိုရဲအရာရှိအနေနှင့် လူ့ခန္ဓာကိုယ်ထဲ အရက်ပမာဏမည်မျှရှိကြောင်း ဆုံးဖြတ်ရန်အတွက် ထိုယာဉ်မောင်းကို ဓာတုစစ်ဆေးမှုတစ်ခု လုပ်ခိုင်းနိုင်သည်။ တရားသူကြီးတစ်ဦးမှ လူတစ်ဦးအား မူးနေချိန်ယာဉ်မောင်းခြင်း ကဲ့သို့သော ဖြစ်နိုင်ခြေအကြောင်းရင်း ရှိကြောင်း စီရင်ပါက ထိုပုဂ္ဂိုလ်အနေနှင့် ယာဉ်မောင်းခွင့်များ ဆိုင်းငံ့ခြင်းခံရနိုင်သည်။

- ဓာတုစစ်ဆေးမှု မအောင်သည့် ယာဉ်မောင်းတစ်ဦးအနေနှင့် ယာဉ်မောင်းခွင့်များကို ရက်ပေါင်း 180 ဆိုင်းငံ့ထားခြင်း ခံရလိမ့်မည်။

- ဓာတုစစ်ဆေးမှုကို ငြင်းပယ်သည့် ယာဉ်မောင်းတစ်ဦးအနေနှင့် ယာဉ်မောင်းခွင့်များကို တစ်နှစ် ဆိုင်းငံ့ထားခြင်း ခံရလိမ့်မည်။
- မူးနေချိန်ယာဉ်မောင်းသည့်အတွက် ယခင်ပြစ်ဒဏ်ခံနေရသူဖြစ်ပြီး ဓာတုစစ်ဆေးမှုကို ငြင်းပယ်သည့် ယာဉ်မောင်းတစ်ဦးအနေနှင့် ယာဉ်မောင်းခွင့်များကို နှစ်နှစ် ဆိုင်းငံ့ထားခြင်း ခံရလိမ့်မည်။

ဖြစ်နိုင်ခြေအကြောင်းရင်းကြောင့် ဆိုင်းငံ့ခြင်းအပြင် မူးနေချိန်ယာဉ်မောင်းခြင်းကြောင့် ပြစ်မှုကျူးလွန်ကြောင်း စီရင်ချက်ချပြီးနောက် ထိုပုဂ္ဂိုလ်၏ ယာဉ်မောင်းခွင့်များကို တရားရုံးမှ ဆိုင်းငံ့နိုင်သည်။ ပြစ်မှုထပ်မံကျူးလွန်သူများအတွက် ယာဉ်မောင်းခွင့်ဆိုင်းငံ့သည့် အချိန်ကာလပိုကြာရှည်နိုင်သည်။ ထိုပြစ်မှုအတွက် ပြစ်ဒဏ်များသည် ယာဉ်မောင်းခွင့်များအပေါ် သတ်မှတ်ချက်များ ပါဝင်နိုင်သည်။

ယာဉ်မောင်းအနေနှင့် သတ်မှတ်ချက်နှင့်ကိုက်ညီလျှင် အထူးခွင့်ပြုထားသော ယာဉ်မောင်းခွင့်များအဖြစ် တရားရုံးမှ အမိန့်ထုတ်နိုင်သည်။ ကားစက်မနိုးမီ ယာဉ်မောင်း၏ အရက်ပမာဏနှုန်းကို စက်စနစ်ဖြင့်စစ်ဆေးသည့် စက်နိုးသော့ကိရိယာတစ်ခု တပ်ဆင်ရန်အတွက်လည်း တရားရုံးအနေနှင့် သတ်မှတ်နိုင်သည်။

အသက် 18 နှစ်အောက်ရှိသော ယာဉ်မောင်းတစ်ဦးကို မူးနေချိန်ယာဉ်မောင်းခြင်းကြောင့် ရုံးတက်ရန်ဆင့်စာပေးပါက လူငယ်တရားရုံးအနေနှင့် ထိုပုဂ္ဂိုလ်၏ ယာဉ်မောင်းခွင့်များကို ဆိုင်းငံ့ရန်အတွက်လည်း အကြံပြုနိုင်သည်။

## *မူးနေချိန်ရေယာဉ်မောင်းခြင်း*

မူးနေချိန်ရေယာဉ်မောင်းခြင်းကြောင့် ပြစ်မှုစီရင်ပါက သင့်ယာဉ်မောင်းခွင့်များကို မော်တော်ယာဉ် မောင်းနှင်သူတစ်ဦးကဲ့သို့ပင် ကြုံရမည့် ပြစ်ဒဏ်ချင်းတူပါသည်။

မူးနေချိန်ရေယာဉ်မောင်းခြင်း အတွက် ပြစ်မှုစီရင်ချက်ကို BMV ထံသို့ပို့ပေးမည်ဖြစ်ပြီး ထိုပြစ်မှုသည် သင့်ယာဉ်မောင်းမှတ်တမ်း အစိတ်အပိုင်း ဖြစ်လာမည်။

မဆင်မခြင်မောင်းနှင်ခြင်းကြောင့် အခြားသူများ၏ဘေးကင်းမှုကို အန္တရာယ်ပြုခြင်း သို့မဟုတ် သင့်ယာဉ်မောင်းခွင့်များကို ဆိုင်းငံ့ထားစဉ် ရေယာဉ်မောင်းနှင်ခြင်း ကဲ့သို့သော ရေယာဉ်မောင်းနှင်ခြင်းနှင့် သက်ဆိုင်သည့် အခြားသော ပြစ်မှုကျူးလွန်ခြင်းများကိုလည်း သင့်ယာဉ်မောင်းမှတ်တမ်းထဲတွင် ထည့်သွင်းပါလိမ့်မည်။

## *ကလေးထောက်ပံ့ကြေး ပေးရန်ပျက်ကွက်ခြင်း*

ကလေးထောက်ပံ့ကြေး ပေးရမည့်တာဝန် ပျက်ကွက်သည့် မိဘတစ်ဦးဖြစ်ကြောင်း ဆုံးဖြတ်သည့်တရားရုံးအနေနှင့် တာဝန်ပျက်ကွက်သည့် မိဘ၏ယာဉ်မောင်းခွင့်များကို ချက်ချင်းဆိုင်းငံ့ထားရန် BMV ကို အမိန့်ထုတ်နိုင်သည်၊ တရားရုံးထံမှ ထိုတာဝန်ပျက်ကွက်သည့်မိဘ၏ ယာဉ်မောင်းခွင့်များကို ပြန်လည်အသက်သွင်းရန် အမိန့်မရမချင်း ဆိုင်းငံ့ထားနိုင်သည်။

မိဘတစ်ဦးအနေဖြင့် တရားရုံးတက်ရောက်ရန် ပျက်ကွက်ကြောင်းနှင့် တရားရုံးတက်ရောက်ပြီး တာဝန်မကျေကြောင်း ကလေးထောက်ပံ့ကြေး ပေးချေမှုများကို ပြဋ္ဌာန်းရန်တာဝန်ရှိသည့် ဒေသခံအေဂျင်စီအဖွဲ့အစည်းမှ ဆုံးဖြတ်ပါက ထိုအေဂျင်စီအနေနှင့် အဆိုပါမိဘ၏ ယာဉ်မောင်းခွင့်များကို ဆိုင်းငံ့ထားရန်လည်း BMV ကိုအမိန့်ထုတ်နိုင်ပြီး ထိုမိဘအနေနှင့် ငွေပေးချေပြီးဖြစ်ကြောင်း သို့မဟုတ် ငွေပေးချေရန်စီမံချက် ချမှတ်ထားပြီးဖြစ်ကြောင်း BMV ကို အကြောင်းမကြားခင်အထိ ဆိုင်းငံ့ထားနိုင်သည်။

## *ငွေစာရင်းထဲငွေမလုံလောက်ဘဲ BMV ထံသို့ အခကြေးပေးပို့ခြင်း*

BMV ထံသို့ ဝန်ဆောင်မှုများ သို့မဟုတ် ကုန်ကျစရိတ်တစ်ခုခုအတွက် အခကြေးပေးချေမှု တင်သွင်းပြီး ထိုပေးချေမှုအတွက် ငွေထုတ်၍မရပါက သင့်ယာဉ်မောင်းခွင့်များကို အချိန်ကန့်သတ်ချက်မရှိ ဆိုင်းငံ့ထားပါလိမ့်မည်။ သင့်ယာဉ်မောင်းခွင့်များကို ပြန်လည်အသက်သွင်းရန်အတွက် သင့်မှာ တာဝန်ရှိသည့်ငွေပမာဏနှင့်အတူ သက်ဆိုင်ရာ ဝန်ဆောင်မှု၊ အကြွေးတောင်းခံမှုနှင့် ပြန်လည်အသက်သွင်းခများ အားလုံးကို ငွေပေးချေရမည်။

## *သင့်ယာဉ်မောင်းမှတ်တမ်းကို စစ်ဆေးခြင်းနှင့် ပြန်လည်အသက်သွင်းခြင်း*

သင့်ယာဉ်မောင်းမှတ်တမ်းတွင် ရှိသောပြဿနာများကို ဖြေရှင်းပြီးနောက် တရားဝင် သက်သေခံလက်မှတ်ရယူရန်နှင့် လမ်းမပေါ် ယာဉ်ပြန်မောင်းရန် စိတ်ထက်သန်နိုင်သည်။ သင့်အတွက် ပထမဦးဆုံးကိစ္စသည် ယာဉ်မောင်းမှတ်တမ်း စစ်ဆေးခြင်း ဖြစ်သင့်ပြီး IN.gov/BMV တွင် အချိန်မရွေး အခမဲ့ ကြည့်ရှုနိုင်သည်။ ပထမဦးဆုံးအကြိမ် ကြည့်ရှုခြင်းဖြစ်ပါက IN.gov/BMV တွင် အမည်စာရင်းတစ်ခု စာရင်းသွင်းရန်လိုအပ်ပါလိမ့်မည်။ myBMV.com တွင်ရှိသည့် ကြည့်ရှုနိုင်သော ယာဉ်မောင်းမှတ်တမ်း "Viewable Driver Record" သည် သင့်ယာဉ်မောင်းလိုင်စင် အခြေအနေနှင့်အတူ ရုံးတက်ရန်ဆင့်စာ အချက်အလက်များ၊ ဆိုင်းငံ့ခြင်းများ၊ နှင့် သင့်ယာဉ်မောင်းခွင့်များကို မည်သို့ပြန်လည်အသက်သွင်းမည်၊ စသည့်အကြောင်းအရာများ ပါဝင်သည်။

IN.gov/BMV တွင်စာရင်းပေးပြီး ဝင်ကြည့်သောအခါ စာမျက်နှာ၏ဘယ်ဘက်ရှိ ယာဉ်မောင်းမှတ်တမ်း "Driver Record" ကိုရွေးပါ၊ ထို့နောက် သင့်ယာဉ်မောင်းမှတ်တမ်းကို ကြည့်ရှုရန်အတွက် "Viewable Driver Record" ကို ရွေးပါ။

တရားဝင်ယာဉ်မောင်းမှတ်တမ်း "Official Driver Record" တစ်ခုကိုလည်း $4 ဖြင့် ဝယ်ယူနိုင်သည်။ ပြန်လည်အသက်သွင်းနိုင်သော ရက်စွဲနှင့်အတူ ပြန်လည်အသက်သွင်းရန် သတ်မှတ်ချက်များ တစ်ခုခုကျန်နေသေးပါက ကြည့်ရှုနိုင်သော ယာဉ်မောင်းမှတ်တမ်း၏ ထိပ်ဘက်အနီးရှိ "Reinstatement Requirements" အကွက်ထဲတွင်၊ သို့မဟုတ် သင်၏ တရားဝင်ယာဉ်မောင်းမှတ်တမ်း ထဲတွင် ဖော်ပြထားမည်။

သင့်ယာဉ်မောင်းခွင့်များကို တရားရုံးမှ ဆိုင်းငံ့ထားနေသေးပါက တရားရုံး၏ဖုန်းနံပါတ်ကို သက်ဆိုင်ရာ တရားရုံးအမိန့်ဖြင့် ဆိုင်းငံ့ခြင်းနှင့်အတူ ဖော်ပြထားမည်။ ဆိုင်းငံ့ခြင်းတစ်ခုခုအတွက် သတ်မှတ်ချက်များကို မည်သို့ဖြည့်ဆည်းရကြောင်း သိရှိရန်အတွက် တရားရုံးကို ဆက်သွယ်နိုင်သည်။

တရားရုံး၏ သတ်မှတ်ချက်များကို ဖြည့်ဆည်းပြီးသောအခါ တရားရုံးမှ ပြန်လည်အသက်သွင်းရန် အချက်အလက်များကို ဆက်လက်ဆောင်ရွက်ရန်အတွက် BMV ထံသို့ တိုက်ရိုက်ပို့ပေးမည်။ တရားရုံးထံမှ အချက်အလက် လက်ခံရရှိသောအခါ BMV အနေနှင့် စီစဉ်ဆောင်ရွက်ရန်အတွက် ရုံးဖွင့်ရက် 10 ရက်အထိ ကြာနိုင်သည်။

➔ မှတ်ချက်။ ကြည့်ရှုနိုင်သော ယာဉ်မောင်းမှတ်တမ်းကို စာထုတ်၍မရပါ၊ ထို့အတူ သင့်ယာဉ်မောင်းမှတ်တမ်း၏ တရားဝင်မှတ်တမ်း စာရွက်စာတမ်းတစ်ခုအဖြစ် အသုံးမပြုသင့်ပါ။ တရားဝင်ယာဉ်မောင်းမှတ်တမ်းသည် သင့်ယာဉ်မောင်းမှတ်တမ်း၏ တရားဝင်မှတ်တမ်း စာရွက်စာတမ်း တစ်ခုဖြစ်ပြီး တစ်ဦးချင်းပုဂ္ဂိုလ်များ၊ တရားရုံးများ၊ ပြည်နယ်အစိုးရ အေဂျင်စီများ၊ နှင့် အလုပ်ရှင်များမှ အသုံးပြုနိုင်သည်။ သင်၏ တရားဝင်ယာဉ်မောင်းမှတ်တမ်းကို ဝယ်ယူပြီးနောက် စာထုတ်ရန်အတွက် ရက် 30 အထိရှိနေမည်။ IN.gov/BMV တွင် ဝယ်ယူသောအခါ အီလက်ထရွန်နစ်ဖြင့် တရားဝင်ယာဉ်မောင်းမှတ်တမ်း ကိုလည်း ရယူနိုင်ပါသည်။ လူတစ်ဦးချင်းအနေနှင့်လည်း မိမိ၏ တရားဝင်ယာဉ်မောင်းမှတ်တမ်းကို BMV Connect ဝန်ဆောင်မှုစနစ် တစ်ခုခုတွင် ဝယ်ယူနိုင်ပြီး စာထုတ်ယူနိုင်သည်။

## ယာဉ်စည်းကမ်း ချိုးဖောက်လေ့ရှိသူများ

အင်ဒီယားနားပြည်နယ် ဥပဒေသည် 10 နှစ်ကာလအတွင်း ယာဉ်စည်းကမ်းဆိုင်ရာ ပြစ်မှုများကို ထပ်ခါတလဲလဲကျူးလွန်သော ယာဉ်မောင်းများအတွက် ကြီးလေးသည့် ပြစ်ဒဏ်များပေးပါသည်။ ယာဉ်မောင်းတစ်ဦးအနေနှင့် ယာဉ်စည်းကမ်း ချိုးဖောက်လေ့ရှိသူ (HTV) သတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိမရှိ ဆုံးဖြတ်ရန်အတွက် BMV မှ အောက်ပါအပိုင်းများတွင် အကျဉ်းချုပ် ဖော်ပြထားသည့် ဥပဒေပြဋ္ဌာန်းချက်အရ သတ်မှတ်ချက်များကို အသုံးပြုပါသည်။

### *အပိုင်း A (10 နှစ်ကြာ သို့မဟုတ် တစ်သက်လုံး ဆိုင်းငံ့ခြင်း)။ ကြီးလေးသည့် ပြစ်မှုနှစ်ခု ထိခိုက်ဒဏ်ရာရရှိမှု သို့မဟုတ် သေဆုံးမှု ဖြစ်သွားခြင်း*

HTV သည် 10 နှစ်ကာလအတွင်း ဒဏ်ရာရရှိမှု သို့မဟုတ် သေဆုံးမှု ဖြစ်သွားခြင်းအပေါ် ကြီးလေးသည့် စီရင်ချက်နှစ်ခု ချမှတ်ခံရသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။ သင့်ယာဉ်မောင်းခွင့်များတွင် HTV အဆင့် သတ်မှတ်ခြင်း ခံရမည့် ရာဇဝတ်မှုအချို့ကို အောက်ပါအတိုင်း တင်ပြထားပါသည်။

- မော်တော်ယာဉ်မောင်းနှင်ခြင်းဖြင့် သတိမထားဘဲလူသတ်မှု ဖြစ်သွားခြင်း
- မော်တော်ယာဉ်မောင်းနှင်ခြင်းကြောင့် ဆန္ဒအလျောက်ဖြစ်စေ၊ ဆန္ဒမပါသည်ဖြစ်စေ လူသေမှု ဖြစ်သွားခြင်း
- သေဆုံးမှု သို့မဟုတ် ဒဏ်ရာရရှိမှု ဖြစ်သွားသည့် မတော်တဆဖြစ်မှုတစ်ခုတွင် ပါဝင်ပြီး အချက်အလက်နှင့် အကူအညီပေးရန်အတွက် မတော်တဆဖြစ်မှု ဖြစ်ပွားရာနေရာတွင် ရပ်နားရန် ပျက်ကွက်သော ယာဉ်မောင်းတစ်ဦး
- သေဆုံးမှုဖြစ်သွားစေသည့် မူးနေချိန် မော်တော်ယာဉ်မောင်းနှင်ခြင်း
- သွေးထဲအရက်ပါဝင်နှုန်းသည် .08 သို့မဟုတ်အထက်ရှိပြီး သေဆုံးမှုဖြစ်သွားသည့် မော်တော်ယာဉ်မောင်းနှင်ခြင်း

အထက်ပါစာရင်းတွင် 10 နှစ်ကာလအတွင်း စီရင်ချက်နှစ်ခု ချမှတ်ခံရသည့် ယာဉ်မောင်းများ၏ ယာဉ်မောင်းခွင့်များကို 10 နှစ်ကြာ ဆိုင်းငံ့ခြင်းခံရလိမ့်မည်။

မူးနေချိန် မော်တော်ယာဉ် မောင်းနှင်ခြင်း၊ သို့မဟုတ် သွေးထဲအရက်ပါဝင်နှုန်း .08 ရာခိုင်နှုန်း သို့မဟုတ်အထက်ရှိပြီး မော်တော်ယာဉ် မောင်းနှင်ခြင်းကြောင့် သေဆုံးမှုဖြစ်သွားသည့်အတွက် 10 နှစ်ကာလအတွင်း စီရင်ချက်နှစ်ခု ချမှတ်ခံရသည့် ယာဉ်မောင်းများ၏ ယာဉ်မောင်းခွင့်များကို တစ်သက်လုံး ဆိုင်းငံ့ထားမည်။

ဇွန်လ 30 ရက်နေ့၊ 2001 မတိုင်ခင်တွင် မူးနေချိန် မော်တော်ယာဉ် မောင်းနှင်ခြင်း၊ သို့မဟုတ် သွေးထဲနှင့် 210 လီတာအသက်ရှူနှုန်းထဲတွင် အရက်ပါဝင်မှု .10 ရာခိုင်နှုန်း သို့မဟုတ်အထက် ရှိပြီး မော်တော်ယာဉ် မောင်းနှင်ခြင်းကြောင့် သေဆုံးမှုဖြစ်သွားသည့်အတွက် 10 နှစ်ကာလအတွင်း စီရင်ချက်နှစ်ခု ချမှတ်ခြင်းခံရသည့် ယာဉ်မောင်းများ၏ ယာဉ်မောင်းခွင့်များကို တစ်သက်လုံးဆိုင်းငံ့ထားပါသည်။

### *အပိုင်း B (10 နှစ်ကြာ ဆိုင်းငံ့ခြင်း)။ ကြီးလေးသည့် ပြစ်မှုသုံးခု*

10 နှစ်ကာလအတွင်း အောက်ပါစာရင်းမှ စီရင်ချက်သုံးခု ချမှတ်ခြင်းခံရသော ယာဉ်မောင်းများ၏ ယာဉ်မောင်းခွင့်များကို 10 နှစ်ကြာ ဆိုင်းငံ့ခြင်းခံရမည်။

- မူးနေချိန်ယာဉ်မောင်းခြင်း သို့မဟုတ် သွေးထဲအရက်ပါဝင်နှုန်း .08 ရာခိုင်နှုန်းသို့မဟုတ်အထက်ရှိပြီး ယာဉ်မောင်းခြင်း
- ဇွန်လ 30 ရက်နေ့၊ 2001 မတိုင်ခင်တွင် သွေးထဲနှင့် 210 လီတာအသက်ရှူနှုန်းထဲတွင် အရက်ပါဝင်မှု .10 ရာခိုင်နှုန်း သို့မဟုတ်အထက် ရှိပြီး မော်တော်ယာဉ် မောင်းနှင်ခြင်းကြောင့် ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့် ယာဉ်မောင်းများ
- ဂျူလိုင်လ 1 ရက်နေ့၊ 1997 မတိုင်ခင်တွင် မူးနေချိန် မော်တော်ယာဉ် မောင်းနှင်ခြင်းကြောင့် သေဆုံးမှုဖြစ်သွားခြင်း၊ သို့မဟုတ် 210 လီတာအသက်ရှူနှုန်းထဲတွင် အရက်ပါဝင်မှု .10 ရာခိုင်နှုန်း သို့မဟုတ်အထက် ရှိပြီး မော်တော်ယာဉ် မောင်းနှင်ခြင်းကြောင့် ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့် ယာဉ်မောင်းများ
- မဆင်မခြင်ယာဉ်မောင်းခြင်း
- မော်တော်ယာဉ် မောင်းနှင်ခြင်းပါဝင်သည့် ပြစ်မှုကြီးတစ်ခု ကဲ့သို့သော မဆင်ခြင်၍အန္တရာယ်ဖြစ်စေမှု
- ဥပဒေကိုချိုးဖောက်သည့် တာတိုယာဉ်မောင်းပြိုင်ပွဲ သို့မဟုတ် အမြန်နှုန်းယှဉ်ပြိုင်မှုတွင် ပါဝင်ခြင်း

- မတော်တဆဖြစ်မှု ဖြစ်ပွားရာနေရာမှ ထွက်သွားခြင်း သို့မဟုတ် လိုအပ်သည့်အခါ အာဏာပိုင်များကို အကြောင်းကြားရန် ပျက်ကွက်ခြင်း
- အင်ဒီယားနားပြည်နယ် ဥပဒေ IC 35-44.1-3-1 အရ ဥပဒေထိန်းသိမ်းရေးအရာရှိကို ခုခံခြင်း
- အင်ဒီယားနားပြည်နယ် မော်တော်ယာဉ်ဥပဒေအရ မည်သည့်ပြစ်မှုကြီးမဆို၊ သို့မဟုတ် ယာဉ်မောင်းခြင်းသည် ပြစ်မှုအစိတ်အပိုင်းတစ်ခု ဖြစ်သည့် မည်သည့်ပြစ်မှုကြီးမဆို
- အင်ဒီယားနားပြည်နယ်ဥပဒေ IC 9-24-1-1(b) ကိုချိုးဖောက်သည့် စက်နှင့်မောင်းနှင်သောဆိုင်ကယ် – Class B အမျိုးအစားကို မောင်းနှင်ခြင်း
- အပိုင်း A တွင် တင်ပြထားသော မည်သည့်ပြစ်မှုမဆို

### *အပိုင်း C ။ ဆယ်နှစ်ကာလအတွင်း ယာဉ်စည်းကမ်းဆိုင်ရာ ပြစ်မှုဆယ်ခု*

ဤအပိုင်းတွင် 10 နှစ်အတွင်း အပိုင်း A အပိုင်း B တွင် ဖော်ပြထားသည့်အတိုင်း ပြစ်မှုကြီးတစ်ခု သို့မဟုတ် အောက်ပါပြစ်မှုတစ်ခုခု ပါဝင်သည့် ယာဉ်စည်းကမ်းချိုးဖောက်မှု 10 ခုသို့မဟုတ်အထက် ရှိသူ HTV တစ်ဦးသည် ငါးနှစ်ကြာ ယာဉ်မောင်းခွင့် ဆိုင်းငံ့ခြင်းခံရမည်။

- အင်ဒီယားနားပြည်နယ် ဥပဒေ IC 9-1-4-52 (ဂျူလိုင် 1 ရက်နေ့၊ 1991 တွင်ရုပ်သိမ်းခဲ့သည်)၊ IC 9-24-18-5(b) (ဂျူလိုင် 1 ရက်နေ့၊ 2000 တွင် ရုပ်သိမ်းခဲ့သည်)၊ IC 9-24-19-2 ၊ သို့မဟုတ် IC 9-24-19-3 အရ ပြစ်ဒဏ်ချမှတ်ခြင်းကြောင့် လူတစ်ဦး၏ လိုင်စင်ဆိုင်းငံ့ခြင်း သို့မဟုတ် ပြန်လည် ရုပ်သိမ်းခြင်း ခံရစဉ် မော်တော်ယာဉ် မောင်းနှင်ခြင်း
- ယာဉ်မောင်းလိုင်စင်ကို တခါမှ ရယူခြင်းမရှိဘဲ မော်တော်ယာဉ် မောင်းနှင်ခြင်း

ဥပမာအဖြစ် 10 နှစ်ကာလအတွင်း အမြန်နှုန်းလွန်၍ တရားဝင်ဆင့်စာကိုးခုနှင့် မဆင်မခြင်ယာဉ်မောင်းခြင်းကြောင့် ပြစ်ဒဏ်တစ်ခု ချမှတ်ခြင်းခံရသည့် ပုဂ္ဂိုလ် တစ်ဦးအနေနှင့် HTV အဖြစ် ငါးနှစ်ဆိုင်းငံ့ခြင်း ခံရလိမ့်မည်။

### *HTV တစ်ဦးအဖြစ် ဆိုင်းငံ့ခြင်းခံရစဉ် ယာဉ်မောင်းခြင်း*

အင်ဒီယားနားပြည်နယ် ဥပဒေအရ HTV တစ်ဦးအဖြစ် ဆိုင်းငံ့ခြင်းခံရစဉ် ယာဉ်မောင်းခြင်းကြောင့် ပြစ်ဒဏ်ချမှတ်ခြင်း ခံရသောပုဂ္ဂိုလ်တစ်ဦး အနေနှင့် တရားရုံးမှ ချမှတ်ထားသော ကာလတစ်ခုအတွင်း အခြားသော ယာဉ်မောင်းခွင့်များကို ဆိုင်းငံ့ထားနိုင်သည်။

### *ကန့်သတ်ချက် 5။ စမ်းသပ်ကာလ သို့မဟုတ် အထူးခွင့်ပြုထားသော ယာဉ်မောင်းခွင့်များ*

ကန့်သတ်ချက် “Restriction 5” ကို အခက်အခဲကြောင့် မောင်းနှင်ခွင့်၊ စမ်းသပ်ကာလအတွင်း မောင်းနှင်ခွင့်၊ သတ်မှတ်ချက်အရ မောင်းနှင်ခွင့်၊ သို့မဟုတ် အထူးခွင့်ပြုထားသော ယာဉ်မောင်းခွင့်များ ပေးထားသည့် ပုဂ္ဂိုလ်၏ ယာဉ်မောင်းလိုင်စင်အပေါ် တရားရုံးအမိန့်ဖြင့် ချမှတ်ပါသည်။

HTV ဆိုင်းငံ့ခြင်းများ/ ဇန်နဝါရီလ 1 ရက်နေ့၊ 2015 သို့မဟုတ် နောက်ပိုင်းတွင် သက်တမ်းကုန်သော HTV စမ်းသပ်ကာလ ယာဉ်မောင်းလိုင်စင်များ၏ မှတ်တမ်းများတွင် ကန့်သတ်ချက် 2 ကို မထည့်သွင်းတော့ပါ။

### *SR22 အာမခံကြေးနှင့် အထူးခွင့်ပြုထားသော ယာဉ်မောင်းခွင့်များ*

တရားရုံးမှ အထူးခွင့်ပြုထားသော ယာဉ်မောင်းခွင့်များ ရရှိသူတစ်ဦးအနေနှင့် ဆောင်ရွက်ရန်။

- အထူးယာဉ်မောင်းခွင့်များကို ခွင့်ပြုထားသော ကာလအတွင်း BMV တွင် အကျုံးဝင်သော SR22 ထိန်းသိမ်းခြင်း
- အထူးယာဉ်မောင်းခွင့်များကို ခွင့်ပြုသော တရားရုံးအမိန့် မိတ္တူတစ်စောင်ကိုင်ဆောင်ခြင်း၊ သို့မဟုတ် ထိုပုဂ္ဂိုလ်မောင်းနှင်မည့် ယာဉ်ထဲတွင် ထည့်ထားခြင်း
- တာဝန်ရှိသူမှ တောင်းဆိုသည့်အခါတွင် တရားရုံးမှ အထူးခွင့်ပြုထားသော ယာဉ်မောင်းခွင့်မိတ္တူကို ဖော်ပြရမည်။
- မော်တော်ယာဉ်မောင်းနှင်ချိန်အတွင်း တရားဝင်ထုတ်ပေးထားသော သက်သေခံလက်မှတ်ကို ကိုင်ဆောင်ခြင်း

# အခန်း ခြောက် | ယာဉ်ကြောထိန်းသည့် အမှတ်အသားများနှင့် အချက်ပြများ

ယာဉ်ကြောထိန်း အမှတ်အသားများသည် ယာဉ်သွားလာမှုကို ထိန်းချုပ်ပြီး လမ်းများနှင့် အဝေးပြေးလမ်းမကြီးကို ယာဉ်မောင်းများ၊ စက်ဘီးစီးသူများနှင့် လမ်းလျှောက်သွားသူများအတွက် ဘေးကင်းအောင် ဆောင်ရွက်ပေးသည်။ အင်ဒီယားနားပြည်နယ် သယ်ယူပို့ဆောင်ရေးဌာနနှင့် ဒေသခံအစိုးရများမှ ချထားသော သင်္ကေတ အမှတ်အသားများသည် အရောင်များ၊ ပုံသဏ္ဍာန်များ၊ စာရေးသားခြင်းများနှင့် သင်္ကေတများကို အသုံးပြုခြင်းဖြင့် ယာဉ်မောင်းများအား လျှင်မြန်စွာ နားလည်စေပါသည်။ အင်ဒီယားနားပြည်နယ် ယာဉ်မောင်းလိုင်စင် ရယူရန်အတွက် ဤအမှတ်အသားများကို နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။

## ယာဉ်ကြောထိန်းသည့် အမှတ်အသား အရောင်များ

ယာဉ်ကြောထိန်းသည့် အမှတ်အသား၏ နောက်ခံအရောင်သည် တင်ပြထားသော အချက်အလက်အမျိုးအစားကို မှတ်မိစေပါသည်။ သင်္ကေတ အမှတ်အသားများတွင် အများအားဖြင့် အရောင်ခုနစ်မျိုးကို အသုံးပြုလေ့ရှိသည်။




***အနီရောင်ရှိသော ယာဉ်ကြောထိန်း အမှတ်အသားများ***

အနီရောင် ယာဉ်ကြောထိန်း အမှတ်အသားများသည် ဘေးအန္တရာယ်ကို ရှောင်ကြဉ်ရန်အတွက် ချက်ချင်းဆောင်ရွက်ရမည့် အရာကို ယာဉ်မောင်းများအတွက် ဖော်ပြပေးသော ယာဉ်စည်းကမ်းများ ဖြစ်ပါသည်။ လမ်းကြောင်းမှားနေကြောင်း "Wrong Way" ဟူသည့် အမှတ်အသားသည် အနီရောင်နောက်ခံဖြင့် ဖော်ပြထားသော အမှတ်အသား ဥပမာတစ်ခုဖြစ်သည်။





***အဝါရောင် သို့မဟုတ် စိမ်းဝါရောင် မီးရောင်ပြန်သည့် ယာဉ်ကြောထိန်း အမှတ်အသားများ***

အဝါရောင် သို့မဟုတ် စိမ်းဝါရောင် မီးရောင်ပြန်သည့် ယာဉ်ကြောထိန်း အမှတ်အသားများသည် ရှေ့တွင် ကြုံရမည့် လမ်းအခြေအနေ အတိအကျနှင့် အန္တရာယ်များရှိကြောင်း ကြိုတင်ပြင်ဆင်ရန် သတိပေးပြီး အနီးအနားတွင် ကျောင်းနယ်မြေဇုန် ဖြစ်ကြောင်း ယာဉ်မောင်းများကို သတိပေးပါသည်။ စိုစွတ်သောအခါ လမ်းချော်ကြောင်း "Slippery When Wet" ဟူသည့် အမှတ်အသားသည် အဝါရောင်နောက်ခံရှိသော အမှတ်အသား ဥပမာတစ်ခုဖြစ်သည်။ မီးရောင်ပြန်သည့် စိမ်းဝါရောင် အမှတ်အသားများသည် ထိုနေရာအနီးအနားတွင် ကျောင်းများ၊ လမ်းလျှောက်သွားသူများ၊ စက်ဘီးများနှင့် ကျောင်းဘတ်စကား လမ်းကြောင်း ရှိနေကြောင်း ယာဉ်မောင်းများကို သတိပေးပါသည်။ ကျောင်းနယ်မြေရှိ လူဖြတ်ကူးရန်လမ်းများအတွက် လမ်းလျှောက်သူဖြတ်ကူးရန် "Pedestrian Crossing" ဟူသည့် အမှတ်အသားသည် မီးရောင်ပြန်သည့် စိမ်းဝါရောင် နောက်ခံရှိနိုင်သည့် ယာဉ်ကြောထိန်း အမှတ်အသား ဥပမာတစ်ခုဖြစ်သည်။




***အဖြူရောင်ရှိသော ယာဉ်ကြောထိန်း အမှတ်အသားများ***

အဖြူရောင် ယာဉ်ကြောထိန်း အမှတ်အသားများသည် အထောက်အကူဖြစ်စေသည့် အဝေးပြေးလမ်းမကြီး အကွာအဝေးမှတ်တိုင် အချက်အလက်များနှင့်အတူ ယာဉ်မောင်းများ လိုက်နာရမည့် အမြန်နှုန်းကန့်သတ်ချက်ကဲ့သို့သော ယာဉ်စည်းကမ်းများကို ဖော်ပြထားပါသည်။ မီးနီလျှင်မကွေ့ရ "No Turn On Red" ဟူသည့် အမှတ်အသားသည် အဖြူရောင်နောက်ခံဖြင့် ဖော်ပြထားသော အမှတ်အသား ဥပမာတစ်ခုဖြစ်သည်။



***လိမ္မော်ရောင်ရှိသော ယာဉ်ကြောထိန်း အမှတ်အသားများ***

လိမ္မော်ရောင် ယာဉ်ကြောထိန်း အမှတ်အသားများသည် ယာဉ်ကြော၏ ယာယီအခြေအနေများ ရှိနေကြောင်း ယာဉ်မောင်းများကို သတိပေးပါသည်။ ဤအမှတ်အသားများသည် အဝေးပြေးလမ်းမကြီး ဆောက်လုပ်ရေးနှင့် ထိန်းသိမ်းရေး လုပ်ငန်းများကြောင့် ရှေ့တွင်ကြုံရမည့် လမ်းအခြေအနေများနှင့် ပတ်သက်ပြီး ယာဉ်မောင်းများကို သတိပေးရန်အတွက် အသုံးပြုပါသည်။ ရှေ့တွင်အလံကိုင်သူရှိသည် "Flagger Ahead" ဟူသည့် အမှတ်အသားသည် လိမ္မော်ရောင်နောက်ခံဖြင့် ဖော်ပြထားသော အမှတ်အသား ဥပမာတစ်ခုဖြစ်သည်။




***အစိမ်းရောင်ရှိသော ယာဉ်ကြောထိန်း အမှတ်အသားများ***

အစိမ်းရောင်ရှိသော ယာဉ်ကြောထိန်း အမှတ်အသားများသည် အဝေးပြေးလမ်းမကြီး အဝင်အထွက်များ သို့မဟုတ် ရှေ့တွင် ရောက်မည့်နေရာများ၏ အကွာအဝေးကဲ့သို့ ခွင့်ပြုထားသည့် ရွှေ့လျားသွားလာမှုများနှင့် လမ်းညွှန်ချက်များကို ဖော်ပြထားပါသည်။ အကွာအဝေးကို ဖော်ပြထားသော အမှတ်အသားသည် အစိမ်းရောင်နောက်ခံရှိသည့် ယာဉ်ကြောထိန်း အမှတ်အသား ဥပမာတစ်ခုဖြစ်သည်။




***အပြာရောင်ရှိသော ယာဉ်ကြောထိန်း အမှတ်အသားများ***

အပြာရောင်ရှိသော ယာဉ်ကြောထိန်း အမှတ်အသားများသည် လမ်းအတွက် ဝန်ဆောင်မှုများနှင့် လမ်းကြောင်း အချက်အလက်ကို ဖော်ပြပါသည်။ အဆင်ပြေစေမည့်ဝန်ဆောင်မှုများနှင့် ပတ်သက်သည့် အချက်အလက်ကို ဖော်ပြထားသော အမှတ်အသားသည် အပြာရောင်နောက်ခံရှိသည့် ယာဉ်ကြောထိန်း အမှတ်အသား ဥပမာတစ်ခုဖြစ်သည်။




***အညိုရောင်ရှိသော ယာဉ်ကြောထိန်း အမှတ်အသားများ***

အညိုရောင်ရှိသော ယာဉ်ကြောထိန်း အမှတ်အသားများသည် အနီးအနားတွင် အပန်းဖြေအနားယူရန်နှင့် ယာဉ်ကျေးမှုဆိုင်ရာ စိတ်ဝင်စားဖွယ်နေရာများရှိကြောင်း ဖော်ပြပါသည်။ ပြည်နယ်ဥယျာဉ် အနီးအနားတွင်ရှိကြောင်း ဖော်ပြထားသော အမှတ်အသားသည် အညိုရောင်နောက်ခံရှိသည့် ယာဉ်ကြောထိန်း အမှတ်အသား ဥပမာတစ်ခုဖြစ်သည်။

## ယာဉ်ကြောထိန်းသည့် အမှတ်အသား ပုံသဏ္ဍာန်များ

ယာဉ်ကြောထိန်း အမှတ်အသား၏ ပုံသဏ္ဍာန်လည်း တင်ပြထားသော အချက်အလက် အမျိုးအစားကို ဖော်ပြထားသည်။ ယာဉ်ကြောထိန်း အမှတ်အသားများအတွက် အများအားဖြင့် အသုံးပြုသည့် ပုံသဏ္ဍာန် ခုနစ်မျိုးရှိပါသည်။




***စက်ဝိုင်းပုံ ယာဉ်ကြောထိန်း အမှတ်အသားများ***
စက်ဝိုင်းပုံ ယာဉ်ကြောထိန်း အမှတ်အသားများသည် ရှေ့တွင် ရထားလမ်းဆုံများရှိကြောင်း သတိပေးပါသည်။




***သုံးနားညီတြိဂံပုံ ယာဉ်ကြောထိန်း အမှတ်အသားများ***
အနားသုံးဘက်ညီသည့် တြိဂံပုံယာဉ်ကြောထိန်း အမှတ်အသားများသည် လမ်းဆုံကို ချဉ်းကပ်သောအခါ ယာဉ်မောင်းအနေဖြင့် အရှိန်လျှော့ရန်နှင့် အခြားယာဉ်မောင်းများ သို့မဟုတ် လမ်းလျှောက်သွားသူများကို ဦးစားပေး၍ အပြည့်အစုံရပ်ပေးရန်အတွက် အဆင်သင့်ဖြစ်နေအောင် ယာဉ်မောင်းများကို သတိပေးပါသည်။




***ကြက်လျှာအလံပုံ ယာဉ်ကြောထိန်း အမှတ်အသားများ***
ကြက်လျှာအလံပုံ ယာဉ်ကြောထိန်း အမှတ်အသားများသည် နှစ်လမ်းမောင်း၏ ဘယ်ဘက်အခြမ်းတွင် တင်ပြထားပြီး အခြားယာဉ်များကို ဘယ်ဘက်မှ ကျော်မတက်ရန်အတွက် ယာဉ်မောင်းကို သတိပေးပါသည်။






***စတုဂံပုံ ယာဉ်ကြောထိန်း အမှတ်အသားများ***
စတုဂံပုံ ယာဉ်ကြောထိန်း အမှတ်အသားများသည် အချက်အလက် သုံးမျိုးအနက် တစ်မျိုးကို ဖော်ပြထားပါသည်။ ယာဉ်မောင်းများ လိုက်နာရမည့် အမြန်နှုန်း ကန့်သတ်ချက်များနှင့် ဥပမာအဖြစ် ဘယ်ဘက်မကွေ့ရ "No Left Turn" ဟူသည့် တားမြစ်ထားသော ချိုးကွေ့မှု ကဲ့သို့ ယာဉ်စည်းကမ်းများကို ဖော်ပြထားနိုင်သည်။

ပြည်နယ် အဝေးပြေးလမ်းမကြီးကို ဖော်ပြသော လမ်းကြောင်း သင်္ကေတ အမှတ်အသားများ၊ သို့မဟုတ် ရှေ့မြို့ရှိရာသို့ လမ်းညွှန်သော ရောက်ရှိမည့်နေရာ အမှတ်အသားများ ကဲ့သို့ အထောက်အကူဖြစ်သော အချက်အလက်များကို ဖော်ပြနိုင်သည်။

လမ်းကြောင်းတွင် အလွန်ကွေ့ကောက်သည့် အချိုးအကွေ့ရှိကြောင်း အကြံပြုထားသည့် အမြန်နှုန်း ကဲ့သို့ အန္တရာယ် အခြေအနေများ ရှိကြောင်းလည်း ယာဉ်မောင်းများကို သတိပေးနိုင်သည်။

အကြံပြုထားသည့် အမြန်နှုန်း အမှတ်အသားသည် အများအားဖြင့် သတိပေးသော စွန်ပုံစံ အမှတ်အသား နှင့်အတူ တင်ပြလေ့ရှိသည်။



***စွန်ပုံသဏ္ဍာန် ယာဉ်ကြောထိန်း အမှတ်အသားများ***
စွန်ပုံသဏ္ဍာန် ယာဉ်ကြောထိန်း အမှတ်အသားများသည် ရှေ့တွင်ကြုံရမည့် လမ်းအခြေအနေများနှင့် အန္တရာယ်များရှိကြောင်း ယာဉ်မောင်းများကို သတိပေးပါသည်။ စိုစွတ်သည့်အခါ ချောလဲတတ်သည့်ဆိုသော သင်္ကေတမှာ စိန်ပုံစံ ယာဉ်ကြောဆိုင်းဘုတ်ရဲ့ ဥပမာတစ်ခုဖြစ်ပါသည်။



***အနားငါးဘက်ရှိ ပဉ္စဂံပုံသဏ္ဍာန် ယာဉ်ကြောထိန်း အမှတ်အသားများ***
အနားငါးဘက်ရှိ ပဉ္စဂံပုံသဏ္ဍာန် ယာဉ်ကြောထိန်း အမှတ်အသားများသည် ကလေးများ လမ်းကူးနိုင်မည့် ကျောင်းအနီးအနား ဧရိယာတွင် ဝင်ရောက်နေကြောင်း ယာဉ်မောင်းများကို သတိပေးပါသည်။




***အနားရှစ်ဘက်ရှိ အဋ္ဌဂံ ပုံသဏ္ဍာန်ယာဉ်ကြောထိန်း အမှတ်အသားများ***
အနားရှစ်ဘက်ရှိ အဋ္ဌဂံ ပုံသဏ္ဍာန် ယာဉ်ကြောထိန်း အမှတ်အသားများသည် လမ်းဆုံတွင် ရပ်ရန်နှင့် ဦးစွာသွားခွင့်ရှိသူကို ဦးစားပေးရန်အတွက် ယာဉ်မောင်းများကို သတိပေးပါသည်။

## သတိပေးချက် အမှတ်အသားများ

သတိပေးချက် အမှတ်အသားများသည် ရှေ့တွင်ကြုံရမည့် လမ်းအခြေအနေများနှင့် အန္တရာယ်များရှိကြောင်း ယာဉ်မောင်းများကို ကြိုတင်ပြင်ဆင်ပေးပါသည်။ အောက်ပါ အမှတ်အသားများသည် အင်ဒီယားနားပြည်နယ်၏ သတိပေးချက် ယာဉ်ကြောထိန်း အမှတ်အသားဥပမာများ ဖြစ်ပါသည်။



ယာဉ်ကြောထပ်ပေါင်းထားသည်




စက်ဘီး



မြင်းဆွဲယာဉ်သတိပေးချက်



ကျွဲနွားတိရစ္ဆာန်



ကျဉ်းမြောင်းသောတံတား



အရာဝတ္ထု အမှတ်အသားများ



ရှေ့တွင်လမ်းဆုံရှိသည်



ရှေ့တွင်အချိုးအကွေ့ရှိသည်



သမင်



ဂေါက်ကွင်းယာဉ်




ရပ်ရန်အသင့်ပြင်ထားပါ



ရုတ်တရက်ချိုးရသော အကွေ့ အရှိန်လျှော့ပါ



ခြားထားသော အဝေးပြေး လမ်းမကြီးအစ



စိုက်ပျိုးရေးသုံး စက်ကိရိယာ




မီးသတ်ဌာန



ယာဉ်ကြောဆုံးမည်



မတ်စောက်သော ကုန်းဆင်း



ရှေ့တွင်ရပ်ရမည်



ယာဉ်ကြောရွှေ့ထားသည်




အမြင့်ကန့်သတ်ထားသည်



လမ်းဘေး မျက်နှာပြင်နိမ့်သည်



ယာဉ်ကြောဆုံမည်



နှစ်လမ်းမောင်း



ကွေ့ကောက်သောလမ်း



လမ်းလျှောက်သူ



ကစားကွင်း သတိပေးချက်



ဘေးတိုက်လမ်းဆုံ



စိုစွတ်သောအခါ လမ်းချော်သည်



“T”ပုံစံ လမ်းဆုံ



ယာဉ်ကြောထိန်း အချက်ပြ




တံတားများပေါ်တွင် ရေခဲကိုသတိပြုပါ



ရှေ့တွင်ဦးစားပေး၍ ရပ်ပေးရမည်

### *အဝေးပြေးလမ်းမကြီး ဆောက်လုပ်ရေးနှင့် ထိန်းသိမ်းရေး အမှတ်အသားများ*

ဆောက်လုပ်ရေး လုပ်ငန်းဇုန်များသည် ယာဉ်မောင်းများနှင့် ဆောက်လုပ်ရေးဝန်ထမ်းများ နှစ်ဦးနှစ်ဖက်စလုံး အတွက် အန္တရာယ်ရှိပါသည်။ အဝေးပြေး လမ်းမကြီး ဆောက်လုပ်ရေးသုံး လိမ္မော်ရောင် ယာဉ်ကြောထိန်း အမှတ်အသားများသည် ဆောက်လုပ်ရေးဇုန်များကို ချဉ်းကပ်သောအခါ သတိပြုရန် အတွက် ယာဉ်မောင်းများကို သတိပေးပါသည်။ အချို့သော ဆောက်လုပ်ရေး သင်္ကေတအမှတ်အသားများသည် လမ်းကြောင်းလွှဲပြောင်းသည့် သင်္ကေတ အမှတ်အသားကဲ့သို့ လမ်းညွှန်ချက်ပေးပါသည်၊ သို့မဟုတ် လုပ်ငန်းခွင်အတွက် ထည့်ပေါင်းသည့်ပြစ်ဒဏ်များ သင်္ကေတအမှတ်အသား ကဲ့သို့သော စည်းမျဉ်းစည်းကမ်းများကို ဖော်ပြပါသည်။



**လမ်းလွှဲထားသည်**



**ရှေ့တွင်လမ်းလွှဲထားသည်**



**လုပ်ငန်းခွင်အတွက် ထည့်ပေါင်းမည့်ပြစ်ဒဏ်များ**



**ရှေ့တွင်အလံကိုင်သူ ရှိသည်**


**ရှေ့တွင်အလံကိုင်သူ ရှိသည်**



**ညာဘက်ယာဉ်ကြောကို ပိတ်ထားသည်**



**ရှေ့တွင်လမ်းပြင်သည်**


**ရှေ့တွင်လုပ်ငန်းအဖွဲ့ ရှိသည်**



**လုပ်ငန်းခွင် အမြန်နှုန်း ကန့်သတ်ချက်**


---

### *ရထားလမ်း အမှတ်အသားများ*


ရထားလမ်း ယာဉ်ကြောထိန်း အမှတ်အသားများသည် ရှေ့တွင် ရထားလမ်းဆုံများရှိကြောင်း ယာဉ်မောင်းများကို သတိပေးပါသည်။




**ရထားလမ်းဆုံ**



**ရထားလမ်းဆုံ**


**ရထားလမ်းဆုံ**


**ရထားလမ်းဆုံ**

---

### *ကျောင်းနယ်မြေဇုန် အမှတ်အသားများ*

အဝါရောင် သို့မဟုတ် ရောင်ပြန်ဟပ်သော စိမ်းဝါရောင် အမှတ်အသားများသည် ကလေးများ လမ်းကူးနိုင်မည့် ကျောင်းအနီးအနား ဧရိယာတွင် ဝင်ရောက် နေကြောင်း ယာဉ်မောင်းများကို သတိပေးပါသည်။



**ကျောင်းဝန်း လမ်းကူးရာနေရာ**


**ကျောင်းဝန်း လမ်းကူးရာနေရာ**



**ရှေ့တွင်ကျောင်းဘတ်စကား ရပ်ရန်ရှိသည်**



**ရှေ့တွင်ကျောင်းဘတ်စကား ရပ်ရန်ရှိသည်**

### *နှေးကွေးစွာ သွားသောယာဉ်အတွက် သင်္ကေတ*

နှေးကွေးစွာ သွားသောယာဉ်အတွက် သင်္ကေတသည် အလယ်တွင် ရောင်ပြန်သည့်လိမ္မော်ရောင်နှင့် ရောင်ပြန်ဟပ်သည့် အနီရောင် အနားကွပ်များရှိပြီး တစ်နာရီ 25 မိုင်နှုန်းထက်ပို၍ မသွားရသည့် နှေးကွေးသောယာဉ် ရှိကြောင်း ဖော်ပြပါသည်။



**နှေးကွေးစွာသွားသောယာဉ်**

---

### *အမြန်နှုန်း အကြံပြုချက် အမှတ်အသားများ*


အမြန်နှုန်း အကြံပြုချက် အမှတ်အသားများသည် သတိပေးချက် အမှတ်အသားများနှင့် တွဲထားနိုင်သည်။




**ထွက်ပေါက်တွင် အမြန်နှုန်းအကြံပြုထားသည်**




**အဝိုင်းလမ်းဆုံတွင် အမြန်နှုန်းအကြံပြုထားသည်**





**ဝင်ထွက်ရန် ဆင်ခြေလျှော လမ်းများတွင် အမြန်နှုန်း အကြံပြုထားသည်**




**ရှေ့တွင် အမြန်နှုန်း ကန့်သတ်ချက်**

## ယာဉ်စည်းကမ်း အမှတ်အသားများ

ယာဉ်စည်းကမ်း အမှတ်အသားများသည် ယာဉ်သွားလာသည့် အမြန်နှုန်းနှင့် လှုပ်ရှားမှုအတွက် စည်းကမ်းချမှတ်ပြီး ယာဉ်မောင်းများ လိုက်နာရမည့် စည်းမျဉ်းများကို ဖော်ပြထားပါသည်။ အောက်ပါ အမှတ်အသားများသည် အင်ဒီယားနားပြည်နယ်၏ ယာဉ်စည်းကမ်း အမှတ်အသား ဥပမာများဖြစ်ပါသည်။




**လမ်းဆုံကိုမပိတ်ရ**




**မဝင်ရ**




**ကျော်မတက်ရ**




**အရေးပေါ်အခြေအနေအတွက်ရပ်တန့်ရန်**




**ညာဘက်တွင် ကပ်မောင်းပါ**




**ဘယ်ဘက်ယာဉ်ကြောသည် ဘယ်ဘက် ကွေ့ရမည်**




**အစိမ်းရောင်မြှားပြမှသာ ဘယ်ဘက်ကွေ့ရမည်**




**ဘယ်ဘက်ကွေ့ရန် အချက်ပြမီး**




**မီးစိမ်းလျှင် အခြားယာဉ်ကို ဦးစားပေးပြီးမှ ဘယ်ဘက် ကွေ့ပါ**




**ရပ်နားရန်နေရာ ကန့်သတ်ထားသည်**




**အနည်းဆုံးအမြန်နှုန်း**




**ကွေ့မည့်ယာဉ်ကြောများ**


ဘယ်ဘက်မကွေ့ရ


မရပ်နားရ



မည်သည့်အချိန်မဆို
မရပ်နားရ


ညာဘက်မကွေ့ရ


ကုန်တင်ယာဉ်များ
မသွားရ



မီးနီလျှင်မကွေ့ရ


ဂငယ်ကွေ့မကွေ့ရ



တစ်လမ်းမောင်း



တစ်လမ်းမောင်း



အခကြေးဖြင့်ရပ်နားခွင့်



သီးသန့်ထားပေးသော
ရပ်နားခွင့်



သီးသန့်ထားပေးသော ရပ်နား
ခွင့် ဗင်ကားရပ်နားနိုင်သည်



ထိန်းချုပ်ထားသော
ယာဉ်ကြော



ညာဘက်ယာဉ်ကြောသည်
ညာဘက်ကွေ့ရမည်



ညာဘက်ယာဉ်ကြောသာ



ပိုနှေးသည့်ယာဉ်များ
ညာဘက်ယာဉ်ကြောတွင်
မောင်းပါ




ရှေ့တွင် အမြန်နှုန်း
ကန့်သတ်ထားသောဇုန်
ရှိသည်





ရပ်



မီးနီလျှင်ဤနေရာတွင်
ရပ်ပါ


ဆွဲတင်ရွှေ့ပြောင်းဇုန်


ဘယ်ဘက်ကွေ့ သို့မဟုတ်
ဆက်သွားပါ


ညာဘက်ကွေ့ သို့မဟုတ်
ဆက်သွားပါ



အသွားအပြန်နှစ်ဘက်လုံး
ဘယ်ကွေ့နိုင်သည်



လမ်းကြောင်းမှား
နေသည်



ဦးစားပေးပါ

---

### *ဖြည့်စွက်အစားထိုးသော သင်္ကေတအမှတ်အသားများ*

လမ်းဆုံ၏ မည်သည့်ယာဉ်ကြောဘက်တွင် ရပ်ရမည်ဖြစ်ကြောင်း ဖော်ပြရန်အတွက် ဖြည့်စွက်အစားထိုးသော သင်္ကေတ အမှတ်အသားများကို ရပ်ရန် အမှတ်အသားများ၏ အောက်ပိုင်းတွင် တစ်ခါတစ်ရံ ထပ်မံဖြည့်စွက်ထားသည်။



လမ်းဆုံဖြတ်သည့်ယာဉ်ကြော



ယာဉ်ကြောအားလုံး

## ယာဉ်ကြောထိန်း လမ်းညွှန်ချက် အမှတ်အသားများ

ယာဉ်ကြောထိန်း လမ်းညွှန်ချက် အမှတ်အသားများသည် ယာဉ်မောင်းများ သွားနေသည့်လမ်း အမျိုးအစား၊ ရှေ့တွင်ရှိသည့် အဝေးပြေးလမ်းမကြီး၏ ဝင်ပေါက်ထွက်ပေါက်များနှင့် နေရာအသီးသီးသို့ သွားမည့်ခရီး အကွာအဝေး၊ စသည့် အချက်အလက်များကို ဖော်ပြပါသည်။ အောက်ပါ အမှတ်အသား များသည် အင်ဒီယားနားပြည်နယ်၏ ယာဉ်ကြောထိန်း လမ်းညွှန်ချက် အမှတ်အသား ဥပမာများဖြစ်ပါသည်။



လေယာဉ်ကွင်း



ဘတ်စကားဂိတ်




ဖော်ပြထားသော အကွာအဝေးများ




အဝေးပြေးလမ်းမကြီး ထွက်ပေါက်များ




ကြိုတင်လမ်းညွှန်သော သင်္ကေတ




ခရီးမိုင်မှတ်တိုင် ဖော်ပြချက်




ပြည်နယ်လမ်းမကြီး




US အဝေးပြေးလမ်းမကြီး




ပြည်နယ်ကူးလမ်းမကြီး

## ယာဉ်မောင်းအတွက် ဝန်ဆောင်မှုများနှင့် အနားယူမှု အမှတ်အသားများ

ယာဉ်မောင်းအတွက် ဝန်ဆောင်မှုများနှင့် အနားယူမှု အမှတ်အသားများသည် ယာဉ်မောင်းများအတွက် အဆင်ပြေစေမည့် ဝန်ဆောင်မှုများ၊ ဥယျာဉ်များ နှင့် အပန်းဖြေရန်နေရာများ အကြောင်းကို ဖော်ပြထားပါသည်။



တည်းခိုခန်းများရှိသည်




အဆင်ပြေစေမည့် ဝန်ဆောင်မှုများရှိသည်




စက်ဘီးစီးရန်လမ်း



လှေတင်လှေချရန် ဆင်ခြေလျှော



အပျော်ခရီး စခန်းချရန်နေရာ



အစားအသောက် ဝန်ဆောင်မှုများရှိသည်



ဓာတ်ဆီဝန်ဆောင်မှုများ ရှိသည်




မသန်စွမ်းမှုရှိသူအတွက် ရပ်နားရာနေရာ



မသန်စွမ်းမှုရှိသူအတွက် ရပ်နားရာနေရာ




သမိုင်းမှတ်တိုင်




ဆေးရုံ



ကစားကွင်း




အနားယူရန်နေရာ




လမ်း / မိုးလေဝသ သတင်းအချက်အလက်




ပြည်နယ်ဥယျာဉ်



တယ်လီဖုန်းရှိသည်

## ယာဉ်ကြောထိန်းအချက်ပြများ


ရပ်ရန်မီးများနှင့် အမှတ်အသားများကဲ့သို့ ယာဉ်ကြောထိန်းချုပ်သော ကိရိယာများသည် ယာဉ်အသွားအလာ ထိန်းချုပ်ရန်နှင့် လမ်းဆုံများ၊ လမ်းလျှောက်သူ ဖြတ်ကူးရာနေရာများတွင် ဦးစွာသွားခွင့်ရှိသူကို ဖော်ပြရန်အတွက် အသုံးပြုပါသည်။

### *လမ်းဆုံတွင် ဖြတ်မောင်းသွားခြင်း*

မီးစိမ်းသည် သွားပါဟု အဓိပ္ပါယ်ရှိပါသည်။ သင့်ဘက်တွင် မီးစိမ်းပါက သွားခွင့်ရှိပြီး လမ်းဆုံတွင် အခြားယာဉ်များနှင့် လမ်းလျှောက်သွားသူများ ရှင်းလင်းနေသ၍ လမ်းဆုံကို ဖြတ်မောင်းသွားနိုင်သည်။

ပုံမှန်လင်းနေသည့် မီးဝါသည် မီးစိမ်းအချိန်ကုန်ဆုံးကြောင်းနှင့် အချက်ပြမီးသည် အနီသို့ပြောင်းလဲမည့်ဆဲဆဲဖြစ်ကြောင်း အဓိပ္ပါယ်ရှိပါသည်။ သင့်ဘက်တွင် ပုံမှန်လင်းနေသည့် မီးဝါဖြစ်ပါက လမ်းသွားခွင့် အချိန်ကုန်ဆုံးတော့မည် ဖြစ်ပါသည်။ လမ်းဆုံကို ချဉ်းကပ်စဉ် အလွန်နီးကပ်၍ ဘေးကင်းစွာ မရပ်နိုင်ပါက အပြီးဆက်သွားနိုင်ပါသည်။

မီးနီသည် ရပ်ရမည့် အဓိပ္ပါယ်ရှိပါသည်။ အခြားဘက်မှ လမ်းဆုံကိုဖြတ်သွားမည့် ယာဉ်ကြောများအနေနှင့် သွားလာခွင့်ရှိသည်။ သင့်ဘက်တွင် မီးနီပါက မီးစိမ်းသို့ မပြောင်းလဲမီနှင့် လမ်းဆုံတွင် မကင်းရှင်းမီ လမ်းဆုံထဲသို့မဝင်ရပါ။





### *လမ်းဆုံတွင် ချိုးကွေ့ခြင်း*

သင့်ဘက်တွင် မီးနီ သို့မဟုတ် မီးစိမ်းနှင့်အတူ အစိမ်းရောင်မြှားပုံ တွေ့ရပါက လမ်းဆုံတွင် ကင်းရှင်းနေသ၍ သင့်အနေနှင့် ဦးစွာသွားခွင့်ရှိပြီး လမ်းဆုံတွင် ချိုးကွေ့နိုင်သည်။

***သင့်ဘက်တွင် မြှားမပါသည့်မီးစိမ်း ပြထားပါက လမ်းဆုံတွင် ရှင်းလင်းနေသ၍ ချိုးကွေ့နိုင်သည်။ အခြားတစ်ဘက်မှ သွားလာခွင့်ရှိပြီး လာနေသည့်ယာဉ်များကို ဦးစားပေးရမည်။ ဘယ်ဘက်ကွေ့ရန်အတွက် လမ်းဆုံထဲသို့ တစ်ကြိမ်လျှင်ယာဉ်တစ်စီးသာ ဝင်သွားနိုင်သည်။***

### *ဘယ်ဘက်ချိုးကွေ့ရန် မှိတ်တုတ်အချက်ပြသည့် မြှားပုံမီးဝါများ*



ဘယ်ဘက်ချိုးကွေ့ရန် မှိတ်တုတ်အချက်ပြသည့် မြှားပုံမီးဝါသည် လမ်းလျှောက်သွားသူများနှင့် အခြားတစ်ဘက်မှ လာနေသည့်ယာဉ်များ၏ သွားလာခွင့်ကို ဦးစားပေးပြီးမှသာ ချိုးကွေ့နိုင်သည့် အဓိပ္ပါယ်ရှိပါသည်။

သင့်ဘက်တွင် ပုံမှန်လင်းနေသည့် မီးဝါ သို့မဟုတ် မြှားပုံမီးဝါ ဖြစ်ပါက လမ်းသွားခွင့် အချိန်ကုန်ဆုံးတော့မည် ဖြစ်ပါသည်။

### *မီးနီစဉ် ချိုးကွေ့ခြင်း*

သင့်ဘက်တွင် မီးနီ သို့မဟုတ် မြှားပုံမီးနီ ဖြစ်ပါက လမ်းသွားခွင့် အချိန်ကုန်ဆုံးပါပြီ။ လမ်းဆုံအလယ်တွင် ရောက်နေပါက အခြားတစ်ဘက်မှ လာနေသည့်ယာဉ်များ ရပ်တန့်သောအခါ သင့်အနေနှင့် ချိုးကွေ့နိုင်သည်။ သင့်ဘက်တွင် မီးနီ သို့မဟုတ် မြှားပုံမီးနီ ဖြစ်ပါက မီးစိမ်းသို့ မပြောင်းလဲမီနှင့် လမ်းဆုံတွင် မရှင်းလင်းမီ လမ်းဆုံထဲသို့မဝင်ရပါ။


လမ်းဆုံတွင် မီးနီ သို့မဟုတ် မြှားပုံမီးနီ ဖြစ်နေပြီး ခွင့်ပြုထားသောအခါ ညာဘက်ကွေ့မည်ဆိုပါက အပြည့်အစုံရပ်ရမည်၊ သင်ကွေ့မည့်နေရာတွင် အခြား ယာဉ်များနှင့် လမ်းလျှောက်သွားသူများရှိမရှိ သို့မဟုတ် သင်ကွေ့မည့် လမ်းကြောင်းထဲသို့ ဝင်မည့်ပုံရှိမရှိ သေချာအောင် ကြည့်ရှုစစ်ဆေးရမည်၊ မီးနီလျှင်မကွေ့ရ "No Turn on Red" အမှတ်အသားရှိမရှိ သေချာအောင်စစ်ဆေးပြီး ယာဉ်ကြောအမှန်များကို အသုံးပြုရမည်။

တစ်လမ်းမောင်းယာဉ်ကြောမှ အခြားသောတစ်လမ်းမောင်း ယာဉ်ကြောထဲသို့ ချိုးကွေ့မည်ဆိုပါက မီးနီ သို့မဟုတ် မြှားပုံမီးနီဖြင့် လမ်းဆုံတွင် ဘယ်ဘက် ကွေ့နိုင်သည်။ ထို့အတူ အပြည့်အစုံရပ်ရမည်၊ သင်ကွေ့မည့်နေရာတွင် အခြားယာဉ်များနှင့် လမ်းလျှောက်သွားသူများရှိမရှိ သို့မဟုတ် သင်ကွေ့မည့် လမ်းကြောင်းထဲသို့ ဝင်မည့်ပုံရှိမရှိ သေချာအောင် ကြည့်ရှုစစ်ဆေးရမည်၊ မီးနီလျှင်မကွေ့ရ "No Turn on Red" အမှတ်အသားရှိမရှိ သေချာအောင် စစ်ဆေးပြီး ယာဉ်ကြောအမှန်များကို အသုံးပြုရမည်။



## မှိတ်တုတ်အချက်ပြမီးဝါများ

လမ်းဆုံတွင် မြှားပုံမပါဘဲ ပြထားသော မှိတ်တုတ်အချက်ပြမီးဝါသည် အရှိန်လျှော့သင့်ပြီး လမ်းဆုံဖြတ်မောင်းသောအခါ သတိထား သင့်ကြောင်း အဓိပ္ပါယ်ရှိပါသည်။ ဘယ်ဘက်ကွေ့မည်ဆိုပါက အခြားတစ်ဘက်မှ လာနေသည့်ယာဉ်နှင့် လမ်းလျှောက်သွား သူများကို ဦးစားပေးရမည်။ သင့်လမ်းကိုဖြတ်သည့် အခြားယာဉ်ကြောများရှိ ယာဉ်များအားလုံးသည် သင့်ကိုသွားခွင့်ပေးရမည်။ သို့သော်ငြားလည်း လမ်းဆုံကို ဖြတ်ရန်ကြိုးစားနေသည့် အခြားယာဉ်များ သို့မဟုတ် လမ်းလျှောက်သွားသူများကို သတိထားသင့် သည်။



မှိတ်တုတ်အချက်ပြမီးဝါ နောက်တမျိုးမှာ စတုဂံပုံရှိသော လျှင်မြန်သည့် မှိတ်တုတ်အချက်ပြမီး ဖြစ်သည်။ စတုဂံပုံရှိသော လျှင်မြန် သည့်မှိတ်တုတ်အချက်ပြမီးများကို လမ်းကူးမျဉ်းများတွင် အသုံးပြုပြီး လမ်းလျှောက်သူတဦးဦးမှ ဖွင့်လိုက်မှသာ မှိတ်တုတ်လင်းမည် ဖြစ်ပါသည်။

## မှိတ်တုတ်အချက်ပြမီးနီများ



လမ်းဆုံတွင် မှိတ်တုတ်အချက်ပြ မီးနီသည် ရပ်ရန်အမှတ်အသားနှင့် ညီမျှပြီး လမ်းဆုံထဲသို့ သတိထား၍ မဝင်မီ အပြည့်အစုံ ရပ်ရ မည့်အဓိပ္ပါယ် ဖြစ်ပါသည်။

လမ်းဆုံတွင် မှိတ်တုတ်အချက်ပြမီးနီ ဖြစ်နေပြီး သင့်လမ်းကိုဖြတ်သည့် ယာဉ်ကြောများတွင် ရပ်ရန် မလိုအပ်သောအခါ လမ်းဆုံရှင်း နေပြီး သင့်လမ်းကိုဖြတ်သည့် ယာဉ်ကြောတွင် သွားလာခွင့်ရှိသော ယာဉ်များအတွက် နှောင့်ယှက်မှု မဖြစ်စေမှသာ ဖြတ်သွားနိုင် မည်။

ယာဉ်များအားလုံး ရပ်ရမည့် လမ်းဆုံတွင် သင့်အတွက် မှိတ်တုတ်အချက်ပြ မီးနီဖြစ်နေပါက အပြည့်အစုံရပ်ပြီး သင့်ထက်ကြို ရောက်ပြီး ဦးစွာသွားခွင့်ရှိသောယာဉ်များ သို့မဟုတ် လမ်းဆုံထဲဝင်နေပြီ ဖြစ်သောယာဉ်များနှင့် သင်နှင့်အတူ တစ်ပြိုင်တည်းရောက် ရှိပြီး သင့်၏ညာဘက်တွင် ရှိသောယာဉ်များကို ဦးစားပေးပြီးမှသာ ဆက်သွားနိုင်မည်။



## စက်ဘီးသင်္ကေတများ

စက်ဘီးသင်္ကေတများကိုသာ ဖော်ပြသော အချက်ပြမီးသည် စက်ဘီးလမ်းကြောင်း သို့မဟုတ် စက်ဘီးအတွက် သီးသန့်သတ်မှတ်ထား သော လမ်းကြောင်းကို ထိန်းချုပ်ပြီး စက်ဘီးစီးသူများနှင့်သာ သက်ဆိုင်မှုရှိသည်။ ယာဉ်ကြောထိန်းအချက်ပြများ ကဲ့သို့ပင် မီးနီလျှင် ရပ် ပါ၊ မီးဝါလျှင် လမ်းသွားခွင့်အချိန်ကုန်တော့မည်ဖြစ်ပြီး မီးစိမ်းလျှင် သွားပါ ဟူသည့်အဓိပ္ပါယ်များရှိပါသည်။

## ဘတ်စ်ကား သို့မဟုတ် မြို့ပတ်ယာဉ် အတွက် အချက်ပြများ

အဖြူရောင်စတုဂံပုံများကို ဖော်ပြသော အချက်ပြမီးများသည် ဘတ်စ်ကား သို့မဟုတ် မြို့ပတ်ယာဉ်အတွက် ယာဉ်ကြောကို ထိန်းချုပ်ပြီး ဘတ်စ်ကား သို့မဟုတ် မြို့ပတ်ယာဉ် မောင်းနှင်သူများနှင့်သာ သက်ဆိုင်မှုရှိသည်။



## မီးနီ သို့မဟုတ် ရပ်ရန်အမှတ်အသားကို ချဉ်းကပ်ခြင်း

မီးနီ သို့မဟုတ် ရပ်ရန်အမှတ်အသားကို ချဉ်းကပ်ပါက ရပ်ရန်အတွက် အပြည့်တားထားသည့် မျဉ်း ဖြူတွင် ရပ်ရမည်။ ရပ်ရန်မျဉ်းဖြူမတားထားပါက ရပ်ရန်အမှတ်အသားနှင့် မျက်နှာမူလျက် တစ် နေရာတွင် သို့မဟုတ် လမ်းဆုံ၏ သင့်ဘက်ခြမ်းရှိ လမ်းကူးမျဉ်းသို့ မရောက်မီ အပြည့်အစုံရပ်သင့်သည်။ လမ်းကူးမျဉ်းမရှိပါက လမ်းဆုံထဲသို့ မဝင်မီ အပြည့်အစုံရပ်သင့်သည်။

မော်တော်ဆိုင်ကယ် မောင်းနှင်သူများ၊ စက်နှင့်မောင်းနှင်သော ဆိုင်ကယ်များ၊ နှင့် စက်ဘီးများသည် မီးနီတွင် မကြာခဏငြိနေလေ့ရှိပြီး အချက်ပြစနစ် သည် မီးစိမ်းသို့ပြောင်းလဲရန် ပျက်ကွက်တတ်သည်။ ထိုပုဂ္ဂိုလ်များအနေနှင့် အောက်ပါအခြေအနေဖြင့် မီးနီများတွင် ကြာရှည်စွာစောင့်နေရခြင်းကို ရှောင် နိုင်သည်။

- ယာဉ်ကြောထိန်း အချက်ပြစနစ်ဖြင့် ထိန်းချုပ်ထားသော လမ်းဆုံကို ချဉ်းကပ်သည့် မော်တော်ဆိုင်ကယ် မောင်းနှင်သူသည် အပြည့်အစုံရပ်ထားပြီး အနည်းဆုံး နှစ်မိနစ်ကြာသောအခါ ပုံမှန်လင်းနေသောမီးနီကို သတိဖြင့် ဖြတ်သွားနိုင်ပါသည်။
- ဤစည်းကမ်းချက်သည် အော်တိုဆိုင်ကယ်များ နှင့်မသက်ဆိုင်ပါ။

## ဦးစားပေးရန်အမှတ်အသားကို ချဉ်းကပ်ခြင်း

ဦးစားပေးရန်အမှတ်အသားသည် ယာဉ်မောင်းအနေနှင့် လမ်းဆုံကိုချဉ်းကပ်သောအခါ အရှိန်သတ်ရန်နှင့် အခြားတစ်ဘက်မှ ဦးစွာသွားလာခွင့်ရှိပြီး ချဉ်းကပ်လာသောယာဉ် သို့မဟုတ် လမ်းလျှောက်သွားသူ ရှိသောအခါ အပြည့်အစုံရပ်ပေးရန် ကြိုပြင်ထားရမည်ဟု ဖော်ပြထားပါသည်။

ဦးစားပေးရန်အမှတ်အသားကို ချဉ်းကပ်ပါက အခြားတစ်ဘက်မှ ဦးစွာသွားလာခွင့်ရှိပြီး ချဉ်းကပ်လာသောယာဉ်သည် သင်နှင့်ယာဉ်တိုက်မှု မဖြစ်အောင် ရှောင်ကြဉ်ရန်အတွက် ဘရိတ်အုပ်ရခြင်း မဖြစ်သင့်ပါ။

### *အချက်ပြစနစ်ပျက်နေသော လမ်းဆုံကို ချဉ်းကပ်ခြင်း*

အချက်ပြစနစ်ပျက်နေသော လမ်းဆုံကို ချဉ်းကပ်ပါက လမ်းဆုံထဲသို့မဝင်မီ ရပ်သင့်သည်။ ရပ်ပြီးနောက် ဦးစွာသွားလာခွင့်ရှိသော အောက်ပါ ယာဉ်အသွားအလာများကို ဦးစားပေးပြီးမှသာ ဆက်သွားနိုင်မည်။

- လမ်းဆုံထဲသို့ဝင်နေပြီဖြစ်သော သင့်လမ်းကို ဖြတ်သည့်ယာဉ်ကြောများ
- သင့်ထက်ဦးစွာ ရပ်ခဲ့ပြီးလမ်းဆုံထဲသို့ ဝင်သွားသောယာဉ်များ
- သင်နှင့်တစ်ပြိုင်နက်ရောက်ရှိပြီး သင့်ညာဘက်မှ အခြားယာဉ်များ
- လမ်းလျှောက်သွားလာသူများ

### *ယာဉ်ကြောထိန်းအမှတ်အသား သို့မဟုတ် အချက်ပြစနစ် မရှိသောလမ်းဆုံကို ချဉ်းကပ်ခြင်း*

လမ်းကြိုလမ်းကြား သို့မဟုတ် ခြံတွင်းလမ်းမှ လမ်းမပေါ်ဝင်မသွားမီ ရပ်ပြီး သွားလာခွင့်ရှိသော အခြားယာဉ်များကို ဦးစားပေးသင့်သည်။

### *လမ်းလျှောက်သွားသူအတွက် အချက်ပြစနစ်များ*

လမ်းလျှောက်သွားသူအတွက် အချက်ပြစနစ်သည် လမ်း သို့မဟုတ်လမ်းဆုံကို ဘေးကင်းစွာဖြတ်ကူးနိုင်သောအခါ လမ်းလျှောက်သွားသူများကို သတိပေးပါသည်။

လမ်းလျှောက်သူ အချက်ပြစနစ်များသည် လမ်း သို့မဟုတ်လမ်းဆုံကို ဘေးကင်းစွာ ဖြတ်ကူးနိုင်သောအခါ လမ်းလျှောက်ပါ ဟူသည့် "WALK" စာလုံး သို့မဟုတ် လူတစ်ဦး လမ်းလျှောက်ပုံ သင်္ကေတကို ဖော်ပြပါသည်။ အချို့သောလမ်းဆုံများတွင် လမ်းလျှောက်သူအချက်ပြ သို့မဟုတ် ရပ်ရန်အမှတ်အသား အောက်ခြေနှင့် နီးသည့်အပိုင်းတွင် လမ်းကူးရန် အချက်ပြစနစ်ကို စတင်ရန်နှိပ်နိုင်သည့် ခလုတ်တစ်ခု ရှိပါသည်။

လမ်းလျှောက်သူ အချက်ပြစနစ်များသည် လမ်း သို့မဟုတ်လမ်းဆုံကို ဖြတ်ကူးရန် ဘေးအန္တရာယ်ရှိသောအခါ လမ်း မလျှောက်ရ ဟူသည့် "DON'T WALK" စာလုံး သို့မဟုတ် လက်ထောင်ပြသည့် သင်္ကေတကို ဖော်ပြပါသည်။ မှိတ်တုတ်မီးအချက်ပြသော စာလုံးများ သို့မဟုတ် သင်္ကေတများသည် လမ်း သို့မဟုတ် လမ်းဆုံကို ဘေးကင်းစွာ ဖြတ်ကူးနိုင်သည့်အချိန် ကုန်တော့မည်ဖြစ်ကြောင်း လမ်းလျှောက်သွားသူများကို သတိပေးပါသည်။



လျှောက်


လျှောက်



မလျှောက်ရ



မလျှောက်ရ

### *လမ်းလျှောက်သူအတွက် ရောသုံးသောအချက်ပြမီးများ*


အဆောက်အအုံတစ်ကွက်စာ၏ အလယ်ပိုင်းရှိ လူဖြတ်ကူးရန်လမ်းတွင် တွေ့ရှိနိုင်သော လမ်းလျှောက်သူအတွက် ရောသုံးသည့် အချက်ပြမီးသည် လမ်းဖြတ်ကူးသူကို ကူညီရန်အတွက် အသုံးပြုပါသည်။ လမ်းလျှောက်သူအတွက် ရောသုံးသောအချက်ပြမီးသည် လမ်းလျှောက်သူမှ မဖွင့်ပါက အနက်ရောင် ဖြစ်နေမည်။

လမ်းလျှောက်သူမှ ဖွင့်လိုက်သောအခါ ရောသုံးသော အချက်ပြမီးများသည် ယာဉ်မောင်းများရှင်းသွားအောင် မီးဝါဖြင့် မှိတ်တုတ်အချက်ပြပါလိမ့်မည်။ မှိတ်တုတ်အချက်ပြသော မီးဝါပြီးနောက် ယာဉ်ကြောသွားလာခွင့် ပေးထားသောအချိန် ကုန်ဆုံးမည့်အကြောင်း ယာဉ်မောင်းများကို သတိပေးရန် ပုံမှန်လင်းနေသည့် မီးဝါပေါ်လာပါလိမ့်မည်။ ထို့နောက် လမ်းလျှောက်သွားသူများ လမ်းဖြတ်ကူးနေစဉ် ပုံမှန်လင်းနေသည့်မီးနီနှစ်ခု ပြထားပါလိမ့်မည်၊ ထို့နောက် လမ်းလျှောက်သွားသူများ ရှင်းသွားလျှင် သတိဖြင့်ဆက်မောင်းနိုင်ရန်အတွက် မီးနီကို မှိတ်တုတ်အချက်ပြပါလိမ့်မည်။ ထို့နောက် လမ်းလျှောက်သူအတွက် ရောသုံးသောအချက်ပြမီးသည် လမ်းလျှောက်သွားသူတစ်ဦးဦးမှ နောက်တစ်ကြိမ်ထပ်မဖွင့်မီ အနက်ရောင်သို့ ပြောင်းလဲသွားပါလိမ့်မည်။


1. မဖွင့်မီအနက်ရောင်ဖြစ်နေမည်




2. မှိတ်တုတ်အချက်ပြမီးဝါ





3. ပုံမှန်လင်းနေသောမီးဝါ





4. လမ်းလျှောက်သူ ဖြတ်ကူးစဉ် အလှည့်ကျ ပုံမှန်လင်းနေသောမီးနီ





5. အလှည့်ကျ လမ်းဖြတ်ကူးသူရှင်းနေစဉ် တစ်လှည့်စီ မှိတ်တုတ်အချက်ပြသော မီးနီ




6. မဖွင့်မီအနက်ရောင်ဖြစ်နေမည်




<u>အညွှန်း</u>
SY ပုံမှန်လင်းနေသောမီးဝါ
FY မှိတ်တုတ်အချက်ပြမီးဝါ
SR ပုံမှန်လင်းနေသောမီးနီ
FR မှိတ်တုတ်အချက်ပြမီးနီ

# အခန်း ခုနစ် | ဘေးကင်းစွာ ယာဉ်မောင်းနှင်ခြင်း


အတွေ့အကြုံအများဆုံးရှိသည့် ယာဉ်မောင်းများပင်လျှင် ယာဉ်မောင်းနေစဉ် အာရုံလွတ်သွားနိုင်သည်။ ကြိုတင်ကာကွယ်နည်းဖြင့် ယာဉ်မောင်းသူတစ်ဦးသည် အခြားယာဉ်မောင်းများ၏ အခြေအနေကို ကြည့်ရှုအကဲဖြတ်ပြီး ဖြစ်နိုင်ခြေရှိသော ပြဿနာများကို ကြိုတင်စဉ်းစားပါသည်။

## ယာဉ်ကြော အမှတ်အသားများ


ယာဉ်ကြောအမှတ်အသားများသည် ယာဉ်ကြောကိုစည်းခြားထားပြီး အခြားယာဉ်များကို ကျော်တက်ရန် ခွင့်ပြုနိုင်သောအခါ သတိပေးသည်။

### *အဝါရောင် ယာဉ်ကြောအမှတ်အသားများ*


အဝါရောင် ယာဉ်ကြောအမှတ်အသားများသည် အခြားတစ်ဖက်မှ ဦးတည်လာသော ယာဉ်ကြောများကို စည်းခြားထားသည်။ အခြားယာဉ်တစ်စီးကို ကျော်တက်ရန်အတွက် ဘေးကင်းသောအခါ အဝါရောင်မျဉ်းကြောင်းပြတ်ကို ဖြတ်သွားနိုင်သည်၊ သို့သော် ကွေ့ဝင်ရန်မှလွဲ၍ အပြည့်တားထားသော အဝါရောင်မျဉ်းကြောင်းကို မဖြတ်သွားသင့်ပါ။



အပြည့်တားထားသော အဝါရောင်မျဉ်းကြောင်းပါသည့် ယာဉ်ကြောနှစ်ခုရှိသောလမ်း




ကျော်မတက်ရသည့်နေရာအတွက် လမ်းတဖက်စီတွင် အဝါရောင်မျဉ်းပြတ်များ ပါသည့် ယာဉ်ကြောနှစ်ခု ရှိသောလမ်း



အပြည့်တားထားသော အဝါရောင်မျဉ်းကြောင်း ပါသည့် ယာဉ်ကြောလေးခုရှိသောလမ်း

### *အဖြူရောင် ယာဉ်ကြောအမှတ်အသားများ*

အဖြူရောင် ယာဉ်ကြောအမှတ်အသားများသည် တစ်ဖက်တည်းအတူ ဦးတည်သွားသော ယာဉ်ကြောများကို စည်းခြားထားသည်။ ယာဉ်ကြောနှစ်ခုထက်ပိုသော လမ်းမကြီးအများစုတွင် ယာဉ်ကြောများကို စည်းခြားထားရန်အတွက် အဖြူရောင်မျဉ်းကြောင်းပြတ်များ ရှိပါသည်။ ယာဉ်ကြောပြောင်းရန် ဘေးကင်းသောအခါ အဖြူရောင်မျဉ်းကြောင်းပြတ်ကို ဖြတ်သွားနိုင်သည်၊ သို့သော် အပြည့်တားထားသော အဖြူရောင်မျဉ်းကြောင်းကို မဖြတ်သွားသင့်ပါ။



အဖြူရောင်မျဉ်းပြတ်ပါသည့် ယာဉ်ကြောသုံးခု

## ယာဉ်ကြောပြောင်းခြင်းနှင့် အခြားယာဉ်များကို ကျော်တက်ခြင်း

တစ်ကြိမ်တွင် ယာဉ်ကြောတစ်ခုသာ ပြောင်းပါ။ ကွေ့ဝင်ရန် ပြင်ဆင်သည့်အနေဖြင့် ယာဉ်ကြောပြောင်းသောအခါ ယာဉ်ကြောမပြောင်းမီ သို့မဟုတ် မကွေ့မီ သင်ပြုလိုသောအရာကို အနည်းဆုံး ပေ 200 ကြို၍ အချက်ပြရမည်။ တစ်နာရီမိုင်ပေါင်း အနည်းဆုံး 50 အမြန်နှုန်းရှိသည့်နေရာတွင် ယာဉ်မောင်းနေပါက သင်အချက်ပြသည့် အကွာအဝေးသည် မကွေ့မီ အနည်းဆုံးပေ 300 ရှိရမည်။ မတော်တဆဖြစ်မှု အန္တရာယ်တိုးမြှင့်စေမည့် ယာဉ်ကြောများအကြား ကွေ့ပတ်ရှောင်ကွင်း ဝင်ထွက်ခြင်းကို မလုပ်ပါနှင့်။ အဝေးပြေးလမ်းမကြီးပေါ်တွင် ပိုမိုနှေးကွေးသော ယာဉ်များသည် ညာဘက်ယာဉ်ကြောကို အသုံးပြုသင့်သည်။ ဘယ်ဘက်ယာဉ်ကြောကို ပိုမြန်သည့်ယာဉ်များ သို့မဟုတ် ကျော်တက်မည့်ယာဉ်များအတွက် ထားပေးပါ။

ယာဉ်ကြောပြောင်းသောအခါ အောက်ပါစည်းကမ်းချက်များကို လိုက်နာပါ။

- သင်ဝင်သွားချင်သည့် ယာဉ်ကြောထဲတွင် ရှေ့ဘက်မှသွားနေသည့်ယာဉ် ရှင်းမရှင်း သေချာအောင် ကြည့်ရှုစစ်ဆေးပါ။
- သင့်ကိုကျော်တက်ရန် ပြင်ဆင်နေသည့်ယာဉ် ရှိမရှိ နောက်ကြည့်မှန်များကို ကြည့်ရှုစစ်ဆေးပါ။
- သင့်မျက်ကွယ်တွင် ယာဉ်ရှိမရှိ၊ သင့်ဘေးချင်းကပ်ယာဉ်ကြောထဲသို့ ဝင်သွားမည့် နေရာလွတ်မလွတ် သေချာစေရန်အတွက် သင်ဝင်သွားမည့် ယာဉ်ကြောဘက်သို့ တစ်ချက်လှည့်ကြည့်ပါ။
- သင်ယာဉ်ကြောပြောင်းလိုကြောင်း အခြားယာဉ်မောင်းများကို အသိပေးရန်အတွက် ကွေ့ရန်အချက်ပြမီးကို အသုံးပြုပါ။
- ယာဉ်ကြော နောက်တစ်ခုထဲသို့ ချောမွေ့စွာဝင်သွားပါ။

### *အခြားယာဉ်များကို ကျော်တက်ခြင်း*

အခြားယာဉ်များကို ကျော်တက်သောအခါ အောက်ပါစည်းကမ်းချက်များကို လိုက်နာပါ။

- အခြားတစ်ဖက်မှ လာနေသည့်ယာဉ်နှင့် အကွာအဝေးအနည်းဆုံး ပေ 100 မရောက်မီ ညာဘက်ယာဉ်ကြောသို့ သင်ပြန်ဝင်ရမည် ဖြစ်သည့်အတွက် ကျော်တက်ရန်ယာဉ်ကြော ရှင်းမရှင်းသေချာအောင် ကြည့်ရှုစစ်ဆေးပါ။
- အခြားသောယာဉ်တစ်စီးမှ သင့်ကိုကျော်တက်ရန် ကြိုးစားနေခြင်းရှိမရှိ သေချာအောင် သင့်ယာဉ်၏ အနောက်ဘက်နှင့်ဘယ်ဘက်ကို ကြည့်ရှုစစ်ဆေးပါ။
- အခြားယာဉ်မောင်းများကို သင်ယာဉ်ကြောပြောင်းလိုကြောင်း အသိပေးရန် ကွေ့ဝင်မည့်အချက်ပြမီးများကို အသုံးပြုပါ။
- ကျော်တက်ရန်ယာဉ်ကြောထဲသို့ဝင်ပါ၊ အရှိန်မြှင့်တင်ပြီး သင်ကျော်တက်မည့်ယာဉ်ကို နောက်ကြည့်မှန်ထဲ တွေ့ရသည့်အထိ ဆက်သွားပါ။
- သင်ယာဉ်မောင်းခဲ့သည့် မူလယာဉ်ကြောသို့ ပြန်မဝင်မီ သင့်လျော်သည့် ကွေ့ဝင်ရန်အချက်ပြမီးကို သုံးပါ။

### *ကျော်တက်ရန် တားမြစ်ခြင်း*

အောက်ပါအခြေအနေများတွင် အခြားယာဉ်များကို ကျော်တက်ရန်ကြိုးစားခြင်းသည် အန္တရာယ်ကြီးပြီး တရားမဝင်ပါ။


- လမ်းမ၏အလယ်မျဉ်းကြောင်းတွင် ယာဉ်မောင်းဘက်မှ အပြည့်တားထားသော အဝါရောင်မျဉ်းကြောင်းတစ်ကြောင်း မှတ်သားထားခြင်း။
- လမ်း၏ဘယ်ဘက်တွင် အဝါရောင် ကြက်လျှာအလံပုံဖြင့် ကျော်မတက်ရသည့် နေရာဝန်းကျင် “No Passing Zone” ကို ဖော်ပြထားသည်၊ သို့မဟုတ် လမ်း၏ညာဘက်တွင် ပြထားသည့် အဖြူရောင်စတုဂံပုံဖြင့် ကျော်မတက်ရ “Do Not Pass” သင်္ကေတကို ဖော်ပြထားသည်။
- လမ်းအကွေ့အကောက်တွင် မောင်းနေသောအခါ သို့မဟုတ် နီးလာသောအခါ
- တောင်ထိပ်နှင့်ကုန်းဆင်းနှင့် နီးလာသောအခါ
- လမ်းဆုံ၊ ရထားလမ်းဆုံ၊ တံတား၊ တောင်ကြားဖြတ်တံတား၊ သို့မဟုတ် လိုဏ်ခေါင်း မရောက်မီ ပေ 100 အတွင်း

### *ကျော်တက်ခံရခြင်း*


အခြားယာဉ်တစ်စီးမှ သင့်ကို လမ်း၏ဘယ်ဘက်ခြမ်းမှ ကျော်တက်လျှင် ထိုယာဉ်ကို ဘေးကင်းစွာ ကျော်တက်ခွင့်ပေးပြီး သင့်အမြန်နှုန်းကို မမြှင့်တင်ပါနှင့်။

## ဘေးကင်းစွာကွေ့ဝင်ရန်နှင့် တရားဝင်ကွေ့ဝင်ရန်အတွက် စည်းမျဉ်းများ


ဘေးကင်းစွာနှင့် တရားဝင်ကွေ့ဝင်ရန်အတွက် ပထမဆုံး စည်းကမ်းချက်သည် မကွေ့မီ သင့်လျော်သည့် ယာဉ်ကြောထဲသို့ စောစော ကြိုဝင်ထားရန်ဖြစ်ပါသည်။ ဘယ်ဘက်ကွေ့ဝင်မည်ဆိုပါက သင်သွားနေသည့်ဘက်၏ ဘယ်ဘက်အစွန်ဆုံး ယာဉ်ကြောထဲတွင် ရှိနေပါ။ ညာဘက်ကွေ့ဝင်မည်ဆိုပါက သင်သွားနေသည့်ဘက်၏ ညာဘက်အစွန်ဆုံး ယာဉ်ကြောထဲတွင် ရှိနေပါ။




တစ်လမ်းမောင်းမှ အခြားတစ်လမ်းမောင်း လမ်းထဲသို့ချိုးကွေ့ခြင်း



တစ်လမ်းမောင်းမှ နှစ်လမ်းမောင်း လမ်းထဲ သို့ချိုးကွေ့ခြင်း



နှစ်လမ်းမောင်းလမ်းမှ တစ်လမ်းမောင်း လမ်းထဲသို့ချိုးကွေ့ခြင်း




နှစ်လမ်းမောင်းလမ်းမှ အခြားနှစ်လမ်း မောင်း လမ်းထဲသို့ချိုးကွေ့ခြင်း


## *ကွေ့ဝင်လိုကြောင်း အချက်ပြခြင်း*

ယာဉ်ကြောမပြောင်းမီ သင့်လျော်သည့် ကွေ့ဝင်ရန် အချက်ပြမီးကို ကြိုပြရပါမည်။


ဘေးအကင်းဆုံးဖြစ်သည့် အချက်ပြ အမျိုးအစားသည် ယာဉ်အများစုတွင် အသုံးပြုသည့် အချက်ပြမီးများကို အသုံးပြုခြင်းဖြစ်ပါသည်။ သို့သော်ငြားလည်း ထိုအချက်ပြများ တစ်ခုခုသို့မဟုတ် တစ်ခုထက်ပိုပြီး ချို့ယွင်းနေပါက လက်ဖြင့်အချက်ပြခြင်းများကို အသုံးပြုနိုင်သည်။ လက်တွေ့ ယာဉ်မောင်း စစ်ဆေးမှုတွင် လက်ဖြင့်အချက်ပြခြင်းကို အသုံးမပြုရ။



ရပ် သို့မဟုတ် ဖြည်းဖြည်းမောင်း



ညာကွေ့




ဘယ်ကွေ့

## *အထူးသတ်မှတ်ထားသည့် အလယ်ယာဉ်ကြောများမှ ဘယ်ဘက်ကွေ့ဝင်ခြင်း*

ဘယ်ဘက်ကွေ့ဝင်ရန် နေရာများစွာရှိသည့် ယာဉ်အသွားအလာများသော လမ်းများတွင် ဘယ်ဘက်ကွေ့ဝင်မည့် ယာဉ်များအတွက်သာ အလယ်ယာဉ်ကြောတစ်ခုသီးသန့် သတ်မှတ်ထားလေ့ရှိသည်။

အခြားတစ်ဖက်မှ လာသည့်ယာဉ်များသည် ဘယ်ဘက်ကွေ့ဝင်ရန်အတွက် သင့်ယာဉ်၏ အရှေ့ဘက်တွင် ဝင်လာနိုင်ကြောင်း အမြဲတမ်းသတိထားပါ။ အခြားယာဉ်များကို ကျော်တက်ရန်အတွက် ထိုကဲ့သို့သော အလယ်ယာဉ်ကြောကို ဘယ်သောအခါမှ မသုံးပါနှင့်။

ဘယ်ဘက်ကွေ့ဝင်ရန် သတ်မှတ်ထားသည့် အလယ်ယာဉ်ကြောများကို “CENTER LANE ONLY” ဟု မြားထိပ်တစ်ဖက်စီ လှည့်ထားသော သင်္ကေတအမှတ်အသား တစ်ခုဖြင့်ငင်း၊ သို့မဟုတ် လမ်းမျက်နှာပြင်ပေါ် မြားများဖြင့်ငင်း၊ မှတ်သားနိုင်သည်၊ သို့သော် အချို့ အလယ်ယာဉ်ကြောများတွင် အမှတ်အသားများ သို့မဟုတ် လမ်းမျက်နှာပြင်ပေါ် မြားများမရှိပါ။




လမ်းမျက်နှာပြင်ပေါ် မြားများရှိသော လမ်းအလယ်ယာဉ်ကြော

## *ဂငယ်ကွေ့များ*

ဂငယ်ကွေ့သည် ယာဉ်မောင်းတစ်ဦးအနေနှင့် 180 ဒီကရီလှည့်၍ ဦးတည်ရာလမ်းကြောင်းပြောင်းသည့် ကျွမ်းကျင်မှုနှင့်သတိရှိစွာ မောင်းနှင်ခြင်းတစ်ခုဖြစ်သည်။ အန္တရာယ်ဖြစ်နိုင်ခြေများပြီး ဥပဒေအရ တားမြစ်ထားခြင်းမရှိမှသာ ထိုကဲ့သို့မောင်းနှင်သင့်သည်။ ဂငယ်ကွေ့ ကွေ့ဝင်သောအခါ အောက်ပါစည်းကမ်းများကို လိုက်နာပါ။

- အခြားတစ်ဖက်မှ လာနေသည့်ယာဉ်များနှင့် လမ်းလျှောက်သွားသူများကို အမြဲတမ်း ဦးစားပေးပါ။
- ဂငယ်ကွေ့ကို လမ်းအကွေ့အကောက်များ သို့မဟုတ် တောင်ထိပ် သို့မဟုတ် ကုန်းအဆင်းများတွင် ဘယ်သောအခါမှ မကွေ့ပါနှင့်။
- ပြည်နယ်ကူး အဝေးပြေးလမ်းမကြီးပေါ်တွင် ဂငယ်ကွေ့ကို ဘယ်သောအခါမှ မကွေ့ပါနှင့်။ ထိုအစား အဝေးပြေးလမ်းမကြီးမှ ထွက်သွားပြီး အခြားတစ်ဖက်မှ ပြန်ဝင်ပါ။




လမ်းလယ်ကျွန်း ဂငယ်ကွေ့ လမ်းဆုံ

ဂငယ်ကွေ့များကို ခွင့်ပြုပြီး လိုအပ်သည့်နေရာတစ်ခုသည် လမ်းဆုံတွင် ဘယ်ဘက်မကွေ့ရန် တားမြစ်ထားပြီး လမ်းဆုံကျော်သွားမှ ဖွင့်ထားသည့် လမ်းလယ်ကျွန်းတစ်ခုခုတွင် ဂငယ်ကွေ့ ကွေ့ဝင်ခြင်းဖြစ်ပါသည်။ ထိုနေရာများကို လမ်းလယ်ကျွန်း ဂငယ်ကွေ့ (U-turn) သို့မဟုတ် ဂျေကွေ့ (J-turn) လမ်းဆုံများဟု သိရပြီး ယာဉ်မောင်းများကို လမ်းညွှန်ရန် သင်္ကေတအမှတ်အသားများ ပြထားပါသည်။


## *ယာဉ်ကြောအားလုံးရပ်ရန်နေရာများ*

ယာဉ်ကြောအားလုံးရပ်ရန်နေရာအတွက် စည်းကမ်းချက်များသည် နှစ်ဘက်ရပ်ရန်နေရာ စည်းကမ်းချက်နှင့်တူပါသည်၊ ရပ်ပြီး အခြားဖက်များမှ လာသော ယာဉ်ရှိမရှိ ကြည့်ပါ၊ ထို့နောက် ဆက်သွားရန် ဘေးကင်းသောအခါ ဆက်သွားပါ။

ယာဉ်ကြောအားလုံးရပ်ရန်နေရာတွင် စည်းကမ်းချက်အရ လမ်းဆုံတွင် ပထမဦးဆုံးရပ်သည့်ယာဉ်သည် လမ်းဆုံကိုဦးစွာဖြတ်သွားရန်ဖြစ်သည်။ သို့သော်ငြားလည်း တခါတရံတွင် ယာဉ်ကြောအားလုံးရပ်ရန်နေရာများ၌ အခြားယာဉ်မောင်းနှင့်အတူ တပြိုင်နက်ရောက်ရှိနိုင်သည်။ လက်ဝဲဘက်တွင်ရှိသည့် ယာဉ်အား ဦးစားပေးရမည်ဖြစ်ပါသည်။ သို့သော်ငြားလည်း မည်သည့်ယာဉ်မောင်းတွင် ဦးစွာသွားခွင့်ရှိကြောင်း မသေချာပါက၊ သို့မဟုတ် ယာဉ် တိုက်မှုဖြစ်နိုင်ခြေရှိပါက၊ အခြားယာဉ်မောင်းကို ဦးစားပေးလျှင် ပိုကောင်းပါသည်။

### *အဝိုင်းလမ်းဆုံများ*

**အဝိုင်းလမ်းဆုံတစ်ခုသည် ညာဘက်ကိုသာကွေ့ဝင်ပြီး လက်ဝဲရစ်အတိုင်းဆက်သွားခြင်း သို့မဟုတ် အဝိုင်းထဲမှညာဘက်ကိုသာ ကွေ့၍ထွက်သွားသည့် စက်ဝိုင်းပုံရှိသော လမ်းဆုံတစ်ခုဖြစ်သည်။** အဝိုင်းလမ်းဆုံအနား ရောက်ရှိသောအခါတွင် အဝိုင်းထဲ လှည့်ပတ်နေသောယာဉ်ကို အမြဲတမ်းဦးစားပေးရမည်။




ယာဉ်ကြောနှစ်ခုပါသော အဝိုင်းလမ်းဆုံ
(အဝိုင်းလမ်းဆုံ ပုံစံများအားလုံး၏ ပုံတူမဟုတ်ပါ)

ယာဉ်ကြောတစ်ခုထက်ပိုသော အဝိုင်းလမ်းဆုံများတွင် ယာဉ်မောင်းအနေနှင့် အဝိုင်းလမ်းဆုံထဲသို့မဝင်မီ မည်သည့်ယာဉ်ကြော ယူရမည်ကို ကြိုသိထားသင့်သည်။ ယာဉ်မောင်းများအနေနှင့် အဝိုင်းထဲရှိလမ်းကြောင်းများအထဲမှ ယာဉ်ကြောများ မပြောင်းသင့်ပါ။

ယာဉ်မောင်းများကို အဝိုင်းထဲရှိလမ်းကြောင်းတွင် သင့်လျော်သည့်ယာဉ်ကြောကို ကြိုတင်လမ်းညွှန်ရန်အတွက် သင်္ကေတအမှတ်အသားများ၊ လမ်းမျက်နှာပြင်ပေါ် အမှတ်အသားများ၊ သို့မဟုတ် နှစ်မျိုးစလုံးဖော်ပြထားပါသည်။

အဝိုင်းလမ်းဆုံတစ်ခုတွင် သွားလာသည့်ယာဉ်များသည် ညာဘက်လှည့်ပတ်ခြင်းနှင့် ဘယ်ဘက်လှည့်ပတ်ခြင်း အသွားအလာများဖြင့် ကွဲပြားနေနိုင်သည်။ အဝိုင်းလမ်းဆုံ၏ လမ်းကြောင်းများကို ဦးစားပေးရန်အမှတ်အသားများအစား ရပ်ရန်အမှတ်အသားများဖြင့်လည်း ယာဉ်ကြောကိုထိန်းချုပ်နိုင်သည်။

အချို့သောအဝိုင်းလမ်းဆုံများတွင် ယာဉ်ကြောတစ်ခုထက် ပိုရှိ၍ သေးငယ်သောယာဉ်များ အနေနှင့် နောက်တွဲယာဉ်ပါ ကုန်တင်ကားကြီးနှင့် ဘတ်စကားကဲ့သို့ ပိုကြီးသည့်ယာဉ်များ၏ ဘေးချင်းယှဉ်လျက် မောင်းသွားသောအခါ ယာဉ်ကြောအန္တရာယ် ဖြစ်နိုင်သည်။

ယာဉ်ကြောတစ်ခုထက်ပိုသည့် အဝိုင်းလမ်းဆုံရောက်ခါနီး သို့မဟုတ် အထဲသို့ရောက်နေသောအခါ အဝိုင်းထဲတွင် တစ်ပြိုင်နက်မောင်းသွားလျှင် ယာဉ်မောင်းများအနေနှင့် ပိုကြီးသောယာဉ်များကို ဦးစားပေးရမည်။ ထိုသို့ဆောင်ရွက်ခြင်းသည် အဝိုင်းလမ်းဆုံထဲမှ ကြီးလေးသောယာဉ်များ ဘေးကင်းစွာဖြတ်သွားနိုင်ရန်အတွက် အရှိန်လျှော့ခြင်း သို့မဟုတ် ရပ်ပေးခြင်းများ ပါဝင်သည်။

အဝိုင်းလမ်းဆုံတွင် ကြီးမားသောကုန်တင်ယာဉ်နှစ်စီးအတူ တပြိုင်နက် ရောက်သွားပါက၊ သို့မဟုတ် အဝိုင်းထဲရောက်နေပါက ညာဘက်ယာဉ်ကြောရှိ ယာဉ်မောင်းအနေနှင့် ဘယ်ဘက်ယာဉ်ကြောရှိ ယာဉ်မောင်းကို ဦးစားပေးရမည်။ ထိုသို့ဆောင်ရွက်ရာတွင် အဝိုင်းလမ်းဆုံ၏ ဘယ်ဘက်ယာဉ်ကြောထဲရှိ ကြီးမားသောကုန်တင်ယာဉ်အနေနှင့် ဘေးကင်းစွာ ဖြတ်သွားနိုင်ရန်အတွက် အရှိန်လျှော့ခြင်း သို့မဟုတ် ရပ်ပေးခြင်းများ ပါဝင်သည်။

### *ကွေ့ဝင်မည့်ယာဉ်များ၏နောက်မှ လိုက်သွားခြင်း*

ကွေ့ဝင်လိုကြောင်း အချက်ပြသော၊ သို့မဟုတ် ကွေ့ဝင်ရန်ရည်ရွယ်၍အရှိန်လျှော့သော ယာဉ်မောင်း၏နောက်မှ လိုက်သွားသောအခါ သင့်အရှိန်ကိုလျှော့သင့်ပြီး ရပ်ရန်အတွက် အဆင်သင့်ပြင်ထားပါ။

## အမြန်နှုန်း ကန့်သတ်ချက်များ

အင်ဒီယားနားပြည်နယ် ဥပဒေအရ ယာဉ်မောင်းများကို ဖော်ပြထားသည့် အမြန်နှုန်း ကန့်သတ်ချက်အတိုင်း မောင်းနှင်ရန် သတ်မှတ်ထားသည်။

ဖော်ပြထားသည့် အမြန်နှုန်း ကန့်သတ်ချက်ကို ကျော်သွားလျှင် လမ်းအကွေ့အကောက်များ သို့မဟုတ် လမ်းပေါ်ရှိအရာဝတ္ထုများကို ရှောင်ပြီး ဘေးကင်းစွာ ယာဉ်မောင်းနှင်နိုင်စွမ်းကို လျော့နည်းစေပါသည်။ အရေးပေါ် အခြေအနေများတွင် ယာဉ်ကိုရပ်ရန် လိုအပ်သည့် အကွာအဝေးကိုလည်း များလာစေပါသည်။ ယာဉ်တိုက်မှုဖြစ်လျှင် အမြန်နှုန်းနှင့်အတူ ထိခိုက်မှု၏ ပြင်းထန်မှုနှုန်း ပိုများလာပါသည်။ အမြန်နှုန်းများလာသည့်အမျှ ယာဉ်တည်ဆောက်ပုံများနှင့်အတူ လေအိတ်များနှင့် ဘေးကင်းမှုခါးပါတ်များ ကဲ့သို့သော ထိန်းချုပ်မှုကိရိယာများ၏ ထိရောက်မှုများ လျော့နည်းလာပါသည်။

### *ကျေးလက်ဒေသရှိ ပြည်နယ်ကူး အဝေးပြေးလမ်းမကြီးအတွက် အမြန်နှုန်း ကန့်သတ်ချက်များ*

ကျေးလက်ဒေသရှိ ပြည်နယ်ကူး အဝေးပြေးလမ်းမကြီးများသည် လူဦးရေအနည်းဆုံး 50,000 ရှိသော မြို့၏ အပြင်ဘက်ဧရိယာများတွင် ရှိပါသည်။ ထိုဧရိယာများတွင် အောက်ပါအမြန်နှုန်း ကန့်သတ်ချက် စည်းမျဉ်းစည်းကမ်းများ အကျုံးဝင်ပါသည်။

- ခရီးသည်ကားများတွင် တစ်နာရီမိုင် 70 နှုန်း သို့မဟုတ် ဖော်ပြထားသည့် အမြန်နှုန်း ကန့်သတ်ချက်ထက်မကျော်ရ။

- ကြေညာထားသည့် အလေးချိန်နှုန်းစုစုပေါင်း 26,000 ပေါင်ထက်ပိုများသည့် ကုန်တင်ယာဉ်များအနေနှင့် တစ်နာရီ 65 မိုင်နှုန်း သို့မဟုတ် ဖော်ပြထားသည့်အမြန်နှုန်း ကန့်သတ်ချက်ထက် မကျော်ရ။

ကျေးလက်ဒေသရှိ နှစ်ဖက်ခွဲထားသော ပြည်နယ်အဝေးပြေးလမ်းမကြီးပေါ်တွင် ယာဉ်များသည် တစ်နာရီမိုင် 60 သို့မဟုတ် ဖော်ပြထားသည့် အမြန်နှုန်း ကန့်သတ်ချက်ထက်မကျော်ရ။

## မြို့ပြ အမြန်နှုန်း ကန့်သတ်ချက်များ

မြို့ပြဧရိယာများသည် လူဦးရေအနည်းဆုံး 50,000 ရှိပါသည်။ ထိုဧရိယာများတွင် အောက်ပါအမြန်နှုန်း ကန့်သတ်ချက် စည်းမျဉ်းစည်းကမ်းများ အကျုံးဝင်ပါသည်။

- မြို့ပြဒေသ၏ ပြည်နယ်ကူး အဝေးပြေးလမ်းမကြီးပေါ်တွင် ယာဉ်များသည် တစ်နာရီ 55 မိုင်နှုန်း သို့မဟုတ် ဖော်ပြထားသည့် အမြန်နှုန်း ကန့်သတ်ချက်ထက်မကျော်ရ။
- နှစ်ဖက်ကြားခံခွဲထားခြင်းမရှိသော ပြည်နယ်အဝေးပြေးလမ်းမကြီးပေါ်တွင် ယာဉ်များသည် တစ်နာရီ 55 မိုင်နှုန်း သို့မဟုတ် ဖော်ပြထားသည့် အမြန်နှုန်း ကန့်သတ်ချက်ထက်မကျော်ရ။
- ကျေးလက်ဒေသလမ်းမကြီးပေါ်တွင် ယာဉ်များသည် တစ်နာရီ 55 မိုင်နှုန်း သို့မဟုတ် ဖော်ပြထားသည့် အမြန်နှုန်း ကန့်သတ်ချက်ထက်မကျော်ရ။
- မြို့ပြဒေသ၏ လူနေထိုင်သည့်ဧရိယာ အများစုတွင် ယာဉ်များသည် တစ်နာရီမိုင် 30 နှုန်း သို့မဟုတ် ဖော်ပြထားသည့် အမြန်နှုန်း ကန့်သတ်ချက်ထက်မကျော်ရ။
- လမ်းကြိုလမ်းကြားများတွင် ယာဉ်များသည် တစ်နာရီ 15 မိုင်နှုန်း သို့မဟုတ် ဖော်ပြထားသည့် အမြန်နှုန်း ကန့်သတ်ချက်ထက်မကျော်ရ။

## ကျောင်းနယ်မြေ အမြန်နှုန်း ကန့်သတ်ချက်များ

ကျောင်းအနီးအနားတွင် ယာဉ်မောင်းပါက ကျောင်းနယ်မြေအတွက် ဖော်ပြထားသည့်အမြန်နှုန်း ကန့်သတ်ချက်အောက်သို့ အရှိန်လျှော့ရမည်။ ကျောင်းနယ်မြေအမြန်နှုန်း ကန့်သတ်ချက်များ ပြဋ္ဌာန်းလေ့ရှိသည့် နာရီအချိန်များသည် နံနက် 7 နာရီမှ ညနေ 4:30 နာရီအထိ၊ တနင်္လာနေ့များမှ သောကြာနေ့များအထိ၊ သို့မဟုတ် ကျောင်းနယ်မြေအမြန်နှုန်း ကန့်သတ်ချက်အတွက် အချက်ပြမီးများ မှိတ်တုတ်မှိတ်တုတ် လင်းနေသောအချိန်များတွင် ဖြစ်ပါသည်။ သို့သော်ငြားလည်း ဒေသခံအစိုးရများအနေနှင့် ကလေးများ ကျောင်းနယ်မြေထဲ သွားလာနေသည့်အချိန်များတွင် အမြန်နှုန်း ကန့်သတ်ချက်များကိုလည်း ပို၍လျှော့ထားနိုင်သည်။

## အဝေးပြေးလမ်းမကြီး၏ လုပ်ငန်းဇုန်တွင် အမြန်နှုန်းလျှော့ထားသော ကန့်သတ်ချက်များ

အလုပ်ခွင်အမြန်နှုန်း ကန့်သတ်ချက်များသည် ထိုဧရိယာအတွက် ချမှတ်ထားသော အများဆုံးအမြန်နှုန်းကန့်သတ်ချက်၏ တစ်နာရီအနည်းဆုံး 10 မိုင်အောက် အမြဲတမ်းလျှော့နည်းပါသည်။ ယာဉ်မောင်းများသည် အလုပ်ခွင်တွင် ဖော်ပြထားသော အမြန်နှုန်း ကန့်သတ်ချက်ကို လိုက်နာရမည်။ အချို့သောလုပ်ငန်းခွင် အမြန်နှုန်း ကန့်သတ်ချက်များသည် မှိတ်တုတ်မှိတ်တုတ် အချက်ပြနေမှသာ သက်ရောက်မှုရှိပြီး အချို့သောနေရာများတွင် အချိန်တိုင်း သက်ရောက်မှုရှိသည်။

## ကျောင်းဘတ်စကား အမြန်နှုန်း ကန့်သတ်ချက်များ

ပြည်နယ်ကူးအဝေးပြေးလမ်းမကြီး သို့မဟုတ် ပြည်နယ်အဝေးပြေးလမ်းမကြီးပေါ် မမောင်းနှင်သောအခါ ပိုလျှော့နည်းသည့် အမြန်နှုန်း ဖော်ပြထားသည်မှလွဲ၍ ကျောင်းဘတ်စကား၏ အများဆုံးအမြန်နှုန်း သတ်မှတ်ချက်သည် တစ်နာရီမိုင် 40 နှုန်းဖြစ်သည်။ ပြည်နယ်ကူးအဝေးပြေးလမ်းမကြီး သို့မဟုတ် ပြည်နယ်အဝေးပြေးလမ်းမကြီးပေါ် မောင်းနှင်နေသော ကျောင်းဘတ်စကား၏ အများဆုံးအမြန်နှုန်း ကန့်သတ်ချက်သည် တစ်နာရီမိုင် 60 နှုန်း၊ သို့မဟုတ် ဖော်ပြထားသည့် အမြန်နှုန်း ကန့်သတ်ချက်အတိုင်းဖြစ်သည်။

## အန္တရာယ်များသော အခြေအနေများတွင် အမြန်နှုန်းကိုလျှော့ပါ

လမ်းအခြေအနေကောင်းနေသည့်တိုင် အမြန်နှုန်းများလွန်းခြင်းသည် အန္တရာယ်ကြီးပြီး မတော်တဆဖြစ်နိုင်ခြေကို တိုးမြှင့်စေသည်။ အောက်ပါလမ်းကြောင်း အခြေအနေများတွင် ဖော်ပြထားသော အမြန်နှုန်း ကန့်သတ်ချက် သို့မဟုတ် ထိုထက်ပို၍ မောင်းနှင်ခြင်းသည် အန္တရာယ်ပိုများစေပါသည်။

## ဘရိတ်အုပ်ခြင်းနှင့် နောက်မှလိုက်ရန် အကွာအဝေးများ

အောက်ပါပုံကားချပ်သည် တနာရီလျှင် 35 မိုင်နှုန်း၊ 55 မိုင်နှုန်းနှင့် 70 မိုင်နှုန်း သွားနေသောယာဉ်တစီးသည် မည်မျှမြန်နေသည် သို့မဟုတ် အကွာအဝေး မည်မျှရောက်ရှိနေသည်ကို ဖော်ပြခြင်းဖြစ်ပါသည်။

- မိုးလေဝသမကောင်းခြင်းနှင့် မြင်ကွင်းမထင်ရှားခြင်း
- ချောသော သို့မဟုတ် ရေခဲနေသောလမ်းများ
- ပန်းတုံးနေသောတာယာများဖြင့် မောင်းနှင်ခြင်း
- ဘေးအန္တရာယ်ရှိသော ယာဉ်အခြေအနေများ
- ရုပ်ပိုင်းဆိုင်ရာ ယာဉ်မောင်းနိုင်စွမ်း အားလျော့သော အခြေအနေ
- လမ်းမျက်နှာပြင်ပေါ်တွင် အန္တရာယ်ရှိသော အခြေအနေများ

ယာဉ်မောင်းများအတွက် နည်းလမ်းကောင်းတစ်ခုသည် ရှေ့ကား၏နောက်မှ အနည်းဆုံးနှစ်စက္ကန့် သုံးစက္ကန့်ခြား၍ လိုက်ရန်ဖြစ်ပါသည်။ ယာဉ်တစ်စီး၏နောက်မှ လိုက်နေသောအခါ ထိုယာဉ်မှ တည်နေသည့် အရာဝတ္ထုတစ်ခုခု ဖြတ်သွားခြင်းကိုကြည့်ပြီး ထိုအရာဝတ္ထုကို သင်မဖြတ်မီအချိန်မည်မျှကျော်ခဲ့ကြောင်း ခန့်မှန်းကြည့်ပါ။

| အမြန်နှုန်း | တစ်နာရီ 35 မိုင်နှုန်း | တစ်နာရီ 55 မိုင်နှုန်း | တစ်နာရီ 65 မိုင်နှုန်း |
|---|---|---|---|
| တစ်စက္ကန့်တွင် သွားသည့်ပေပေါင်း | 51.3 | 80.7 | 95.3 |
| တစ်စက္ကန့်တွင် ဖြတ်သွားနိုင်မည့်ယာဉ်ကြောများ | 2.6 | 4 | 4.7 |
| ဘောလုံးကွင်းတစ်ကွင်း ဖြတ်သွားရန်စက္ကန့်ပေါင်း | 5.8 | 3.7 | 3.1 |

ယာဉ်တစ်စီး၏ရပ်တန့်နိုင်စွမ်းကို သက်ရောက်စေသောအကြောင်း အမျိုးမျိုးရှိပါသည်။

- ယာဉ်၏အလေးချိန်
- ဘရိတ်အမျိုးအစားနှင့် အခြေအနေ

- တာယာအမျိုးအစားနှင့် အခြေအနေ
- လမ်းမျက်နှာပြင်၏ အခြေအနေ
- လမ်းမျက်နှာပြင်၏ ချောပြောင်နေခြင်း
- လမ်း၏စောင်းနေမှု

### *ဘီးချော်ခြင်း*

ရုတ်တရက်ကွေ့ခြင်း၊ ယာဉ်ကြောပြောင်းခြင်း၊ သို့မဟုတ် ဘရိတ်အုပ်ခြင်းသည် ယာဉ်ကိုဘီးချော်စေသည်။ ဘီးချော်ခြင်းကို ပြန်ပြင်ရန် လုပ်ထုံးလုပ်နည်းသည် ရှေ့ဘီးဆွဲယာဉ်များနှင့် နောက်ဘီးဆွဲယာဉ်များ နှစ်မျိုးစလုံးနှင့်တူပါသည်။

သင့်ယာဉ်တွင် တာယာကုပ်အားလျော့သွားပါက သို့မဟုတ် နောက်ဘီးများ ဘေးဘက်သို့ ချော်ထွက်ပါက လီဗာကိုလျှော့လိုက်ပါ။ ဘီးချော်နေသည့်ဘက်မှ အခြားတစ်ဘက်သို့ လျှင်မြန်စွာမကွေ့ပါနှင့်၊ ထို့အတူ အလွန်မချိုးကွေ့ပါနှင့်၊ လှည့်သွားနိုင်သည်။

သင့်ယာဉ်တွင် သမားရိုးကျဘရိတ်များသုံးပါက ကားအနောက် ချော်ထွက်သည့်ဘက်သို့ လက်ကိုင်ဘီးကို ထိန်းပြီးလှည့်ပါ။ တာယာကုပ်အားပြန်ရသောအခါ ယာဉ်ကိုပြန်တည့်ပေးပြီး ဖြည်းဖြည်းချင်း ဆက်မောင်းသွားပါ။

သင့်ယာဉ်တွင် အလိုအလျောက် ဘရိတ်မကျစေသောစနစ် (ABS) ပါလျှင် ဘရိတ်ကိုနင်းထားပါ၊ လက်ကိုင်ဘီးကို ပုံမှန်လှည့်ရင်း ဘရိတ်ကို ကောင်းကောင်းဖိပြီး ဆက်နင်းထားပါ။ ဘရိတ်များကို တော့နင်းခြင်းမလုပ်ပါနှင့်။ စက်သံ သို့မဟုတ် ဆူညံသံနှင့်တုန်ခါမှု သို့မဟုတ် ဘရိတ်တွင် တွန်းအားများလာလျှင် သင့် ABS ဘရိတ်စနစ် အလုပ်လုပ်ကြောင်း ဖော်ပြပါသည်။

### *လူးလိမ့်မှောက်ခြင်း*

ခရီးသည်ကားဖြင့်သေဆုံးမှုအားလုံးထဲတွင် လူးလိမ့်မှောက်သောယာဉ်တိုက်မှုများ သုံးပုံတစ်ပုံနီးပါးရှိပါသည်။ သင်ယာဉ်မောင်းနေစဉ် လူးလိမ့်မှောက်မည့် အန္တရာယ်ကိုလျှော့နိုင်သည်။

- **ထိတ်လန့်၍ လက်ကိုင်ဘီး လှည့်ခြင်းကိုရှောင်ပါ** – များစွာသော ယာဉ်လူးလိမ့်မှောက်မှုများသည် ယာဉ်မောင်းများအနေနှင့် အရေးပေါ်အခြေအနေကို အထိတ်တလန့် တုံ့ပြန်သည့်အနေဖြင့် လက်ကိုင်ဘီးကို ပြန်တည့်အောင် လှည့်လွန်းသည့်အခါ ဖြစ်ပါသည်။ အဝေးပြေးလမ်းမကြီး၏ အမြန်နှုန်းဖြင့် လက်ကိုင်ဘီးပြန်တည့်အောင် လှည့်လွန်းခြင်း သို့မဟုတ် အလွန်လှည့်ခြင်းကြောင့် ယာဉ်မောင်းအနေနှင့် မထိန်းနိုင်တော့ဘဲ ယာဉ်ကိုဘေးတိုက်ချော်ထွက်သွားစေပြီး လူးလိမ့်မှောက်စေနိုင်သည်။
- **သင့်လျော်သည့် ကျွမ်းကျင်မှုနှင့်သတိရှိစွာ မောင်းနှင်ခြင်းကို သိထားပါ** – သင့်ယာဉ်သည် လမ်းကြောင်းအပြင်ဘက် ထွက်သွားလျှင် လမ်းမပေါ်သို့ ချက်ချင်းပြန်မကွေ့ပါနှင့်။ လီဗာခြေနင်းကိုလျှော့ပါ။ ဘေးကင်းသောအခါ လမ်းမပေါ်သို့ ညင်သာစွာပြန်ကွေ့ဝင်ပါ။
- **သင့်တာယာများကို ထိန်းသိမ်းပါ** – သင့်လျော်စွာ လေမထိုးထားသောတာယာနှင့် ပါးသွားသောတာယာများသည် လူးလိမ့်မှောက်နိုင်ခြေကို လျှော့နည်းစေရန်အတွက် အရေးအကြီးဆုံးအရာဖြစ်သည့် ယာဉ်ထိန်းချုပ်နိုင်စွမ်းကို အဟန့်အတား ဖြစ်စေသည်။
- **ယာဉ်များပေါ်တွင် သင့်လျော်သည့်အလေးချိန်ကို တင်ပါ** – ယာဉ်ပိုင်ရှင်လက်စွဲစာအုပ်တွင် သင့်ယာဉ်အတွက် ဘေးကင်းစေမည့် အများဆုံးသော အလေးချိန်နှင့်အတူ သင့်လျော်သော အလေးချိန်ဖြန့်ကျက်မှု အကြောင်းကို ဖတ်ရှုနိုင်ပါသည်။
- **ကျေးလက်ဒေသ လမ်းမကြီးများတွင် သတိပြုပါ** – အလယ်တွင်မခြားထားသော လမ်းများ၊ နှစ်လမ်းမောင်း လမ်းများ သို့မဟုတ် ခွဲထားသော်လည်း အတားအဆီးများ မကာထားသော လမ်းများတွင် လူးလိမ့်မှောက်မှုများ ဖြစ်နိုင်ခြေပိုများသည်။ ယာဉ်တစ်စီးသည် ကျေးလက်ဒေသ လမ်းမကြီးပေါ်မှ ချော်ထွက်သွားပြီး မြောင်း၊ သို့မဟုတ် တာဘောင်၊ သို့မဟုတ် မြေပျော့ဖြင့် ချော်ထွက်သွားလျှင် လူးလိမ့်မှောက်သွားနိုင်သည်။
- **လမ်းအချိုးအကွေ့များ နှင့် လမ်းမကြီးပေါ်ဝင်ထွက်ရန် ဆင်ခြေလျှောလမ်းများတွင် အရှိန်လျှော့ပါ** – ထိုနေရာများတွင် မကြာခဏပြဋ္ဌာန်းသော အမြန်နှုန်းများကို ထားရှိပြီး ယင်းပြဋ္ဌာန်းထားသည့် အမြန်နှုန်းများထက် မကျော်လွန်သင့်ပါ။

ခရီးသည် 15 ဦးဆန့်သည့်ဗင်ကားသည် ခရီးသည်ဦးရေ များလာသည်နှင့်အမျှ လူးလိမ့်မှောက်နိုင်ခြေအန္တရာယ် များစွာတိုးမြှင့်လာပါသည်။ အခြားသော အန္တရာယ်များတွင် အတွေ့အကြုံမရှိသော ယာဉ်မောင်းများ၊ မသင့်လျော်သည့် တာယာအရွယ်အစားနှင့်/သို့မဟုတ် သင့်လျော်စွာ လေမထိုးထားခြင်း၊ နှင့် ယာဉ်၏အလယ်ဗဟို ဆွဲငင်အားအပေါ် အကျိုးသက်ရောက်စေနိုင်သည့် ပစ္စည်းနှင့်/သို့မဟုတ် ခရီးသည် အလေးချိန်များတင်ခြင်း၊ စသည့်အရာများပါဝင်သည်။

## ဓာတ်ဆီကုန်ကျစရိတ် သက်သာခြင်း

တစ်နာရီ 45 မိုင်နှုန်းထက်ကျော်လျှင် ဓာတ်ဆီစားနှုန်း တစ်ဖြည်းဖြည်း တိုးမြှင့်လာပြီး တစ်နာရီ 55 မိုင်နှုန်းထက် တစ်နာရီ 75 မိုင်နှုန်းသွားသည့် ခရီးသည်ကားများနှင့် ကုန်တင်ကား အငယ်စားများသည် 50 ရာခိုင်နှုန်းခန့် ဓာတ်ဆီပိုသုံးရသည်။
သင်သည် သင့်လောင်စာဆီကုန်ကျစရိတ်အား ဤသို့ သက်သာစေနိုင်သည်

- စဉ်းစားချင့်ချိန်ပြီးယာဉ်မောင်းခြင်း၊ အမြန်နှုန်း ကန့်သတ်ချက်ကို လိုက်နာခြင်း၊ ယာဉ်၏အမိုးပေါ်တွင် ပစ္စည်းတင်ခြင်းများကို ရှောင်ကြဉ်ခြင်းနှင့် အလေးချိန်အပိုများကို ဖယ်ရှားခြင်း၊ စသည့်လုပ်ရပ်များဖြင့် အကျိုးပိုရှိစွာယာဉ်မောင်းပါ။
- လျှင်မြန်စွာအရှိန်မြှင့်တင်ခြင်း သို့မဟုတ် ရုတ်တရက် ရပ်ခြင်းများကို ရှောင်ပါ။
- အင်ဂျင်ကို သင့်လျော်စွာထိန်းသိမ်းခြင်း၊ တာယာများကို သင့်လျော်စွာ လေထိုးထားခြင်းနှင့် အကြံပြုထားသည့် အင်ဂျင်ဆီစံနှုန်းကို အသုံးပြုခြင်းဖြင့် သင့်ယာဉ်ကို ကောင်းမွန်စွာထိန်းသိမ်းပါ။
- ခရီးစဉ်များကို အစီအစဉ်ချပြီး တွဲသွားပါ။ သင့်အင်ဂျင်အေးနေလျှင် ဓာတ်ဆီကုန်နှုန်းသည် နွေးနေသည့်အင်ဂျင်ထက် ပိုဆိုးသည်။ အေးနေသည့် အင်ဂျင်ကိုစက်နိုး၍ ခရီးတိုသုံးလေးခေါက် သွားခြင်းသည် ခရီးတစ်ခေါက်တည်းပေါင်း၍ သွားခြင်းထက် အကွာအဝေးချင်းတူသည့်တိုင် ဓာတ်ဆီနှစ်ဆပိုကုန်နိုင်သည်။

## တာယာလေဖိအားနှင့် တာယာပန်းအထူနှုန်း

### *တာယာလေဖိအား*

တာယာများသည် တစ်လချင်းစီတွင် တစ်လက်မ 1 ပေါင်ဖိအား (psi) နှုန်းအထိ လေလျော့နိုင်ကြောင်း သိရသည်၊ ထို့ကြောင့် တာယာအရန်အပါအဝင် တာယာအားလုံးကို တစ်လတစ်ကြိမ် သို့မဟုတ် ခရီးရှည်မသွားမီ စစ်ဆေးပါ။ မည်သို့ဆောင်ရွက်နည်း။

- ယုံကြည်စိတ်ချရသည့် လေဖိအားတိုင်းကိရိယာတစ်ခု ဝယ်ယူပါ။
- သင့်ယာဉ်တံခါးကိုဖွင့်ပြီး တံခါးအတွင်းဘောင်ပေါ်တွင် သင့်ယာဉ်အတွက် အကြံပြုထားသည့် လေဖိအားနှုန်း psi စတစ်ကာတစ်ခုရှိသင့်သည်။
- သင့်တာယာများကို "အေး"နေမှစစ်ဆေးပါ – ယာဉ်မမောင်းမီ သို့မဟုတ် ယာဉ်မောင်းပြီး အနည်းဆုံး သုံးနာရီနောက်ပိုင်း။
- လေဖိအားတိုင်းကိရိယာကို သင့်တာယာ၏ အဆို့ရှင်အတံပေါ်စွပ်ထည့်ပါ။
- လေဖိအားတိုင်းကိရိယာ "ထွက်ပေါ်လာ" ပြီး တိုင်းတာသည့်နံပါတ်ကို ဖော်ပြပါလိမ့်မည်။
- တိုင်းလိုက်သည့် psi ကို သင့်ယာဉ်၏ ယာဉ်မောင်းတံခါး အတွင်းဘက်ရှိ စတစ်ကာ သို့မဟုတ် ပိုင်ရှင်လက်စွဲစာအုပ်တွင် ဖော်ပြထားသည့် psi နှင့် နှိုင်းယှဉ်ပါ – သင့်တာယာ၏ဘေးနံရံပေါ်ရှိ psi နှင့် **မနှိုင်းယှဉ်ပါနှင့်**။
- သင့် psi နံပါတ်သည် နှုန်းကျော်လျှင် ကိုက်ညီသည့်အထိ လေလျှော့ပါ၊ လျော့နေလျှင် သင့်လျော်သည့်နံပါတ်နှုန်း ရောက်သည့်အထိ လေသွင်းပါ (သို့မဟုတ် ဆိုင်ကိုကူညီခိုင်းပါ)။

### *တာယာပန်းအထူနှုန်း*

သင့်ကားတာယာများကို တစ်လတစ်ကြိမ် သို့မဟုတ် ခရီးရှည်မသွားမီ အထူအပါးနှင့်ထိခိုက်ပျက်စီးမှုများကို စစ်ဆေးပါ။ တာယာ၏အထူအပါးကိုစစ်ရန် လွယ်သည့်နည်းတစ်နည်းသည် ပြားစေ့ သုံးခြင်းဖြင့် စစ်ဆေးနိုင်သည်။

1. ပြားစေ့ကို အေဘရာဟင် လင်ကွန်း၏ ခန္ဓာကိုယ်တွင် သင့်လက်မနှင့်လက်ညှိုးကြား ကိုင်ထားပါ။
2. တာယာပန်းအပါးဆုံး တစ်နေရာကိုရွေးပြီး ပြားစေ့ဖြင့်လင်ကွန်း၏ခေါင်းကို တာယာပန်းအမြောင်းထဲထည့်လိုက်ပါ။

လင်ကွန်း၏ခေါင်း အစိတ်အပိုင်းတစ်ခုခုကို တာယာပန်းနှင့်ဖုံးကွယ်နေပါက တရားဝင်ပြီး ဘေးကင်းသည့် တာယာပန်းအထူနှုန်းဖြင့် မောင်းနှင်ခြင်း ဖြစ်သည်။ သင့်တာယာပန်းသည် (ခန့်မှန်းချိန်အားဖြင့် 1/16 လက်မ) အောက်ရောက်ပါက အန္တရာယ်ရှိသော လမ်းအခြေအနေများတွင် လမ်းကို သင့်ကား၏ဆုပ်ကိုင်နိုင်အား များစွာလျော့နည်းသွားပါမည်။

## မသေချာသည့် ရာသီဥတု အခြေအနေများတွင် ယာဉ်မောင်းခြင်း

### *ဆောင်းရာသီတွင် ယာဉ်မောင်းခြင်း*

ဆောင်းတွင်း ရာသီဥတုတွင် ယာဉ်မောင်းခြင်းသည် ရေခဲ၊ နှင်းခဲနှင့် အေးစက်သော ရာသီဥတုများကြောင့် အန္တရာယ်များစွာ ရှိပါသည်။ ယာဉ်မမောင်းမီ သင့်ကားမှန်များကို အမြဲတမ်းရှင်းလင်းပါ။

လမ်းမပေါ်ရှိသော ရေခဲများသည် ကားတာယာ၏ကုပ်အားကို လွတ်သွားစေသော ဖြစ်နိုင်ခြေအန္တရာယ် အခြေအနေတစ်ခု ဖြစ်ပါသည်။

နှင်းခဲသည် အထူးသဖြင့် ပြင်းထန်သောလေနှင့်ရောလျှင် ယာဉ်မောင်းများအတွက် ပြဿနာအမျိုးမျိုးဖြစ်စေသည်။ မြင်နိုင်စွမ်းကို များစွာလျော့နည်းစေနိုင်သည်။ နေရာရွှေ့သောနှင်းခဲများကို သတိထားပါ၊ အထူးသဖြင့် ကျေးလက်ဒေသများတွင် လက်မ အနည်းငယ်မျှသာထူသော နှင်းခဲများသည် လမ်းများကို ဖြတ်သွား၍မရအောင် ဖြစ်စေနိုင်သည်။ မြေပေါ်တွင် နှင်းခဲများရှိသောအခါ ရေခဲဖြစ်သည့် အခြေအနေများကိုလည်း အထူးသဖြင့် လမ်းဆုံများတွင် အမြဲတမ်းသတိထားပါ၊ ထို့အတူ အခြားယာဉ်မောင်းများတွေ့အောင် သင့်ကား၏ရှေ့မီးများကို ဖွင့်ထားပါ။ လမ်းမကြီးပေါ်ဝင်ထွက်ရန် ဆင်ခြေလျှော လမ်းများ၊ တံတားများနှင့် မိုးပျံလမ်းများပေါ်တွင် အခြားသော ယာဉ်သွားလမ်း အစိတ်အပိုင်းများသို့ မရောက်မီ ရုတ်တရက်ရေခဲနေနိုင်သည့် စိုစွတ်မှုကို သတိထားပါ။ ဆီးနှင်းရှင်းယာဉ်များ၏နောက်မှ ဘေးကင်းမည့်အကွာအဝေးတွင် လိုက်ပါ။

အလွန်အေးသည့် အခြေအနေများတွင် ယာဉ်မမောင်းမီ သင့်ယာဉ်၏ အင်ဂျင်စက်ကို နွေးလာအောင် အမြဲတမ်း အချိန်များစွာပေးပါ။ ဓာတ်ဆီပုံးကို အပြည့်ဖြည့်ထား၍ယာဉ်မောင်းပါ၊ ထိုမှသာ တစ်နေရာတွင် သောင်တင်နေလျှင် အပူပေးစက်ကို ကြာနိုင်သမျှကြာအောင် အသုံးပြုနိုင်မည်။ သင့်ကားရှေ့မီးများနှင့် နောက်မီးများတွင် နှင်းခဲများကို မကြာခဏသုတ်ပါ။

သင့်ယာဉ်ထဲတွင် တာယာကုပ်အားအတွက် သဲများ သို့မဟုတ်ကော်ဇောအစများ၊ ဘယ်ထရီအားသွင်းကြိုးများ၊ စောင်များ၊ ဂေါ်၊ ဓာတ်မီး၊ အဝတ်အစား အပိုများ၊ ဖယောင်းတိုင်များ၊ မီးခြစ်ဆံများ၊ မသိုးနိုင်သောအစားအစာနှင့် ရေဘူးများပါဝင်သော ဆောင်းရာသီအတွင်း ဘေးအန္တရာယ် လွတ်မြောက်ရေး အထုပ်အပိုးတစ်ခု သယ်ဆောင်ရန် စဉ်းစားပါ။

### *မိုးရေ*

စိုစွတ်သော လမ်းမျက်နှာပြင်များသည် အထူးသဖြင့် မိုးရွာပြီးပြီးချင်းအချိန်တွင် အန္တရာယ်ကြီးစွာချောနေနိုင်သည်။ စိုစွတ်သောလမ်းမများပေါ်တွင် ယာဉ်မောင်းသောအခါ သင့်ကားသည် ဆီ၊ ဖုန်မှုန့်နှင့်ရေ အလွှာပါးပါးပေါ်တွင် သွားနေရပြီး ရေပေါ်ရှုပ်ပြေးခြင်း (hydroplaning) ဖြစ်သွားနိုင်သည်။

ရေပေါ်ရုပ်ပြေးခြင်းသည် အမြန်နှုန်းများလာလျှင် ပိုဖြစ်ပြီး သင့်တာယာများသည် အချိန်မရွေး ဆီ၊ ဖုန်မှုန့်နှင့်ရေ ကိုသာထိမိနိုင်သည်။ ထိုသို့ဖြစ်သွားလျှင် ဘရိတ်အုပ်ရန်၊ အမြန်နှုန်းမြှင့်တင်ရန်၊ သို့မဟုတ် ကွေ့ရန်အတွက် တာယာကုပ်အား မရှိပါ၊ ထို့အတူ လေပြေးတစ်ချက်တိုက်ခြင်း၊ လမ်းအမြင့်အနိမ့်ပြောင်းလဲခြင်း၊ သို့မဟုတ် အနည်းငယ်ကွေ့မိခြင်းဖြင့် သင့်ယာဉ်ကို ထိန်းချုပ်၍ မရတော့သည့်အထိ ဖြစ်သွားနိုင်သည်။

တုံးနေသော သို့မဟုတ် ပါးလွန်းသော တာယာများဖြင့် ယာဉ်မမောင်းပါနှင့်။ လမ်းမပေါ်တွင် မိုးရွာလွန်းခြင်း၊ ရေရှိနေခြင်း၊ သို့မဟုတ် နှင်းပျော်ဝင်နေသောရွှံ့များ ရှိနေလျှင် အရှိန်ကိုလျှော့ပါ။ ရေအိုင်များကို ဖြတ်မောင်းပြီးနောက် သင့်ဘရိတ်ကို တော့နင်းခြင်းဖြင့် စမ်းသပ်ပါ။ ထိုသို့လုပ်ပေးခြင်းဖြင့် ဘရိတ်များကို ခြောက်သွားစေသည်။ သင့်ကားတာယာပန်းများထက် ရေပိုများနေပါက အရှိန်ကိုလျှော့ပါ။ အခြားယာဉ်မောင်းများတွေ့အောင် သင့်ကား၏ရှေ့မီးများကို ဖွင့်ထားပါ။

### မြူခိုး

မြူခိုးများသည် အခြားယာဉ်များ၊ လမ်းလျှောက်သွားသူများနှင့် ယာဉ်ကြောအချက်ပြမီးများကို မြင်နိုင်မှုလျော့နည်းစေသည်။ သတိထားဖြင့် အရှိန်လျှော့ပြီး မောင်းနှင်ပါ။ အပေါ်ရှေ့မီးကြီးများကို မသုံးပါနှင့်။ အောက်ရှေ့မီး အလင်းရောင်များသည် လမ်းမနှင့် ရှေ့ဘက်ရှိသော အရာဝတ္ထုများကို ပိုမြင်ရစေသည်။ မြူခိုးများ လုံးဝဖုံးအုပ်သွားပြီး မမြင်ရတော့ခါနီး အခြေအနေတွင် လမ်းဘေးသို့ သေချာစွာထွက်သွားပြီး တတ်နိုင်သမျှ အဝေးတစ်နေရာတွင် ရပ်ပါ။ မြူခိုးကြားတွင် ယာဉ်မောင်းနေလျှင် ရှေ့မီးများနှင့် အရေးပေါ်အချက်မပြမီးများကို အသုံးပြုသင့်သည်။

### ပြင်းထန်သောလေများ

အားပြင်းသောလေများသည် ကိုယ်ထည်မြင့်သော ယာဉ်များ (ဥပမာ ဗင်ကားနှင့် ဘက်စုံသုံးယာဉ်များ)အတွက် ကြီးမားသည့် အကျိုးသက်ရောက်မှုရှိပါသည်။ ထိုကဲ့သို့သော အခြေအနေများကို သတိပြုပြီး သင်၏ဘေးကင်းမှုအတွက် သင့်လျော်စွာဆောင်ရွက်ပါ။

### ရုတ်တရက်ရေကြီးခြင်း

နှစ်စဉ်တိုင်းတွင် အခြားသော လမ်းပေါ်ရာသီဥတု အခြေအနေကြောင့်ထက် ရုတ်တရက် ရေကြီးခြင်းကြောင့် သေဆုံးသူဦးရေက ပိုများသည်။ ညဘက်တွင် သို့မဟုတ် သွားနေကျမဟုတ်သော လမ်းများတွင် ယာဉ်မောင်းသောအခါ အထူးသတိထားပါ။ မုန်တိုင်းမိပါက သို့မဟုတ် အန္တရာယ်ရှိသော အခြေအနေကြုံရပါက အောက်ပါ စည်းကမ်းချက်များကို လိုက်နာပါ။

- ယာဉ်အသွားအလာ ပိတ်ဆို့မှုများကို ရှောင်ပြီး လမ်းပိတ်ထားသော မှတ်အသားများကို ကျော်၍ ယာဉ်မမောင်းရပါ။
- ရေကြီးခြင်းကြောင့် မျောပါသွားနိုင်သော သို့မဟုတ် တည်ငြိမ်မှုလျော့ပါးနိုင်သော တံတားများ၊ မြေအောက်မြောင်းများနှင့် လမ်းအခင်းများကို သတိပြုပါ။
- ရေလျှံနေသောလမ်းမပေါ်တွင် ဖြတ်မမောင်းပါနှင့်၊ အဘယ်ကြောင့်ဆိုသော် ရေအနက်သည် အမြဲတမ်း သိသာထင်ရှားမနေဘဲ ရေတိုက်စားထားသည့်နေရာကို ဖုံးကွယ်ထားနိုင်သည်။
- ရေကြီးသောနေရာတွင် သင့်ယာဉ်ရပ်သွားပါက တတ်နိုင်သမျှစောစော ထားပစ်ခဲ့ပါ၊ အဘယ်ကြောင့်ဆိုသော် ရေကြီးခြင်းကြောင့် မြန်ဆန်စွာရေတက်နိုင်ပြီး ကားနှင့်ခရီးသည်များကို တိုက်ချနိုင်သည်။

## ညဘက်တွင် ယာဉ်မောင်းနှင်ခြင်း

ညဘက်တွင်ယာဉ်မောင်းခြင်းသည် ဖြစ်နိုင်ခြေပြဿနာ များစွာရှိပြီး ညဘက်တွင် သို့မဟုတ် အန္တရာယ်ကြီးသော အခြေအနေများတွင် ယာဉ်မောင်းသည့်အတွေ့အကြုံမရှိလျှင် ပိုဆိုးစေနိုင်သည်။ ညဘက်တွင်ယာဉ်မောင်းနေစဉ် ယာဉ်မောင်းများသည် မောပန်းနိုင်ခြေ ပိုရှိပြီး မတော်တဆမှုများ ဖြစ်ရန်အန္တရာယ်ပိုများသည်။ စာမျက်နှာ 45 တွင် ဖော်ပြထားသည့် အိပ်ငိုက်ခြင်း လက္ခဏာတစ်ခုခု ကြုံတွေ့ရပါက ယာဉ်မောင်းခြင်းကို ရပ်ရန်အဆင်သင့်ပြင်ထားပါ။

### မြင်နိုင်မှု

လမ်းလျှောက်သွားသူများ၊ လမ်းအမှတ်အသားများနှင့် အခြားသော ယာဉ်များကို ညဘက်တွင် မှတ်သားရန်နှင့် မှတ်မိရန် ပိုမိုခက်ခဲသည်။ ညအချိန်ယာဉ်မောင်းရန် အခြေအနေများတွင် အထူးသဖြင့် သွားနေကျမဟုတ်သည့် လမ်းများတွင် ပုံမှန်အမြန်နှုန်းထက် လျှော့ချသင့်ပါသည်။

အခြားတစ်ဖက်မှ လာသောယာဉ်၏ စူးရှတောက်ပသော ရှေ့မီးကြီးများလည်း အမြင်အာရုံကို လျော့နည်းစေသည်။ အလင်းရောင်စူးရှမှုကို ရှောင်ကြဉ်ရန်အတွက် အခြားတစ်ဖက်မှ လာနေသည့်ယာဉ်၏ မီးများကို တိုက်ရိုက်မကြည့်ပါနှင့်၊ ထိုအစား လမ်း၏ညာဘက်ကို အာရုံစိုက်ပါ။

### ရှေ့မီးများ

ယာဉ်မောင်းများသည် နေဝင်ချိန်နှင့် နေထွက်ချိန်အကြားနှင့် ပေ 500 အောက်သာမြင်ရသော အခြားအချိန်များတွင် ရှေ့မီးများကို အသုံးပြုရမည်။ ရှေ့မီးများဖွင့်ထားသောအခါ အခြားတစ်ဖက်မှ လာနေသည့်ယာဉ်များနှင့် ပေ 500 အတွင်း သို့မဟုတ် အခြားယာဉ်၏နောက်မှ လိုက်နေလျှင် ပေ 200 အတွင်း အကွာအဝေးရှိသောအခါ အောက်ရှေ့မီးများကို အသုံးပြုရမည်။

## ယာဉ်မောင်းနိုင်စွမ်း အားလျော့နေစဉ်နှင့် အန္တရာယ်ကြီးစွာ ယာဉ်မောင်းခြင်း

### အိပ်ငိုက်ပြီး ယာဉ်မောင်းခြင်း

အိပ်ငိုက်ပြီး ယာဉ်မောင်းခြင်းသည် မတော်တဆဖြစ်မှုများ၏ အန္တရာယ်ပိုများလာနိုင်သည်။ အိပ်ငိုက်ပြီး ယာဉ်မောင်းခြင်းနှင့် ပတ်သက်သည့် မတော်တဆ ဖြစ်မှုများသည် အလွန်ပင် ပြင်းထန်နိုင်ပြီး ဆိုးဝါးသည့် ဒဏ်ရာရရှိမှုများ သို့မဟုတ် သေဆုံးမှုအထိ ဖြစ်သွားနိုင်သည်။ တစ်နိုင်ငံလုံးတွင် သေဆုံးမှုဖြစ်စေသည့် ယာဉ်တိုက်မှုများ အားလုံးအနက် ခန့်မှန်းချိန်အရ 16.5 ရာခိုင်နှုန်းသည် ပင်ပန်းနွမ်းနယ်သော ယာဉ်မောင်းကြောင့် ဖြစ်ပါသည်။ သုတေသနလေ့လာမှုများအရ မအိပ်ဘဲ 18 နာရီကြာ ယာဉ်မောင်းနှင်သော ယာဉ်မောင်းတစ်ဦးသည် တရားဝင်အရက် ကန့်သတ်နှုန်းဖြစ်သည့် သွေးထဲအရက်ပါဝင်နှုန်း (BAC) .08 ရှိသည့် ယာဉ်မောင်း

တစ်ဦးကဲ့သို့ပင် နည်းတူ ယာဉ်မောင်းနိုင်စွမ်း အားလျော့နည်းပါသည်။

အလွန်အမင်း မောပန်းနေစဉ် ယာဉ်မောင်းနိုင်ခြေရှိသည့် လူအများစုတွင် အလုပ်ဆိုင်းဖြင့် အလုပ်လုပ်သူများ၊ မိဘများ၊ စိတ်ငြိမ်ဆေးသောက်သော ပုဂ္ဂိုလ်များနှင့် ကုသမှုမရှိဘဲ အိပ်စက်ခြင်းဆိုင်ရာ ချို့ယွင်းမှု ရှိသူများ ပါဝင်သည်။ လုံလောက်စွာအနားမယူဘဲ ယာဉ်မောင်းခြင်းကြောင့် သေဆုံးနိုင်လောက်သည့် မှားယွင်းမှုကို မည်သူမဆို လုပ်မိနိုင်သော်လည်း အသက် 16 နှစ်မှ 29 နှစ်အထိရှိသော လူငယ်များအတွက် အန္တရာယ်ပိုများပြီး မောပန်းနွမ်းနယ်မှုနှင့် သက်ဆိုင်သည့် မတော်တဆဖြစ်မှုများထဲမှ 64 ရာခိုင်နှုန်း ပါဝင်သည်။

နိုးကြားမနေနိုင်ပါက၊ သို့မဟုတ် အောက်ပါအိပ်ငိုက်သည့် လက္ခဏာတစ်ခုခုရှိပါက ယာဉ်မောင်းခြင်းကိုရပ်ရန်အတွက် အသင့်ပြင်ဆင်ထားပါ။

- ယာဉ်အချက်ပြမီးနီများတွင် အိပ်ငိုက်သွားခြင်း
- သမ်းခြင်း၊ မျက်လုံးပွတ်ခြင်း၊ မျက်ရည်ဝဲခြင်း၊ သို့မဟုတ် မျက်ခွံလေးခြင်း
- လွန်ခဲ့သည့် မိုင်ပေါင်းအနည်းငယ် သို့မဟုတ် ယာဉ်မောင်းသည့် မိနစ်ပေါင်းအနည်းငယ်ကို သတိရရန်ခက်ခဲခြင်း
- လမ်းအမှတ်အသားများ သို့မဟုတ် ထွက်ပေါက်များကို မတွေ့မိခြင်း
- သတိမထားမိဘဲ ယာဉ်ကြောပြောင်းခြင်း
- ခေါင်းညိမ့်မိခြင်း သို့မဟုတ် ခေါင်းစိုက်ကျခြင်း
- လမ်းဘေးသို့ထွက်သွားပြီး အဖုအထစ်များကို ထိမိခြင်း
- ပုံမှန်အမြန်နှုန်းကို ထိန်းသိမ်း၍မရခြင်း

အိပ်ချင်မူးတူးဖြစ်နေစဉ် ယာဉ်မောင်းလျှင် လမ်းနှင့်ယာဉ်ကြော အခြေအနေများအပေါ် အချိန်မီတုံ့ပြန်ရန် နှေးကွေးလာနိုင်သည်။ နေရာအသီးသီးမှ ရုတ်တရက်ဝင်လာသော ရှုပ်ထွေးသည့် အချက်အလက်များကို နားလည်ရန်အတွက် အခက်အခဲကြုံရနိုင်ပါသည်။ ယာဉ်မောင်းခြင်းနှင့်ဆိုင်သော ဆုံးဖြတ်ချက်များ ချရာတွင်လည်း သတိလက်လွတ် ဖြစ်ခြင်း၊ အာရုံစိုက်ရခက်ခြင်း၊ သို့မဟုတ် ယာဉ်မောင်းနေစဉ် အိပ်ပျော်သွားခြင်းအထိ ဖြစ်နိုင်သည်။

### *အိပ်ငိုက်နေစဉ် ယာဉ်မောင်းခြင်းကို မည်သို့ကာကွယ်မည်နည်း*

ပင်ပန်းနေလျှင် ယာဉ်မမောင်းပါနှင့်။ အိပ်ချင်မူးတူးဖြစ်ခြင်းကို လျော့နည်းစေရန်အတွက် ထပ်အိပ်ခြင်းသည် အကောင်းဆုံး နည်းလမ်းဖြစ်သည်။ တတ်နိုင်သမျှ ဘေးကင်းလုံခြုံမည့် တစ်နေရာတွင်ရပ်ပြီး ခဏအိပ်ပေးပါ။

ဖြစ်နိုင်လျှင် အိပ်ချင်သလို ခံစားနေရသည့်အချိန်အတွင်း ယာဉ်မောင်းခြင်းကို ရှောင်ပါ။ ကောင်းမွန်စွာ အနားယူထားသည့်သူကို မောင်းခွင့်ပေးပါ။ ကားကို စုသုံးခြင်း၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးကို သုံးခြင်း၊ တက္ကစီအငှားယာဉ် သုံးခြင်း၊ သို့မဟုတ် မိသားစုဝင် သို့မဟုတ် မိတ်ဆွေကို လိုက်ပို့ခိုင်းခြင်း၊ စသည့်နည်းလမ်းများကိုသုံးရန် စဉ်းစားပါ။

## အာရုံမစိုက်ဘဲ ယာဉ်မောင်းခြင်း

ယာဉ်မောင်း၏အာရုံမစိုက်မှုသည် အင်ဒီယားနားပြည်နယ်တွင် များပြားလာသည့် ပြဿနာတရပ်ဖြစ်ပြီး ယာဉ်တိုက်မှုများစွာကို ဖြစ်စေသည့် အဓိက အကြောင်းအရင်းတခု ဖြစ်လာသည်။ အာရုံမစိုက်ဘဲ ယာဉ်မောင်းခြင်းဟူသည် လမ်းကိုမကြည့်ခြင်း၊ လက်ကိုင်ဘီးကို လွှတ်ထားခြင်း၊ သို့မဟုတ် ယာဉ်မောင်းခြင်းကို အာရုံမထားခြင်း၊ စသည့်လုပ်ရပ်များ ဖြစ်ပါသည်။ အာရုံမစိုက်ဘဲ ယာဉ်မောင်းသည့် လုပ်ရပ်များတွင် ဆဲလ်ဖုန်းသုံးခြင်း၊ တက်စ်ပို့ခြင်းနှင့် အစားအစာစားခြင်း၊ စသည့်အရာများ ပါဝင်သည်။

အင်ဒီယားနားဥပဒေအရ ယာဉ်မောင်းနေစဉ် ဆက်သွယ်ရေးကိရိယာ တခုခုအသုံးပြုခြင်းကို အတိအကျ တားမြစ်ထားပါသည်။ ယင်းတားမြစ်ချက်နှင့် ပတ်သက်ပြီး လက်ဖြင့်ကိုင်ထားစရာ မလိုအပ်သော ဆက်သွယ်ရေးစနစ်ကို အသုံးပြုခြင်း သို့မဟုတ် အမှန်တကယ်ဖြစ်သော အရေးပေါ်အခြေအနေအတွက် 911 နှင့်ဆက်သွယ်ရန် အဆိုပါဆက်သွယ်ရေးကိရိယာကို အသုံးပြုခြင်း၊ စသည်တို့အတွက်သာ ခြွင်းချက်ပေးထားသည်။

တက်စ်ပို့ခြင်းသည် စိုးရိမ်ဖွယ်ရာအများဆုံး အာရုံနှောင့်ယှက်မှုဖြစ်သည်။ တက်စ်ပို့ခြင်း သို့မဟုတ် ဖတ်ရှုခြင်းသည် လမ်းကို မကြည့်သည့်အချိန် 5 စက္ကန့် ကြာသည်။ တစ်နာရီ 55 မိုင်နှုန်းဖြင့် သွားနေလျှင် ဘော်လုံးကွင်းတစ်ကွင်းစာ ရှိသည့်အကွာအဝေးကို မျက်လုံးပိတ်ပြီး ယာဉ်မောင်းခြင်းနှင့် တူပါသည်။ အင်ဒီယားနားပြည်နယ်တွင် ယာဉ်မောင်းနေစဉ် တက်စ်ပို့ခြင်း၊ ဖုန်းဆက်ခြင်း၊ သို့မဟုတ် တနည်းအားဖြင့် ယာဉ်မောင်းနေစဉ် ဆဲလ်ဖုန်းများကဲ့သို့ ဆက်သွယ်ရေးကိရိယာများကို အသုံးပြုခြင်းသည် လက်လွတ်ထားနိုင်သည်မှလွဲ၍ တရားမဝင်ပါ။

## ဒေါသစိတ်ဖြင့် ယာဉ်မောင်းခြင်း

အင်ဒီယားနားပြည်နယ်တွင် ယာဉ်ကြောင့် သေပျောက်မှုများ အားလုံးအနက် သုံးပုံတစ်ပုံခန့်သည် "အန္တရာယ်များစွာဖြင့် မောင်းနှင်ခြင်း" ကြောင့် ဖြစ်ပါသည်။ အန္တရာယ်များစွာဖြင့် ယာဉ်မောင်းခြင်းမှ မတော်တဆဖြစ်မှုသည် ယာဉ်မောင်းအနေနှင့် ဒေါသစိတ်ဖြင့် ယာဉ်မောင်းခြင်း၊ အချက်ပြတစ်ခုခုကို လျစ်လျူရှုခြင်း၊ သို့မဟုတ် အမြန်နှုန်းတိုးမြှင့်ခြင်း၊ စသည့်လုပ်ရပ် တစ်ခုသို့မဟုတ် ထိုထက်ပိုပြီး လုပ်မိခြင်းကြောင့် ဖြစ်ပေါ်သော ယာဉ်တိုက်မှုများ ဖြစ်ပါသည်။

အင်ဒီယားနားပြည်နယ် ဥပဒေအရ လူတစ်ဦးအနေနှင့် ယာဉ်မောင်းနေချိန်အတွင်း အောက်ပါအချက်များထဲမှ အနည်းဆုံးသုံးချက်ကို တစ်ကြိမ် လုပ်မိလျှင် သို့မဟုတ်ကျူးလွန်မိလျှင် ဒေါသစိတ်ဖြင့် ယာဉ်မောင်းခြင်းဖြစ်သည်။

- ယာဉ်တစ်စီး၏နောက်မှ နီးကပ်လွန်းစွာလိုက်ခြင်း

- ဘေးမကင်းစွာဖြင့် ယာဉ်မောင်းခြင်း
- ယာဉ်သွားလမ်းအပြင်ဘက် ထွက်သွား၍ ညာဘက်မှ အခြားယာဉ်တစ်စီးကို ကျော်တက်ပြီးနေရာယူခြင်း
- ဘေးမကင်းစွာဖြင့် ယာဉ်ရပ်ခြင်း သို့မဟုတ် အရှိန်သတ်ခြင်း
- မလိုအပ်ဘဲ ဟွန်းတီးခြင်း
- အခြားယာဉ်ကို ဦးစားပေးရန်ပျက်ကွက်ခြင်း
- ယာဉ်ကြောထိန်းကိရိယာ တစ်ခုခုကို လိုက်နာရန်ပျက်ကွက်ခြင်း
- ဘေးမကင်းသော အမြန်နှုန်းဖြင့် မောင်းနှင်ခြင်း
- ယာဉ်၏ရှေ့မီးများဖြင့် ထပ်ခါတလဲလဲ အချက်ပြခြင်း

## ကျေးလက်ဒေသ လမ်းများတွင် ယာဉ်မောင်းခြင်း

ကျေးလက်ဒေသ လမ်းများတွင် ယာဉ်မောင်းခြင်းသည် ကျောက်ခင်းထားသော ပြည်နယ်ကူးလမ်းမကြီး သို့မဟုတ် မြို့တွင်းလမ်းများထက် အန္တရာယ်ပိုများနိုင်သည်။ ကျေးလက်ဒေသ လမ်းများသည် ပိုကျဉ်းနိုင်ပြီး လမ်းမျက်နှာပြင်ပေါ်တွင် ခင်းထားသော နိုင်လွန်ကတ္တရာများ၊ မြေမှုန့်များ၊ သို့မဟုတ် ကျောက်စရစ်များ ပါဝင်နိုင်သည်။

**ကျောက်စရစ်။** ကျောက်စရစ်များရှိနေလျှင် ယာဉ်ရပ်ရန်နှင့် ကွေ့ရန်အတွက် ပိုမိုခက်ခဲပါသည်၊ အဘယ်ကြောင့်ဆိုသော် တာယာကုပ်အား လျော့နည်းခြင်းကြောင့် ဖြစ်ပါသည်။ တာယာကုပ်အား လျော့နည်းသောအခါ ဘီးချော်နိုင်သည်။ အကွေ့ သို့မဟုတ် ရပ်ရန်နေရာတွင် ဘီးချော်မည့်အန္တရာယ် လျော့နည်းစေရန်အတွက် ကြိုပြီးအရှိန်သတ်ရမည်။

**မြေမှုန့်ဖုန်မှုန့်။** ခြောက်သွေ့သည့်အချိန်များတွင် မြေကြီးလမ်းများသည် အလွန်ပင် ဖုန်ထနိုင်သည်။ ဖုန်မှုန့်ကြောင့် မြင်နိုင်မှုကို လျော့နည်းစေနိုင်သည်။ အခြားယာဉ်မောင်းများ သင့်ကိုပိုမြင်နိုင်စေရန်အတွက် အောက်ရှေ့မီးများကို အသုံးပြုပါ။

**ကျဉ်းမြောင်းသော တံတားများနှင့်လမ်းများ။** အချို့သော တံတားများနှင့် လမ်းများသည် ကျဉ်းမြောင်းနိုင်သည်။ ကျဉ်းမြောင်းသော လမ်းများ သို့မဟုတ် တံတားများတွင် အခြားယာဉ်များနှင့် နီးလာသောအခါ သို့မဟုတ် အခြားယာဉ်များကို ကျော်တက်သောအခါ သတိထားသင့်သည်။ အခြားယာဉ်များကို ရပ်ပေးရန်အတွက် အဆင်သင့်ဖြစ်အောင် ကျဉ်းမြောင်းသော တံတားများ၏ အမှတ်အသားများကို အမြဲတမ်းသတိပြုပါ။

**မတ်စောက်သောတောင်များ သို့မဟုတ် တောင်ထိပ်များ။** မတ်စောက်သောတောင်၏ တောင်ထိပ်မရောက်မီ အရှိန်လျှော့ပါ၊ လမ်း၏ညာဘက်သို့ရွှေ့ပြီး အခြားတစ်ဖက်မှ လာသောယာဉ်များကို သတိပြုပါ။ မတ်စောက်သောတောင် သို့မဟုတ် တောင်ထိပ် မရောက်မီ အခြားယာဉ်ကို ကျော်တက်ရန် ဘယ်တော့မှ မကြိုးစားပါနှင့်။

**မြင်ကွင်းလျော့နည်းခြင်း။** ပြောင်းဖူးကဲ့သို့ စိုက်ပျိုးထားသော အပင်များသည် လမ်းဆုံများအနီးသို့ ချဉ်းကပ်လာသော ယာဉ်များနှင့် ကွေ့ကောက်သော လမ်းများတွင် အခြားတစ်ဖက်မှ လာနေသည့်ယာဉ်များကို မြင်နိုင်စွမ်း လျော့နည်းစေပါသည်။

## ပြည်နယ်ကူး အဝေးပြေးလမ်းမကြီးများ ပေါ်တွင် ယာဉ်မောင်းခြင်း

အဝေးပြေးလမ်းမကြီးများတွင် အမြန်ရွေ့လျားနေသည့် ယာဉ်များနှင့် ချောမွေ့စွာ ဝင်ရောက်ပူးပေါင်းနိုင်ရန်အတွက် ကောင်းသော ဆုံးဖြတ်ချက်နှင့် အချိန်မှန်းဆမှု လိုအပ်ပါသည်။ ဆင်ခြေလျှောလမ်းမှ ပြည်နယ်ကူး အဝေးပြေးလမ်းမကြီးထဲသို့ ဝင်ရန်အတွက် ညာဘက်ကပ်ထားပြီး ယာဉ်ကြောရှင်းသောအခါ ဝင်ရောက်ပူးပေါင်းနိုင်ရန်အတွက် အရှိန်မြှင့်တင်ရန်ယာဉ်ကြောထဲတွင် အမြန်နှုန်းကိုမြှင့်တင်ပါ။ အဝေးပြေးလမ်မကြီးပေါ်ရှိ ယာဉ်မောင်းများအနေနှင့် ဝင်ရောက်ပူးပေါင်းမည့် ယာဉ်များကို ဝင်ခွင့်ပေးသင့်သည်။ သို့သော် အဝေးပြေးလမ်းမကြီးထဲသို့ ဝင်မည့်ယာဉ်မောင်းသည် လမ်းမကြီးပေါ်ရှိနေသည့် ယာဉ်များ၏ တရားဝင် သွားလာခွင့်ကို ဦးစားပေးရမည်။


ကျော်သွားမိသော ထွက်ပေါက်ကို ပြန်သွားရန်အတွက် ပြည်နယ်ကူး အဝေးပြေးလမ်းမကြီးပေါ်တွင် နောက်ဆုတ်ရန် ဘေးအန္တရာယ်ရှိသည်။ ထွက်ပေါက်ကိုကျော်သွားလျှင် နောက်ထပ်ထွက်ပေါက်တစ်ခု ရောက်သည့်အထိ ဆက်မောင်းရမည်။ အရေးပေါ်ယာဉ် သို့မဟုတ် အဝေးပြေးလမ်းမကြီး ထိန်းသိမ်းရေးယာဉ် မှအပ ပြည်နယ်ကူး အဝေးပြေးလမ်းမကြီး ပေါ်တွင် လမ်းလယ်ကျွန်းကို ဖြတ်ခြင်း သို့မဟုတ် လမ်းကူးခြင်းဖြင့် ဂငယ်ကွေ့ ကွေ့၍ အခြားတစ်ဖက်သို့ပြန်သွားခြင်းသည် တရားမဝင်ပါ။

အရေးပေါ်အခြေအနေ သို့မဟုတ် ယာဉ်ပျက်စီးမှုမှလွဲ၍ ပြည်နယ်ကူး အဝေးပြေးလမ်းမကြီး၏ လမ်းဘေးတွင် ယာဉ်ရပ်ခြင်း သို့မဟုတ် ရပ်နားခြင်းမပြုပါနှင့်။


ကုန်တင်ယာဉ်များကို ဦးတည်ရာလမ်းကြောင်းချင်းတူသည့် ယာဉ်ကြောနှစ်ခုရှိသော အဝေးပြေးလမ်းမကြီး အပိုင်းများတွင် ညာဘက်ယာဉ်ကြောကိုသာ သုံးရန်ကန့်သတ်ထားပြီး ဦးတည်ရာလမ်းကြောင်းချင်းတူသည့် ယာဉ်ကြောသုံးခု သို့မဟုတ် အထက်ရှိသော အဝေးပြေးလမ်းမကြီးတွင် ညာဘက်ယာဉ်ကြော နှစ်ခုကိုသာ သုံးရန်ကန့်သတ်ထားသည်။

## လုပ်ငန်းဇုန်များ


မီးအချက်ပြ ဘုတ်ပြားများကို ယာဉ်ကြောပိတ်ခြင်း သို့မဟုတ် "လမ်းကြောင်းကူးပြောင်းခြင်း" ကို ဖော်ပြရန်အတွက် မြှားပုံဖြင့် အသုံးပြုလေ့ရှိသည်။ ထိုအခြေအနေများတွင် လမ်းပေါ်ရှိ ယာဉ်ကြောအမှတ်အသားများ၊ လမ်းတား ကတော့များ၊ စည်ပိုင်းများ သို့မဟုတ် အတားအဆီးများမှ ယာဉ်သွားရမည့် လမ်းကြောင်းကို အကြမ်းဖျင်းဖော်ပြ ထားလိမ့်မည်။ မြှားပုံဖြင့် မည်သည့်ဘက်ကိုမှ မီးအချက်မပြထားသော ဘုတ်ပြားတစ်ခုသည် သတိပြုရန် အချက်ပြတစ်ခုဖြစ်သော်လည်း ယာဉ်မောင်းကို အခြားယာဉ်ကြောသို့ ပြောင်းရမည်ဟု မသတ်မှတ်ပါ။




ညာဘက်ယာဉ်ကြောထဲသို့ ဝင်ပါ သို့မဟုတ် ပူးပေါင်းပါ



ညာဘက်ယာဉ်ကြောထဲသို့ ဝင်ပါ သို့မဟုတ် ပူးပေါင်းပါ



ညာဘက် သို့မဟုတ် ဘယ်ဘက် ယာဉ်ကြောထဲသို့ ဝင်ပါ သို့မဟုတ် ပူးပေါင်းပါ



သတိပြုပါ


### အလံကိုင်သူ၏ အချက်ပြများ

အချို့သော လုပ်ငန်းခွင်များတွင် အလံကိုင်သူတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုပြီး လုပ်ငန်းဇုန်အဆုံး တစ်ဘက်စီတွင် နေရာချထားသည်။

အလံကိုင်သူမှ လိမ္မော်ရောင်/အနီရောင် မီးရောင်ပြန်အလံကို ယာဉ်ကြောထဲတွင် အလျားလိုက် ထုတ်၍တားထားလျှင် သင်ရပ်ပေးရမည်။ အလံကိုင်သူမှ ညွှန်ကြားသောအခါမှသာ အမြန်နှုန်းကိုလျှော့ပြီး ဆက်သွားနိုင်မည်။

အလံကိုင်သူအနေနှင့် အချက်ပြ အပြားကို အသုံးပြုပါက ရပ်ရန် "STOP" သို့မဟုတ် ဖြည်းဖြည်းသွားရန် "SLOW" ကို ဖော်ပြသည့်အတိုင်း ရပ်ရမည်၊ သို့မဟုတ် ဖြည်းဖြည်းချင်း ဆက်သွားရမည်။

အချို့အခြေအနေများတွင် အလံကိုင်သူများကို ယာဉ်ကြောအပြင်ဘက်တွင် ရှိနေနိုင်ရန်အတွက် အလိုအလျောက် အလံကိုင်သူ အကူကိရိယာများကို အသုံးပြုသည်။ ထိုကိရိယာများသည် အလံကိုင်သူမှ လက်ဖြင့်ကိုင်ထားသော အချက်ပြအပြား ကဲ့သို့ပင် ရပ်ရန် "STOP" သို့မဟုတ် ဖြည်းဖြည်းသွားရန် "SLOW" အမှတ်အသားကို ဖော်ပြပေးသည်၊ သို့မဟုတ် မီးနီ နှင့် မီးဝါ အချက်ပြများကို အသုံးပြုသည်။



ရပ်





ရပ်




ဖြည်းဖြည်းသွား



ဆက်သွား




အလံကိုင်သူအတွက် အလိုအလျောက်ကူညီမှုပေးသောကိရိယာ

### လုပ်ငန်းဇုန်ဘေးကင်းမှု အတွက် ယာဉ်မောင်းရန် အကြံပြုချက်များ

လုပ်ငန်းဇုန်များသည် ယာဉ်မောင်းများနှင့် အလုပ်လုပ်သူများ နှစ်ဦးနှစ်ဖက်စလုံးအတွက် အန္တရာယ်ရှိသည်။ ထိုအန္တရာယ်များကို အလေးအနက်ထားပြီး လုပ်ငန်းဇုန်တွင် ယာဉ်မောင်းသော အခါတိုင်း သတိပြုပါ။

- နိုးကြားနေပါ။ အမြန်နှုန်း ကန့်သတ်ချက်များ လျှော့ထားခြင်း၊ ယာဉ်ကြောကျဉ်းများနှင့် အဝေးပြေးလမ်းမကြီးကို ပြုပြင်ဆောက်လုပ်သူများ ရှိမရှိ ကြည့်ရှုစစ်ဆေးပါ။
- အာရုံစိုက်ပါ။ လုပ်ငန်းဇုန် အမှတ်အသားများသည် ရှေ့တွင်ကြုံတွေ့မည့်အရာကို အတိအကျ ဖော်ပြထားပါလိမ့်မည်။
- စောစော ဝင်ရောက်ပူးပေါင်းပါ။ အမှတ်အသားများကို တွေ့တွေ့ချင်း ဝင်ရောက်ပူးပေါင်းလျှင် ယေဘုယျအားဖြင့် ယာဉ်စီးဆင်းမှု ပိုပြီးချောမွေ့ပါမည်။ အချို့သောနေရာများတွင် ယာဉ်ကြောများကို လမ်းကြောင်းပိတ်သည့်နေရာနှင့်နီးမှ ယာဉ်ကြောထဲပူးတွဲဝင်ရန် အားပေးပါသည်၊ ထိုနည်းကို

နောက်ကျမှပူးတွဲဝင်ခြင်း (late merging) သို့မဟုတ် ဇစ်ပိတ်နည်းဖြင့် ပူးတွဲဝင်ခြင်း (zipper merging) ဟု သိရပြီး ယာဉ်ကြော ပြည့်လျှံမှုအကွာအဝေးကို လျှော့ချရန်အတွက် အသုံးပြုနိုင်သည်။ ထိုအခြေအနေများတွင် သင်္ကေတအမှတ်အသားများကို အသုံးပြုပါလိမ့်မည်။

- အရှိန်လျှော့ပါ။ လုပ်ငန်းဇုန်ကို ချဉ်းကပ်သောအခါ အမြန်နှုန်းမြင့်တင်လျှင် နှေးကွေးသော သို့မဟုတ် ရပ်နေသောယာဉ်များနှင့် စက္ကန့်ပိုင်းအတွင်း ကြုံတွေ့ရလိမ့်မည်။
- နောက်မှ ကပ်မလိုက်ပါနှင့်။ ယာဉ်အနားပတ်လည်တွင် ဘေးကင်းသည့် အကွာအဝေးထိန်းထားပါ။
- အာရုံနှောင့်ယှက်မှုများကို လျှော့ထားပါ။
- ကြိုတင်စီမံပြီး နှောင့်နှေးမှုများကို ကြိုတွက်ထားပါ။
- အခြားလမ်းကြောင်းများ ရှိနေလျှင် အသုံးပြုရန်စဉ်းစားပါ။

## ရထားလမ်းဆုံများ

ယာဉ်မောင်းများကို သတိပေးရန်နှင့် စည်းကမ်း သတ်မှတ်ထားရန်အတွက် အထူးအမှတ်အသားများ၊ အချက်ပြများနှင့် လမ်းမျက်နှာပြင် အမှတ်အသားများကို အသုံးပြုပါသည်၊ သို့သော် ရထားလမ်းဆုံတိုင်းတွင် ဤကိရိယာများအားလုံး သုံးမည်ဟု မမှတ်ထားသင့်ပါ။ ဥပဒေအရ အချို့သောယာဉ်များကို ရထားလမ်းဆုံများတွင် ရထားနှင့် 15 ပေ ထက်မနီး သို့မဟုတ် 50 ပေထက် မဝေးသည့်နေရာ၌ အမြဲတမ်းရပ်ရမည်ဟု သတ်မှတ်ထားသည်။ ဤသတ်မှတ်ချက်သည် ပစ်ပယ်ထားသော ရထားလမ်းများတွင် အကျုံးမဝင်ပါ။ ဤသတ်မှတ်ချက်သည် ပစ်ပယ်ထားသော ရထားလမ်းများအတွက် အကျုံးမဝင်ပါ။ ထိုနေရာများတွင် သင့်လျော်သည့် သင်္ကေတအမှတ်အသားများကို ချထားသည်၊ သို့မဟုတ် ရထားလမ်းကို ဖြတ်မည့်လမ်းကြောင်းများကို ဖျက်သိမ်းထားသည်။

ရထားလမ်းဆုံများတွင် ရပ်ရမည့်ယာဉ်များ။


- ခရီးသည်များကို သယ်ဆောင်သည့် အငှားယာဉ်များအားလုံး
- ကျောင်းဘတ်စကားအားလုံး
- ပေါက်ကွဲတတ်သောအရာများ သို့မဟုတ် မီးလောင်လွယ်သော အရည်များ သယ်ဆောင်သည့် ယာဉ်များအားလုံး

ရထားလမ်းဆုံများ ရှိနေကြောင်း ယာဉ်မောင်းများကို သတိပေးရန်အတွက် အသုံးပြုသော သတိပေးချက် အမှတ်အသား အမျိုးမျိုးရှိပါသည်။



ရထားလမ်းဆုံ


ရထားလမ်းဆုံ


ရထားလမ်းဆုံ


ရထားလမ်းဆုံ

### *ကြက်ခြေအမှတ်အသားများ (Crossbucks)*

ရထားလမ်းဆုံ ကြက်ခြေအမှတ်အသားများသည် ရထားလမ်းများ၏ နေရာကို မှတ်သားခြင်းဖြစ်ပါသည်။

ထိုကြက်ခြေအမှတ်အသားကို တစ်ခုတည်းသာ ဖော်ပြထားသောအခါ ဦးစားပေးရန်အမှတ်အသား (yield sign) အဖြစ်သတ်မှတ်ပြီး ရပ်ရန် သို့မဟုတ် ရထားလမ်းကူးရန် သင့်ဆုံးဖြတ်ချက် ဖြစ်ပါသည်။ ချဉ်းကပ်လာသည့် ရထားရှိပါက သင်ရပ်ပေးရမည်။

ကြက်ခြေအမှတ်အသားကို ရပ်ရန်အမှတ်အသား (stop sign) နှင့်အတူ ဖော်ပြထားသောအခါ အပြည့်အစုံရပ်ရမည်ဖြစ်ပြီး ချဉ်းကပ်လာသည့် ရထားမရှိကြောင်း သေချာအောင် ကြည့်ရှုစစ်ဆေးပြီးမှသာ ရထားလမ်းများကို ကူးရမည်။ ရပ်ရန်အမှတ်အသား တစ်ခုရှိရုံဖြင့် ရထားမလာကြောင်း ဘယ်သောအခါမှ မထင်မှတ်ပါနှင့်။

အသံမြည်နေသည့် သတိပေးခေါင်းလောင်းများ၊ အချက်ပြမီးများ၊ သို့မဟုတ် မီးများနှင့် ဂိတ်တားထားခြင်းများ ရှိသောအခါ ရပ်ပေးရမည်ဖြစ်ပြီး သတိပေးချက်များကို မဖျက်သိမ်းမီ သို့မဟုတ် ရဲအရာရှိ သို့မဟုတ် ရထားလမ်း အလံကိုင်သူမှ ဆက်သွားရန် မညွှန်ကြားခင်အထိ ဆက်မသွားရပါ။

### *ရထားလမ်းဆုံ ဘေးကင်းမှု*


- ရထားလမ်း ဖြတ်မကူးရန် တားထားသည့်ဂိတ်ကို ပတ်မောင်းလျှင် တရားမဝင်ပါ။
- သတိပေးသော အမှတ်အသားများနှင့် ကိရိယာများ အားလုံးကို လိုက်နာပါ။ ရထားများ၏ အရွယ်အစားကြောင့် အမြန်နှုန်းအမှန်ကို အထင်လွဲနိုင်သည်။ မည်သည့်အခြေအနေ တွင်မဆို ရထားလမ်းဆုံ ဖြတ်ကူးရန်အတွက် ရထားနှင့်ပြိုင်မောင်းခြင်း မလုပ်ရ။






- ရထားလမ်းများကို ဖြတ်ကူးသောအခါတွင် ကားရပ်ခြင်း သို့မဟုတ် ဂီယာပြောင်းထိုးခြင်းကို ရှောင်ပါ။ ယာဉ်မောင်းတစ်ဦး အနေနှင့် မရပ်ဘဲဖြတ်ကူးနိုင်ရန်အတွက် ရထားလမ်းမရှင်းခင်အထိ ဘယ်သောအခါမှ ဖြတ်မကူးရပါ။ ရထားလမ်းများပေါ်တွင် သင့်ယာဉ်ပျက်၍ရပ်သွားပါက ကားစီးသူအားလုံး ချက်ချင်းအပြင်ထွက်ရမည်။
- ရထားလမ်းအဖွဲ့ကို လမ်းပိတ်မိကြောင်း ဖုန်းဆက်ရန်အတွက် ဆက်သွယ်ရေး အချက်အလက်ပါသည့် အရေးပေါ် အကြောင်းကြားရန် အမှတ်အသားကို ရှာပါ၊ သို့မဟုတ် 911 ကို ဆက်သွယ်ပြီး အကူအညီတောင်းပါ။
- အခြားရထားများ ရှိမရှိကြည့်ရှုစစ်ဆေးပါ။ ရထားလမ်းတစ်ခုထက် ပိုရှိနေသောနေရာတွင် လမ်းရှင်းအောင် စောင့်နေသော ယာဉ်မောင်းတစ်ဦးအနေနှင့် မိမိစောင့်နေသည့်ရထားလမ်း ရှင်းသွားပြီးနောက် ဖြတ်မကူးမီ အခြားတစ်ဖက်တွင် လာနေသည့်ရထားမရှိကြောင်း သေချာအောင် ကြည့်ရှုစစ်ဆေးရမည်။ ပထမ ရထား၏ အခြားတစ်ဖက်တွင် ဆန့်ကျင်ဘက်ဦးတည်လာနေသည့် ရထားမရှိကြောင်း သေချာအောင် သတိထားပါ။
- ဂိတ်တားထားသည့် ရထားလမ်းဆုံအချို့တွင် ချဉ်းကပ်လာနေသည့် ရထားများမှ ဟွန်းသံမပေးဘဲ 'ဆိတ်ငြိမ်သည့်နယ်မြေဇုန်များ' ကို သတိပြုပါ။
- အချို့သော ရထားများသည် ယာဉ်သွားလမ်းများ၏ အလယ်တွင်ရှိသော ရထားလမ်းများတွင် ဖြတ်သွားဖြတ်လာရှိသည်ကို သတိပြုပါ။ ထိုအခြေအနေများတွင် ချဉ်းကပ်လာသည့် ရထားရှိနေကြောင်း ဖော်ပြရန် ယာဉ်ကြောအားလုံးအတွက် မီးနီများဖြင့်အချက်ပြ ပါသည်။ ယာဉ်မောင်းများအနေနှင့် ထိုအချက်ပြခြင်းကို အခြားသော ရထားလမ်းဆုံ သတိပေးချက်ကဲ့သို့ပင် သတ်မှတ်သင့်သည်။
- ရထားလမ်းဆုံ မရောက်မီ ပေ 100 အလိုတွင် အခြားယာဉ်ကို မကျော်တက်ရပါ။

## ရထားလမ်းဆုံများတွင် ဘေးကင်းမှု



ရထားလမ်းဆုံဂိတ်

ရထားတစ်စီး ချဉ်းကပ်လာနေစဉ် ရထားလမ်းဆုံတွင် သို့မဟုတ် ရထားလမ်းပေါ်တွင် သင့်ယာဉ်ပျက်သွားပါက၊ သို့မဟုတ် ရထားလမ်းများပေါ်တွင် သို့မဟုတ် ရထားလမ်းဆုံတွင် အဟန့်အတားတစ်ခုခု တွေ့ရပါက၊ သင်နှင့်အခြားယာဉ်မောင်းများအတွက် သို့မဟုတ် ရထားမောင်းသူများနှင့် ရထားပေါ်ရှိ ခရီးသည်များအတွက် အသက်အန္တရာယ် ရှိနိုင်သည်။ ထို့ကြောင့် ယာဉ်တိုက်မှုဖြစ်နိုင်ခြေကို နည်းနိုင်သမျှ နည်းအောင် ချက်ချင်းဆောင်ရွက်သင့်သည်။ ထိုသို့ဖြစ်လာခဲ့လျှင် စဉ်းစားစရာအတွက် အထွေထွေလမ်းညွှန်ချက် အချို့ရှိပါသည်။

- ရထားလမ်းဆုံတွင် မီးများအချက်ပြသောအခါနှင့် ဂိတ်စ၍ နိမ့်ကျလာသောအခါတွင် ထိုနေရာမှ ထွက်ပြေးရန် စက္ကန့် 20 ခန့်အချိန်ရှိသည်။
- သင် သို့မဟုတ် အခြားယာဉ်မောင်း အနေနှင့် ရထားလမ်းပေါ် သို့မဟုတ် ရထားလမ်းဆုံတွင် ကားပျက်၍ပိတ်မိသောအခါ ထိုနေရာမှ ဝေးရာသို့ ထွက်ပြေးတိမ်းရှောင် သင့်သည်၊ အခြားသူများကိုလည်း ထွက်ပြေးတိမ်းရှောင်ရန် အကြောင်းကြားပြီး ရထားလာနေသည့်ဘက်မှ ရထားလမ်းနှင့် 45 ဒီကရီထောင့်ချိုး ဦးတည်ရာသို့ ထွက်ပြေးသင့်သည်။ ထိုနေရာမှ ရှောင်ထွက်ပြီးသောအခါ 911 သို့ ဖုန်းဆက်ပြီး ပြဿနာအကြောင်းကို တင်ပြပါ။




ရထားလမ်းဆုံ ရောက်သောအခါ သင့်ယာဉ်ပျက်သွားပါက၊ သို့မဟုတ် ရထားလမ်းပေါ်တွင် သို့မဟုတ် ထိုလမ်းဆုံတွင် အဟန့်အတား တစ်ခုခုရှိနေသည်ကို တွေ့ရပါက၊ ရထားတစ်စီးမှ မချဉ်းကပ်လျှင် သို့မဟုတ် မရှိနေလျှင်၊

- အရေးပေါ်အကြောင်းကြားခြင်းစနစ် (ENS) ထံသို့ ချက်ချင်းဖုန်းဆက်ပါ။ ဖုန်းနံပါတ်ကို ရထားလမ်းဆုံ ဂိတ်တွင်တပ်ထားသည့် အပြာရောင်ဆိုင်းဘုတ် ပေါ်တွင် ရှိပါသည် (ညာဘက်တွင် ပုံဖော်ပြထားသည်၊ ဆိုင်းဘုတ်ပေါ်ရှိ ဖုန်းနံပါတ်များ ကွဲပြားနိုင်သည်)။ သူတို့ကို မည်သည့် အဟန့်အတား ရှိနေကြောင်းနှင့် သင့်နေရာကို အတိအကျပြောပြပါ။
- ENS ကိုအကြောင်းကြား ပြီးသောအခါ 911 သို့ဖုန်းဆက်ပြီး ပြဿနာအကြောင်းကို တင်ပြပါ။

## နောက်တွဲယာဉ်ပါ ကုန်တင်ယာဉ်များနှင့် လမ်းကြောင်း မျှဝေအသုံးပြုခြင်း

နောက်တွဲယာဉ်ပါ ကုန်တင်ကားကြီးနှင့် မတော်တဆ ဖြစ်နိုင်ခြေကို လျော့နည်းစေရန်အတွက် ထိုယာဉ်များ၏ ဘရိတ်စနစ်၊ ယာဉ်မောင်းမျက်ကွယ်များနှင့် ကျွမ်းကျင်မှုနှင့်သတိရှိစွာ မောင်းနှင်နိုင်မှုကို သိထားပါ။ အထူးခွင့်ပြုချက်မလိုဘဲ မောင်းနှင်သောယာဉ် မှန်သမျှ၏ အကျယ်သည် အများဆုံး 8 ပေ 6 လက်မ ရှိသည်။ အထူးခွင့်ပြုချက်မလိုဘဲ မောင်းနှင်သောယာဉ် မှန်သမျှ၏ အမြင့်သည် အများဆုံး 13 ပေ 6 လက်မ ရှိသည်။ အထူးခွင့်ပြုချက် မလိုအပ်သည့် မောင်းနှင်နိုင်သောယာဉ် မှန်သမျှ၏ အများဆုံးအလေးချိန်သည် 80,000 ပေါင်ဖြစ်သည်။ အရွယ်အစားနှင့်/သို့မဟုတ် အလေးချိန် ကန့်သတ်ချက်များ ကျော်လွန်သော ယာဉ်တစ်စီးကို အများပြည်သူ အဝေးပြေးလမ်းမကြီးပေါ် မမောင်းခင် အရွယ်အစားလွန်/အလေးချိန်လွန် ခွင့်ပြုချက်တစ်ခု ရယူထားရမည်။ သတ်မှတ်ချက်များနှင့် ခွင့်ပြုချက်များနှင့် ပတ်သက်သည့် အချက်အလက် ပိုမိုလိုအပ်ပါက https://www.in.gov/dor/mcs.htm တွင်ဖတ်ရှုပါ။ ပေ 80 ထက်ရှည်လျားသည့် ယာဉ်များအားလုံးသည် ညဘက်တွင် ထိုယာဉ်ကို အခြားယာဉ်မောင်းများ မြင်ရအောင် အမြင့်ကိုဖော်ပြသည့် မီးသီးများ၊ အမှတ်အသားများ၊ သို့မဟုတ် ရောင်ပြန်ဟပ်သောအရာများ ရှိရမည်။

## *ဘရိတ်အုပ်ခြင်း*

သာမန်ကားတစ်စီးနှင့် အမြန်နှုန်းချင်းအတူတူ သွားနေသော နောက်တွဲယာဉ်ပါ ကုန်တင်ကားကြီးသည် ရပ်ရန်အတွက် သာမန်ကားထက် အချိန်ပိုကြာသည့်အတွက် ထိုကုန်တင်ကားကြီး၏ ရှေ့ဘက်တွင် ရုတ်တရက် ယာဉ်ကြောပြောင်းခြင်း သို့မဟုတ် ရပ်တန့်ခြင်းမလုပ်သင့်ပါ။ တစ်နာရီ 55 မိုင်နှုန်းဖြင့် သွားနေသော ယေဘုယျ ခရီးသည်ကားသည် 130 ပေမှ 140 ပေခန့်၊ သို့မဟုတ် ဘော်လုံးကွင်းတစ်ဝက်ရှိသော အကွာအဝေးတွင် ရပ်နိုင်သည်။ ပစ္စည်းအပြည့်တင်ထားသော နောက်တွဲယာဉ်ပါ ကုန်တင်ကားကြီး အနေနှင့် ဘရိတ်ကို အဆုံးထိဆက်တိုက်နင်းထားလျှင် အပြည့်အစုံရပ်ရန်အတွက် ပေပေါင်း 400 ကျော်ပါသည်၊ သို့မဟုတ် ဘော်လုံးကွင်းတစ်ကွင်းလုံး၏ အကွာအဝေးထက် ပိုများသည်။

## *ချိုးကွေ့ခြင်း*

မည်သည့်ယာဉ်မဆို ကွေ့သောအခါ နောက်ဘီးများသည် ရှေ့ဘီးများထက် ပိုနီးသည့်လမ်းကြောင်းဖြင့် လိုက်ပါသွားပြီး ပိုရှည်သည့်ယာဉ်အတွက် ကွာခြားမှုပိုများသည်။ နောက်တွဲယာဉ်ပါ ကုန်တင်ကားကြီး မောင်းနှင်သူများ အနေနှင့် ကွေ့ဝင်ရန်အတွက် ထောင့်ကျဉ်းလျှင် ကွေ့မည့်နေရာကို ပထမအဆင့် နေရာမကြာခဏချဲ့လေ့ရှိသည်။

နောက်တွဲယာဉ်ပါ ကုန်တင်ကားကြီး နောက်မှလိုက်လျှင် ထိုယာဉ်ကို အထူးသဖြင့် ညာဘက်မှ ကျော်တက်ရန် မကြိုးစားမီ ထိုယာဉ်၏ ကွေ့ရန်အချက်ပြမီးများကို ကြည့်ပါ။ နောက်တွဲယာဉ်ပါ ကုန်တင်ကားကြီးသည် ဘယ်ဘက်သို့ရွှေ့သွားပုံ ပေါ်နေလျှင် ခဏစောင့်ပါ၊ ထိုယာဉ်မောင်းအနေနှင့် မည်သည့်ဖက်သို့ ကွေ့ရန် အချက်အပြနေကြောင်းနှင့် ညာဘက်ကွေ့မကွေ့ သေချာအောင် ကြည့်ပါ။ အဝိုင်းလမ်းဆုံ ရောက်သောအခါ သို့မဟုတ် အဝိုင်းထဲဝင်သောအခါ နောက်တွဲယာဉ်ပါ ကုန်တင်ကားကြီးနှင့် လမ်းကြောင်း မျှဝေအသုံးပြုခြင်းဆိုင်ရာ စည်းကမ်းချက်များကို သတိထားပါ။ ဤအခန်း၏ အဝိုင်းလမ်းဆုံ အပိုင်းတွင် ထိုစည်းကမ်းချက်များကို ပြန်လည်ဖတ်ရှုနိုင်ပါသည်။

## *ယာဉ်မောင်းမျက်ကွယ်ရာနေရာများ*

ယာဉ်မောင်းအများစုသည် နောက်တွဲယာဉ်ပါ ကုန်တင်ကားကြီး၏ ယာဉ်မောင်းအနေနှင့် သာမန်ကားထက်နှစ်ဆ အမြင့်တွင် ထိုင်နေသည့်အတွက် လမ်းကိုပိုမြင်ရသည်ဟု ထင်ရောင်ထင်မှား ဖြစ်ကြပါသည်။ နောက်တွဲယာဉ်ပါ ကုန်တင်ကားကြီး၏ ယာဉ်မောင်းများသည် ရှေ့မြင်ကွင်းပိုကောင်းပြီး ဘေးကြည့်မှန်များ ပိုကြီးသော်လည်း ကားတစ်စီးလုံးကို လုံးဝ မမြင်ရတော့သည့် ယာဉ်မောင်းမျက်ကွယ်ရာ နေရာများ ရှိပါသည်။ နောက်တွဲယာဉ်ပါ ကုန်တင်ကားကြီး မောင်းနှင်သူ၏ ယာဉ်မောင်းမျက်ကွယ်ရာ နေရာများသည် ယာဉ်မောင်းထိုင်ရာမှ ရှေ့ဘက်၊ ယာဉ်တွဲ၏ဘေးနှစ်ဖက်၊ ယာဉ်မောင်းထိုင်ရာ ၏ဘေးဘက်၊ စည့်နေရာများတွင် ပေ 20 အထိရှိပြီး ယာဉ်၏နောက်ဘက်တွင် ပေ 200 အထိရှိသည်။

နောက်တွဲယာဉ်ပါ ကုန်တင်ကားကြီး၏ ဘေးဘက် ယာဉ်မောင်းမျက်ကွယ်ရာ နေရာများနှင့် နောက်ဘက်တွင် အချိန်ဆွဲပြီး မောင်းနှင်သူများသည် ကုန်တင်ယာဉ်မောင်းနှင်သူအတွက် အန္တရာယ်ကြီးသော အခြေအနေအား ရှောင်ကြဉ်နိုင်စွမ်းကို အဟန့်အတားဖြစ်စေသည်။

## *ကျွမ်းကျင်မှုနှင့်သတိရှိစွာ မောင်းနှင်နိုင်မှု*

နောက်တွဲယာဉ်ပါ ကုန်တင်ကားကြီးများသည် ကုန်ပစ္စည်းများကို ခရီးဝေးသယ်ဆောင်ရန်အတွက် ပြင်ဆင်တည်ဆောက်ထားပြီး ကားများကဲ့သို့ ကျွမ်းကျင်မှုနှင့်သတိရှိစွာ မောင်းနှင်ရန် လွယ်ကူအောင် ပြင်ဆင်တည်ဆောက်ထားခြင်း မဟုတ်ပါ။ နောက်တွဲယာဉ်ပါ ကုန်တင်ကားကြီးများသည် အလေးချိန် ပိုများသည်၊ ရပ်ရန်နှင့်အမြန်နှုန်းတင်ရန် အချိန်ပိုကြာပြီး ချိုးကွေ့မည့်အချင်းဝက် အကျယ်အဝန်း ပိုများသည်။ ယာဉ်ကြောများစွာရှိသည့် အဝေးပြေးလမ်းမကြီးများပေါ်တွင် နောက်တွဲယာဉ်ပါ ကုန်တင်ကားကြီးများသည် ဒေသခံ၏ယာဉ်များ လမ်းမကြီးပေါ် ဝင်ထွက်သွားလာနိုင်စေရန် အတွက် အလယ်ယာဉ်ကြောတွင် နေပေးသည်။

အလယ်ယာဉ်ကြောတွင် ရှိနေခြင်းသည် အန္တရာယ်ကြီးသော အခြေအနေ သို့မဟုတ် မတော်တဆဖြစ်မှုကို ရှောင်ကြဉ်ရန် ယာဉ်ကြောပြောင်းလျှင် ပြောင်းနိုင်ရန်အတွက် ရွေးစရာနည်းလမ်းများလည်း ပိုရှိသည်။

## *နောက်တွဲယာဉ်ပါ ကုန်တင်ယာဉ်များနှင့် လမ်းကြောင်း မျှဝေအသုံးပြုခြင်းအတွက် အကြံပြုချက်များ*

- **ထွက်ပေါက် သို့မဟုတ် အချိုးအကွေ့သို့ ရောက်ရှိရန်အတွက် နောက်တွဲယာဉ်ပါ ကုန်တင်ကားကြီးရှေ့ကို မဖြတ်ပါနှင့်။** နောက်တွဲယာဉ်ပါ ကုန်တင်ကားကြီးရှေ့ရှိ နေရာအလွတ်တွင် ဖြတ်ဝင်ခြင်းသည် ကုန်တင်ကားကြီး မောင်းနှင်သူ၏ ဘေးကင်းမှုအတွက် ရထားသည့်အကာအကွယ်ကို ဖျက်သိမ်းရာကျပါသည်။ ဆောက်လုပ်ရေးဇုန်တွင် တစ်ကြောင်းတည်းရှိသည့် ယာဉ်ကြောသို့ နောက်တွဲယာဉ်ပါ ကုန်တင်ကားကြီးနှင့် ပြိုင်ပြီးလုတက်ခြင်းသည် အထူးအန္တရာယ်ကြီးသည့် အခြေအနေတစ်ရပ် ဖြစ်စေပါသည်။ အမြန်နှုန်းလျှော့ရန် အချိန်ပေးပြီး နောက်တွဲယာဉ်ပါ ကုန်တင်ကားကြီး၏ နောက်ဘက်မှ ဝင်ပါ။ သင့်အတွက် စက္ကန့်အနည်းငယ်သာ အချိန်ပိုပေးရပြီး မတော်တဆဖြစ်မှု အန္တရာယ်ကို များစွာလျှော့နည်းစေပါသည်။
- **နောက်တွဲယာဉ်ပါ ကုန်တင်ကားကြီးကို ကျော်တက်သည့်အချိန်တွင် ကားကြီး၏ဘေးဘက်တွင် အချိန်ကြာကြာ မနေပါနှင့်။** နောက်တွဲယာဉ်ပါ ကုန်တင်ကားကြီးကို ကျော်တက်လျှင် အပြည့်အစုံ အမြဲတမ်းကျော်တက်ပြီး ဘယ်ဘက်မှ အမြဲတမ်းကျော်တက်ပါ။ နောက်တွဲယာဉ်ပါ ကုန်တင်ကားကြီးကို ကျော်တက်သောအခါ အချိန်ကြာနေလျှင် လမ်း၏ရှေ့ဘက်တွင် အဟန့်အတားတစ်ခုခု ပေါ်လာခဲ့မည်ဆိုပါက သင်ယူထားသည့် အနေအထားကြောင့် ကုန်တင်ကားယာဉ်မောင်း အနေနှင့် ရှောင်ကြဉ်ရန်အတွက် မဖြစ်နိုင်ပါ။
- **နောက်မှနီးကပ်စွာ မလိုက်ပါနှင့်၊ သို့မဟုတ် ရှေ့ကား၏နောက်မြီးကို ကပ်၍မလိုက်ပါနှင့်။** နောက်တွဲယာဉ်ပါ ကုန်တင်ကားကြီး၏ နောက်မှလိုက်သောအခါ ထိုယာဉ်မောင်း၏ နောက်ကြည့်မှန်များကို မမြင်ရလျှင် သင့်ကို သူမမြင်ရပါ။ နောက်တွဲယာဉ်ပါ ကုန်တင်ကားကြီး၏ နောက်မှ ကပ်လိုက်ခြင်းသည် အန္တရာယ်ကြီးသည်၊ အဘယ်ကြောင့်ဆိုသော် ထိုကားကြီးအနေနှင့် လျင်မြန်စွာရပ်လိုက်မည်ဆိုပါက ဘေးကင်းမှုအတွက် သင်ကိုယ်တိုင် ရထားသည့်အကာအကွယ် ရှိတော့မည်မဟုတ်ပါ။ ထို့အပြင် သင်နောက်မှ လိုက်နေသည့် ရှေ့ကားသည် လမ်းပေါ်ရှိ အရာဝတ္ထု တစ်ခုခုကို တိုက်မိလျှင် သင့်ကားရှေ့ကို မထိခိုက်မီ သင့်ဘက်မှ တုံ့ပြန်နိုင်မည့်အချိန် မရှိပါ။
- **နီးစပ်လာသည့် ကုန်တင်ကားကြီး၏ အရွယ်အစားနှင့် အမြန်နှုန်းကို ဘယ်သောအခါမှ လျှော့မတွက်ပါနှင့်။** နောက်တွဲယာဉ်ပါ ကုန်တင်ကားကြီးသည် ကြီးမားသည့် အရွယ်အစားကြောင့် သွားနေသည့်အမြန်နှုန်းထက် နှေးသည့်ပုံပေါ်လေ့ရှိသည်။ ကားနှင့် နောက်တွဲယာဉ်ပါ ကုန်တင်ကားကြီးများ ပါဝင်သည့်ယာဉ်တိုက်မှု အများအပြားသည် လမ်းဆုံများတွင်ဖြစ်ပါသည်၊ အဘယ်ကြောင့်ဆိုသော် ကားမောင်းသူများအနေနှင့် ကုန်တင်ကားကြီး နီးနေမှန်းမသိခြင်း သို့မဟုတ် နီးကပ်လာသည့် အမြန်နှုန်းကို မသိခြင်းကြောင့် ဖြစ်ပါသည်။

## အခြားယာဉ်များနှင့် လမ်းကြောင်းမျှဝေအသုံးပြုခြင်း

### *အင်ဒီယားနားပြည်နယ်၏ လမ်းဖယ်ပေးရန် ဥပဒေ*

အင်ဒီယားနားပြည်နယ်တွင် ယာဉ်မောင်းများအနေနှင့် မှိတ်တုတ်မီးအချက်ပြနေသော အရေးပေါ်ယာဉ်ကို ဦးစားပေးရန်၊ ညာဘက်သို့ရွှေ့ပြီး အပြည့်အဝ ရပ်ပေးရန်၊ သို့မဟုတ် ထိုအရေးပေါ်ယာဉ်ကို ချဉ်းကပ်သောအခါ ယာဉ်ကြောပြောင်းပေးရန်၊ စသည့် လမ်းဖယ်ပေးရန် ဥပဒေ Move Over law (IC 9-21-8-35) သတ်မှတ်ချက်ရှိသည်။

### *အရေးပေါ်ယာဉ်များ*

မီးနီ၊ မီးနီနှင့်မီးဖြူ၊ သို့မဟုတ် မီးနီနှင့်မီးပြာ၊ စသည့်မီးများဖြင့် မီးလုံးတစ်လုံး တစ်လှည့်စီ မှိတ်တုတ်အချက်ပြသော အရေးပေါ်ယာဉ်တစ်စီးကို ချဉ်းကပ်နေသည့် ယာဉ်မောင်းများ အနေနှင့် တရားဝင် ခွင့်ပြုထားသော ယာဉ်အတွက် ယာဉ်ကြောပြောင်းပေးရမည်ဟု သတ်မှတ်ထားသည်။ လမ်းဖယ်ပေး၍မရပါက ယာဉ်မောင်းများ အနေနှင့် ဖော်ပြထားသည့် အမြန်နှုန်း ကန့်သတ်ချက်အောက် တစ်နာရီ 10 မိုင်နှုန်းဖြင့် အမြန်နှုန်းလျှော့ပြီး သတိဖြင့်ဆက်သွားရမည်။ လိုက်နာရန်ပျက်ကွက်ပါက Class A Infraction အမျိုးအစား စည်းမျဉ်းချိုးဖောက်မှု ဖြစ်ပါသည်။

ဥပဒေ IC 9-13-2-6 အရ တရားဝင်ခွင့်ပြုထားသော အရေးပေါ်ယာဉ်များတွင် ပါဝင်သောယာဉ်များ။

1. မီးသတ်ဌာနယာဉ်များ
2. ရဲဌာနယာဉ်များ
3. လူနာတင်ယာဉ်များ
4. ဆေးရုံများ သို့မဟုတ် ကျန်းမာရေးနှင့်ဆေးရုံ အဖွဲ့အစည်းများမှ သို့မဟုတ် ထိုဆေးရုံ အဖွဲ့အစည်းများအတွက် မောင်းနှင်သော အရေးပေါ်ယာဉ်များ
5. အင်ဒီယားနားပြည်နယ် သယ်ယူပို့ဆောင်ရေးဌာနမှ အရေးပေါ်ယာဉ်များအဖြစ် သတ်မှတ်ထားသော ယာဉ်များ
6. အင်ဒီယားနားပြည်နယ် အရေးပေါ်ကျန်းမာရေး ဝန်ဆောင်မှုကော်မရှင်အဖွဲ့မှ အတည်ပြုထားသော မော်တော်ယာဉ်များ။ (A) ဆေးရုံများမှအပ ပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းများ၊ ပုဂ္ဂလိကပိုင်ကုမ္ပဏီများ၊ သို့မဟုတ် အစုရှယ်ယာရှင်ကုမ္ပဏီများ ပိုင်ဆိုင်သော လူနာတင်ယာဉ်များ၊ သို့မဟုတ် (B) လူနာတင်ယာဉ်များ မဟုတ်ဘဲ ကယ်ထုတ်ခြင်းနှင့် ကယ်ဆယ်ရေး ဝန်ဆောင်မှုများ အပါအဝင် အရေးပေါ်ကျန်းမာရေး ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသော မော်တော်ယာဉ်များ။
7. အရေးပေါ်ယာဉ်များကဲ့သို့ သတ်မှတ်ထားပြီး အရေးပေါ် အခြေအနေကို တုံ့ပြန်သော ပြုပြင်ရေးဌာန၏ယာဉ်များ

### *ရပ်နားထားသော တရားဝင်ခွင့်ပြုထားသည့်ယာဉ်များ*

ထို့အပြင် ပယင်းရောင် (amber) မှိတ်တုတ်အချက်ပြမီးများ ဖွင့်ထားပြီး ရပ်နားထားသော တရားဝင် ခွင့်ပြုထားသည့်ယာဉ်ကို ချဉ်းကပ်နေသည့် ယာဉ်မောင်းများ အနေနှင့် ထိုယာဉ်ကိုရှောင်ပေးပြီး ယာဉ်ကြောပြောင်းရမည်ဟု သတ်မှတ်ထားသည်။ လမ်းဖယ်ပေး၍မရပါက ယာဉ်မောင်းများ အနေနှင့် ဖော်ပြထားသည့် အမြန်နှုန်း ကန့်သတ်ချက်အောက် တစ်နာရီ 10 မိုင်နှုန်းဖြင့် အမြန်နှုန်းလျှော့ပြီး သတိဖြင့်ဆက်သွားရမည်။ လိုက်နာရန်ပျက်ကွက်ပါက Class B Infraction အမျိုးအစား စည်းမျဉ်းချိုးဖောက်မှု ဖြစ်ပါသည်။

ပယင်းရောင် မှိတ်တုတ်အချက်ပြမီးများရှိသော တရားဝင် ခွင့်ပြုချက်ရသည့် ယာဉ်များတွင် ပါဝင်သောယာဉ်များ။

1. ဆွဲတင်ရွှေ့ပြောင်းရေးယာဉ်များ
2. အဝေးပြေးလမ်းမကြီး ထိန်းသိမ်းရေးယာဉ်များ
3. ရေမီးဝန်ဆောင်မှုယာဉ်များ
4. အမှိုက်သိမ်းယာဉ်များ
5. မြေတိုင်း/ဆောက်လုပ်ရေး ယာဉ်များ

### *ကျောင်းဘတ်စကားများ*

ကျောင်းဘတ်စကားများတွင် ပယင်းရောင်နှင့်အနီရောင် မှိတ်တုတ်အချက်ပြမီးနှစ်မျိုးစလုံး တပ်ဆင်ထားသည်။ ကျောင်းဘတ်စကားမှ ပယင်းရောင် အချက်ပြမီးဖွင့်ထားသောအခါ ကျောင်းဘတ်စကားကို ဖြည်းဖြည်းချင်း အရှိန်သတ်ပြီး ကလေးများကို ဘတ်စကားပေါ် တင်ရန် သို့မဟုတ် ဘတ်စကားပေါ်မှ ချရန်အတွက် အခြားယာဉ်မောင်းများကို သတိပေးပါသည်။ ဘတ်စကားရပ်သောအခါ အနီရောင်မှိတ်တုတ်မီးများကို ဖွင့်ထားပြီး ရပ်ရန်အမှတ်အသားကို ဆန့်ထုတ်ထားပါလိမ့်မည်။




အနီရောင်မီးဖြင့် အချက်ပြနေပြီး ရပ်ရန်အမှတ်အသား ဆန့်ထုတ်ထားသော ကျောင်းဘတ်စကားကို ချဉ်းကပ်သောအခါ သင့်အနေနှင့် ရပ်ပေးရမည်။ အတားအဆီး သို့မဟုတ် သဘာဝ လမ်းလယ်ကျွန်းဖြင့် အလယ်တွင် ခြားထားသော လမ်းမ ပေါ်တွင် မောင်းနှင်ပါက ကျောင်းဘတ်စကားနှင့် ဦးတည်ရာလမ်းကြောင်းချင်း တူမှသာ ရပ်ပေးရမည်။




ကျောင်းသို့ ကျောင်းဘတ်စကားစီးသည့် ကလေးများအတွက် အကြီးဆုံးအန္တရာယ်သည် ဘတ်စကားစီးနေခြင်း မဟုတ်ဘဲ ဘတ်စကားကို ချဉ်းကပ်စဉ် သို့မဟုတ် ဘတ်စကားမှ ထွက်ခွာသွားချိန် ဖြစ်ပါသည်။ ဘတ်စကားမှတ်တိုင်ကို ချဉ်းကပ်သောအခါ။

- ဘတ်စကားမှတ်တိုင် အနီးအနားတွင် ကစားနေသော ကလေးများ သို့မဟုတ် စုရုံးနေသော ကလေးများကို သတိဖြင့်ကြည့်ရှုပေးပါ။
- ဘတ်စကားပေါ်တက်ရန် နောက်ကျနေသည့် ကလေးများအနေနှင့် အခြားယာဉ်ကိုမကြည့်ဘဲ ဘတ်စကားရှိရာသို့ လမ်းကူး၍တန်းပြေးသည့် ကလေးများရှိမရှိ ကြည့်ရှုပေးပါ။
- ဘတ်စကားအနေနှင့် ရပ်တော့မည်ဖြစ်ကြောင်း အခြားယာဉ်မောင်းများကို သတိပေးသော အဝါရောင် အချက်ပြမီးကို ဖွင့်ထားသောအခါ ရပ်ရန်အတွက် အသင့်ပြင်ထားပါ။

ကျောင်းဘတ်စကားမှ ဆန့်ထုတ်ထားသော ရပ်ရန်အမှတ်အသားကို လျစ်လျူရှုခြင်းသည် Class A misdemeanor ပြစ်မှုငယ် အမျိုးအစား ကျူးလွန်ခြင်း၊ ခန္ဓာကိုယ် ဒဏ်ရာရရှိမှုဖြစ်လျှင် Level 6 felony ပြစ်မှုကြီး အမျိုးအစား ကျူးလွန်ခြင်း၊ သို့မဟုတ် သေပျောက်မှုဖြစ်လျှင် Level 5 felony ပြစ်မှုကြီး အမျိုးအစား ကျူးလွန်ခြင်း၊ စသည့်ပြစ်မှုများ ဖြစ်သွားနိုင်သည်။

ကျောင်းဘတ်စကားများသည် ရထားလမ်းဆုံများတွင် ရပ်ပေးကြောင်း သတိထားပါ။ မကြာသေးခင်နှစ်များတွင် ရထားလမ်းဆုံများ၌ ရပ်နေသော ကျောင်းဘတ်စကားများကို နောက်မှဝင်တိုက်သော ယာဉ်တိုက်မှုများ များလာပါသည်။

### *မော်တော်ဆိုင်ကယ်များနှင့် စက်နှင့်မောင်းနှင်သောဆိုင်ကယ်များ (Motor Driven Cycles)*

မော်တော်ဆိုင်ကယ် နှင့် စက်နှင့်မောင်းနှင်သောဆိုင်ကယ် (MDC) မောင်းနှင်သူများကို အခြားသော ခရီးသည်ယာဉ်မောင်း ကဲ့သို့ပင် တန်းတူဖြစ်သည်ကို အသိအမှတ်ပြုရမည်။ မော်တော်ယာဉ် မောင်းနှင်သူများအားလုံးအတွက် ယာဉ်ကြောတစ်ခုအပြည့် အမြဲတမ်းခွင့်ပြုပါ။ ယာဉ်ကြောတစ်ခုထဲတွင် မော်တော်ယာဉ်တစ်စီးထက် ဆန့်နေပုံပေါ်သော်လည်း မော်တော်ဆိုင်ကယ်မောင်းနှင်သူများ နှင့် MDC မောင်းနှင်သူများကို ကျွမ်းကျင်မှုဖြင့် ဘေးကင်းစွာ မောင်းနှင်ရန် နှင့် အခြားသောမော်တော်ယာဉ် မောင်းနှင်သူများအနေဖြင့် မမြင်ရသည့် ဖြစ်နိုင်ခြေအန္တရာယ်များကို ရှောင်ကြဉ်ရန်အတွက် ယာဉ်ကြောအပြည့် လိုအပ်နိုင်ပါသည်ကို အသိအမှတ်ပြုရန် အရေးကြီးပါသည်။

မော်တော်ဆိုင်ကယ်များနှင့် စက်နှင့်မောင်းနှင်သောဆိုင်ကယ်များ၏ ကိုယ်ထည်သည် ပိုသေးငယ်၍ အမြန်နှုန်းနှင့် အကွာအဝေးကို ခန့်မှန်းရန် ပိုခက်ခဲပါလိမ့်မည်။ ထိုယာဉ်များသည် အခြားယာဉ်များထက် လျင်မြန်စွာ ရပ်နိုင်သည်။ မော်တော်ဆိုင်ကယ်များနှင့် စက်နှင့်မောင်းနှင်သော ဆိုင်ကယ်များ၏ အရွယ်အစားကြောင့် ယာဉ်မောင်းမျက်ကွယ်တွင် ကွယ်နေနိုင်သည်၊ သို့မဟုတ် ပခုံးမှ တစ်ချက်လှည့်ကြည့်သည့် အချိန်တွင် မတွေ့မိဘဲ ဖြစ်နိုင်ပါသည်။ ယာဉ်ကြောထဲ ဝင်ထွက်ချိန်နှင့် လမ်းဆုံများတွင် သင့်မှန်များနှင့် မျက်ကွယ်ရာနေရာများကို အမြဲတမ်းစစ်ဆေးကြည့်ရှုပါ။ ယာဉ်ကြောများ မပြောင်းမီ သို့မဟုတ် သွားနေသည့်ယာဉ်များနှင့် ဝင်ရောက်ပူးပေါင်းခြင်း မလုပ်မီ သင်ပြုလိုသောအရာကို အမြဲတမ်းအချက်ပြပါ။ အခြားသောယာဉ်မောင်းများကို ယာဉ်ကြောစီးဆင်းမှုနှင့် ဘေးကင်းသည့် ယာဉ်ကြောအနေအထားကို ကြိုတင်ခန့်မှန်းနိုင်စေသည်။

မော်တော်ဆိုင်ကယ် သို့မဟုတ် စက်နှင့်မောင်းနှင်သောဆိုင်ကယ်မှ ကွေ့ရန် အချက်ပြမီး ဖွင့်ထားခြင်းကြောင့် မကြာမီကွေ့မည်ဟု မယူဆပါနှင့်။ ထိုယာဉ်များတွင် အလိုအလျောက် အချက်ပြမီး ပိတ်ပေးသည့် စနစ်တပ်ထားလေ့မရှိပါ၊ ထို့အတူ မောင်းနှင်သူများ အနေနှင့် ထိုအချက်ပြမီးများကို ပြန်ပိတ်ရန် တစ်ခါတစ်ရံ မေ့နေတတ်ပါသည်။ သင်ဆက်မသွားမီ ထိုမော်တော်ဆိုင်ကယ် သို့မဟုတ် စက်နှင့်မောင်းနှင်သောဆိုင်ကယ် မောင်းနှင်သူမှ တစ်ခုခုလုပ်ရန် သေချာအောင် စောင့်နေပေးပါ။

အရွယ်ပိုကြီးသောယာဉ်များအတွက် အနည်းငယ်သာ စိတ်အနှောင့်အယှက်ဖြစ်မည့် လမ်းအခြေအနေများသည် မော်တော်ဆိုင်ကယ် မောင်းနှင်သူများအတွက် ကြီးမားသောအန္တရာယ် ဖြစ်နိုင်ပါသည်။ မော်တော်ဆိုင်ကယ်နှင့် စက်နှင့်မောင်းနှင်သောဆိုင်ကယ် မောင်းနှင်သူများ အနေနှင့် ချိုင့်များ၊ ကျောက်စရစ်များ၊ စိုစွတ်သော သို့မဟုတ် ချော်ထွက်နိုင်သော မျက်နှာပြင်များ၊ လမ်းမျက်နှာပြင် အက်ကြောင်းများ၊ ရထားလမ်းဆုံများနှင့် မြောင်းများရှိသော လမ်းမျက်နှာပြင်များ၊ စသည့်လမ်းနှင့်ယာဉ်ကြော အခြေအနေများကြောင့် အမြန်နှုန်းကို ရုတ်တရက် ပြောင်းလဲနိုင်သည်၊ သို့မဟုတ် ယာဉ်ကြောတစ်ခုတည်းအတွင်း အနေအထားကို ရုတ်တရက်ပြောင်းနိုင်သည်။ မော်တော်ဆိုင်ကယ်နောက်မှ လိုက်သောအခါ အကွာအဝေးအနည်းဆုံး သုံး၊ လေးစက္ကန့်ခြား၍ လိုက်ပါ၊ ထိုမှသာ မော်တော်ဆိုင်ကယ် မောင်းနှင်သူအနေနှင့် အရေးပေါ်အခြေအနေတွင် ကျွမ်းကျင်မှုနှင့်သတိရှိစွာ မောင်းနှင်ရန် သို့မဟုတ် ရပ်ရန် အချိန်လုံလောက်မည်။

### *စက်ဘီးများ*

ယာဉ်မောင်းများသည် စက်ဘီးစီးသူများနှင့် ပုံမှန် လမ်းမျှဝေအသုံးပြုရမည်။ လမ်းကြောင်းအများစုတွင် စက်ဘီးစီးသူများသည် အခြားသော လမ်းကြောင်းအသုံးပြုသူများကဲ့သို့ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများတူပါသည်။ ယာဉ်မောင်းများအနေဖြင့် စက်ဘီးစီးသူများနှင့် လမ်းမျှဝေအသုံးပြုသောအခါ အောက်ပါ လမ်းညွှန်ချက်များကို လိုက်နာသင့်သည်။

- စက်ဘီးစီးသူ၏ဘေးဘက်တွင် အန္တရာယ်ကင်းမည့် အကွာအဝေး (အနည်းဆုံးသုံးပေ) ရှိပြီး အခြားတစ်ဘက်မှ လာနေသည့်ယာဉ်ကြော၏ အန္တရာယ်မရှိသောအခါ ယာဉ်မောင်းများအနေနှင့် စက်ဘီးစီးသူကို ကျော်တက်နိုင်သည်။
- ယာဉ်မောင်းများသည် အခြားယာဉ်တစ်စီးကဲ့သို့ပင် စက်ဘီးစီးသူကို လမ်းအသုံးပြုခွင့်ပေးရမည်။
- စက်ဘီးများ အသုံးပြုရန်အတွက် သီးသန့်သတ်မှတ်ထားသော လမ်းကြောင်းများ သို့မဟုတ် လမ်းကြောင်း အစိတ်ပိုင်းများမှလွဲ၍ စက်ဘီးစီးသူများသည် နှစ်(2)စီးထက် ရင်ပေါင်တန်း၍ မစီးရပါ။
- စက်ဘီးစီးသူတစ်ဦးအနေနှင့် သတ်မှတ်ထားသည့် စက်ဘီးလမ်းကြောင်းတွင်သာ စီးရမည်ဟု သတ်မှတ်ချက်မရှိပါ၊ အဘယ်ကြောင့်ဆိုသော် စက်ဘီးလမ်းကြောင်း သို့မဟုတ် သွားလာရန်လမ်းကြောင်း တစ်ခုမဟုတ်တစ်ခုကို အသုံးပြုခွင့်ရှိသည်။
- စက်ဘီးစီးသူ၏ လမ်းကြောင်းကို ဖြတ်ပြီးမကွေ့မိရန် ရှောင်ကြဉ်ပါ။
- ယာဉ်မောင်းတစ်ဦးသည် ဘယ်ဘက်ကွေ့သောအခါ အခြားယာဉ်ကြောတစ်ဘက်မှ လမ်းဆုံထဲသို့ စက်ဘီးစီးသူဝင်လာလျှင် ယာဉ်မောင်းအနေနှင့် မကွေ့မီ ထိုစက်ဘီးကျော်သွားသည့်အထိ စောင့်နေသင့်သည်။

- ယာဉ်မောင်းတစ်ဦးသည် စက်ဘီးစီးသူနှင့် ဘယ်ဘက်ကွေ့ရန် ယာဉ်ကြောချင်းတူပါက စက်ဘီးစီးသူအနေနှင့် ဘယ်ဘက်သို့ ဘေးကင်းစွာ ချိုးကွေ့ပြီးသည့်အထိ ထိုစက်ဘီး၏နောက်မှလိုက်ပါ။
- ယာဉ်မောင်းတစ်ဦးသည် ညာဘက်ကွေ့မည့်အခါ ညာဘက်မှ စက်ဘီးစီးသူ ချဉ်းကပ်လာနေလျှင် ယာဉ်မောင်းအနေနှင့် မကွေ့မီ ထိုစက်ဘီးစီးသူကို ဦးစွာလမ်းဆုံ ဖြတ်သွားခွင့် ပေးပါ။

ယာဉ်မောင်းတစ်ဦးအနေနှင့် ကားရပ်နားပြီး တံခါးများမဖွင့်မီ စက်ဘီးစီးသူများ ရှိမရှိ စစ်ဆေးသင့်သည်။

### *စက်ဘီးလမ်းကြောများ*

စက်ဘီးလမ်းကြောင်းများနှင့် လမ်းကြောများကို အောက်ပါအချက်များမှလွဲ၍ စက်ဘီးများအတွက်သာ သီးသန့်အသုံးပြုရမည်။

- လမ်းလျှောက်သွားသူများနှင့် တွဲသုံးရန်ဖော်ပြထားသော အမှတ်အသားများ
- စာပို့ခြင်းကဲ့သို့ တရားဝင်တာဝန် ထမ်းဆောင်သော ယာဉ်မောင်း

ယာဉ်မောင်းများ သို့မဟုတ် ယာဉ်အမျိုးအစားတစ်ခုခု မောင်းနှင်သူများအတွက် အခြားသောစည်းမျဉ်းစည်းကမ်းများတွင် ပါဝင်သောအချက်များ။

- စက်ဘီးလမ်းကြောင်း သို့မဟုတ် လမ်းကြောများတွင် ယာဉ်မမောင်းရပါ၊ သို့မဟုတ် စက်ဘီးသွားလာရန် လမ်းကြောင်းကို ပိတ်မိနိုင်သည့် အနေအထားဖြင့် ယာဉ်ရပ်နားခြင်းမပြုရပါ။
- သတ်မှတ်ထားသော စက်ဘီးလမ်းကြောင်း သို့မဟုတ် လမ်းကြောတွင် တရားဝင် သွားလာခွင့်ရှိသော စက်ဘီးစီးသူကို ဦးစားပေးပါ။
- ချိုးကွေ့ရန်အတွက် ပြင်ဆင်သောအခါ စက်ဘီးလမ်းကြောင်း သို့မဟုတ် လမ်းကြောထဲ မဝင်ပါနှင့်။
- စက်ဘီးလမ်းကြောင်း သို့မဟုတ် လမ်းကြောကို ချိုးကွေ့သောအခါမှသာ ဖြတ်သွားပါ၊ သို့မဟုတ် လမ်းကြိုလမ်းကြား၊ ခြံတွင်းလမ်း၊ သို့မဟုတ် ကိုယ်ပိုင်လမ်း ဝင်ထွက်သောအခါမှသာ ဖြတ်သွားပါ။
- လမ်းဘေးတွင်ရပ်နားသောအခါ ကားတံခါးဖွင့်ရန် သို့မဟုတ် နောက်ဆုတ်ရန်အတွက် သတိထားပါ။

### *မျှဝေအသုံးပြုရန်မြှားပုံများ (Sharrows)*


Sharrow အမှတ်အသားများသည် စက်ဘီးနှင့်အပေါ်ဘက် မြှားနှစ်ထပ်ပုံ ပြထားသော လမ်းမျက်နှာပြင် အမှတ်အသားများ ဖြစ်ပြီး ရပ်နားနေသော ကားများကိုရှောင်၍ သွားလာနိုင်ရန်နှင့် စက်ဘီးစီးသူများမှ လမ်းကြောများကို အသုံးပြုနိုင်ကြောင်း အခြားသော လမ်းအသုံးပြုသူများကို သတိပေးရန်ဖြစ်ပါသည်။



မျှဝေအသုံးပြုရန်မြှားပုံများ (Sharrows)

### *စက်ဘီးလမ်းကြောင်း နှင့် ဘတ်စ်ကားလမ်းကြောင်း အမှတ်အသားများ*


စက်ဘီးလမ်းကြောင်းများကို ပိုမိုမြင်သာစေရန်အတွက် အစိမ်းရောင်ခြယ်ထားသော လမ်းမျက်နှာပြင်ကို အသုံးပြုနိုင်သည်။ ဘတ်စကား၊ တက္ကစီကား၊ သို့မဟုတ် အခြားသော အများပြည်သူသုံးသော မြို့ပတ်ယာဉ်လိုင်းများအတွက် ပြင်ဆင်ထားသော ဘတ်စ်ကား သို့မဟုတ် မြို့ပတ်ယာဉ်လမ်းကြောင်းများကို ပိုမိုမြင်သာစေရန်အတွက် အနီရောင်ခြယ်ထားသော လမ်းမျက်နှာပြင်ကို အသုံးပြုနိုင်သည်။




### *နှေးကွေးစွာသွားသောယာဉ်များ*

နှေးကွေးစွာသွားသော စိုက်ပျိုးမွေးမြူရေးယာဉ်များ၊ ဆောက်လုပ်ရေး စက်ကိရိယာနှင့် တိရစ္ဆာန်များဖြင့် ဆွဲသောယာဉ်များ၊ စသည့်ယာဉ်အချို့သည် လမ်းကြောင်းများကို မျှဝေအသုံးပြုနိုင်သည်။ ထိုယာဉ်များကို ချဉ်းကပ်သောအခါနှင့် ကျော်တက်သောအခါတွင် သတိထားသင့်သည်။ နှေးကွေးစွာသွားသောယာဉ်၏ နောက်ဘက်တွင် တပ်ထားရမည့် အထူးသင်္ကေတကို သတိပြုပါ။

အများပြည်သူ အဝေးပြေးလမ်းမကြီးပေါ်တွင် မြင်းစီးသူ သို့မဟုတ် မြင်းဆွဲသောယာဉ် မောင်းနှင်သူအနေနှင့် အခြားသော မော်တော်ယာဉ်မောင်းနှင်သူကဲ့သို့ပင် အခွင့်အရေးနှင့် တာဝန်ဝတ္တရားချင်း တူပါသည်။ သတိထား၍ချဉ်းကပ်ပြီး မြင်းစီးသူမှ သို့မဟုတ် မြင်းဆွဲယာဉ် မောင်းနှင်သူမှ လက်ဖြင့် အချက်ပြခြင်းများကို သတိထားပါ။



နှေးကွေးစွာသွားသော ယာဉ်များ

### *ရပ်နားထားသော ရေမီးဝန်ဆောင်မှု၊ ပြုပြင်ထိန်းသိမ်းရေးနှင့် အမှိုက်သိမ်းယာဉ်များ*

ရပ်နားထားသော ရေမီးဝန်ဆောင်မှုယာဉ်၊ ဆောက်လုပ်ရေးယာဉ်၊ ပြုပြင်ထိန်းသိမ်းရေးယာဉ်၊ ဆွဲတင်ရွှေ့ပြောင်းရေးယာဉ်၊ မြေတိုင်းယာဉ်၊ သို့မဟုတ် အမှိုက်သိမ်းယာဉ်၊ စသည့်ပယင်းရောင်းမီးလုံး တစ်လှည့်စီ မှိတ်တုတ်အချက်ပြနေသော ယာဉ်များကို မြင်ရသောအခါ အမြန်နှုန်းကိုလျှော့သင့်ပြီး ဘေးကင်းစွာရှောင်ရန် ဖြစ်နိုင်လျှင် ထိုယာဉ်များနှင့်နီးစပ်ရာ မဟုတ်သည့် ယာဉ်ကြောသို့ ပြောင်းပါ။ ယာဉ်ကြောအနည်းဆုံးလေးခုပါသော အဝေးပြေးလမ်းမကြီးဖြစ်ပြီး သင်နှင့်ဦးတည်ရာ လမ်းကြောင်းချင်းတူသည့် ယာဉ်ကြောနှစ်ခုထက်မနည်းရှိသော အဝေးပြေးလမ်းမကြီးပေါ် သွားနေပါက အမြန်နှုန်းကိုလျှော့ရမည်ဖြစ်ပြီး ဘေးကင်းစွာရှောင်ရန် ဖြစ်နိုင်လျှင် ထိုယာဉ်များနှင့်နီးစပ်ရာ မဟုတ်သည့် ယာဉ်ကြောသို့ ပြောင်းပါ။

ယာဉ်ကြောကို ဘေးကင်းစွာပြောင်းရန် မဖြစ်နိုင်ပါက အမြန်နှုန်းကို သတ်မှတ်ထားသည့် ကန့်သတ်ချက်၏ တစ်နာရီ 10 မိုင်နှုန်းအောက် လျှော့ရမည်။

### *ယာဉ်ကြောထိန်း ရဲအရာရှိများနှင့် တရားဝင်ယာဉ်တန်းများ*


အထူးပွဲလမ်းသဘင်များ၊ ယာဉ်ကြောပြည့်ကျပ်ခြင်းများ၊ သို့မဟုတ် အခြားသော အကြောင်းရင်းများကြောင့် ရဲအရာရှိမှ လမ်းဆုံတွင် ယာဉ်ကြောညွှန်ကြားနိုင်သည်။ ရဲအရာရှိ၏ညွှန်ကြားမှုသည် ယာဉ်ကြောထိန်း အချက်ပြ သို့မဟုတ် အမှတ်အသားနှင့် ကွဲပြားနေနိုင်သည်။ ထိုအခြေအနေတွင် ရဲအရာရှိ၏ ညွှန်ကြားမှုကို လိုက်နာရမည်။ အသုဘယာဉ်တန်းကဲ့သို့သော တရားဝင်ယာဉ်တန်းများသည် ယာဉ်ကြောထိန်းအချက်ပြမီးမှ မည်ကဲ့သို့ညွှန်ပြနေသော်လည်း တရားဝင်သွားခွင့်ရှိသည်။

## ရပ်နားခြင်းနှင့် နောက်ဆုတ်ခြင်း

### *ဘေးချင်းယှဉ် ရပ်နားခြင်း*

ရှေ့ဘက်နှင့်နောက်ဘက် ကားရပ်နားထားသော နေရာအလွတ်တစ်ခုတွင် ရှေ့ဘက်ယာဉ်နှင့်ယှဉ်လျက်မှ နောက်ဆုတ်ရပ်နားရန်အတွက် အောက်ပါ လုပ်ထုံးလုပ်နည်းများကို လိုက်နာပါ။

1. သင်ရပ်နားလိုကြောင်း အချက်ပြပါ။
2. လွတ်နေသည့်နေရာ၏ ရှေ့ဘက်တွင် ရပ်နားထားသော ယာဉ်နှင့်ယှဉ်လျက်နှင့် အနည်းဆုံး နှစ်ပေခြားအကွာအဝေး ထိန်းသိမ်းထားပါ။ သင့်ယာဉ်၏နောက်ဘန်ပါကို နေရာလွတ်၏ရှေ့ဘက်တွင် ရပ်ထားသောယာဉ်၏ နောက်ဘန်ပါနှင့် တစ်တန်းထဲအတူထားပါ (ရုပ်ပုံ A)။
3. သင့်ယာဉ်၏ရှေ့ဘက်ထိပ်ကို ယှဉ်လျက်ရပ်ထားသည့်ယာဉ်၏ ရှေ့တံခါးနှင့် တန်းသည့်အထိ ဖြည်းဖြည်းချင်းနောက်ဆုတ်ပါ။ ဘီးကို ညာဘက်သို့ ရုတ်တရက် အစွမ်းကုန်ချိုးပြီး ယာဉ်ကို 45 ဒီကရီစောင်းသည့် အနေအထားရောက်သည့်အထိ ဖြည်းဖြည်းချင်း နောက်ဆုတ်ပါ၊ ထို့နောက် ဆက်ဆုတ်ပါ (ရုပ်ပုံ B)။
4. သင်ယာဉ်၏ရှေ့ဘီးများသည် ညာဘက်မှ ယှဉ်လျက်ရပ်နေသည့် ကားနောက်ကို ကျော်လာသောအခါ သင့်လက်ကိုင်ဘီးကို ဘယ်ဘက်သို့ ရုတ်တရက် အစွမ်းကုန်လှည့်ပေးပါ၊ ထို့နောက် နေရာလွတ်ထဲသို့ နောက်ဆုတ်ရင်း ဘီးကို ဖြည်းဖြည်းချင်း လှည့်ပါ (ရုပ်ပုံ C)။
5. သင့်ယာဉ်၏ဘီးများကို ပြန်တည့်အောင် လှည့်ပြီး နေရာလွတ်၏ရှေ့ဘက်သို့ ရွှေ့ပေးပါ (ရုပ်ပုံ D)။



ရုပ်ပုံ A ရုပ်ပုံ B ရုပ်ပုံ C ရုပ်ပုံ D

ကုန်းဆင်းဘက်မျက်နှာမူပြီး ရပ်နားလျှင် ကားဘီးများကို လမ်းဘောင် (curb) ဘက်သို့ လှည့်ထားပါ။ ကုန်းအတက်ဘက် မျက်နှာမူပြီး ရပ်နားလျှင် ကားဘီးများကို လမ်းဘောင်နှင့်ဆန့်ကျင်ဘက် လှည့်ထားပါ။ လမ်းဘောင်မရှိလျှင် ကားဘီးများကို လမ်းဘေးဘက်သို့ လှည့်ထားပါ။

ရပ်နားရာနေရာမှ ယာဉ်ကြောထဲ ဝင်မည်ဆိုပါက ကွေ့ရန်အချက်ပြမီးကို သုံးပါ။ ရပ်နားရာနေရာမှ နောက်ဆုတ်ပြီး ထွက်သောအခါ ကားများနှင့် လမ်းလျှောက်သွားသူများ ရှိမရှိ လမ်းနှစ်ဘက်စလုံး ကြည့်ပြီး သေချာအောင် နောက်တစ်ခေါက် ထပ်ကြည့်ပါ။

### *ရပ်နားရန်တရားမဝင်သော နေရာများ*

အောက်ပါ အများသုံးနေရာများတွင် ရပ်နားခြင်းကို ပိတ်ပင်တားမြစ်ထားသည်။

- အဝေးပြေးလမ်းမကြီး (ရပ်နားနိုင်ကြောင်း ဖော်ပြခြင်းမှလွဲ၍)
- လမ်းဆုံများ သို့မဟုတ် လမ်းဖြတ်ကူးရန်နေရာများတွင်
- ပလက်ဖောင်းပေါ်များတွင် သို့မဟုတ် ခြံတွင်းလမ်းရှေ့ဘက်
- မီးသတ်အတွက် ရေပိုက်ခေါင်း နှင့် 15 ပေအတွင်း သို့မဟုတ် မီးသတ်ယာဉ်ကြောများတွင်
- တံတားများ၊ သို့မဟုတ် အဝေးပြေးလမ်းမကြီး သို့မဟုတ် လိုဏ်ခေါင်းကဲ့သို့ အမြင့်ဆောက်ထားသောနေရာများ
- အဝါရောင်လမ်းဘောင်နှင့် ကပ်လျက်
- ရပ်နားထားသော အခြားယာဉ်၏ ဘေးဘက်
- တရားဝင် ယာဉ်ရပ်နားခွင့်ကတ်ပြားများ ရှိနေခြင်းမှလွဲ၍ မသန်စွမ်းမှုရှိသူများအတွက် သတ်မှတ်ထားသော ရပ်နားရန်နေရာများ
- ယာဉ်ရပ်နားရန် သီးသန့်ထားပေးသည့်နေရာအနားရှိ မျဉ်းစောင်းအကျား အမှတ်အသားများ


### နောက်ဆုတ်ခြင်း

နောက်ဆုတ်ခြင်းသည် ရှေ့သွားခြင်းထက်ပိုခက်သည်၊ အဘယ်ကြောင့်ဆိုသော် သင်၏မြင်ကွင်းကို ယာဉ်နှင့်ကွယ်နေပြီး အမြန်နှုန်းနှင့် ဦးတည်ရာ လမ်းကြောင်းကို ထိန်းချုပ်ရန်ပိုခက်သည်။

နောက်ဆုတ်ရန်အတွက် ယာဉ်၏နောက်ပြတင်း မှတစ်ဆင့် ကြည့်ရန် သင့်ခန္ဓာကိုယ်ကို ညာဘက်လှည့်ပါ။ နောက်ဆုတ်ရန်အတွက် ဘယ်သောအခါမှ နောက်ကြည့်မှန်ကိုသာ အသုံးပြုခြင်း မလုပ်ပါနှင့်။ အဖက်ဖက်ကို သေချာအောင်ကြည့်ပြီး ဖြည်းဖြည်းချင်းဆုတ်ပါ။ ပြန်လှည့်ကွေ့ရန်အတွက် လမ်းဆုံထဲသို့ ဘယ်သောအခါမှ နောက်မဆုတ်ပါနှင့်။

### မသန်စွမ်းမှုရှိသူ အသုံးပြုနိုင်သောနေရာတွင် ရပ်နားခြင်း

မသန်စွမ်းမှုရှိသူများ အတွက် သီးသန့်ထားပေးသော ယာဉ်ရပ်နားရန်နေရာများကို သင်္ကေတ တစ်ခုနှင့် လမ်းမျက်နှာပြင် အမှတ်အသားများဖြင့် မှတ်သားထားသည်။




သီးသန့်ထားပေးသော ယာဉ်ရပ်နားရန်နေရာ အနားရှိ မျဉ်းစောင်းအကျား အမှတ်အသားများရှိရာတွင် ရပ်နားခြင်းကို တားမြစ်ထားသည်။ ထိုမျဉ်းကျားနေရာသည် ဘီးတပ်ထိုင်ခုံ အသုံးပြုသူကို မိမိယာဉ်ထဲသို့တက်ဆင်းနိုင်စေပါသည်။ ဘီးတပ်ထိုင်ခုံ တက်ဆင်းနိုင်ရန် တပ်ဆင်ထားသောယာဉ်ဖြစ်ပါက ဘီးတပ်ထိုင်ခုံသုံးသူအနေနှင့် ကားပေါ်သို့ ဘေးကင်းစွာ တက်ဆင်းနိုင်ရန်အတွက် ဆင်ခြေလျှောကိရိယာကိုသုံးရန် ထိုနေရာလိုအပ်ပါသည်။ သင့်မှာ တရားဝင် ယာဉ်ရပ်နားခွင့်ကတ်ပြား ရှိသည့်တိုင် မျဉ်းကျားဇရိယာတွင် ရပ်နားခြင်းကို တားမြစ်ထားပါသည်။

## လမ်းလျှောက်သွားသူများ၏ ဘေးကင်းမှု

လူကူးလမ်းများ သို့မဟုတ် လမ်းလျှောက်သွားသူများ အတွက်အချက်ပြမီးသည် ထိုနေရာအနီးအနားတွင် လမ်းလျှောက်သွားသူများ ရှိနေကြောင်း ဖော်ပြပါသည်။ ထိုနေရာအနီးအနားတွင် လမ်းလျှောက်သွားသူများ ရှိနေသောအခါ အောက်ပါ စည်းမျဉ်းများကို လိုက်နာပါ။

- လမ်းလျှောက်သွားသူများကို အမြဲတမ်းဦးစားပေးပါ။
- လမ်းလျှောက်သွားသူများမှ ရပ်ပေးရသည့် ချိုးကွေ့မှု မလုပ်ပါနှင့်၊ ဖြည်းဖြည်းသွားပါ၊ သို့မဟုတ် ထိတိုက်မှုမဖြစ်အောင် အခြားနည်းများဖြင့် အထူး ရှောင်ကြဉ်ပါ။
- ထိုအနီးအနားပတ်ဝန်းကျင်တွင် ကလေးများရှိနေပါက အထူးသတိထားပါ၊ အဘယ်ကြောင့်ဆိုသော် ကလေးများအနေနှင့် ယာဉ်ကြောအန္တရာယ်များကို အပြည့်အဝ မသိပါ။ ကလေးများ နှင့် အခြားသော လမ်းလျှောက်သွားသူများသည် မမျှော်လင့်ထားသည့်နေရာများတွင် လမ်းဖြတ်ကူးနိုင်သည်။
- သက်ကြီးရွယ်အိုများ သို့မဟုတ် အမြင်အာရုံ မသန်စွမ်းမှုရှိသူကဲ့သို့ လမ်းဖြတ်ကူးရန် အခက်အခဲရှိသော အခြားသူများကို လေးစားပါ။
- လူတိုင်းသည် လမ်းလျှောက်သွားသူဖြစ်ပါသည်။

### အမြင်အာရုံချို့ယွင်းသော လမ်းလျှောက်သွားသူများ

အမြင်အာရုံ ချို့ယွင်းသောသူအတွက် သွားလာရေး အကူများသည် အများအားဖြင့် အဖြူရောင်ကြိမ်တုတ် တစ်ချောင်း သို့မဟုတ် သင်တန်းပေးထားသည့် လမ်းပြခွေးတစ်ကောင် ဖြစ်လေ့ရှိသည်။ ယာဉ်မောင်းများအနေနှင့် အဖြူရောင်ကြိမ်တုတ် သို့မဟုတ် လမ်းပြခွေး အသုံးပြုခြင်းနှင့် အခိပ္ပါယ်ကို နားလည်ထားလျှင် တစ်ဦးတည်း သွားလာသော အမြင်အာရုံမသန်စွမ်းသူ အတွက် အန္တရာယ်များစွာ လျော့နည်းစေပါသည်။ ယာဉ်မောင်းများသည် အမြင်အာရုံ ချို့ယွင်းသောသူများကို အမြဲတမ်းဦးစားပေး၍ သွားခွင့်ပေးရမည်။

## ထိုင်ခုံကြိုးသိုင်းခါးပတ်များနှင့် ကလေးဘေးကင်းမှုအတွက် ထိန်းချုပ်မှုများ

ထိုင်ခုံကြိုးသိုင်းခါးပတ်များနှင့် ကလေးထိုင်ခုံကဲ့သို့သော ကလေးဘေးကင်းမှုအတွက် ထိန်းချုပ်မှုများသည် နှစ်စဉ်ထောင်နှင့်ချီ၍ လူ့အသက်ကယ်ပြီး မတော်တဆဖြစ်မှုတွင် အသက်ရှင်နိုင်ခြေ များစွာတိုးမြှင့်စေပါသည်။ ယာဉ်မောင်းများနှင့် ရှေ့ခရီးသည်များ၏ ထိုင်ခုံခါးပတ်များကို တပ်ဆင်ထားသောအခါ အသက်ရှင်နိုင်ခြေ 45 ရာခိုင်နှုန်းပိုများပြီး ကြီးမားပြင်းထန်သည့် ဒဏ်ရာရရှိမှုကို 50 ရာခိုင်နှုန်းလျော့နည်းစေသည်။

### ထိုင်ခုံကြိုးသိုင်းခါးပတ်များ

အင်ဒီယားနားပြည်နယ် ဥပဒေအရ ယာဉ်လည်ပတ်နေသော အချိန်တိုင်းတွင် ယာဉ်မောင်းနှင့် ခရီးသည်အားလုံးအနေဖြင့် ထိုင်ခုံကြိုးသိုင်းခါးပတ်များကို တပ်ရမည်ဟု သတ်မှတ်ထားသည်။ ဘတ်စကား မောင်းနှင်သူများကိုလည်း ထိုင်ခုံကြိုးသိုင်းခါးပတ် သုံးရမည်ဟု သတ်မှတ်ထားသည်။

လေအိတ်တစ်ခု သို့မဟုတ် ထိုထက်ပိုများသော လေအိတ်များ တပ်ထားသည့် ယာဉ်ဖြစ်နေသည့်တိုင် ထိုင်ခုံကြိုးသိုင်းခါးပတ်ကို သုံးရမည်။ လေအိတ်များသည် ယာဉ်တိုက်မှုဖြစ်လာခဲ့လျှင် ယာဉ်ထဲရှိနေသူများကို အရှိန်သတ်၍ ထိန်းချုပ်ရန် ထိုင်ခုံကြိုးသိုင်းခါးပတ်များနှင့်အတူ တွဲ၍အလုပ်လုပ်ရန်အတွက် တီထွင်ထားသည်။ ထိုင်ခုံကြိုးသိုင်းခါးပတ်ကို သုံးရန်ပျက်ကွက်ပါက လေအိတ်ကြောင့် ဒဏ်ရာရနိုင်သည်။

ဘေးကင်းမှုအကောင်းဆုံး ရရှိစေရန်အတွက် သင်နှင့်သင့်ခရီးသည်များ အနေနှင့် ယာဉ်ထဲတွင် သင့်လျော်စွာထိုင်နေကြောင်း သေချာစေရန်အတွက် အောက်ပါအကြံပြုချက်များကို လိုက်နာပါ။

- လူတိုင်းတွင် ထိုင်ခုံကြိုးသိုင်းခါးပတ်များကို တင်ပါးအထက်တွင် ပတ်ပြီး ညှပ်ရိုးကိုဖြတ်၍ ပတ်ထားသင့်သည်။
- ယာဉ်မောင်းအနေနှင့် လက်ကိုင်ဘီးနှင့် အကွာအဝေး အနည်းဆုံး 12 လက်မခြား၍ ထိုင်သင့်သည်။
- ခေါင်းမှီများကို ယာဉ်မောင်း၏ ဦးခေါင်းထက် မြင့်နေပြီး တတ်နိုင်သမျှ ဦးခေါင်းနှင့်နီးကပ်နေမည့် အနေအထားတွင် ထားသင့်သည်။

## *ထိုင်ခုံကြိုးသိုင်းခါးပတ်အတွက် ခြွင်းချက်များ*

အောက်ပါဥပမာများတွင် ထိုင်ခုံကြိုးသိုင်းခါးပတ်များ မလိုအပ်ပါ။

- ကျန်းမာရေး အကြောင်းရင်းများကြောင့် ထိုင်ခုံကြိုးသိုင်းခါးပတ် မတပ်သင့်ကြောင်း ဆရာဝန်၏ ရေးသားထားသည့် ထောက်ခံစာရှိသော ယာဉ်မောင်းများ သို့မဟုတ် ခရီးသည်များ
- ကလေးထိန်းချုပ်မှုစနစ်ဖြင့် ထိန်းချုပ်ထားရန် လိုအပ်သည့်ကလေး
- ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို လက်ခံခြင်းနှင့် ပေးပို့ခြင်းအတွက် မကြာခဏရပ်ရသည့် လုပ်ငန်းသုံးယာဉ် သို့မဟုတ် အမေရိကန်ပြည်ထောင်စု စာတိုက်ဝန်ဆောင်မှုယာဉ်ဖြင့် သွားနေခြင်း
- ကျေးလက်ဒေသ စာပို့စာယူဝန်ဆောင်မှု ဆောင်ရွက်နေစဉ် မောင်းနှင်သော အမေရိကန်ပြည်ထောင်စု စာတိုက်ဝန်ဆောင်မှုယာဉ်
- ယာဉ်ကိုရပ်ပြီး သတင်းစာပို့သည့်ယာဉ် သို့မဟုတ် သတင်းစာ အထုပ်လိုက်သယ်ယူပို့ဆောင်သော ကားကြီး
- အင်ဒီယားနားဥပဒေ IC 9-24-10 အရ ယာဉ်မောင်းသင်ခွင့် သို့မဟုတ် ယာဉ်မောင်းလိုင်စင်အတွက် လျှောက်ထားသူကို စစ်ဆေးနေသည့် BMV ရွေးချယ်ခန့်အပ်ထားသော ယာဉ်မောင်း စစ်ဆေးသူ
- စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအတွက် ပုံမှန်နှင့်သာမန် ဖြစ်သော စိုက်ပျိုးရေးအလုပ်တွင် အသုံးပြုနေသော စိုက်ပျိုးရေးယာဉ်ကို မောင်းနှင်သူ
- စီတန်းလှည့်လည်နေသည့် မော်တော်ယာဉ်ကို စီးနင်းလိုက်ပါသူ
- အပန်းဖြေယာဉ်၏ အနားယူနေထိုင်ရန်နေရာတွင် ရှိနေသူ
- လူနာတင်ယာဉ်၏ လူနာကုရန်နေရာတွင် ရှိနေသူ
- နောက်တွဲယာဉ်ပါ ကုန်တင်ကားကြီး၏ အိပ်ရန်နေရာတွင် ရှိနေသူ
- အမှိုက်သိမ်းခြင်းနှင့် သယ်ယူပို့ဆောင်ရေးအတွက် စည်ပင်သာယာ၏ယာဉ်တွင် ယာဉ်မောင်းမှလွဲ၍ စီးနင်းလိုက်ပါသူ
- ဆောက်လုပ်ရေးနေရာရှိ ကုန်တင်ယာဉ်၏ ယာဉ်မောင်းမှလွဲ၍ စီးနင်းလိုက်ပါသူ
- ဆွဲတင်ရွှေ့ပြောင်းရေးယာဉ်မှ ပျက်နေသည့်ယာဉ်ကို သယ်ယူပို့ဆောင်နေသည့်အတွက် ထိုယာဉ်၏ပိုင်ရှင်ကို စီးနင်းလိုက်ပါခွင့် ပေးသောယာဉ်၏ ယာဉ်မောင်းမှလွဲ၍ ခရီးသည်
- အရေးပေါ်အခြေအနေတွင် အများပြည်သူဆိုင်ရာ ရေမီးဝန်ဆောင်မှုအတွက် အသုံးပြုသော မော်တော်ယာဉ်၏ ယာဉ်မောင်းမှလွဲ၍ စီးနင်းလိုက်ပါသူ


## *ကလေးဘေးကင်းမှုအတွက် ထိန်းချုပ်မှုများ*

အသက်ရှစ်နှစ်အောက်အရွယ် ခရီးသည်များကို ကလေးအတွက်ကားထိုင်ခုံ သို့မဟုတ် မြှင့်တင်ပေးသည့်ထိုင်ခုံ ကဲ့သို့သော ကလေးထိန်းချုပ်မှုစနစ်ဖြင့် သင့်လျော်စွာ ထိန်းချုပ်ထားပေးရမည်။

## *ခရီးသည်အတွက် လေအိတ်များ*

လေအိတ်များ၏ ပေါက်ကွဲမှုအားသည် အရပ်ငါးပေအောက် ရှိသောကလေးများနှင့် သက်ကြီးရွယ်အိုများကို သေပျောက်မှုဖြစ်စေပါသည်။ ကားတစ်စီးတွင် ခရီးသည်ဘက်မှ လေအိတ်တပ်ဆင်ထားလျှင် အသက် 12 အောက်ရှိသော ကလေးများကို ကားနောက်ခုံတွင်ထားရန် အမျိုးသားဘေးကင်းမှု ကောင်စီမှ အကြံပြုထားပါသည်။

**သင့်ကားတွင် ဤပစ္စည်းကိရိယာများ ရှိသင့်သည်**



## ကုန်တင်ယာဉ်အတွက် ပစ္စည်းကိရိယာ သတ်မှတ်ချက်များ

ကုန်တင်ယာဉ် သို့မဟုတ် ဘတ်စကား များအတွက် လိုအပ်သောမီးများ။ နောက်မြီးအတွက် အနီရောင်မီးလုံး (2) လုံး၊ နောက်လိုင်စင်ပြားအတွက် အဖြူရောင်မီးလုံး (1) လုံးနှင့် ရပ်ရန်အတွက် အနီရောင် မီးလုံးအနည်းဆုံး (1) လုံး။

မော်တော်ယာဉ်နောက်မှ လေးပေကျော် ကျွံထွက်နေသည့် ပစ္စည်းများကို သယ်ယူပို့ဆောင်သော ယာဉ်များ၊ သို့မဟုတ် ယာဉ်နောက်မှ လေးပေကျော်ကျွံထွက်သော ဘုတ်ပြားအကာများ သို့မဟုတ် နောက်လေကာတံခါးများသည် အောက်ပါကိရိယာများကို မြင်သာအောင် ပြထားရမည်။

- နေဝင်ချိန်နှင့်နေထွက်ချိန် အကြား ပစ္စည်းတင်သည့်ယာဉ်၏ နောက်ဘက်အစွန်းတွင် အနီရောင်မီးလုံးတစ်လုံး တပ်ထားရမည်။ ထိုအနီရောင်မီးလုံးကို ဘေးနှစ်ဘက်စလုံးနှင့် နောက်ဘက် ပေ 500 အကွာအဝေးအထိ မြင်သာအောင် တပ်ထားရမည်။
- နေထွက်ချိန်နှင့်နေဝင်ချိန် အကြားတွင် ပစ္စည်းတင်သည့်ယာဉ်၏ နောက်ဘက်အစွန်းတွင် အနီရောင်အလံတစ်ခု တပ်ထားရမည်။ ထိုအနီရောင်အလံကို အရွယ်အစား စတုရန်းပုံ 12 လက်မထက်မနည်း ရှိရမည်ဖြစ်ပြီး ယာဉ်၏ ဘေးနှစ်ဘက်စလုံးနှင့် နောက်ဘက်မှ မြင်သာနေရမည်။

### *ယာဉ်အန္တရာယ် သတိပေးသော အချက်ပြမီးလုံးများ*

ဘတ်စကား၊ ကုန်တင်ကားနှင့် နောက်တွဲယာဉ်ပါ ကုန်တင်ကားကြီး အားလုံးတွင် အချက်ပြစနစ် တပ်ဆင်ထားရမည်။ ချိုးကွေ့ရန်အတွက် အချက်ပြမီးများအပြင် ထိုယာဉ်များတွင် ချိုးကွေ့ရန်အတွက် ယာဉ်ကြောသတိပေးချက်အဖြစ် တစ်ပြိုင်နက် မှိတ်တုတ်အချက်ပြမည့် ရှေ့မီးလုံးနှစ်လုံးနှင့် နောက်မီးလုံးနှစ်လုံးကို ဖွင့်ပိတ်စေသည့် မီးခလုတ်တစ်ခု သို့မဟုတ် ပေါင်းထားသော မီးခလုတ်များ ရှိရမည်။ အချက်ပြမီးများသည် စက်နှိုးထားသည်ဖြစ်စေ၊ စက်မနှိုးထားသည်ဖြစ်စေ၊ တစ်ပြိုင်နက် မှိတ်တုတ်အချက်ပြနိုင်ရမည်။

### *ရပ်နေသည့်ယာဉ်များအတွက် သတိပေးကိရိယာများ*

သင့်ကားပျက်ပါက လမ်းဘေးသို့ ရွှေ့ထားနိုင်သည့်တိုင် သင်နှင့်အခြားယာဉ်မောင်းများ၏ ဘေးကင်းမှုအတွက် သင့်ကိုမြင်သာအောင် လုပ်ရမည်။ ပျက်နေသည့်ယာဉ်၏ အန္တရာယ်အချက်ပြမီးများ ရှိလျှင် ဖွင့်ထားပါ။

နှစ်ဘက်ခြားထားသော အဝေးပြေးလမ်းမကြီးတွင် ရှေ့မီးများဖွင့်ရန် လိုအပ်သောအခါတိုင်း မီးထွန်းထားသောဖျူးစ်၊ မီးထွန်းထားသော အနီရောင်လျှပ်စစ်မီးလုံး၊ သို့မဟုတ် သယ်ဆောင်နိုင်သော အရေးပေါ်အတွက် အနီရောင် ရောင်ပြန်ကိရိယာကို ကားရပ်ထားသည့်ယာဉ်ကြော၏ အလယ်တွင် သင့်ကားနောက်ဘက် ပေ 100 နှင့် သင့်ကားရှေ့ဘက် ပေ 100 အကွာအဝေးတွင် ချထားရမည်။ ထို့အပြင် ထိုအချက်ပြကိရိယာများထဲမှ တစ်ခုကို ယာဉ်သွားလာသည့်ဘက်မှ ပျက်နေသည့်ယာဉ်နှင့် ချဉ်းကပ်လာသည့် ယာဉ်များဘက်သို့ (10) ပေအကွာအဝေးတွင် ချထားရမည်။

နေ့ခင်းဘက်တွင် ပျက်နေသောကားများ၏ ယာဉ်မောင်းများအနေနှင့် အနီရောင်အလံနှစ်ခု ပြထားရမည်၊ ကားရှေ့ဘက် ပေ 100 ခန့်အကွာအဝေးနှင့် ကားနောက်ဘက် ပေ 100 ခန့် အကွာအဝေးတွင် တစ်ခုစီချထားရမည်။ သင့်ကားသည် လမ်းအချိုးအကွေ့၊ တောင်ထိပ်၊ သို့မဟုတ် အခြားသော ကွယ်နေသည့်အရာ တစ်ခုခုနှင့် ပေ 500 အတွင်း ရပ်သွားပါက သင့်ကားရှိရာမှ အနည်းဆုံး ပေ 500 အကွာအဝေးတွင် သတိပေးကိရိယာတစ်ခု ပြထားရမည်။

ယာဉ်သွားလာသည့်လမ်းပေါ် သို့မဟုတ် လမ်းဘေးတွင် ပျက်နေသည့် ကုန်တင်ကား၊ ဘတ်စကား၊ သို့မဟုတ် နောက်တွဲယာဉ်ပါ ကုန်တင်ကားကြီး၏ ယာဉ်မောင်းတစ်ဦး အနေနှင့် ဖယ်ဒရယ်မော်တော်ယာဉ် ဘေးကင်းလုံခြုံမှု စံနှုန်းအမှတ် 125 အရ သတ်မှတ်ချက်များနှင့် ကိုက်ညီမည့် အရေးပေါ်အတွက် နှစ်ဘက်စလုံး ရောင်ပြန်ဟပ်သော တြိဂံပုံကိရိယာ သုံးခု၊ သို့မဟုတ် အနည်းဆုံး ဖျူးစ်သုံးခု သို့မဟုတ် လောင်စာဆီသုံးသော မီးတောက်သုံးခုကို ပြထားရမည်။

မီးထွန်းထားသော မီးတောက် သို့မဟုတ် ဖျူးစ်၊ မီးထွန်းထားသော အနီရောင်လျှပ်စစ်မီးလုံး၊ သို့မဟုတ် သယ်ဆောင်နိုင်သော အရေးပေါ်အတွက် အနီရောင် ရောင်ပြန်ကိရိယာကို ယာဉ်သွားလာသည့်ဘက်မှ ပျက်နေသည့်ယာဉ်နှင့် ချဉ်းကပ်လာသည့် ယာဉ်များဘက်တွင် ချထားပါ။

သင့်ယာဉ်ရှိရာနှင့် ချဉ်းကပ်လာသည့်ယာဉ်ဘက်သို့ ပေ 100 ခန့်အကွာအဝေးတွင် ကိရိယာတစ်ခု ချထားပါ။ သင့်ယာဉ်ရှိရာနှင့် အခြားတစ်ဘက်သို့ ပေ 100 ခန့်အကွာအဝေးတွင် ကိရိယာတစ်ခု ချထားပါ။ ပျက်နေသည့်ယာဉ် ရှိနေသည့်ယာဉ်ကြော၏ လမ်းအလယ်တွင် ကိရိယာတစ်ခုစီ ချထားပြီး ယာဉ်သွားလာသည့်ဘက်တွင် တစ်ခုချထားပါ။

နှစ်ဘက်ခြားထားသော အဝေးပြေးလမ်းမကြီးပေါ်တွင် သင့်ယာဉ်ပျက်ပါက ထိုကိရိယာသည် ယာဉ်နှင့် ပေ 200 အကွာအဝေးတွင် ရှိရမည်။ သင့်ယာဉ်သည် လမ်းအချိုးအကွေ့၊ တောင်ထိပ်၊ သို့မဟုတ် ယာဉ်မောင်း၏ မြင်ကွင်းကို ကွယ်နေနိုင်သည့် အခြားနေရာ တစ်ခုခုနှင့် ပေ 500 အတွင်း ပျက်နေပါက သင့်ယာဉ်ရှိရာမှ အနည်းဆုံး ပေ 500 အကွာအဝေးတွင် ထိုကိရိယာကို ချထားပါ။

ရှေ့မီးများဖွင့်စရာမလိုအပ်သော အချိန်များတွင် အရေးပေါ်အတွက် နှစ်ဘက်စလုံး ရောင်ပြန်ဟပ်သော တြိဂံပုံကိရိယာသုံးခု၊ သို့မဟုတ် မီးတောက်၊ ရောင်ပြန်ကိရိယာနှင့် လျှပ်စစ်မီးလုံးများအစား အနီရောင်အလံများကို သတိပေးချက်များအဖြစ် အသုံးပြုပါ။ ထိုကဲ့သို့သော အခြေအနေများတွင် ပျက်နေသည့်ယာဉ်၏ ယာဉ်သွားလာသည့်ဘက်တွင် မီးတောက်များကိုထွန်းရန် မလိုအပ်ပါ။

# အခန်း ရှစ် | မတော်တဆဖြစ်မှုများနှင့် အရေးပေါ်အခြေအနေများ

အင်ဒီယားနားပြည်နယ် ယာဉ်တိုက်မှု အားလုံးအနက် တရားဝင် ဦးစွာသွားလာခွင့်ရှိသူကို ဦးစားပေးရန် ပျက်ကွက်ခြင်းသည် ဖြစ်နေကျအကြောင်းရင်း ဖြစ်ပါသည်။ မတော်တဆဖြစ်မှုများသည် အများအားဖြင့် ယာဉ်မောင်းအနေနှင့် အာရုံမစိုက်ခြင်း၊ လမ်းစည်းကမ်းများကို လိုက်နာရန် ပျက်ကွက်ခြင်း၊ သို့မဟုတ် နှစ်မျိုးစလုံးကြောင့် ဖြစ်လေ့ရှိသည်။

## မတော်တဆဖြစ်မှု တစ်ခုခုဖြစ်ပွားပြီးနောက် ဆောင်ရွက်ရန်ကိစ္စများ

### *မတော်တဆဖြစ်မှုတွင် ပါဝင်သည့်ယာဉ်မောင်းများ အပေါ်တရားဝင် သတ်မှတ်ချက်များ*

ယာဉ်မောင်းများ၊ ခရီးသည်များနှင့် လမ်းလျှောက်သွားသူများသည် လမ်းပေါ်တွင် သို့မဟုတ် လမ်းကြောင်းတလျှောက်တွင် မတော်တဆဖြစ်မှုကြောင့် အချိန်မရွေး၊ နေရာမရွေး ဒဏ်ရာရရှိနိုင်သည်။ မတော်တဆဖြစ်မှု ဖြစ်ပွားပြီးနောက် လုပ်ရမည့်အရာများကို သိထားခြင်းဖြင့် ကြုံတွေ့ရသောအခါ ကြောက်လန့်မှုလျော့နည်းပြီး မလိုအပ်သော ရှုပ်ထွေးမှုများကို လျော့နည်းစေသည်။

### *သင့်ယာဉ်ကို ရွှေ့ထားသင့်သလား။*

မတော်တဆဖြစ်မှုတွင် ပါဝင်သည့်ယာဉ်မောင်း အနေနှင့် ချက်ချင်းရပ်ရမည်၊ သို့မဟုတ် ယာဉ်ကြောကို လိုအပ်သည်ထက်ပို၍ မပိတ်မိဘဲ ဖြစ်ပွားရာနေရာနှင့် တတ်နိုင်သမျှ အနီးဆုံးတွင် ရပ်ရမည်။ မတော်တဆဖြစ်မှုသည် အဝေးပြေးလမ်းမကြီး၏ ယာဉ်သွားလာသည့် အစိတ်အပိုင်းတွင် ဖြစ်ပွားလျှင် ယာဉ်မောင်းအနေနှင့် ထိုယာဉ်ကို ဖြစ်ပွားရာနေရာနှင့် အနီးဆုံးဖြစ်မည့် လမ်းဘေးသို့ တတ်နိုင်သမျှ ရွှေ့ထားရမည်။ သို့သော်ငြားလည်း ထိုမတော်တဆဖြစ်မှုတွင် အန္တရာယ် ဖြစ်စေသောပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း ပါဝင်လျှင်၊ သို့မဟုတ် ဒဏ်ရာရရှိခြင်း၊ သေဆုံးခြင်း သို့မဟုတ် ပိတ်မိခြင်း ဖြစ်သွားလျှင်၊ ယာဉ်မောင်းအနေနှင့် ထိုမော်တော်ယာဉ်ကို မရွှေ့သင့်ပါ။

ယာဉ်မောင်းသည် မတော်တဆဖြစ်မှု ဖြစ်ပွားရာနေရာတွင် ရှိနေရမည်၊ ယာဉ်မောင်းလိုင်စင် ပြရသည့်အပြင် ပါဝင်သူအားလုံးထံသို့ အမည်၊ လိပ်စာနှင့် မော်တော်ယာဉ် မှတ်ပုံတင်နံပါတ်များကို ပေးရမည်။

### *အကျိုးအကြောင်း သင့်လျော်သော အကူအညီပေးပါ*

အခြားသူတစ်ဦး ဒဏ်ရာရရှိခြင်း သို့မဟုတ် သေဆုံးခြင်း ဖြစ်သွားသော မတော်တဆဖြစ်မှု အခြေအနေတွင် ရဲအရာရှိ၊ ဆေးကုသမှုတာဝန်ရှိသူများ၊ သို့မဟုတ် 911 ဖုန်းလက်ခံဖြေဆိုသူ၏ ညွှန်ကြားချက်ဖြင့် ယာဉ်မောင်းအနေနှင့် ဒဏ်ရာရရှိသူ သို့မဟုတ် ယာဉ်ထဲတွင် ပိတ်မိသူကို အကျိုးအကြောင်း သင့်လျော်သော အကူအညီပေးရမည်ဟု သတ်မှတ်ချက်ရှိသည်။ ယာဉ်မောင်းအနေနှင့် ရဲအရာရှိ (ဒေသခံရဲ၊ sheriff ရဲ၊ သို့မဟုတ် ပြည်နယ်ရဲ) ကို မတော်တဆဖြစ်မှု အကြောင်းနှင့်ပတ်သက်ပြီး သေချာစွာဖြင့် တတ်နိုင်သမျှစောစော အကြောင်းကြားသင့်သည်။

ယာဉ်တိုက်မှုသည် လူမရှိသည့်ယာဉ် သို့မဟုတ် အခြားသော ပိုင်ဆိုင်မှုပစ္စည်းနှင့် တိုက်မိပါက ယာဉ်မောင်းအနေနှင့် ရပ်ပြီး မတော်တဆဖြစ်မှု ဖြစ်ပွားရာနေရာတွင် ရှိနေရမည်၊ ထိခိုက်ပျက်စီးသည့် ပစ္စည်း၏ပိုင်ရှင်ကို အကြောင်းကြားရန်အတွက် အကျိုးအကြောင်း သင့်လျော်စွာ ဆောင်ရွက်ပြီး ပိုင်ရှင်ကိုမတွေ့ပါက အချက်အလက် ပေးရန်အတွက် ရဲအေဂျင်စီအဖွဲ့ကို ဖုန်းဆက်ပါ။

### *ဘဏ္ဍာရေးတာဝန်ယူမှုရှိကြောင်း သက်သေအထောက်အထား တင်ပြပါ (စည်းကမ်းလိုက်နာကြောင်း ထောက်ခံစာ)*

မတော်တဆဖြစ်မှုပြီးနောက် BMV မှတောင်းဆိုလာပါက BMV ထံသို့ ဘဏ္ဍာရေးတာဝန်ယူမှုရှိကြောင်း သက်သေအထောက်အထား တင်ပြရန် လိုအပ်ပါလိမ့်မည်။ သင့်အာမခံကြေး ကုမ္ပဏီမှ စည်းကမ်းလိုက်နာကြောင်း ထောက်ခံစာ (COC) ဖြင့် ဘဏ္ဍာရေးတာဝန်ယူမှု သက်သေအထောက်အထားကို အီလက်ထရွန်နစ်နည်းဖြင့် တင်ပြရမည်။ COC ထောက်ခံစာသည် မတော်တဆဖြစ်မှု အချိန်တွင် ပြည်နယ်အစိုးရ စံနှုန်းသတ်မှတ်ချက်၏ အနည်းဆုံး အဆင့်နှင့် ကိုက်ညီသည့် အာမခံအစီအစဉ်တစ်ခု လက်ဝယ်ထားရှိကြောင်း ဖော်ပြပါလိမ့်မည်။ BMV ထံမှ ဘဏ္ဍာရေးတာဝန်ယူမှု စိစစ်ရန်တောင်းဆိုသော ပုံစံစာရွက် လက်ခံရရှိပါက သင့်ကိုယ်စား BMV ထံသို့ COC ထောက်ခံစာ ပို့ပေးရန်အတွက် သင့်အာမခံကုမ္ပဏီကို တောင်းဆိုရန် အချိန်မဆွဲပါနှင့်။ ဘဏ္ဍာရေးတာဝန်ယူမှုနှင့် ပတ်သက်သည့် အချက်အလက်များ ပိုမိုသိရှိလိုပါက အခန်း 1 တွင်ဖတ်ရှုပါ။

## ယာဉ်တိုက်မှုများကို ရှောင်ကြဉ်ခြင်း

ဘေးကင်းလုံခြုံစွာ ယာဉ်မောင်းသည့်တိုင် အရေးပေါ်အခြေအနေများ ပေါ်လာတတ်ပါသည်။ သင့်ကားသည် တစ်ခုခုကို တိုက်မိနိုင်သည့်ပုံ ပေါ်ပါက အခြေအနေအပေါ်မူတည်၍ သင်လုပ်နိုင်သည့်အရာ သုံးမျိုးရှိပါသည်။

**လျှင်မြန်စွာ ရပ်ပါ။**

**လျှင်မြန်စွာ ချိုးကွေ့ပါ။** အချိန်မီ ရပ်နိုင်မည့်ပုံမရှိပါက တိုက်မိနိုင်သည့်အရာကို ရှောင်၍ သင့်ယာဉ်ကို ချိုးကွေ့ပါ။

**အမြန်နှုန်း မြှင့်တင်ပါ။** တစ်ခါတစ်ရံတွင် ယာဉ်တိုက်မှုကို ရှောင်ရန်အတွက် အကောင်းဆုံးနည်းသည် အရှိန်မြှင့်တင်ခြင်းတစ်ခုတည်းသာ ဖြစ်သည်။

ယာဉ်တိုက်မှု ဖြစ်နိုင်ခြေရှိသည့်ပုံ ပေါ်ပါက လမ်းဘေးသို့ ထွက်သွားရသည့်တိုင် အခြားတစ်ဖက်မှ လာနေသည့်ယာဉ်နှင့် ဝေးရာသို့ ချိုးကွေ့လိုက်ပါ။ ပိုမိုထိန်းချုပ်နိုင်ရန်အတွက် လမ်းဘေးသို့ လျှောထွက်မည့်အစား မောင်းနှင်ပါ။ မာသည့်အရာ တစ်ခုခုအစား ချုံပင်၊ ချုံပုတ်ကဲ့သို့ လမ်းဖယ်ပေးမည့် အရာတစ်ခုခုကိုရွေးပါ။ မရွေ့သည့်အရာတစ်ခုခုအစား သင်နှင့် ဦးတည်ရာ လမ်းကြောင်းချင်းတူသည့် ရွေ့နေသောအရာတစ်ခုခုကို တိုက်ပါ။ သို့သော်ငြားလည်း ခေါင်းချင်းတိုက်မည့် အရာတစ်ခုခုအစား မရွေ့ရှားသည့်အရာကို တိုက်ခြင်းသည် ပို၍ဘေးကင်းပါသည်။ ဘေးဘက်ပွတ်တိုက်ခြင်းဖြင့် သင့်ကိုအရှိန်လျှော့ရန် အထောက်အကူ ဖြစ်စေနိုင်သည်။

### *လမ်းဘေးဘက်သို့ ကျွံထွက်၍ မောင်းနှင်ခြင်း*

သင့်ယာဉ်သည် လမ်းဘေးဘက်သို့ ကျွံထွက်သွားလျှင် လမ်းမပေါ်သို့ချိုးကွေ့၍ ချက်ချင်းပြန်ဝင်ရန် မကြိုးစားပါနှင့်။ ထိုသို့လုပ်ခြင်းဖြင့် သင့်ယာဉ်၏

ဟန်ချက်ညီမှုကို ပျက်သွားစေနိုင်သည်။ ထိုအစား လမ်းဘေးတစ်လျှောက် ဆက်မောင်းပြီး လီဗာခြေနင်းကိုလျှော့ပါ။ အရှိန်သတ်ပြီးနောက် လမ်းပေါ်သို့ ဖြေးဖြေးချင်း ပြန်ကွေ့ဝင်ပါ။

### *ရေထဲထိုးဆင်းသွားခြင်း*

သင့်ယာဉ်သည် ရေထဲသို့ထိုးဆင်းသွားလျှင် ဖွင့်ထားသော ပြတင်းပေါက်များ မှတစ်ဆင့် ယာဉ်မောင်းနှင့် စီးနင်းလိုက်ပါသူများ ထွက်ပြေးရန်အတွက် ပုံမှန်အားဖြင့် ရေပေါ်တွင် မိနစ်အနည်းငယ်ပေါ်နေပါလိမ့်မည်။

သင့်ယာဉ်သည် ရေထဲသို့ထိုးဆင်းသွားလျှင် တံခါးများကိုဖွင့်ရန် မကြိုးစားပါနှင့်။ ရေဖိအားကြောင့် တံခါးကိုဖွင့်ရန် မဖြစ်နိုင်လုနီးပါး ရှိပြီး ဖွင့်လိုက်သည့်တံခါးမှတစ်ဆင့် ခရီးသည်နေရာများကို ရေလျှံသွားပါလိမ့်မည်။

သင့်ယာဉ်သည် ရေထဲသို့ထိုးဆင်းသွားလျှင် အောက်ပါလမ်းညွှန်ချက်များကို လိုက်နာပါ။

- သင့်ထိုင်ခုံကြိုးသိုင်းခါးပတ်ကို ဖြုတ်ပါ။
- ပြတင်းပေါက်မှန်ကိုဖွင့်ပါ။ ထိခိုက်မှု များလွန်း၍ လျှပ်စစ်စနစ် ပျက်စီးသွားခြင်းမှလွဲ၍ အလိုအလျောက် ဖွင့်ပိတ်နိုင်သော ပြတင်းမှန်များကို ဖွင့်နိုင်ပါလိမ့်မည်။
- ကလေးများကို နောက်ထိုင်ခုံ ကြိုးသိုင်းခါးပတ်များနှင့် ကလေးထိန်းချုပ်မှုများမှ ထုတ်လိုက်ပါ၊ အသက်ပိုငယ်သည့် ကလေးများအတွက် အရွယ်ပိုကြီးသော ကလေးများကို ကူညီခိုင်းပါ။ ခရီးသည်များကို ရှေ့ထိုင်ခုံရှိရာသို့ တတ်နိုင်သမျှ ညင်သာစွာ ရွှေ့ပေးပါ။
- ယာဉ်၏အပြင်သို့ ထွက်ပြီး အမိုးပေါ်သို့ တက်သွားပါ။ ဤသို့ဖြင့် သင့်ကို ဖြစ်နိုင်သမျှ ရေမစိုစေဘဲ ရေထဲမျောနေသည့်တိုင် ထိုယာဉ်ကို လှေကဲ့သို့ ခေတ္တစီးနိုင်သည်။ အမိုးပေါ်ရောက်သောအခါ 911 သို့ဖုန်းဆက်ပြီး အနီးစပ်ဆုံး ခြောက်နေသောမြေ ရှိရာကိုရှာပါ။
- မတတ်နိုင်သည့်အဆုံးမှသာ ကုန်းရှိရာသို့ ရေကူးသွားပါ။ သင့်ယာဉ်သည် ရေမျက်နှာပြင်အောက် ရောက်သွားသောအခါ အရေးပေါ်တာဝန်ရှိသူ သို့မဟုတ် အခြားသော အကူအညီများ ရောက်မလာသေးပါက ရေမကူးမဖြစ် ကူးရနိုင်သည်။
- ကိုယ်ပိုင်ပစ္စည်းများ ပြန်ယူရန်အတွက် ယာဉ်ထဲသို့ ဘယ်သောအခါမှ ပြန်မဝင်ပါနှင့်။

## ယာဉ်မောင်းနိုင်စွမ်း အားလျော့နေစဉ် ယာဉ်မောင်းခြင်း

ယာဉ်မောင်းတစ်ဦးသည် မူးယစ်ဆေးဝါးများနှင့် အရက်များ သောက်သုံးထားလျှင် မတော်တဆဖြစ်မှု ဖြစ်နိုင်ခြေအလားအလာ ပိုများလာပါသည်။

အရက်သည် ရှင်းလင်းစွာ စဉ်းစားနိုင်စွမ်းနှင့် ခန္ဓာကိုယ်ဟန်ချက်ကို ဆိုးကျိုးဖြစ်စေပြီး တစ်ခုခုကိုတုံ့ပြန်ရန်အတွက် အချိန်ပိုကြာစေသည်။ လူတစ်ဦး၏ သွေးထဲအရက်ပါဝင်နှုန်း (BAC) ကို ဆုံးဖြတ်ရာတွင် အဓိကကျသည့် အကြောင်းရင်းများသည် သောက်သုံးထားသည့် အရက်ပမာဏ၊ အမြန်နှုန်းမည်မျှဖြင့် သောက်သုံးခြင်းနှင့် လူတစ်ဦး၏ ခန္ဓာကိုယ်အလေးချိန်၊ စသည့် အကြောင်းရင်းများအပေါ် မူတည်သည်။

ဆရာဝန်ဆေးညွှန်း လိုသည့်ဆေးများ၊ ဆရာဝန်ဆေးညွှန်း မလိုသည့်ဆေးများနှင့် အပျော်သောက်သုံးသည့် အခြားဆေးဝါးများသည်လည်း စဉ်းစားဆင်ခြင်ခြင်းနှင့် ဟန်ချက်ညီမှုကို ထိခိုက်ပါလိမ့်မည်။ ထိုဆေးဝါးများကို အသုံးပြုခြင်းသည် ဘေးကင်းစွာ မော်တော်ယာဉ် မောင်းနှင်နိုင်စွမ်းအပေါ် ဆိုးကျိုး ဖြစ်စေနိုင်သည်။ ယာဉ်မမောင်းမီ ဆေးဘူးတံဆိပ်ကို ဖတ်ရှုပြီး သင့်ဆရာဝန် သို့မဟုတ် ဆေးဆိုင်ဆရာဆရာမများနှင့် ဘေးထွက်ဆိုးကျိုး အကြောင်းကို တိုင်ပင်ပါ။

မူးနေချိန်ယာဉ်မောင်းခြင်း အကြောင်းပါဝင်သော မော်တော်ယာဉ် ဥပဒေဆိုင်ရာ အချက်အလက်များကို ပိုမိုသိရှိလိုပါက အခန်း 5 ဆိုင်းငံ့ခြင်းများဆိုင်ရာ အပိုင်းတွင် ဖတ်ရှုပါ။

### *ယာဉ်မောင်းနိုင်စွမ်း အားလျော့သော ယာဉ်မောင်းကို မြင်နိုင်သည့်နည်းများ*

ဆေးဝါးများ သို့မဟုတ် အရက်ကြောင့် ယာဉ်မောင်းနိုင်စွမ်း အားလျော့သောသူ တစ်ဦးမှ မောင်းနှင်သောအခါ ကားတစ်စီးသည် သေပျောက်မှု ဖြစ်စေသည့် လက်နက်တစ်ခု ဖြစ်လာနိုင်သည်။ ယာဉ်ကို အောက်ပါအတိုင်းမောင်းနှင်သော ယာဉ်မောင်းတစ်ဦးသည် ယာဉ်မောင်းနိုင်စွမ်း အားလျော့နေနိုင်သည်။

- နေရာကျယ်ပြန့်စွာယူပြီး ချိုးကွေ့ခြင်း
- အလယ်မျဉ်းကြောင်းကို ခွထားခြင်း သို့မဟုတ် ဝင်လိုက်ထွက်လိုက် ကွေ့ပတ်မောင်းနှင်ခြင်း
- အမြန်နှုန်း ကန့်သတ်ချက်ကို ကျော်သွားခြင်း သို့မဟုတ် တမူထူးခြားစွာ နှေးကွေးခြင်း
- အခြားယာဉ် သို့မဟုတ် အရာဝတ္ထုတစ်ခုခုကို တိုက်လုနီးပါးဖြစ်ခြင်း
- ရုတ်တရက်ကွေ့ပတ်ခြင်း၊ လျှောဆွဲခြင်း၊ သို့မဟုတ် နောက်မှ အလွန်အကျွံကပ်လိုက်ခြင်း
- အကြောင်းမရှိဘဲ ရပ်တန့်ခြင်း သို့မဟုတ် ရုတ်တရက်၊ တရားမဝင် ချိုးကွေ့ခြင်း
- အချက်ပြရာတွင် ပုံမှန်မဟုတ်ခြင်း သို့မဟုတ် ညပိုင်းတွင် ရှေ့မီးများမဖွင့်ဘဲ မောင်းနှင်ခြင်း

## လမ်းဘေး အရေးပေါ်အခြေအနေများ

လမ်းဘေး အရေးပေါ်အခြေအနေသည် သင်နှင့်အခြားသော ယာဉ်မောင်းများကို အငိုက်ဖမ်းမည့် ဆိုးဝါးသောအခြေအနေ ဖြစ်ပါသည်။ အောက်ပါ ဘေးကင်းမှု လမ်းညွှန်ချက်များသည် ဥပဒေအရ လိုအပ်ကြောင်း မသတ်မှတ်ထားသော်လည်း ခရီးဆက်သွားရန်အတွက် အကျိုးရှိပြီး လမ်းဘေး အရေးပေါ်အခြေအနေအတွက် ဖြေရှင်းဆောင်ရွက်ကြောင်း အခြားယာဉ်မောင်းများကို သတိပေးပါလိမ့်မည်။

- ဖြစ်နိုင်လျှင် သင့်ယာဉ်ကို လမ်းဘေးဘက်တွင် အမြဲတမ်းထွက်ရပ်ပါ။
- အန္တရာယ်အချက်ပြမီးများကို ဖွင့်ပါ။
- ဓာတ်ခဲအသစ် ထည့်ထားသည့် ဓာတ်မီးကို ယာဉ်မောင်း၏ လက်လှမ်းမီရာတွင် ထားပါ။
- သင့်အနားဖြတ်သွားမည့် ယာဉ်မောင်းများအနေနှင့် သင့်ကိုမြင်သာစေရန်အတွက် သင့်ယာဉ်ထဲတွင် ရောင်ပြန်ဟပ်မှုရှိသော လက်ပြတ်အင်္ကျီ တစ်ထည်နှင့် အရေးပေါ်အတွက် ရောင်ပြန်ဟပ်သည့် အနီရောင်တြိဂံပုံကိရိယာ သိုလှောင်ထားပါ။
- အရေးပေါ်အတွက် ရောင်ပြန်ဟပ်သည့် အနီရောင်တြိဂံပုံကိရိယာကို သင့်ယာဉ်နောက်ဘက် ပေ 200 အကွာအဝေးတွင် ချထားသင့်သည်၊ သို့မဟုတ် သင့်ယာဉ်သည် တောင်ပေါ် သို့မဟုတ် အချိုးအကွေ့တွင် ရှိနေပါက ပေ 500 အကွာအဝေးတွင် ချထားသင့်သည်။
- ဆောင်းရာသီ လများတွင် အရေးပေါ်အခြေအနေတွင် တာဝန်ရှိသူများ သို့မဟုတ် သင့်ယာဉ်ကို ဆွဲတင်ရွှေ့ပြောင်းရန် စောင့်နေရမည့် အခြေအနေအတွက် စောင်များ၊ လက်အိတ်အပိုများနှင့် နွေးသောခေါင်းစွပ်များကို ယာဉ်ထဲတွင် ထုပ်ပိုးထားပါ။
- လမ်းဘေးအပြင်ဘက်တွင် ရှိနေစဉ် ယာဉ်ထဲမှ ထွက်သွားရမည်ဆိုပါက သင်ရှိရာနေရာ အနီးအနားတွင် အခြားသောယာဉ်များ၊ ကွယ်နေသည့်အရာများ၊ သို့မဟုတ် အန္တရာယ်ရှိသော ချိုင့်နက်များ သို့မဟုတ် ဆင်ခြေလျှောများ ရှိမရှိ စစ်ဆေးပြီးမှသာ ခရီးသည်ဘက်ခြမ်းမှ ထွက်သွားပါ။

## ယာဉ်စက်ကိရိယာ ပျက်စီးခြင်းများ

### *တာယာပေါက်ကွဲခြင်း*

တာယာပြားခြင်း သို့မဟုတ် ကွဲခြင်း ဖြစ်ပေါ်သည့် အခြေအနေတွင် လက်ကိုင်ဘီးကို ကြပ်ကြပ်ကိုင်ထားပြီး ကားကို တည့်တည့်သွားနေအောင် ထိန်းပါ။ ဖြည်းဖြည်းချင်း အရှိန်လျှော့ပါ။ သင့်ခြေထောက်ကို လီဗာပေါ်မှ ဖယ်ပါ၊ သို့သော် ဘရိတ်ကို မနင်းပါနှင့်။ ကားကို အရှိန်လျော့သွားအောင် ထိန်းထားကာ လမ်းဘေးသို့ ထွက်သွားပြီး အရှိန်ကုန်မည့်အချိန်တွင် ဘရိတ်ကိုနင်းပါ။

### *ဘရိတ်ပျက်ခြင်း*

သင့်ယာဉ်၏ သမားရိုးကျ ဘရိတ်ပြား သို့မဟုတ် ဘရိတ်စည်များ ရုတ်တရက်ပျက်သွားပါက ဖြစ်နိုင်လျှင် ဂီယာအကြီးသို့ ပြောင်းသင့်ပြီး ဘရိတ်ခြေနင်းကို လျှင်မြန်စွာနှင့် ပြင်းထန်စွာ လေးငါးကြိမ် တော့နင်းပါ။ ထိုကဲ့သို့လုပ်ခြင်းဖြင့် သင့်ယာဉ်ကိုရပ်ရန်အတွက် ဘရိတ်ဖိအား လုံလောက်စွာရရှိစေနိုင်သည်။ လက်ကိုင်ဘရိတ်ကို အသုံးပြုနိုင်သည်၊ သို့သော် နောက်ဘီးများ ကပ်မိသွားလျှင် ဘီးမချော်အောင် ရှောင်ရန်အတွက် လက်ကိုင်ဘရိတ် ဖြုတ်ရန်ခလုတ်ကို ကိုင်ထားပါ။ ယာဉ်၏ဂီယာကြီးဖြင့် လမ်းဘေးမှထွက်ရပ်ရန် နေရာကိုစပြီး ကြည့်ရှုထားပါ။ သင့်ယာဉ်ရပ်သွားပြီးနောက် အကူအညီတောင်းရန် ဖုန်းဆက်ပါ၊ သို့သော် နေရာတစ်ခုခုသို့ မောင်းသွားရန် မကြိုးစားပါနှင့်။

### *စက်နိုးသော့ဖြင့် လော့ခ်ချခြင်း*

အဝေးပြေးလမ်းမကြီးပေါ်တွင် အရေးပေါ်အခြေအနေ ကြုံရသော ယာဉ်မောင်းများအနေနှင့် ယာဉ်ရွေ့လျားနေစဉ် စက်ကို ကြိုးစားပြီးမပိတ်သင့်ပါ။ လက်ကိုင်ဘီး သော့ခတ်စနစ် ပါသည့်ယာဉ်ကို မောင်းနှင်သောအခါ ယာဉ်ရွေ့လျားနေစဉ် စက်နိုးသော့ကို သော့ခတ်သည့် အနေအထားသို့ ဘယ်သောအခါမှ မလှည့်ပါနှင့်။ လက်ကိုင်ဘီးကို လှည့်သောအခါ လော့ခ်ကျသွားနိုင်ပြီး ယာဉ်ကိုထိန်းနိုင်တော့မည်မဟုတ်ပါ။

## ယာဉ်ခိုးမှုကို ရှောင်ကြဉ်ခြင်း

အောက်ပါ ကြိုတင်ကာကွယ်မှုများဖြင့် ယာဉ်အခိုးခံရမည့် အလားအလာကို လျော့နည်းစေနိုင်သည်။

- သော့များကို ဖြုတ်ထားပါ။
- ယာဉ်တံခါးသော့များကို အမြဲတမ်းသော့ခတ်ပါ။
- ယာဉ်အနီးအနားတွင် သော့အပိုတစ်စုံ မဝှက်ထားပါနှင့်။
- ရှေ့ဘီးများကို ညာဘက်သို့ များစွာလှည့်ထားခြင်းဖြင့် ရပ်နားပြီး အရေးပေါ်ဘရိတ်ကို သုံးပါ။
- စက်နိုးထားပြီး ဘယ်သောအခါမှ ယာဉ်ကိုမထားခဲ့ပါနှင့်။
- ခိုးမှုကာကွယ်ရေး ကိရိယာ တပ်ဆင်ထားရန် စဉ်းစားပါ။
- ဖြစ်နိုင်သမျှ အလင်းရောင် ကောင်းသောနေရာနှင့် ကင်းလှည့်သောနေရာများတွင် ရပ်ထားပါ။

## ဥပဒေထိန်းသိမ်းရေးအရာရှိမှ ယာဉ်ကိုရပ်ခိုင်းခြင်းများ

ယာဉ်သွားလာမှု ရပ်ခိုင်းခြင်းများသည် မသိရသောအန္တရာယ် ဖြစ်ပေါ်နိုင်ပြီး ရဲအရာရှိနှင့် ယာဉ်မောင်း နှစ်ဦးနှစ်ဘက်စလုံးအတွက် စိတ်ဖိစီးမှုဖြစ်စေနိုင်သည်။ ယာဉ်ကိုရပ်ခိုင်းခြင်း၏ ရည်ရွယ်ချက်သည် ယာဉ်မောင်းအတွက် ဘေးကင်းမှုနှင့် ဥပဒေနှင့်ကိုက်ညီမှု ရှိမရှိ သေချာအောင် ကြည့်ရှုစစ်ဆေးရန်ဖြစ်ပါသည်။ ယာဉ်မောင်း၊ ခရီးသည်များနှင့် ရဲအရာရှိများ၏ ဘေးကင်းလုံခြုံမှု ရှိစေရန်အတွက် အောက်ပါအကြံပြုချက်များကို လိုက်နာသင့်သည်။

- **ရဲအရာရှိ ရှိနေသည်ကို သိရှိကြောင်း ညာဘက်ကွေ့ရန် အချက်ပြမီးကို ဖွင့်ခြင်းဖြင့် အသိပေးပါ။** အချက်ပြမီးကို ဖွင့်သည့်အတွက် ရဲအရာရှိများ ရှိနေခြင်းကို အသိအမှတ်ပြုကြောင်း အသိပေးပါသည်။ ရဲသင်တန်းအရ အချက်ပြမီး ဖွင့်ခြင်းဖြင့် အသိပေးရန်ပျက်ကွက်ပါက သင့်အနေနှင့် အမိန့်အာခံရန် အကြောင်းရင်း တစ်ခုခုရှိကြောင်း သို့မဟုတ် ယာဉ်မောင်းနိုင်စွမ်း အားလျော့နေကြောင်း ရဲအရာရှိမှ ယူဆနိုင်သည်။

- **သင့်ယာဉ်ကို လမ်း၏ညာဘက် လမ်းဘေးသို့ ရွှေ့ထားပါ။ ရဲအရာရှိ၏ ကင်းလှည့်ယာဉ်ဖြင့် သင့်ကိုလမ်းညွှန် ပါလိမ့်မည်။** လမ်းလယ်ကျွန်းသို့ မရွှေ့ထားပါနှင့်။ အဝေးပြေးလမ်းမကြီး၏ လမ်းလယ်ကျွန်း သို့မဟုတ် နှစ်လမ်းမောင်း၏ ဆန့်ကျင်ဘက်အခြမ်းတွင် မရပ်ပါနှင့်။ ထိုသို့ရပ်ခြင်းဖြင့် ယာဉ်မောင်းနှင့် ရဲအရာရှိ နှစ်ဦးစလုံးကို အခြားတစ်ဘက်မှ လာနေသောယာဉ်များနှင့် တိုက်မိမည့် အန္တရာယ်ဖြစ်စေနိုင်သည်။ လမ်းဘေးဘက်တွင် နေရာမရှိခြင်း သို့မဟုတ် ရပ်ရန်အတွက် နေရာကျဉ်းလွန်းလျှင် ဘေးကင်းမည့်နေရာ နောက်တစ်ခုရှာပြီး ရပ်ပါ။
- **ဘေးကင်းလုံခြုံသော အပြုအမူဖြင့် ချက်ချင်း ရပ်တန့်ခြင်း ဖြစ်နိုင်သောအခါ အလင်းရောင်ကောင်းသည့် နေရာတွင်ရပ်ပါ။** သင့်ယာဉ်ကို ယာဉ်သွားလာသည့် လမ်းကြောင်းနှင့် ဝေးနိုင်သမျှဝေးသည့်နေရာတွင် ရပ်ပါ။ မှောင်နေသောအခါ လမ်းဘေးမီး သို့မဟုတ် အဝေးပြေးလမ်း၏ လမ်းဘေးမီး၊ အနီးအနားရှိ စားသောက်ဆိုင်များ၊ သို့မဟုတ် ဓာတ်ဆီဆိုင် များ ကဲ့သို့ မီးပိုလင်းသည့် နေရာများကို ရှာပါ။ သင့်ကို ညဘက်တွင် ရပ်ခိုင်းပါက ယာဉ်၏အတွင်းမီးကို ဖွင့်ပေးရန် တိုက်တွန်းပါသည်။
- **ဘေးကင်းလုံခြုံမည့်နေရာကို ချက်ချင်းမတွေ့ရပါက အမြန်နှုန်းလျှော့ပြီး အန္တရာယ် အချက်ပြမီးများကိုဖွင့်ပါ။** ထိုသို့ဖြင့် ရဲအရာရှိများရှိနေသည်ကို တွေ့ရကြောင်း အသိပေးပြီး ဘေးကင်းလုံခြုံမည့်နေရာကို ကြိုးစား၍ရှာဖွေနေကြောင်း ဖော်ပြပါသည်။
- **ဆဲလ်ဖုန်းပြောနေလျှင် ရပ်ပြီး ရေဒီယိုကို ပိတ်ပါ။** ရဲအရာရှိသည် ဥပဒေထိန်းသိမ်းရေး အတွက် ရပ်ခိုင်းခြင်းကို အချိန်အနည်းငယ်အတွင်း ပြီးဆုံးအောင် သင်နှင့်ပြောဆိုဆက်ဆံရန်အတွက် သင့်အာရုံစိုက်မှုအပြည့်အဝ လိုအပ်ပါသည်။
- **ရဲအရာရှိမှ အခြားသော ညွှန်ကြားချက်များ မပေးပါက ယာဉ်ထဲတွင် ရှိနေပါ။** ရဲအရာရှိမှ သင့်ကိုအပြင်မထွက်ခိုင်းလျှင် သင့်ယာဉ်၏အပြင်ဘက်သို့ ဘယ်သောအခါမှ မထွက်ပါနှင့်။ ဥပဒေထိန်းသိမ်းရေး အတွက် ရပ်ခိုင်းသည့်အချိန်တွင် ရဲအရာရှိ၏ ဦးစားပေးမှုများသည် သင့်အတွက် ဘေးကင်းမှု၊ ခရီးသည်များအတွက် ဘေးကင်းမှုနှင့် ရဲအရာရှိကိုယ်တိုင်အတွက် ဘေးကင်းမှုများ ဖြစ်ပါသည်။ အခြေအနေအများစုတွင် သင်နှင့်ခရီးသည်များအတွက် ဘေးအကင်းဆုံးနေရာသည် သင့်ယာဉ်ထဲတွင်ဖြစ်ပါသည်။ ရဲအရာရှိ၏ ညွှန်ကြားချက်မရှိဘဲ အပြင်ထွက်ပါက ဖြတ်သွားသည့်ယာဉ်နှင့် တိုက်မိမည့်အန္တရာယ် များစေပြီး/သို့မဟုတ် ရဲအရာရှိအတွက် ခြိမ်းခြောက်မှု ဖြစ်စေနိုင်သည်။
- **ယာဉ်မောင်းနှင့် ခရီးသည်အားလုံး၏ လက်များကို မြင်သာသည့်နေရာတွင် ထားသင့်သည်။** ယာဉ်မောင်း၏လက်များကို လက်ကိုင်ဘီးပေါ် ထားသင့်ပြီး ခရီးသည်၏လက်များကို မြင်သာစွာ ခြေထောက်ပေါ် တင်ထားသင့်သည်။ ဥပဒေထိန်းသိမ်းရေးအတွက် ရပ်ခိုင်းသည့်အချိန်အတွင်း ယာဉ်ထဲရှိ ယာဉ်မောင်းနှင့် ခရီးသည်အားလုံး၏ လက်များကိုမမြင်ရပါက ရဲအရာရှိအတွက် ခြိမ်းခြောက်မှု ဖြစ်စေနိုင်သည်။ သင့်ပြတင်းမှန်များသည် အနက်ရောင်ဖြစ်ပါက ညာဘက်လမ်းဘေးတွင် ယာဉ်ရပ်ပြီး ရဲအရာရှိနှင့် မတွေ့ဆုံမီ ပြတင်းမှန်များ အားလုံးကိုဖွင့်ပေးရန် အကြံပြုပါသည်။
- **စာရွက်စာတမ်း ကြည့်ရှုရန်အတွက် ရဲအရာရှိ၏ တောင်းဆိုချက်ကို လိုက်နာပါ။** ယာဉ်မောင်းနှင်သူများသည် တရားဝင် ယာဉ်မောင်းလိုင်စင်၊ ယာဉ်မှတ်ပုံတင်နှင့် အာမခံကြေး ရှိရမည်။ ထိုအရာများသည် အံ့ခွက်ထဲ သို့မဟုတ် ထိုင်ခုံအောက်တွင် ရှိနေပါက၊ သို့မဟုတ် အာမခံကြေး သက်သေအထောက်အထားကို ဆဲလ်ဖုန်းထဲသိမ်းဆည်းထားပါက ထိုအကြောင်းနှင့်ပတ်သက်ပြီး ရဲအရာရှိကို ဦးစွာအကြောင်းကြားသင့်ပြီး အချက်အလက်များကို လမ်း၍မယူမီ ရဲအရာရှိ၏ လမ်းညွှန်ချက်များကို လိုက်နာပါ။
- **ယာဉ်ရပ်ခိုင်းခြင်းသည် တရားဝင်ဆင့်စာ သို့မဟုတ် ဖမ်းဆီးမှုဖြစ်ပါက၊ သင့်အနေနှင့်၊**
  - » ယာဉ်ရပ်ခိုင်းသည့် အကြောင်းရင်းနှင့်ပတ်သက်၍ စကားအချေအတင် မပြောသင့်ပါ၊ သို့မဟုတ် ရဲအရာရှိနှင့် မငြင်းခုံသင့်ပါ။
  - » တရားဝင်ဆင့်စာကို ထုတ်ပေးလျှင် လက်မှတ်ထိုးရန် မငြင်းပယ်သင့်ပါ။ တရားဝင်ဆင့်စာသည် ယာဉ်မောင်း၏ လက်မှတ်လိုအပ်ပါသည်။ တရားဝင်ဆင့်စာကို လက်မှတ်ထိုးခြင်းသည် ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံခြင်းမဟုတ်ပါ၊ ဆင့်စာလက်ခံရရှိကြောင်း အသိပေးအတည်ပြုခြင်းသာ ဖြစ်ပါသည်။
  - » အခင်းဖြစ်ပွားရာနေရာ၌ ဥပဒေထိန်းသိမ်းရေးအရာရှိနှင့် ပူးပေါင်းဆောင်ရွက်မှု မလုပ်ခြင်းသည် မဖြစ်သင့်ပါ။ မူးပြီးယာဉ်မောင်းကြောင်း သင်္ကာမကင်းဖြစ်လျှင် အသက်ရှူစစ်ဆေးခြင်း၊ ဆီးစစ်ခြင်း၊ သွေးစစ်ခြင်း၊ သို့မဟုတ် စွမ်းဆောင်မှု စမ်းသပ်ခြင်းများကို ငြင်းပယ်ပါက ယာဉ်မောင်းခွင့်များ ဆုံးရှုံးနိုင်ပါသည်။
  - » တရားဝင်ဆင့်စာ ထုတ်ပေးသည့်အချိန်တွင် ဆင့်စာနှင့်ပတ်သက်ပြီး စကားအချေအတင် မပြောသင့်ပါ။ ယာဉ်မောင်းတစ်ဦးအနေနှင့် ပြစ်မှုမကျူးလွန်ကြောင်း သို့မဟုတ် တရားဝင်ဆင့်စာ ထုတ်ပေးရာတွင် တရားမျှတမှုမရှိကြောင်း ယုံကြည်ပါက ယာဉ်မောင်းအနေနှင့် ယာဉ်စည်းကမ်းဆိုင်ရာ တရားရုံးတွင် အကြောင်းအရာ တင်ပြရန် အခွင့်အလမ်း ရရှိပါလိမ့်မည်။
  - » ရဲဖမ်းသွားမည်ဆိုပါက အဖမ်းမခံဘဲ အတိုက်အခံမလုပ်သင့်ပါ။
  - » ဥပဒေထိန်းသိမ်းရေး အရာရှိများသည် ယာဉ်မောင်းကို ဂုဏ်သိက္ခာနှင့် လေးစားမှုဖြင့် ဆက်ဆံပါလိမ့်မည်။ ယာဉ်ရပ်ခိုင်းသည့် အချိန်အတွင်း သို့မဟုတ် အခြားသောတွေ့ဆုံချိန်များတွင် ရဲအရာရှိမှ သင့်လျော်မှုကင်းမဲ့စွာ ပြုမူကြောင်း ယုံကြည်ပါက ထိုရဲအရာရှိ၏ အထက်အရာရှိများကို တတ်နိုင်သမျှ စောစော အကြောင်းကြားသင့်သည်။ အမည်များနှင့် ရဲတံဆိပ်နံပါတ်များကို တောင်းဆိုလျှင် ရဲအရာရှိများမှ ပြောပြရမည်။ စာရေးသား၍ တိုင်ကြားချက်များကို ရဲအေဂျင်စီအဖွဲ့၏ အတွင်းရေးဌာန သို့မဟုတ် ပြည်သူ့တိုင်ကြားချက် ဘုတ်အဖွဲ့ထံသို့ တင်ပြနိုင်ပါသည်။ မည်ကဲ့သို့ ဆောင်ရွက်ချက်မျိုးမဆို ရဲအရာရှိများအနေနှင့် ဒေတာအချက်အလက် ကောက်ခံရန်အတွက် ယာဉ်မောင်း၏အမည်နှင့် လိပ်စာ ရယူခြင်းအပါအဝင် ယာဉ်ရပ်ခိုင်းခြင်းများ အားလုံးကို မှတ်သားရန် လိုအပ်ကြောင်း ဥပဒေအရ သတ်မှတ်ထားပါသည်။

## ကာဗွန်မိုနောက်ဆိုက် အဆိပ်ဖြစ်ခြင်း

ယာဉ်၏အင်ဂျင်မှထွက်လာသော ကာဗွန်မိုနောက်ဆိုက် ဓာတ်ငွေ့သည် သင် သို့မဟုတ် ခရီးသည်များကို ထိခိုက်စေနိုင်သည်၊ သို့မဟုတ် အသက်ဆုံးရှုံးစေနိုင်သည်။ ယာဉ်၏အတွင်းဘက်သို့ ကာဗွန်မိုနောက်ဆိုက် ယိုစိမ့်နိုင်မည့် အခြေအနေသည် အပူပေးစက် ဖွင့်ထားသောအခါ၊ အိပ်ဇောပိုက်စနစ် ပျက်သောအခါ၊ သို့မဟုတ် ယာဉ်အသွားအလာ များသောနေရာတွင် အခြားယာဉ်များမှ အိပ်ဇောငွေ့များ ရှူသွင်းမိသောအခါတွင် ဖြစ်နိုင်ခြေ အများဆုံးရှိပါသည်။ ချို့ယွင်းနေသော အိပ်ဇောစနစ်သည် ယာဉ်၏နောက်ထိုင်ခုံဘက်သို့ အဆိပ်ရှိသောအငွေ့များ ယိုစိမ့်နိုင်သည်။

ကာဗွန်မိုနောက်ဆိုက်ကို မမြင်နိုင်ပါ၊ အနံ့ခံ၍မရပါ၊ သို့မဟုတ် အရသာခံ၍မရပါ။ ကာဗွန်မိုနောက်ဆိုက် အဆိပ်ဖြစ်သည့် လက္ခဏာများတွင် အိပ်ငိုက်ခြင်း သို့မဟုတ် ခေါင်းမူးခြင်း၊ သင့်အရေပြား သို့မဟုတ် နှုတ်ခမ်းတွင် အပြာရောင်သန်းခြင်း၊ ခေါင်းကိုက်ခြင်းနှင့် အလင်းရောင် မခံနိုင်ခြင်းများ ပါဝင်သည်။

### *ကာဗွန်မိုနောက်ဆိုက် အဆိပ်ဖြစ်ခြင်းကို မည်သို့ကာကွယ်မည်နည်း။*

- သင့်ယာဉ်၏ အိပ်ဇောစနစ်ကို ပုံမှန်စစ်ဆေးပါ။
- ယာဉ်၏အောက်ဘက်တွင် ပုံမှန်မဟုတ်သည့် ကျယ်လောင်သောအသံများကို သတိထားပါ။
- ပိတ်ထားသော ကားဂိုဒေါင်ထဲတွင် မည်သည့်အခါမှ စက်မနိုးပါနှင့်။
- ယာဉ်ကြောကြပ်နေလျှင် လေပေါက်ကို ပိတ်ပါ။
- ရာသီဥတုအေးသောအခါ အဝေးပြေးလမ်းမကြီးပေါ်တွင် လေပေါက်ကိုဖွင့်ပါ။

# အခန်း ကိုး | စာတွေ့စစ်ဆေးရန် နမူနာမေးခွန်းများ

## ယာဉ်မောင်းသင်ခွင့်နှင့် ယာဉ်မောင်းလိုင်စင် အကြောင်းစစ်ဆေးရန် နမူနာမေးခွန်းများ

စာတွေ့စစ်ဆေးခြင်းတွင် သင်္ကေတ အမှတ်အသားများ 16 ခုနှင့် မေးခွန်း 34 ပုဒ်ပါဝင်သည်၊ သို့ရာတွင် အောင်မှတ် ရရှိရန်အတွက် သင်္ကေတ အမှတ်အသား နှစ်ခုနှင့် မေးခွန်းခြောက်ပုဒ်သာ မှားနိုင်သည်။ စာတွေ့စစ်ဆေးမှုကို မအောင်ပါက နောက်တစ်ကြိမ် ထပ်ဖြေရန်အတွက် နောက်တစ်ရက်အထိ စောင့်ရမည်။

1. ယာဉ်မောင်းတစ်ဦးအနေနှင့် အခြားယာဉ်တစ်စီးကို ဘေးကင်းစွာနှင့် တရားဝင် ကျော်တက်ရန်အတွက် လုပ်ဆောင်ရန် လိုအပ်သည့်အရာသည်၊
    a. ကျော်တက်မည့် ယာဉ်ကြောရှင်းနေကြောင်း သေချာအောင် ကြည့်ရှုစစ်ဆေးပြီး အခြားကားတစ်စီးစီးမှ ကျော်တက်ရန် ကြိုးစားမနေကြောင်း နောက်ဘက်နှင့် ဘယ်ဘက်တွင် ကြည့်ရှုစစ်ဆေးပါ။
    b. ဘရိတ်နင်းပြီး အရှိန်လျှော့ပါ။
    c. ယာဉ်ကြောအမှတ်အသားတွင် အပြည့်တားထားသော မျဉ်းကြောင်းဖြစ်သောအခါ ကျော်တက်ပါ။
    d. အဖြေများအားလုံး မှန်ပါသည်။
2. မြူခိုးများသည် အခြားယာဉ်များ၊ လမ်းလျှောက်သွားသူများနှင့် ယာဉ်ကြောအချက်ပြမီးများကို မြင်နိုင်မှု အလွန်လျော့နည်းစေနိုင်သည့်အတွက် လုပ်သင့်သည့်အရာသည်၊
    a. သတိထားပြီးအရှိန်လျှော့၍ မောင်းနှင်ပါ။
    b. အပေါ်ရှေ့မီးများကို မသုံးရပါ။
    c. လမ်းမနှင့် ရှေ့ဘက်ရှိသော အရာဝတ္ထုများကို ပိုမြင်ရစေရန်အတွက် အောက်ရှေ့မီးများကို သုံးပါ။
    d. အဖြေများအားလုံး မှန်ပါသည်။
3. ကောင်းမွန်စွာ ကြိုတင်ကာကွယ်မှုရှိသော ယာဉ်မောင်းတစ်ဦး လုပ်သင့်သောအရာသည်၊
    a. အချိန်တိုင်းတွင် ဖြည်းဖြည်းချင်း ယာဉ်မောင်းပါ။
    b. အခြားယာဉ်မောင်းများ၏ အပြုအမူများကို သတိထားပါ။
    c. ပုံမှန်အမြန်နှုန်းအတိုင်း သွားပါ။
    d. ရင်းနီးသည့် နေရာများတွင်သာ မောင်းပါ။
4. မီးနီနေသည့်နေရာတွင် ညာဘက်ကွေ့သောအခါ သင့်အနေနှင့်၊
    a. အရှိန်လျှော့ပြီး အခြားယာဉ်ကြောတွင် လာနေသည့် ယာဉ်မရှိလျှင် ချိုးဝင်လိုက်ပါ။
    b. တရားဝင် ဦးစွာသွားခွင့်ရှိသူအတွက် ဦးစားမပေးပါနှင့်။
    c. အားလုံးအပြည့်အစုံရပ်ပြီး သင်ချိုးကွေ့မည့် နေရာတွင် ဦးစွာသွားခွင့်ရှိ၍ သွားလာနေသည့် ယာဉ်များ သို့မဟုတ် လမ်းလျှောက်သွားသူများကို အနှောက်အယှက် မပေးပါနှင့်။
    d. မီးနီနေလျှင်မကွေ့ရဟူသည့် “No Turn on Red” သင်္ကေတ အမှတ်အသားကို ဂရုမစိုက်ပါနှင့်။
5. စိုနေသောလမ်းကြောင်းများတွင် ယာဉ်မောင်းသောအခါ သတိထားသင့်သည့်အရာသည်၊
    a. မိုးရွာပြီးပြီးချင်း လမ်းမျက်နှာပြင်သည် ချောနေသည်။
    b. စိုနေသောလမ်းများသည် ရေပေါ်ရုပ်ပြေးခြင်း (hydroplaning) ဖြစ်စေနိုင်သည်။
    c. ရပ်ရန်အတွက် မိမိကိုယ်မိမိ အချိန်ပိုပေးပါ။
    d. အဖြေများအားလုံး မှန်ပါသည်။
6. အနီရောင်မီးမှိတ်တုတ်အချက်ပြခြင်း၏ အဓိပ္ပါယ်သည်၊
    a. အရှိန်လျှော့ရမည့် အကြောင်းရင်းတစ်ခုဖြစ်သည်။
    b. ရပ်ရန်အမှတ်အသား (stop sign) နှင့်ညီမျှ (တူညီ) ပြီး ယာဉ်မောင်းအနေနှင့် အပြည့်အစုံ ရပ်ရမည့် အဓိပ္ပါယ်ရှိသည်။
    c. သတိထားပါ၊ အန္တရာယ်ရှိနိုင်သည်။
    d. လမ်းနှစ်ဘက်စလုံးကို ကြည့်ပြီး ဆက်သွားရန် အချက်ပြပါသည်။
7. ချိုးကွေ့လိုကြောင်း အချက်ပြသင့်သည့် အနည်းဆုံး အကွာအဝေးသည်၊
    a. မကွေ့မီ ပေ 200။
    b. မကွေ့မီ ပေ 150။
    c. မကွေ့မီ ပေ 100။
    d. မကွေ့မီ ပေ 50။

## အငှားယာဉ်မောင်းနှင်ခွင့် အတည်ပြုချက်ဆိုင်ရာ နမူနာမေးခွန်းများ

ဤစစ်ဆေးမှုသည် မေးခွန်း 25 ပုဒ်ပါဝင်သည်၊ သို့ရာတွင် အောင်မှတ် ရရှိရန်အတွက် မေးခွန်း ၄ပုဒ်သာ မှားနိုင်သည်။

1. အငှားယာဉ်မောင်းနှင်ခွင့် အတည်ပြုချက်ဖြင့် ပစ္စည်းများ သယ်ယူပို့ဆောင်ပါက ယာဉ်၏စုစုပေါင်း အလေးချိန်ကန့်သတ်ချက် မည်မျှရှိသနည်း။
   a. ယာဉ်၏ စုစုပေါင်းအလေးချိန်သည် (26,000) နှစ်သောင်းခြောက်ထောင် ပေါင်ထက် မကျော်ရပါ။
   b. ယာဉ်၏ စုစုပေါင်းအလေးချိန်သည် (16,000) တစ်သောင်းခြောက်ထောင် ပေါင်ထက် မကျော်ရပါ။
   c. ယာဉ်၏ စုစုပေါင်းအလေးချိန်သည် (26,000) နှစ်သောင်းခြောက်ထောင် ပေါင်ထက် ကျော်ရမည်။
   d. ယာဉ်၏ စုစုပေါင်းအလေးချိန်သည် (28,000) နှစ်သောင်းရှစ်ထောင် ပေါင်ထက် ကျော်ရမည်။
2. ခရီးသည်များကို သယ်ယူပို့ဆောင်သော အငှားယာဉ်များသည် ရထားလမ်းဆုံများတွင် ရပ်ရမည်ဟု သတ်မှတ်ချက်ရှိသည်။ ထိုယာဉ်များသည် ရထားလမ်းများနှင့် အကွာအဝေး ပေပေါင်းမည်မျှတွင် ရပ်ရသနည်း။
   a. 5 ပေမှ 45 ပေအထိ
   b. 10 ပေမှ 40 ပေအထိ
   c. 15 ပေမှ 50 ပေအထိ
   d. 20 ပေမှ 60 ပေအထိ
3. အထူးခွင့်ပြုချက်မလိုဘဲ မောင်းနှင်နိုင်သောယာဉ် မှန်သမျှ၏ အမြင့်သည် အများဆုံးမည်မျှရှိသနည်း။
   a. 13 ပေ 6 လက်မ
   b. 12 ပေ 7 လက်မ
   c. 11 ပေ 8 လက်မ
   d. 10 ပေ 9 လက်မ
4. ယာဉ်သွားလာသည့် လမ်းကြောင်းပေါ် သို့မဟုတ် လမ်းဘေးတွင် ပျက်နေသော ကုန်တင်ယာဉ်၊ ဘတ်စကား၊ သို့မဟုတ် နောက်တွဲယာဉ်ပါ ကုန်တင်ကားကြီး အတွက် အောက်ပါ သတိပေးကိရိယာများအနက် မည်သည့်ကိရိယာများကို လက်ခံဖွယ်အဖြစ် သတ်မှတ်သနည်း။
   a. ဖယ်ဒရယ်သတ်မှတ်ချက်နှင့် ကိုက်ညီသည့် အရေးပေါ်အတွက် နှစ်ဘက်စလုံး ရောင်ပြန်ဟပ်သော တြိဂံပုံကိရိယာ သုံး (3) ခု
   b. လောင်စာဆီသုံးသော မီးတောက် သုံး (3) ခု
   c. အဖြေများအားလုံး မှန်ပါသည်။
   d. အနည်းဆုံး ဖျူးစ် ခြောက် (6) ခု

## စက်နှင့်မောင်းနှင်သောဆိုင်ကယ် မောင်းနှင်ခွင့်ပေးသော အတည်ပြုချက် အကြောင်းစစ်ဆေးရန် နမူနာမေးခွန်းများ

ဤစစ်ဆေးမှုသည် မေးခွန်း 25 ပုဒ်ပါဝင်သည်၊ သို့ရာတွင် အောင်မှတ် ရရှိရန်အတွက် မေးခွန်း ငါးပုဒ်သာ မှားနိုင်သည်။

**1.** ရထားလမ်းဆုံ သင်္ကေတ အမှတ်အသားကို ချဉ်းကပ်သောအခါ သင်လုပ်သင့်သည့်အရာသည်၊

a. ရပ်တန့်ရန်အတွက် အသင့်ပြင်ထားပါ။

b. ရထားလမ်းဆုံ တားထားသည့်ဂိတ်ကို ပတ်၍ဆက်သွားပါ။

c. ရထားလမ်းများကို လျှင်မြန်စွာ ဖြတ်သွားပါ။

d. ရထားလမ်းများပေါ်တွင် ရပ်ပြီး နှစ်ဘက်စလုံး လှည့်ကြည့်ပါ။

**2.** ရပ်ရန်သင်္ကေတ အမှတ်အသားကို ချဉ်းကပ်သောအခါ သင်လုပ်သင့်သည့်အရာသည်၊

a. အပြည့်တားထားသော အဖြူရောင်မျဉ်းကြောင်း သို့မဟုတ် လမ်းကူးမျဉ်းများသို့ မရောက်မီ အားလုံးအပြည့်အစုံရပ်ပါ။

b. ရပ်ရန်အမှတ်အသားကို ကျော်ဖြတ်သွားပါ။

c. သွားလာနေသည့် အခြားယာဉ်များ ချဉ်းကပ်လာမှသာ ရပ်ပါ။

d. သင့်ဘယ်ဘက်မှ ယာဉ်ကို ဦးစားပေးပါ။

**3.** ယာဉ်ကြောထိန်း အချက်ပြစနစ် သင့်လျော်စွာ အလုပ်မလုပ်သည့် လမ်းဆုံကို ချဉ်းကပ်သော ယာဉ်မောင်းများအနေနှင့် လုပ်သင့်သောအရာသည်၊

a. ဦးစွာရပ်ပါ၊ ထို့နောက် လမ်းဆုံကို သတိထား၍ ဖြတ်သွားပါ။

b. မရပ်ဘဲ လမ်းဆုံကိုဖြတ်သွားပါ။

c. မီးစိမ်းသည့်အထိ စောင့်ပါ။

d. အဖြေများအားလုံး မှန်ပါသည်။

**4.** ဥပဒေထိန်းသိမ်းရေးအရာရှိ၏ ညွှန်ကြားချက်သည် ယာဉ်ကြောထိန်း အမှတ်အသား သို့မဟုတ် အချက်ပြမီးနှင့် ကွဲပြားနေသောအခါ သင်လုပ်သင့်သည့်အရာသည်၊

a. အရာရှိ၏ ညွှန်ကြားချက်ကို လျစ်လျူရှုပါ။

b. ဥပဒေထိန်းသိမ်းရေးအရာရှိ၏ ညွှန်ကြားချက်ကို လိုက်နာပါ။

c. ယာဉ်ကြောထိန်း အမှတ်အသား သို့မဟုတ် အချက်ပြခြင်းကို လိုက်နာပါ။

d. အရှိန်သတ်ပြီး သတိထား၍ ဆက်သွားပါ။

# နောက်ဆက်တွဲစာ A | လိုအပ်သော စာရွက်စာတမ်းများ

အောက်ပါစာရင်းတွင် ယာဉ်မောင်းလိုင်စင်၊ ယာဉ်မောင်းသင်ခွင့်၊ သို့မဟုတ် သက်သေခံကတ်ပြားများကို အသစ်လျှောက်ရန်၊ သက်တမ်းတိုးရန်၊ ပြင်ဆင်မွမ်းမံရန်၊ သို့မဟုတ် အစားထိုးရန် အတွက် လိုအပ်သော စာရွက်စာတမ်းများ ပါဝင်သည်။ ယာဉ်မောင်းလိုင်စင်၊ ယာဉ်မောင်းသင်ခွင့်၊ သို့မဟုတ် သက်သေခံကတ်ပြား အသစ်တစ်ခု လျှောက်လျှင် အောက်ပါ မူလစာရွက်စာတမ်းများ သို့မဟုတ် အတည်ပြုထားသော မိတ္တူအမှန်များကို ပြရမည်။

- သင် မည်သူမည်ဝါဖြစ်ကြောင်း သက်သေပြသည့် စာရွက်စာတမ်း**တစ်ခု**
- အမေရိကန်ပြည်ထောင်စုတွင် တရားဝင်နေထိုင်ခွင့်ကို သက်သေပြသည့် စာရွက်စာတမ်း**တစ်ခု**
- သင့်လူမှုဖူလုံရေးဆိုရှယ်နံပါတ်အပြည့်အစုံကို သက်သေပြသည့် စာရွက်စာတမ်း**တစ်ခု**
- အင်ဒီယားနားပြည်နယ်တွင် နေထိုင်သူဖြစ်ကြောင်း သက်သေပြသည့် စာရွက်စာတမ်း **နှစ်ခု**

ယာဉ်မောင်းလိုင်စင်၊ ယာဉ်မောင်းသင်ခွင့်၊ သို့မဟုတ် သက်သေခံကတ်ပြား အသစ်လျှောက်ရန်၊ ပြင်ဆင်မွမ်းမံရန်၊ သို့မဟုတ် အစားထိုးရန် ရှိလျှင် စစ်မှန်သည့် သက်သေခံကတ်ပြား Real ID သတ်မှတ်ချက်နှင့် ကိုက်ညီသော သက်သေခံလက်မှတ် ရရှိလိုပါက BMV ဌာနခွဲသို့ အချို့သော မူလစာရွက်စာတမ်းများ သို့မဟုတ် အတည်ပြုထားသော မိတ္တူအမှန်များကို ယူဆောင်သွားသင့်သည်။

လက်ခံဖွယ် သက်သေခံလက်မှတ် စာရွက်စာတမ်းများနှင့် ပတ်သက်သော နောက်ဆုံး သတင်းအချက်အလက်များကို REALID.IN.gov တွင် ဖတ်ရှုပါ။ သင့်စာရွက်စာတမ်း များနှင့်ပတ်သက်ပြီး မေးခွန်းများရှိပါက သုံးစွဲသူဝန်ဆောင်မှု ကိုယ်စားလှယ် တစ်ဦးဦးနှင့် ဆွေးနွေးရန် BMV အား 888-692-6841 သို့ ဖုန်းဆက်နိုင်ပါသည်၊ သို့မဟုတ် BMV ဌာနခွဲတစ်ခုခုသို့ သွားပါ။

## မည်သူမည်ဝါဖြစ်ကြောင်း သက်သေပြသည့် စာရွက်စာတမ်းများ

သင် မည်သူမည်ဝါဖြစ်ကြောင်း သက်သေပြရန် အသုံးပြုနိုင်သော စာရွက်စာတမ်းများတွင် ပါဝင်သောအရာများ၊

- အမေရိကန်ပြည်ထောင်စု (U.S.) မွေးစာရင်းလက်မှတ်။ မွေးစာရင်းလက်မှတ်သည် မူလစာရွက်စာတမ်း သို့မဟုတ် အစိုးရအေဂျင်စီတစ်ခုခုမှ အတည်ပြုထားသော မိတ္တူအမှန်တစ်ခု ဖြစ်ရမည်။ အစိုးရဌာနမဟုတ်ဘဲ ဆေးရုံများမှ ထုတ်ပေးသော မွေးစာရင်းလက်မှတ်များကို လက်မခံပါ။
- U.S. နိုင်ငံကူးလက်မှတ် သို့မဟုတ် နိုင်ငံကူးကတ်ပြား။ နိုင်ငံကူးလက်မှတ်သည် သက်တမ်းကုန်၍မရပါ။
- U.S. နိုင်ငံခြားရေးရာဌာနမှ ထုတ်ပေးသော ကောင်စစ်ဝန်ရုံး၏ နိုင်ငံခြားတွင် မွေးဖွားမှုအစီရင်ခံစာ
- တရားဝင် ပြောင်းထားသည့်အမည်၊ မွေးဖွားသည့်ရက်စွဲ၊ သို့မဟုတ် လိင်အမျိုးအစားကို ဖော်ပြသော ပြင်ဆင်မွမ်းမံထားသည့် မွေးစာရင်းလက်မှတ်။ ပြင်ဆင်မွမ်းမံထားသည့် မွေးစာရင်းလက်မှတ်သည် ဟုတ်မှန်ကြောင်း အတည်ပြုချက် ရှိရမည်ဖြစ်ပြီး သင်မွေးသည့်ပြည်နယ်၏ မွေးစာရင်းပြုစုသည့် ရုံးတွင် တင်ပြထားရမည်။
- နိုင်ငံခြားမှ နိုင်ငံကူးလက်မှတ်။ လျှောက်လွှာတင်သူ၏ လက်ရှိ U.S. ထဲသို့ ပြည်ဝင်ခွင့်ပေးသည်ကို သက်သေပြသော၊ သို့မဟုတ် လက်ရှိနေထိုင်ခွင့်ကို သက်သေပြသော အတည်ပြုထားသည့် I-94 ပုံစံစာရွက်နှင့်အတူ သက်တမ်းမကုန်သည့် နိုင်ငံကူးလက်မှတ် နှင့် U.S. ပြည်ဝင်ခွင့်ဗီဇာ။
- ပြည်တွင်းလုံခြုံရေးဌာန (DHS) မှ တရားဝင်နေထိုင်ခွင့် စိစစ်ပြီး ထုတ်ပေးထားသော နိုင်ငံသားခံယူသည့်လက်မှတ်။
- DHS မှ တရားဝင်နေထိုင်ခွင့် စိစစ်ပြီး ထုတ်ပေးထားသော နိုင်ငံသားသက်သေခံလက်မှတ်။
- DHS သို့မဟုတ် အမေရိကန် လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားခံယူခြင်းဆိုင်ရာ ဝန်ဆောင်မှု (INS) မှ တရားဝင်နေထိုင်ခွင့် စိစစ်ပြီး ထုတ်ပေးထားသော အမြဲတမ်းနေထိုင်ခွင့်ကတ်ပြား။ အမြဲတမ်းနေထိုင်ခွင့်ကတ်ပြားသည် သက်တမ်းမကုန်ရပါ။
- DHS မှ တရားဝင်နေထိုင်ခွင့် စိစစ်ပြီး ထုတ်ပေးထားသော အလုပ်လုပ်ခွင့်ကတ်ပြား။ အလုပ်လုပ်ခွင့်ကတ်ပြားသည် သက်တမ်းမကုန်ရပါ။
- သက်တမ်းမကုန်သည့် အင်ဒီယားနားပြည်နယ်၏ Real ID သတ်မှတ်ချက်နှင့် ကိုက်ညီသော သက်သေခံလက်မှတ်။
- DHS သို့မဟုတ် BMV စုံစမ်းစစ်ဆေးရေးအရာရှိ (Commissioner) မှ ဆုံးဖြတ်သည့် အခြားစာရွက်စာတမ်းများ။

U.S. ပြင်ပမှ မွေးဖွားလျှင် သင် မည်သူမည်ဝါဖြစ်ကြောင်း သက်သေပြရန်အတွက် အချိန်နောက်ကျ၍ ထုတ်ပေးထားသော မွေးစာရင်းလက်မှတ်ကို အသုံးပြုနိုင်သည်၊ သို့သော် တရားဝင်နေထိုင်ခွင့်အတွက် သက်သေပြ၍မရပါ။

ဤစာရင်းတွင်ပါဝင်သည့် စာရွက်စာတမ်းတစ်ခုခုကို တင်ပြပြီးနောက် Real ID နှင့်ကိုက်ညီသည့် သက်သေခံလက်မှတ် ရရှိထားသော U.S. နိုင်ငံသား မဟုတ်သူများ အနေနှင့် နောက်ပိုင်း ဝန်ဆောင်မှုများတွင် မည်သူမည်ဝါဖြစ်ကြောင်း သက်သေပြရန်အတွက် ထိုသက်သေခံလက်မှတ်ကို အသုံးပြုနိုင်သည်။

### *အမည်၊ မွေးနေ့သက္ကရာဇ်၊ သို့မဟုတ် လိင်အမျိုးအစား ပြောင်းလဲကြောင်း သက်သေပြခြင်း*

သင်၏ လက်ရှိတရားဝင်အမည်၊ မွေးနေ့သက္ကရာဇ်၊ သို့မဟုတ် လိင်အမျိုးအစားသည် မွေးစာရင်းလက်မှတ် သို့မဟုတ် အခြားသော သက်သေခံ စာရွက်စာတမ်းများထဲတွင် ဖော်ပြထားသည့် အချက်အလက်နှင့် မတူပါက တရားဝင် အပြောင်းအလဲများကို သက်သေပြရမည်။

ပြောင်းလဲမှုကို သက်သေပြရန် လက်ခံဖွယ် စာရွက်စာတမ်းများတွင် ပါဝင်သောစာများ။

- လက်ထပ်စာချုပ်။
- ကွာရှင်းစာ။

- တရားဝင်အမည် သို့မဟုတ် မွေးနေ့သက္ကရာဇ် ပြောင်းလဲမှုကို အတည်ပြုသော တရားရုံးအမိန့်စာ။
- လိင်အမျိုးအစား ပြောင်းလဲခြင်းကို ဟုတ်မှန်ကြောင်း ထောက်ခံချက်ရှိသည့် ပြင်ဆင်မွမ်းမံထားသော မွေးစာရင်းလက်မှတ်၊ သို့မဟုတ် "(သင့်အမည်) သည် (သင့်အမည်) ၏ ကျား၊ မ၊ အမျိုးအစားကို (မွေးရာပါ ကျား၊ မ၊ အမျိုးအစား) မှ (အတည်ပြုသည့် ကျား၊ မ၊ အမျိုးအစား) သို့ အပြီးအပိုင် ပြောင်းလဲရန်အတွက် လိုအပ်သည့် ကုသစောင့်ရှောက်မှု အားလုံးကို အောင်မြင်စွာ ခံယူခဲ့ပြီဖြစ်ကြောင်း" ဆိုသည့် ဆရာဝန်၏လက်မှတ်နှင့်ရက်စွဲ ရေးထိုးထားသည့် ထွက်ဆိုချက်စာ။*
- ကျား၊ မ၊ ပြောင်းလဲမှုဆိုင်ရာ ဆရာဝန်၏ ထွက်ဆိုချက်စာ – ပြည်နယ်အစိုးရပုံစံစာရွက် State Form 55617။

*ဤလက်စွဲစာအုပ် ထုတ်ဝေသည့်အချိန်တွင် ယာဉ်မောင်းလိုင်စင် သို့မဟုတ် သက်သေခံကတ်ပြားပေါ်ရှိ ကျား၊ မ၊ အမျိုးအစား အချက်အလက်ကို ပြောင်းမည့် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ရန်အတွက် အဆိုတင်သွင်းထားသော အုပ်ချုပ်ရေးစည်းမျဉ်းသည် လုပ်ငန်းစဉ်အတွင်းရှိနေဆဲဖြစ်ပါသည်။ လက်ရှိ သတ်မှတ်ချက်များကို သိရှိရန်အတွက် IN.gov/BMV တွင် ဖတ်ရှုပါ။*

## တရားဝင်နေထိုင်ခွင့် စာရွက်စာတမ်းများ

U.S. နိုင်ငံသားများအနေနှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေပြရန် တင်ပြသည့် စာရွက်စာတမ်းသည် U.S. တွင် တရားဝင်နေထိုင်ခွင့် ကိုလည်း သက်သေပြပါလိမ့်မည်။ တရားဝင်နေထိုင်ခွင့်ကို သက်သေပြရန် အသုံးပြုသော အထောက်အထားများတွင် ပါဝင်သော စာရွက်စာတမ်းများ။

- အမေရိကန်ပြည်ထောင်စု (U.S.) မွေးစာရင်းလက်မှတ်။ မွေးစာရင်းလက်မှတ်သည် မူလစာရွက်စာတမ်း သို့မဟုတ် အစိုးရအေဂျင်စီတစ်ခုခုမှ အတည်ပြုထားသော မိတ္တူအမှန်တစ်ခု ဖြစ်ရမည်။ အစိုးရဌာနမဟုတ်ဘဲ ဆေးရုံများမှ ထုတ်ပေးသော မွေးစာရင်းလက်မှတ်များကို လက်မခံပါ။
- U.S. နိုင်ငံကူးလက်မှတ် သို့မဟုတ် နိုင်ငံကူးကတ်ပြား။ နိုင်ငံကူးလက်မှတ်သည် သက်တမ်းကုန်၍မရပါ။
- U.S. နိုင်ငံခြားရေးရာဌာနမှ ထုတ်ပေးသော ကောင်စစ်ဝန်ရုံး၏ နိုင်ငံခြားတွင် မွေးဖွားမှုအစီရင်ခံစာ
- တရားဝင် ပြောင်းထားသည့်အမည်၊ မွေးဖွားသည့်ရက်စွဲ၊ သို့မဟုတ် လိင်အမျိုးအစားကို ဖော်ပြသော ပြင်ဆင်မွမ်းမံထားသည့် မွေးစာရင်းလက်မှတ်။ ပြင်ဆင်မွမ်းမံထားသည့် မွေးစာရင်းလက်မှတ်သည် ဟုတ်မှန်ကြောင်း အတည်ပြုချက် ရှိရမည်ဖြစ်ပြီး သင်မွေးသည့်ပြည်နယ်၏ မွေးစာရင်းပြုစုသည့်ရုံး တွင် တင်ပြထားရမည်။
- နိုင်ငံခြားမှ နိုင်ငံကူးလက်မှတ်။ လျှောက်လွှာတင်သူ၏ လက်ရှိ U.S. ထဲသို့ ပြည်ဝင်ခွင့်ပေးသည်ကို သက်သေပြသော သို့မဟုတ် လက်ရှိနေထိုင်ခွင့်ကို သက်သေပြသော အတည်ပြုထားသည့် I-94 ပုံစံစာရွက်နှင့်အတူ သက်တမ်းကုန်သည့် နိုင်ငံကူးလက်မှတ် နှင့် U.S. ပြည်ဝင်ခွင့်ဗီဇာ။
- ပြည်တွင်းလုံခြုံရေးဌာန (DHS) မှ တရားဝင်နေထိုင်ခွင့် စိစစ်ပြီး ထုတ်ပေးထားသော နိုင်ငံသားခံယူသည့်လက်မှတ်။
- DHS မှ တရားဝင်နေထိုင်ခွင့် စိစစ်ပြီး ထုတ်ပေးထားသော နိုင်ငံသားသက်သေခံလက်မှတ်။
- DHS သို့မဟုတ် အမေရိကန် လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားခံယူခြင်းဆိုင်ရာ ဝန်ဆောင်မှု (INS) မှ တရားဝင်နေထိုင်ခွင့် စိစစ်ပြီး ထုတ်ပေးထားသော အမြဲတမ်းနေထိုင်ခွင့်ကတ်ပြား။ အမြဲတမ်းနေထိုင်ခွင့်ကတ်ပြားသည် သက်တမ်းမကုန်ရပါ။
- DHS မှ တရားဝင်နေထိုင်ခွင့် စိစစ်ပြီး ထုတ်ပေးထားသော အလုပ်လုပ်ခွင့်ကတ်ပြား။ အလုပ်လုပ်ခွင့်ကတ်ပြားသည် သက်တမ်းမကုန်ရပါ။
- မည်သူမည်ဝါဖြစ်ကြောင်းနှင့် တရားဝင်နေထိုင်ခွင့်ကို သက်သေပြရန် U.S. ဖယ်ဒရယ် အေဂျင်စီအဖွဲ့အစည်းမှ ထုတ်ပေးထားသော အခြား စာရွက်စာတမ်းများ။ စာရွက်စာတမ်းပါ အကြောင်းအရာများ မှန်ကန်ကြောင်း BMV မှ စိစစ်နိုင်ရမည်။
- DHS မှ သက်သေခံစာရွက်စာတမ်း လက်ခံရရှိပြီး မငြင်းပယ်ထားကြောင်းနှင့် လျှောက်ထားသူထံပို့ပေးသည့် ဆုံးဖြတ်ချက် အကြောင်းကြားစာနှင့် သက်ဆိုင်၍ တရားဝင်နေထိုင်ခွင့်ကို သက်သေပြရန် U.S. ဖယ်ဒရယ် အေဂျင်စီတစ်ခုခုမှ ထုတ်ပေးသော စာရွက်စာတမ်းများကို BMV အနေနှင့် စိစစ်နိုင်မည်ဆိုပါက ဆုံးဖြတ်ချက် အကြောင်းကြားစာ (Form I-797) စာရွက်စာတမ်း။
- U.S. တွင် နိုင်ငံရေးခိုလှုံခွင့် လျှောက်လွှာ တင်ထားကြောင်း DHS မှ စိစစ်ခဲ့သော သက်သေအထောက်အထား။

## လူမှုဖူလုံရေး၊ ဆိုရှယ်နံပါတ် စာရွက်စာတမ်းများ

သင့်လူမှုဖူလုံရေး၊ ဆိုရှယ်နံပါတ်ကို သက်သေပြနိုင်သည့် သင့်အမည်နှင့် ဆိုရှယ်နံပါတ်ပါသော စာရွက်စာတမ်းများ။

- သင့်လူမှုဖူလုံရေး၊ ဆိုရှယ်ကတ်ပြား။
- W-2 ပုံစံစာရွက်။
- 1099 ပုံစံစာရွက်။
- SSA မဟုတ်သော 1099 ပုံစံစာရွက်။
- သင်၏အမည်နှင့် လူမှုဖူလုံရေးနံပါတ်ပါဝင်သော ကြိုတင်ထုတ်(ပရင့်)ထားသော လုပ်ခလစာရင်းတမ်း။

အကယ်၍ သင်သည် လူမှုဖူလုံရေးနံပါတ်အတွက် အရည်အချင်းပြည့်မီခြင်းမရှိပါက၊ သင်သည် အမေရိကန်ပြည်ထောင်စုတွင် အလုပ်လုပ်ခွင့်မရှိကြောင်း သက်သေအထောက်အထား စာရွက်စာတမ်းကို တင်ပြရပါမည်။ ထို့အပြင် သင်သည် အမေရိကန်ပြည်ထောင်စုတွင် အလုပ်လုပ်ခွင့်မရှိပါက လူမှုဖူလုံရေး နံပါတ်အစား တရားဝင် I-94 အား ပေးအပ်ရန်အတွက် တောင်းဆိုရပါမည်။

## အင်ဒီယားနားပြည်နယ်တွင် နေထိုင်သူအတွက် စာရွက်စာတမ်းများ

လျှောက်ထားသူအနေနှင့် အင်ဒီယားနားပြည်နယ် ရှေ့နေချုပ်၏ လိပ်စာလျှို့ဝှက်မှု အစီအစဉ်တွင် ပါဝင်သူမှလွဲ၍ စာတိုက်သေတ္တာများကို နေရပ်လိပ်စာအဖြစ် အသုံးပြု၍မရပါ။ အင်ဒီယားနားပြည်နယ်တွင် နေထိုင်သူ ဖြစ်ကြောင်း သက်သေပြရန် အသုံးပြုနိုင်သော အရာများတွင် ပါဝင်သော စာရွက်စာတမ်းများ။

- ရေမီးကုမ္ပဏီ၊ ခရက်ဒစ်ကတ် ကုမ္ပဏီ၊ ဆရာဝန်၊ သို့မဟုတ် ဆေးရုံထံမှ သင့်အမည်နှင့် နေရပ်လိပ်စာပါရှိပြီး ကွန်ပျူတာဖြင့် လျှောက်လွှာတင်သည့်ရက်မှ 60 ရက်အတွင်း ထုတ်ပေးသည့် ကျသင့်ငွေတောင်းခံလွှာ။

- သင့်အမည်နှင့် နေရပ်လိပ်စာ ပါဝင်ပြီး လျှောက်လွှာတင်သည့်ရက်မှ 60 ရက်အတွင်း ရက်စွဲတပ်ထားသည့် ဘဏ်စာရင်းရှင်းတမ်း သို့မဟုတ် ဘဏ်မှတ်တမ်းစာ ဖြတ်ပိုင်း။
- သင့်အမည်နှင့် နေရပ်လိပ်စာ ပါဝင်ပြီး လျှောက်လွှာတင်သည့်ရက်မှ 60 ရက်အတွင်း ရက်စွဲဖြင့် ထုတ်ပေးထားသည့် လခ စာရင်းရှင်းတမ်း စာရွက်။
- သင့်အမည်နှင့် နေရပ်လိပ်စာကို ဖော်ပြသော W-2 ပုံစံစာရွက်၊ ပိုင်ဆိုင်မှု သို့မဟုတ် အရောင်းအဝယ်ဆိုင်ရာ အခွန်တောင်းခံလွှာ၊ သို့မဟုတ် လူမှုဖူလုံရေး စီမံအုပ်ချုပ်ရေးဌာနမှ သို့မဟုတ် အခြားသော ပင်စင်၊ အငြိမ်းစားဌာနမှ နှစ်စဉ်အကျိုးခံစားခွင့် အကျဉ်းချုပ် စာရင်းရှင်းတမ်း၊ ပုံစံစာရွက်၊ ကျင်သင့်ငွေတောင်းခံလွှာ၊ သို့မဟုတ် စာရင်းရှင်းတမ်းကို ယခုနှစ်အတွင်း သို့မဟုတ် ယခင်နှစ်နှင့်အနီးစပ်ဆုံး ရက်စွဲတပ်ထားရမည်။
- သင့်အမည်နှင့် နေရပ်လိပ်စာကို ဖော်ပြသော အိမ်ပိုင်ရှင်၊ ငှားရမ်းသူ၊ သို့မဟုတ် မော်တော်ယာဉ် အတွက် လက်ရှိတရားဝင် အာမခံကြေး အစီအစဉ်။ အာမခံကြေးအစီအစဉ်ကို လျှောက်လွှာတင်သည့် ရက်စွဲနှင့် တစ်နှစ်ထဲအတွင်း ရက်စွဲတပ်ရမည်။
- သင့်အမည်နှင့် နေရပ်လိပ်စာကို ဖော်ပြပြီး သင့်အမည်ဖြင့် မှတ်ပုံတင်ထားသော မော်တော်ယာဉ်အတွက် လက်ရှိအကြွေးပေးသည့် စာရင်းစာအုပ်
- သဘောတူညီချက် စာချုပ်ချုပ်ရန်အတွက် သင့်အမည်၊ နေရပ်လိပ်စာနှင့် အားလုံးမှ ထိုးထားသော လက်မှတ်များကို ဖော်ပြသည့် နေထိုင်ရာအိမ် အကြွေး သို့မဟုတ် အလားတူ အကြွေးစာချုပ်၊ သို့မဟုတ် ငှားရမ်းမှုစာချုပ်။
- အင်ဒီယားနား မိသားစုနှင့်လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများ စီမံခန့်ခွဲရေးမှ ထုတ်ပေးသော ကလေးထောက်ပံ့ကြေး ချက်လက်မှတ် စာရင်းစာရွက်။ ချက်လက်မှတ် စာရင်းစာရွက်ကို လျှောက်လွှာတင်သည့်ရက်မှ 60 ရက်အတွင်း ရက်စွဲတပ်ထားရမည်။
- သင့်အမည်နှင့် နေရပ်လိပ်စာ ဖော်ပြသော ဖယ်ဒရယ် သို့မဟုတ် ပြည်နယ် တရားရုံး သို့မဟုတ် အေဂျင်စီအဖွဲ့အစည်းထံမှ အမြန်ဆုံးစာပို့စနစ်ဖြင့် ပို့ပေးသောစာ။ စာကို လျှောက်လွှာတင်သည့်ရက်မှ 60 ရက်အတွင်း ရက်စွဲတပ်ထားရမည်။
- အင်ဒီယားနားပြည်နယ် ဆန္ဒမဲပေးသူ မှတ်ပုံတင်ကတ်ပြား။
- သင်၏ ယခင်လိပ်စာနှင့် လက်ရှိလိပ်စာကို ဖော်ပြသော အမေရိကန်ပြည်ထောင်စု စာတိုက်ဝန်ဆောင်မှုထံမှ လိပ်စာပြောင်းလဲကြောင်း အတည်ပြုစာ (Form CNL107)။
- သင့်အမည်နှင့် နေရပ်လိပ်စာကို ဖော်ပြသည့် အင်ဒီယားနားရှိ သင့်အိမ်ရာပစ္စည်းအတွက် လိုင်စင်ရ မြေတိုင်းအရာရှိမှ ထုတ်ပေးသော မြေတိုင်းစာ။
- သင့်အမည်၊ လက်မှတ်၊ နေရပ်လိပ်စာနှင့် မွေးနေ့သက္ကရာဇ်ကို ဖော်ပြသော အင်ဒီယားနားပြည်နယ်၏ တရားဝင် သေနတ်တိုကိုင်ဆောင်ခွင့်။
- အပ်နှံထားသည့်ကျောင်းသားရဲ့နာမည်နှင့် နေရပ်လိပ်စာ ရည်ညွှန်းထားသည့် အစိုးရ သို့မဟုတ် ပုဂ္ဂလိက ကျောင်းမှတ်တမ်းများ

## *အင်ဒီယားနားပြည်နယ်တွင် နေထိုင်ကြောင်း ကျမ်းကျိန်လွှာ*

အင်ဒီယားနားပြည်နယ်တွင် နေထိုင်သူဖြစ်ကြောင်း စာရွက်စာတမ်း နှစ်ခုဖြင့် သက်သေမပြနိုင်လျှင် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီပါက အင်ဒီယားနားပြည်နယ်တွင် နေထိုင်ကြောင်း ကျမ်းကျိန်လွှာ တင်ပြနိုင်ပါသည်။

- **သင့်အနေနှင့် မသန်စွမ်းမှုရှိခြင်း။** အင်ဒီယားနားပြည်နယ်တွင် နေထိုင်သူဖြစ်ကြောင်း ကျမ်းကျိန်လွှာကို အနည်းဆုံးအသက် 18 နှစ်အရွယ်ရှိပြီး တစ်အိမ်တည်းအတူနေထိုင်သည့် တရားဝင် အုပ်ထိန်းသူ သို့မဟုတ် စောင့်ရှောက်မှုပေးသူမှ BMV ဌာနခွဲတစ်ခုခု၌ လက်မှတ်ထိုးပေးရမည်။ တရားဝင် အုပ်ထိန်းသူ သို့မဟုတ် စောင့်ရှောက်မှုပေးသူသည် အင်ဒီယားနားပြည်နယ်၏ တရားဝင် သက်သေခံလက်မှတ်၊ မည်သူမည်ဝါဖြစ်ကြောင်း သက်သေပြသည့် စာရွက်စာတမ်းတခု၊ အင်ဒီယားနားပြည်နယ်တွင် နေထိုင်သူဖြစ်ကြောင်း သက်သေပြသည့် စာရွက်စာတမ်းနှစ်ခု၊ နှင့် သက်ဆိုင်ရာ တရားဝင်ကိုယ်စားလှယ်လွှဲစာ သို့မဟုတ် အုပ်ထိန်းမှုစာရွက်စာတမ်းများ၊ စသည်တို့ကို တင်ပြရမည်။
- **နေရပ်လိပ်စာမရှိဘဲ လျှောက်လွှာတင်သည့် အိုးအိမ်မဲ့သူများ။** ဝန်ဆောင်မှုနှင့်စာ လက်ခံရရှိသည့်နေရာဖြစ်သော အစိုးရအဖွဲ့အစည်း သို့မဟုတ် အကျိုးအမြတ်မယူသော အဖွဲ့အစည်း၏ တရားဝင်ကိုယ်စားလှယ်မှ အင်ဒီယားနားပြည်နယ်တွင် နေထိုင်ကြောင်း ကျမ်းကျိန်လွှာကို သင့်အတွက် လက်မှတ်ထိုးပေးရမည်။ အဖွဲ့အစည်းအမည်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊ စသည့်အချက်အလက်များ ပါဝင်သော လုပ်ငန်းသုံးခေါင်းစီးစာရွက်နှင့် တရားဝင်ကိုယ်စားလှယ်၏ အမည်၊ လက်မှတ်နှင့် လက်မှတ်ရေးထိုးသည့် ရက်စွဲ၊ စသည့်အချက်အလက်များ ပါဝင်သော အစိုးရအဖွဲ့အစည်း သို့မဟုတ် အကျိုးအမြတ်မယူသော အဖွဲ့အစည်းထံမှ စာတစ်စောင်ကိုလည်း တင်ပြရမည်။ တရားဝင်ကိုယ်စားလှယ် အနေနှင့် စာထဲတွင် သင့်အတွက် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးကြောင်းနှင့် သင့်ကိုယ်စား စာများကို လက်ခံရရှိမည်ဖြစ်ကြောင်း ဖော်ပြရမည်။
- **ဆွေမျိုး သို့မဟုတ် မိတ်ဆွေနှင့် နေထိုင်ခြင်း။** အင်ဒီယားနားပြည်နယ်တွင် နေထိုင်ကြောင်း ကျမ်းကျိန်လွှာကို သင်နေထိုင်သည့်အိမ်ရှင်ဖြစ်သူ အဆိုပါဆွေမျိုး သို့မဟုတ် မိတ်ဆွေမှ BMV ဌာနခွဲတစ်ခုခုတွင် လက်မှတ်ထိုးပေးရမည်။ ထိုဆွေမျိုး သို့မဟုတ် မိတ်ဆွေသည် အနည်းဆုံးအသက် 18 နှစ်ရှိပြီး သူသည် မည်သူမည်ဝါဖြစ်ကြောင်း သက်သေပြသည့် စာရွက်စာတမ်းတစ်ခုနှင့် အင်ဒီယားနားပြည်နယ် နေရပ်လိပ်စာကို ဖော်ပြသော စာရွက်စာတမ်းနှစ်ခု၊ စသည့်တရားဝင် သက်သေခံ စာရွက်စာတမ်းများကို တင်ပြရမည်။
- နေရာရွှေ့ပြောင်းနိုင်သော မိုဘိုင်းအိမ် သို့မဟုတ် မော်တော်အိမ် အပါအဝင်ဖြစ်ပြီး ထိုနေအိမ် အမျိုးအစားကိုသာ ကန့်သတ်မထားဘဲ၊ **မော်တော်ယာဉ်တစ်ခုခုတွင် နေထိုင်ခြင်း။** အင်ဒီယားနားပြည်နယ်တွင် နေထိုင်သော အခြားပုဂ္ဂိုလ် တစ်ဦးဦး၏ နေရပ်လိပ်စာကို မှတ်တမ်းအတွက် အသုံးပြုနိုင်ကြောင်း အတည်ပြုမည့်ပုဂ္ဂိုလ်အနေနှင့် အင်ဒီယားနားပြည်နယ်တွင် နေထိုင်ကြောင်း ကျမ်းကျိန်လွှာကို လိုင်စင်ရုံးတစ်ခုခု၌ သင့်အတွက် လက်မှတ်ထိုးပေးရမည်။ ကျမ်းကျိန်လွှာကို လက်မှတ်ထိုးမည့်ပုဂ္ဂိုလ် အနေနှင့် အင်ဒီယားနားပြည်နယ် နေရပ်လိပ်စာအတွက် သက်သေပြမည့် စာရွက်စာတမ်းနှစ်ခု တင်ပြရမည်။ သင့်သည် လက်ရှိသက်ရောက်သောနှစ်အတွက် (သို့မဟုတ်) အနီးစပ်ဆုံး ယခင်နှစ်အတွက် အင်ဒီယားနားပြည်နယ်တွင် အခွန်ဆောင်ထားကြောင်း သက်သေအထောက်အထား တင်ပြရမည်ဖြစ်ပြီး၊ သင်၏ လက်ရှိမော်တော်ယာဉ်ပိုင်ဆိုင်ကြောင်းနှင့် မှတ်ပုံတင်ထားသောမှတ်တမ်းအထောက်အထားများသည် မော်တော်ယာဉ်ဌာနခွဲ( BMV)တွင် ရှိရမည်ဖြစ်သည်။

## လက်ခံဖွယ် စာရွက်စာတမ်းများကို တင်ပြခြင်း

BMV အနေနှင့် မူလစာရွက်စာတမ်းများ၊ သို့မဟုတ် စာရွက် ထုတ်ပေးသောအေဂျင်စီ အဖွဲ့အစည်းထံမှ အတည်ပြုထားသည့် မိတ္တူအမှန်များ ကိုသာ လက်ခံမည်။ BMV အနေနှင့် မမှန်မကန်သည့်ပုံပေါ်သောစာများ၊ မယုံနိုင်သောစာများ၊ ပြင်ဆင်ပြောင်းလဲထားသော စာများ၊ သို့မဟုတ် သက်တမ်းကုန်သောစာများ၊ စသည့်စာရွက်စာတမ်းများကို ငြင်းပယ်နိုင်သည်။ စာရွက်စာတမ်းအားလုံးကို အင်္ဂလိပ်စာဖြင့် ရေးသားထားရမည်၊ သို့မဟုတ် မှန်ကန်ပြီး အတည်ပြုနိုင်သော အင်္ဂလိပ်စာ ဘာသာပြန်ထားခြင်းဖြင့် တင်ပြရမည်။ စာရွက်စာတမ်းပေါ်ရှိ တရားဝင်အမည်နှင့် မွေးနေ့သက္ကရာဇ်များသည် လူမှုဖူလုံရေး စီမံအုပ်ချုပ်ရေးဌာနရှိ သင့်မှတ်တမ်းများနှင့် ကိုက်ညီရမည်။

အင်္ဂလိပ်စာမဟုတ်ဘဲ သို့မဟုတ် အင်္ဂလိပ်စာခေါင်းစဉ်ခွဲများ မပါသောစာများကို လျှောက်လွှာတစ်ခုခု အတွက် သက်သေအထောက်အထား အဖြစ် တင်ပြလျှင် အင်္ဂလိပ်စာဖြင့် အပြည့်အစုံ ဘာသာပြန်ထားရမည်။ ဘာသာပြန်သောစာကို အစိုးရအဖွဲ့အစည်း၊ အသိအမှတ်ပြုထားသည့် ပညာရေးအဖွဲ့အစည်း၊ သို့မဟုတ် ဘာသာပြန်အေဂျင်စီ အဖွဲ့အစည်း၏ လုပ်ငန်းသုံးခေါင်းစီးစာရွက်ဖြင့် သီးသန့်စာရွက် တစ်ရွက်တွင် စာရိုက်ထားရမည်။

ဘာသာပြန်ထားသော စာသည် ပြည့်စုံပြီး မှန်ကန်ကြောင်း၊ ဘာသာပြန်တစ်ဦးအဖြစ် အရည်အချင်းရှိကြောင်းနှင့် အဆိုပါစာကို မိသားစုဝင်၊ မိတ်ဆွေ၊ သို့မဟုတ် လုပ်ဖော်ကိုင်ဖက်အတွက် ဘာသာပြန်ပေးခြင်း မဟုတ်ကြောင်း ဖော်ပြထားသည့် ဘာသာပြန်၏ လက်မှတ်ထိုးထားသည့် ထွက်ဆိုချက် ပါရမည်။

## သတ်မှတ်ချက်နှင့် မကိုက်ညီသည့် သက်သေခံလက်မှတ် ရယူခြင်း

Real-ID သတ်မှတ်ချက်နှင့် ကိုက်ညီသည့် သက်သေခံလက်မှတ် အတွက် လိုအပ်သည့် စာရွက်စာတမ်းများကို ရယူရန်အခက်အခဲရှိသူ၊ သို့မဟုတ် အဆိုပါ Real-ID သက်သေခံလက်မှတ် လျှောက်လွှာတင်ရန် စောင့်နေချင်သေးသူဖြစ်ပြီး သတ်မှတ်ချက်နှင့် မကိုက်ညီသည့် တရားဝင် သက်သေခံလက်မှတ်ကို လတ်တလော ကိုင်ဆောင်နေသည့် အမေရိကန်နိုင်ငံသားများ အနေနှင့် သတ်မှတ်ချက်နှင့် မကိုက်ညီသည့် သက်သေခံလက်မှတ်အတွက် လျှောက်လွှာတင်နိုင်သည်။

# နောက်ဆက်တွဲစာ B | ယာဉ်မောင်းသော ဆယ်ကျော်သက်များ

## မိဘများနှင့် ဆယ်ကျော်သက်များအတွက် ယာဉ်မောင်းလမ်းညွှန်

မိဘများနှင့် ဆယ်ကျော်သက်များအတွက် ယာဉ်မောင်းလမ်းညွှန်ကို IN.gov/BMV တွင် တင်ပြထားပါသည်။ မိဘများအနေနှင့် သားသမီး၏ ယာဉ်မောင်း ပညာရေးတွင် ပါဝင်ရန်အတွက် အထောက်အကူအဖြစ် အသုံးပြုနိုင်သည့် အရေးကြီးသော နည်းလမ်းတစ်ခု ဖြစ်ပါသည်။

### *ဆယ်ကျော်သက်များအတွက် အန္တရာယ်ဖြစ်စေသော အရာများ*

- **တာဝန်မဲ့ပြီး အန္တရာယ်ကြီးစွာ ယာဉ်မောင်းခြင်း။** တာဝန်မဲ့ပြီး အန္တရာယ်ကြီးစွာနှင့် အာရုံနှောင့်ယှက်မှုများသည် ဆယ်ကျော်သက် ယာဉ်တိုက်မှုများ ဖြစ်စေသည့် အကြောင်းရင်းအများစု ဖြစ်ပါသည်။
- **အာရုံမစိုက်ခြင်း။** ယာဉ်မောင်း၏ အာရုံမစိုက်မှုနှင့် အာရုံနှောင့်ယှက်မှုများသည် ယာဉ်အစီးပေါင်းများစွာ ပါဝင်သော ယာဉ်တိုက်မှုများ ဖြစ်စေသည့် အကြောင်းရင်း အများစုဖြစ်သည်။
- **အမြန်နှုန်းများလွန်းခြင်း။** တရားမဝင်သော အမြန်နှုန်း သို့မဟုတ် ဘေးကင်းမှု မရှိသောအမြန်နှုန်းသည် တစ်စီးချင်းယာဉ်တိုက်မှုများ ဖြစ်စေသည့် အကြောင်းရင်း အများစုဖြစ်သည်။ ဆယ်ကျော်သက်များသည် လမ်း၏ လက်ရှိအခြေအနေနှင့် အမြန်နှုန်းကို လိုက်လျောညီထွေအောင် မောင်းနှင်ရန် အခက်အခဲရှိနိုင်သည်။ အမြန်နှုန်းပိုများလျှင် အန္တရာယ်များကို မြင်တွေ့ရန်နှင့် တုံ့ပြန်ရန်အတွက် အချိန်လျော့နည်းစေပါသည်။
- **အခြားသော ဆယ်ကျော်သက်များနှင့် ယာဉ်မောင်းခြင်း။** ယာဉ်ထဲတွင် ခရီးသည်တစ်ဦးချင်းစီ အတွက် အန္တရာယ်ဖြစ်နိုင်ခြေ နှစ်ဆ ပိုများလာပါသည်။
- **ထိုင်ခုံကြိုးသိုင်းခါးပတ်များ ပတ်ထားရန်ပျက်ကွက်ခြင်း။** ထိုင်ခုံကြိုးသိုင်းခါးပတ်များ ပတ်ရခြင်းသည် ဥပဒေပြဋ္ဌာန်းချက်သာမက ယာဉ်တိုက်မှုဖြစ်ခဲ့လျှင် ဒဏ်ရာရရှိမှု သို့မဟုတ် သေပျောက်မှု ဖြစ်နိုင်ခြေကို လျော့နည်းစေသည့် အကောင်းဆုံးနည်းလမ်းဖြစ်ပါသည်။
- **လမ်းဆုံများတွင် အာရုံမစိုက်ခြင်း။** ယာဉ်အစီးပေါင်း များစွာပါဝင်သော ဆယ်ကျော်သက် ယာဉ်တိုက်မှု အများစုသည် လမ်းဆုံများတွင် ဖြစ်လေ့ရှိသည်။ ဆယ်ကျော်သက်ယာဉ်မောင်းများသည် အာရုံနှောင့်ယှက်မှုများနှင့် ကင်းနေရန် လိုအပ်ပြီး လမ်းဆုံများတွင် အခြားယာဉ်များကိုအာရုံစိုက်ရန်လိုပါသည်။
- **ယာဉ်မောင်းစဉ် အရက်သောက်သုံးခြင်း သို့မဟုတ် အခြားသော မူးယစ်ဆေးများ သုံးစွဲခြင်း။** အရက် သို့မဟုတ် မူးယစ်ဆေးဝါး သောက်သုံးထားသော ဆယ်ကျော်သက် ယာဉ်မောင်းများ၏ ရာခိုင်နှုန်းနည်းနေသော်လည်း ဆယ်ကျော်သက်များနှင့်သက်ဆိုင်သည့် ယာဉ်တိုက်မှုအားလုံးအနက် အရက်နှင့်မူးယစ်ဆေးဝါးကြောင့် ဆိုးဝါးသည့်ဒဏ်ရာရရှိမှုနှင့် သေပျောက်မှု ပါဝင်သည့်ရာခိုင်နှုန်း ပိုများပါသည်။

### *ဆယ်ကျော်သက် ယာဉ်မောင်းများအတွက် အကြံပြုချက်များ*

- သင်နှင့်သင့်ခရီးသည်များသည် ထိုင်ခုံကြိုးသိုင်းခါးပတ်များ အမြဲတမ်းပတ်ရမည်။
- သင့်ထိုင်ခုံများနှင့် မှန်များကို ယာဉ်မမောင်းမီ အကောင်းဆုံးမြင်နိုင်ရန်အတွက် အမြဲတမ်းချိန်ညှိပါ။
- သင်ယာဉ်မောင်းနေစဉ် ရေဒီယိုကို ချိန်ညှိပြောင်းလဲခြင်း မလုပ်ပါနှင့်။ သင်ရပ်နားသည့်အထိ စောင့်လျှင်ပိုကောင်းပါသည်၊ အဘယ်ကြောင့်ဆိုသော် စက္ကန့်အနည်းငယ်ပင်လျှင် လမ်းကိုမကြည့်ခြင်းဖြင့် ယာဉ်တိုက်မှုဖြစ်သွားနိုင်သည်။
- တေးဂီတကို ကျယ်လောင်စွာ မဖွင့်ပါနှင့်။ သတိပေးချက်အသံ သို့မဟုတ် အန္တရာယ်ဖြစ်နိုင်ခြေ ရှိကြောင်း သတိပေးနိုင်သည့် ဟွန်းသံများကို မကြားမိဘဲဖြစ်သွားနိုင်သည်။
- ယာဉ်မောင်းနေစဉ် ဖုန်းပြောခြင်း သို့မဟုတ် တက်စ်ပို့ခြင်း မလုပ်ပါနှင့်၊ ယင်းမှာ ဥပဒေချိုးဖောက်မှု ဖြစ်ပါသည်။ အစာစားခြင်း၊ ခေါင်းဖြီးခြင်း၊

မိတ်ကပ်လိမ်းခြင်း၊ သို့မဟုတ် ယာဉ်မောင်းခြင်းကို အာရုံနှောင့်ယှက်မှုများ ဖြစ်စေမည့်အရာတစ်ခုမှ မလုပ်ပါနှင့်။
- မူးယစ်ဆေးဝါးများ သို့မဟုတ် အရက်များ သောက်သုံးထားပြီး ယာဉ်မမောင်းပါနှင့်၊ သို့မဟုတ် သောက်သုံးထားသောယာဉ်မောင်းနှင့် မလိုက်ပါနှင့်။ ဆရာဝန်ဆေးညွှန်းမလိုသောဆေး အချို့ပင်လျှင် သင့်ကိုအိပ်ချင်မူးတူး ဖြစ်စေနိုင်သည်။
- လမ်းဆုံထဲသို့မဝင်မီ လမ်းဆုံတွင်ရှင်းမရှင်း သေချာအောင် ကြည့်ရှုစစ်ဆေးပါ။
- ယာဉ်ထိန်းအချက်ပြများ အားလုံးကို လိုက်နာပါ။ မီးစိမ်းနေသော လမ်းဆုံကို ချဉ်းကပ်သောအခါ မီးရောင် ပြောင်းနိုင်သည့်အတွက် ရပ်ရန် အဆင်သင့် ပြင်ထားပါ။ မီးဝါသည့်အချိန်တွင် လမ်းဆုံထဲ ရောက်နေသည်မှလွဲ၍ မီးဝါပြီးနောက် လမ်းဆုံထဲသို့ မဝင်သင့်ပါ။
- အမြန်နှုန်း ကန့်သတ်ချက်ကို လိုက်နာပါ။ အမြန်နှုန်းများလွန်းလျှင် ရပ်ရန် သို့မဟုတ် တုံ့ပြန်ရန် သင့်အတွက် အချိန်လျော့နည်းစေပါသည်။

### *ဆယ်ကျော်သက်များ၏ မိဘများအတွက် အကြံပြုချက်များ*

- သင်ယာဉ်မောင်းသောအခါ သင့်ဆယ်ကျော်သက်အတွက် စံနမူနာကောင်းအဖြစ် ပြပါ။
- ထိုင်ခုံကြိုးသိုင်းခါးပတ်များ အချိန်တိုင်း အသုံးပြုခိုင်းပါ။
- သင့်ဆယ်ကျော်သက် ကလေးတွင် ယာဉ်မောင်းသင်ခွင့် ရရှိသောအခါနှင့် လိုင်စင်ရပြီး ပထမနှစ်အတွင်း သူတို့နှင့် ယာဉ်မောင်းလေ့ကျင့်ပေးပါ။
- သင့်ဆယ်ကျော်သက်ကလေးကို ရေစိုသောလမ်းများ၊ နှင်းခဲများ၊ အဝေးပြေးလမ်းမကြီးများ၊ ကျေးလက်ဒေသလမ်းများ၊ ညပိုင်းယာဉ်မောင်းခြင်း၊ စသည့်လမ်းအခြေအနေ အမျိုးမျိုးနှင့် အတွေ့အကြုံရှိအောင် စီစဉ်ပေးပါ။
- မရင်းနှီးသည့် လမ်းများတွင် ယာဉ်မောင်းလေ့ကျင့်ပေးပါ။
- ယာဉ်များကို ဘေးကင်းမှုအတွက် ရွေးပါ၊ သွင်ပြင်ကိုဘဲမရွေးပါနှင့်။
- သင့်မိသားစုအတွက် သင့်လျော်သည့် ယာဉ်မောင်းခြင်းနှင့်ဆိုင်သော စည်းမျဉ်းများ၊ တာဝန်ဝတ္တရားများနှင့် နောက်ဆက်တွဲဖြစ်ရပ်များ အကြောင်းကို လိုအပ်သလို အချိန်ယူပြီးဆွေးနွေးပါ။
- အဆင့်ဆင့်များလာသည့် အထူးအခွင့်အရေးများ အတွက် နည်းဗျူဟာတစ်ခု ဖန်တီးပါ။ သင့်ဆယ်ကျော်သက်ကလေး ယာဉ်မောင်းအနေနှင့် အတွေ့အကြုံရှိလာပြီး သင့်လျော်သည့်ဆုံးဖြတ်ချက်များ ချနိုင်ကြောင်း ပြသသည်နှင့်အမျှ တာဝန်ပိုများသည့် အဆင့်သို့တိုး၍ မောင်းနှင်ခွင့်ပေးပါ။
- ဘေးကင်းစွာ ယာဉ်မောင်းခြင်းအတွက် လိုအပ်သည့် ကျွမ်းကျင်မှုများ တည်ဆောက်ခြင်းသည် ရှုပ်ထွေးခက်ခဲသည့် လုပ်ရပ်တစ်ခုဖြစ်ပြီး နာရီပေါင်းများစွာ လေ့ကျင့်ခြင်းဖြင့်သာ သင်ခန်းစာယူနိုင်သည်။ ယာဉ်မောင်းပညာပေးခြင်းသည် ပထမအဆင့်ဖြစ်သော်လည်း မိဘများအနေနှင့် ဆယ်ကျော်သက်ကလေးများကို ယာဉ်မောင်းသင်ရာတွင် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်ပါသည်။

### *လမ်း မခင်းထားသော နေရာတွင် သွားနိုင်သည့်ယာဉ်များ (ORV) ကို မောင်းနှင်ခြင်း*

ORV ကိုမောင်းနှင်သော သို့မဟုတ် စီးသော အသက် 18 နှစ်အောက်ရှိသူများ အနေနှင့် 49 CFR 571.218 အရ အမေရိကန်ပြည်ထောင်စု သယ်ယူပို့ဆောင်ရေးဌာနမှ ချမှတ်ထားသော စံနှုန်းအဆင့်မီသည့် ခေါင်းဆောင်းအမာ ဆောင်းရမည်။

အောက်ပါပုဂ္ဂိုလ် အနေနှင့်
- ORV ယာဉ်ပိုင်ရှင်၊
- ORV ယာဉ်လက်ဝယ်ရှိသောသူ၊ သို့မဟုတ်
- တရားဝင်ပိုင်ရှင်အမည်၊ ငှားရမ်းခြင်း၊ မှတ်ပုံတင်ခြင်း၊ ငှားရမ်းရန် သဘောတူညီချက်၊ ဝယ်ယူနိုင်သော ရွေးချယ်မှုရှိသည့် ငှားရမ်းမှု၊ သတ်မှတ်ချက်ဖြင့် အရောင်းအဝယ် သဘောတူညီချက်၊ သို့မဟုတ် အခြားနည်း၊ စသည့်အကြောင်းရင်းများဖြင့် ORV ယာဉ် လက်ဝယ်ထားရှိခွင့်ရှိသူ အနေနှင့်၊

အမေရိကန်ပြည်ထောင်စု သယ်ယူပို့ဆောင်ရေးဌာနမှ ချမှတ်ထားသော စံနှုန်းအဆင့်မီသည့် ခေါင်းဆောင်းအမာကို မဆောင်းသော အသက် 18 နှစ်အောက်ရှိသောပုဂ္ဂိုလ်အား သိလျက်နှင့် ORV မောင်းနှင်ခွင့် မပေးရပါ။

# နောက်ဆက်တွဲစာ C | အခြားသော BMV ဝန်ဆောင်မှုများနှင့် ကူညီပံ့ပိုးမှုများ

### *ပုံစံစာရွက်များ*

ပုံစံစာရွက်များကို IN.gov/BMV တွင်သော်၎င်း၊ BMV ဌာနခွဲတစ်ခုခုတွင်သော်၎င်း၊ ရယူနိုင်ပါသည်။

### *မဲပေးသူမှတ်ပုံတင်ခြင်းအတွက် လျှောက်လွှာ*

သက်သေခံလက်မှတ် အသစ်လျှောက်ခြင်း၊ သက်တမ်းတိုးခြင်း၊ အစားထိုးခြင်း၊ သို့မဟုတ် ပြင်ဆင်မွမ်းမံခြင်းများ လုပ်မည့် မည်သည့်ပုဂ္ဂိုလ်မဆို မဲပေးခွင့် သတ်မှတ်ချက်နှင့် ကိုက်ညီပါက မဲဆန္ဒရှင် မှတ်ပုံတင်ရန်အတွက်လည်း လျှောက်လွှာတင်နိုင်သည်။ ယင်းကို BMV ဌာနခွဲတခုခုတွင်၎င်း၊ အွန်လိုင်းမှတဆင့် in.gov/mybmv တွင်၎င်း၊ BMV Connect kiosk စက်ကိရိယာဖြင့်၎င်း၊ သက်သေခံလက်မှတ်ကိစ္စရပ်များကို ဆောင်ရွက်သောအခါ လျှောက်လွှာတင်နိုင်သည်။ လိုင်စင်ရုံးတွင် သက်သေခံလက်မှတ် လျှောက်ရန် လူကိုယ်တိုင် မသွားနိုင်ပါက စာတိုက်မှတစ်ဆင့် မဲဆန္ဒရှင် မှတ်ပုံတင်ရန် ပုံစံစာရွက်များ ရှိပါသည်။


### *စစ်မှုထမ်းဆိုင်ရာ Selective Service အစီအစဉ် စာရင်းပေးခြင်း*

အင်ဒီယားနားပြည်နယ် ဥပဒေအရ ယာဉ်မောင်းလိုင်စင် အသစ်လျှောက်ရန် သို့မဟုတ် သက်တမ်းတိုးရန်ရှိသော 26 နှစ်အောက်အရွယ် အမျိုးသားတစ်ဦး အနေနှင့် ခွင့်ပြုသောအခါ ထိုပုဂ္ဂိုလ်အား မှတ်ပုံတင်ရန်အတွက် ဖယ်ဒရယ်အစိုးရထံသို့ Selective Service စစ်မှုထမ်းဆိုင်ရာ အစီအစဉ်တွင် မှတ်ပုံတင်ရန်အတွက် BMV ကို လိုအပ်သည့် အချက်အလက်ပို့ပေးရမည်ဟု သတ်မှတ်ထားသည်။ မှတ်ပုံတင်ရန်ပျက်ကွက်ခြင်းသည် ပြစ်မှုကြီးတစ်ခုဖြစ်ပြီး ငါးနှစ်အထိ ထောင်ဒဏ်ချခြင်းနှင့် $250,000 အထိ ဒဏ်ငွေပေးခိုင်းခြင်းဖြင့် အပြစ်ပေးနိုင်သည်။

➔ အမေရိကန်နိုင်ငံသားများသည် Selective Service စစ်မှုထမ်းဆိုင်ရာအစီအစဉ်တွင် မှတ်ပုံတင်ရန် သတ်မှတ်ချက်ရှိသည်။

# BMV အချိန်မရွေး။ နေရာမရွေး။

BMV အနေနှင့် သင့် ယာဉ်မှတ်ပုံတင်ကို အိမ်မှနေ၍ အဆင်ပြေမည့်နည်းလမ်း လေးမျိုးဖြင့် သက်တမ်းတိုးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးပါသည်။ သက်တမ်းတိုးသောအခါ လိုင်စင်ပြား စတစ်ကာနှင့် ယာဉ်မှတ်ပုံတင်လက်မှတ်ကို သင့်ထံသို့ တိုက်ရိုက်ပို့ပေးမည်။



**စာတိုက်မှတစ်ဆင့်** သက်တမ်းတိုးခြင်း သက်တမ်းတိုးရန် အကြောင်းကြားစာကို ဖြည့်စွက်ပြီး ငွေပေးချေမှုနှင့်အတူ စာတိုက်မှတစ်ဆင့် ပို့ပေးခြင်းဖြင့် သက်တမ်းတိုးနိုင်သည်။ လိုင်စင်ပြားနှင့် စတစ်ကာများ ရောက်လာရန် ခန့်မှန်းချက်အရ 14 ရက်ကြာပါသည်။ ငွေပေးချေရန်အတွက် ချက်လက်မှတ်၊ MasterCard ၊ Visa ၊ သို့မဟုတ် ဒက်ဘစ်ကဒ်၊ စသည့်နည်းဖြင့် ပေးနိုင်ပါသည်။



**IN.gov/BMV တွင်ဖတ်ရှုပါ။** မိမိတို့၏ အင်တာနက်အသုံးပြုသော BMV ဌာနသည် သင့်လိုင်စင်ပြား အမျိုးအစားကို ပြောင်းလဲခွင့်ပေးပြီး သင့်လိပ်စာသို့ပို့ပေးစဉ် တိုးတက်မှုအနေအထားကို စစ်ဆေးရန် စီစဉ်ပေးပါသည်။ လိုင်စင်ပြားနှင့် စတစ်ကာများ ရောက်လာရန် ခန့်မှန်းချက်အရ 14 ရက်ကြာပါသည်။ ငွေပေးချေရန်အတွက် e-check ၊ MasterCard ၊ Visa ၊ Discover ၊ American Express ၊ သို့မဟုတ် ဒက်ဘစ်ကဒ်၊ စသည့်နည်းဖြင့် ပေးနိုင်ပါသည်။



**ဖုန်းမှတစ်ဆင့် သက်တမ်းတိုးခြင်း** BMV သုံးစွဲသူအတွက် ဝန်ဆောင်မှုဌာနကို 888-692-6841 သို့ဖုန်းဆက်ပြီး လိုင်းခွဲနံပါတ် 3 ကိုရွေးခြင်းဖြင့် ဖုန်းမှတစ်ဆင့် သက်တမ်းတိုးပါ။ ဤဖုန်းလိုင်းသည် တစ်ရက် 24 ဝန်ဆောင်မှုပေးပါသည်။ လိုင်စင်ပြားနှင့် စတစ်ကာများ ရောက်လာရန် ခန့်မှန်းချက်အရ 14 ရက်ကြာပါသည်။ MasterCard ၊ Visa ၊ သို့မဟုတ် ဒက်ဘစ်ကဒ်ဖြင့် ငွေပေးချေနိုင်သည်။



**BMV Connect kiosk ဝန်ဆောင်မှုစနစ်** သည် ဝန်ဆောင်မှုများကို တစ်ရက် 24 နာရီ ပုံမှန်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ Kiosk စနစ်ရှိရာ နေရာများနှင့် ရယူနိုင်သော ဝန်ဆောင်မှုများ စာရင်းကို ရှာဖွေရန်အတွက် IN.gov/BMV တွင်ကြည့်ရှုပါ။

# အညွှန်း


**မတော်တဆဖြစ်မှုများနှင့် အရေးပေါ် အခြေအနေများ** 58
**လက်ရှိစစ်မှုထမ်းနှင့် စစ်မှုထမ်းဟောင်း အမှတ်အသား** 17
**လိပ်စာ ပြောင်းလဲခြင်း** 20
**စက်ဘီးများ** 52
**ဘရိတ်အုပ်ခြင်းနှင့် နောက်မှလိုက်ရန် အကွာအဝေးများ** 41
**အငှားယာဉ်မောင်းလိုင်စင်** 16
- သက်သေခံလက်မှတ် ပြင်ဆင်မွမ်းမံခြင်း 20
- သက်သေခံလက်မှတ် အစားထိုးခြင်း 20
- သက်သေခံလက်မှတ် သက်တမ်းတိုးခြင်း 19
- ကလေးဘေးကင်းမှုအတွက် ထိန်းချုပ်မှုများ 55
- လုပ်ငန်းသုံး ယာဉ်မောင်းလိုင်စင် 10
- အာရုံမစိုက်ဘဲ ယာဉ်မောင်းခြင်း 45

**ယာဉ်မောင်းလိုင်စင်များ** 1
- သက်သေခံလက်မှတ် ပြင်ဆင်မွမ်းမံခြင်း 20
- လက်တွေ့ယာဉ်မောင်း စစ်ဆေးမှုအတွက် ကင်းလွတ်ခွင့် 5
- တရားဝင်မှုသက်တမ်းကာလ 9
- ယာဉ်မောင်းလိုင်စင်အတွက် လျှောက်လွှာတင်ခြင်း 8
- စာတိုက်မှတစ်ဆင့် လက်ခံရရှိခြင်း 11
- သက်သေခံလက်မှတ် သက်တမ်းတိုးခြင်း 19
- သက်သေခံလက်မှတ် အစားထိုးခြင်း 20
- သက်သေခံလက်မှတ်အတွက် အထူးလိုအပ်ချက်များအရ ကန့်သတ်ချက်များ 12
- ကန့်သတ်ချက်များ 12

**ယာဉ်မောင်းအတွက် ဘေးကင်းမှု အစီအစဉ်** 21
**လက်တွေ့ယာဉ်မောင်း စစ်ဆေးခြင်းများ** 5
**အရေးပေါ်ယာဉ်များ** 51
**ဒဏ်ရာရရှိမှု သို့မဟုတ် ထိခိုက်ပျက်စီးမှု အတွက် ဘဏ္ဍာရေးဆိုင်ရာတာဝန်** 7
**အငှားယာဉ်မောင်းနှင်ခွင့် အတည်ပြုချက်** 15
**သက်သေခံကတ်ပြားများ** 1
- သက်သေခံလက်မှတ် ပြင်ဆင်မွမ်းမံခြင်း 20
- သက်သေခံကတ်ပြားအတွက် လျှောက်လွှာတင်ခြင်း 3
- စာတိုက်မှတစ်ဆင့် လက်ခံရရှိခြင်း 11
- သက်သေခံလက်မှတ် အစားထိုးခြင်း 20

**သက်သေခံ စာရွက်စာတမ်းများ** 66
- တရားဝင်နေထိုင်ခွင့် စာရွက်စာတမ်းများ 67
- နေထိုင်မှုဆိုင်ရာ စာရွက်စာတမ်းများ 67
- လူမှုဖူလုံရေး၊ ဆိုရှယ်နံပါတ် စာရွက်စာတမ်းများ 67
- လက်ခံဖွယ် စာရွက်စာတမ်းများကို တင်ပြခြင်း 69

**ယာဉ်မောင်းနိုင်စွမ်း အားလျော့နေစဉ် ယာဉ်မောင်းခြင်း** 59
**အင်ဒီယားနားပြည်နယ် သက်သေခံလက်မှတ်များ** 1
**အာမခံကြေးရှိရမည့် သတ်မှတ်ချက်များ** 22
**လမ်းဆုံများ** 34
- ရပ်ရန်အမှတ်အသားကို ချဉ်းကပ်ခြင်း 35
- ဦးစားပေးရန်အမှတ်အသားကို ချဉ်းကပ်ခြင်း 35
- အချက်ပြမီး မရှိသော လမ်းဆုံကို ချဉ်းကပ်ခြင်း 36
- လမ်းဆုံတွင် ဖြတ်မောင်းသွားခြင်း 34
- လမ်းဆုံတွင် ချိုးကွေ့ခြင်း 34

**ပြည်နယ်ကူး အဝေးပြေးလမ်းမကြီးများ** 46
**စာတွေ့စစ်ဆေးခြင်း** 5
**ယာဉ်ကြော အမှတ်အသားများ** 37
**ယာဉ်မောင်းသင်ခွင့်များ** 3
- သက်သေခံလက်မှတ် ပြင်ဆင်မွမ်းမံခြင်း 20
- တရားဝင်မှုသက်တမ်းကာလ 9
- ယာဉ်မောင်းသင်ခွင့်အတွက် လျှောက်လွှာတင်ခြင်း 3
- သက်သေခံလက်မှတ် အစားထိုးခြင်း 20

**မော်တော်ဆိုင်ကယ်များ** 13
- သက်သေခံလက်မှတ် ပြင်ဆင်မွမ်းမံခြင်း 20
- တရားဝင်မှုသက်တမ်းကာလ 13
- မော်တော်ဆိုင်ကယ်မောင်းနှင်ခွင့် အတည်ပြုချက်အတွက် လျှောက်လွှာတင်ခြင်း 13
- မော်တော်ဆိုင်ကယ် အမောင်းသင်ခွင့်အတွက် လျှောက်လွှာတင်ခြင်း 13
- သက်သေခံလက်မှတ် အစားထိုးခြင်း 20
- မော်တော်ဆိုင်ကယ်များနှင့် လမ်းကြောင်း မျှဝေအသုံးပြုခြင်း 52

**စက်နှင့်မောင်းနှင်သောဆိုင်ကယ်များ** 14
**အမည်ပြောင်းလဲခြင်းများ** 20
**အင်ဒီယားနားပြည်နယ်တွင် နေထိုင်သူလူသစ်များ** 2
**ညပိုင်း ယာဉ်မောင်းခြင်း** 44
**ယာဉ်ရပ်နားခွင့် ကတ်ပြားများ** 18
**အခြားယာဉ်များကို ကျော်တက်ခြင်း** 37
**ဓာတ်ပုံမလိုသည့်ခြွင်းချက်ရှိသော သက်သေခံလက်မှတ်များ** 11
**ပွိုင့်များ** 21
**စမ်းသပ်ကာလ ယာဉ်မောင်းလိုင်စင်များ** 9
**အများပြည်သူခရီးသည်အတွက် အငှားယာဉ်မောင်းလိုင်စင်များ** 16
**ရထားလမ်းဆုံများ** 48
**စစ်မှန်သည့်သက်သေခံကတ်ပြား Real ID** 1
**နေထိုင်သူအတွက် သတ်မှတ်ချက်များ** 2
**အဝိုင်းလမ်းဆုံများ** 40
**စာတွေ့စစ်ဆေးရန် နမူနာမေးခွန်းများ** 63
**ကျောင်းဘတ်စကားများ** 51
**ထိုင်ခုံကြိုးသိုင်းခါးပတ်များ** 55
**အမှတ်အသားများ** 27
- ယာဉ်မောင်းအတွက် ဝန်ဆောင်မှုများနှင့် အနားယူမှု အမှတ်အသားများ 33
- လမ်းညွှန်ချက် အမှတ်အသားများ 33
- အဝေးပြေးလမ်းမကြီး ဆောက်လုပ်ရေးနှင့် ထိန်းသိမ်းရေး အမှတ်အသားများ 30
- အဝေးပြေးလမ်းမကြီး ဆောက်လုပ်ရေး အလံကိုင်သူ အမှတ်အသားများ 47
- ရထားလမ်းဆုံ အမှတ်အသားများ 48
- ယာဉ်စည်းကမ်း အမှတ်အသားများ 31
- ကျောင်းနယ်မြေဇုန် အမှတ်အသားများ 30
- အမှတ်အသား အရောင်များ 27
- အမှတ်အသား ပုံသဏ္ဍာန်များ 28
- နှေးကွေးစွာသွားသောယာဉ်များအတွက် သင်္ကေတ 31
- အမြန်နှုန်း အကြံပြုချက် အမှတ်အသားများ 31
- ဖြည့်စွက်အစားထိုးသော သင်္ကေတအမှတ်အသားများ 32
- သတိပေးချက် အမှတ်အသားများ 29

**ဘီးချော်ခြင်း** 42
**နှေးကွေးစွာသွားသောယာဉ်များ** 53
**အမြန်နှုန်း ကန့်သတ်ချက်များ** 40
**ဥပဒေထိန်းသိမ်းရေးအရာရှိမှ ယာဉ်ကိုရပ်ခိုင်းခြင်းများ** 61
**ဆိုင်းငံ့ခြင်းများ** 23
- တရားရုံးတက်ရောက်ရန် ပျက်ကွက်ခြင်း သို့မဟုတ် ယာဉ်စည်းကမ်း ချိုးဖောက်မှုများအတွက် ဒဏ်ငွေပေးရန် ပျက်ကွက်ခြင်း 23
- ကလေးထောက်ပံ့ကြေး ပေးရန်ပျက်ကွက်ခြင်း 24
- ဆိုင်းငံ့ထားစဉ် ယာဉ်မောင်းခြင်း 23
- ယာဉ်စည်းကမ်း ချိုးဖောက်လေ့ရှိသူများ 25
- မူးနေချိန်ယာဉ်မောင်းခြင်း 23
- BMV ထံသို့ ငွေထုတ်၍မရသော ချက်လက်မှတ် ပေးအပ်ခြင်း 24

**ယာဉ်မောင်းနှင်သော ဆယ်ကျော်သက်များ** 69
**ဆက်သွယ်ရေးကိရိယာများ** 10
- စမ်းသပ်ကာလ ယာဉ်မောင်းလိုင်စင်အတွက် ဆက်သွယ်ရေး ကိရိယာကို တားမြစ်ခြင်း 10

**ယာဉ်ကြောထိန်း ရဲအရာရှိများ** 54
**ယာဉ်ကြောထိန်းသည့် အချက်ပြများ** 34
**ကုန်တင်ယာဉ်များ** 57
- နောက်တွဲယာဉ်ပါ ကုန်တင်ကားကြီးများနှင့် လမ်းကြောင်း မျှဝေအသုံးပြုခြင်း 49
- ရပ်နေသည့်ယာဉ်များအတွက် သတိပေးကိရိယာများ 57

**ချိုးကွေ့ခြင်း** 38
**ဂငယ်ကွေ့များ** 39
**အမြင်အာရုံစစ်ဆေးခြင်း** 4
**မသေချာသည့် ရာသီဥတု အခြေအနေများတွင် ယာဉ်မောင်းခြင်း** 43
**လုပ်ငန်းဇုန်များ** 47
- မြှားပြသော ဘုတ်ပြားများ 47
- ယာဉ်မောင်းခြင်း အကြံပြုချက်များ 47
- အလံကိုင်သူ၏ အချက်ပြများ 47
- အမြန်နှုန်း ကန့်သတ်ချက်များ 40

## မှတ်ချက်

## မှတ်ချက်

## မှတ်ချက်

## မှတ်ချက်

## မှတ်ချက်



မော်တော်ဆိုင်ကယ် မောင်းနှင်ခွင့်
အတည်ပြုချက် လိုချင်ပါသလား။
ပိုမိုသိလိုလျှင်ဖတ်ရှုကြည့်ရန်
RIDESAFEINDIANA.COM
RIDE SAFE INDIANA
စနစ်တကျ သင်တန်းတက်ပါ။
စနစ်တကျ စီးပါ။

# တာဝန်ထမ်းဆောင်ရန် စိတ်ဓာတ်အပြည့်ရှိသည်

အင်ဒီယားနား မော်တော်ယာဉ်ဌာန INDIANA BUREAU OF MOTOR VEHICLES

ဇန်နဝါရီလ၊ 2023 ခုနှစ်တွင် ထုတ်ဝေခဲ့ပါသည်။ အသစ်ပြင်ဆင်မှုများအတွက် IN.gov/BMV အား စစ်ဆေးကာ မေးခွန်းများ ရှိပါက သို့မဟုတ် သတင်းအချက်အလက် ပိုမိုရယူလိုပါက 888-692-6841 သို့ခေါ်ဆိုပေးပါ။